
7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂု ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၁၈) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူး ၊ (ဇူလိုင် ၁၀ ၊ ၂၀၁၃)

TRI
LIVES BRILLIANTLY



# အချိန်လွန်မှ ချေးငွေရ

**အောင်သူရ၊ ပြည့်သိမ်း**

မိုးလွန်မှထွန်ချမဟုတ်တော့ဘဲ မိုး လွန်မှချေးငွေချမည့် အခြေအနေမျိုး ကြုံနေရကြောင်း တောင်သူ လယ်သမားများက ဆိုသည်။

လယ်သမားအများစုမှာ ယခု နှစ်မိုးစပါးစိုက်ပျိုးရန် အစိုးရထံမှ ချေးငွေမရသေးသဖြင့် အရပ်ထဲမှအတိုးဖြင့် ငွေချေးကာ မိုးစပါးစိုက် ပျိုးနေကြရသည်။

ယခုနှစ်မိုးစပါး ရာသီအတွက် အစိုးရက တစ်ဧကလျှင် ကျပ်တစ်သိန်းချေးပေးမည်ဟု ပြောခဲ့သဖြင့် လယ်သမားများ မျှော်ခဲ့ကြသည်။

**ဆောင်းပါးအပြည့်အစုံ - စာ(၃)သို့**

**လယ်သမားတစ်ဦး စပါးခင်းကို ဓာတ်မြေဩဇာ ပက်ဖြန်းနေစဉ်**

ဓာတ်ပုံ-အေအက်ဖ်ပီ

# မြန်မာ ဂေါ့ဒ်ဖားသား

**ထားထားမြင့်**

မှန်အမည်းများကာထားသော ဂျစ်ကားများ၊ လက်နက်အပြည့်အဝတပ်ဆင်ထားသော ယူနီဖောင်းဝတ်လက်နက်ကိုင်များက မြန်မာပြည်က တောနက်ကြီးတစ်ခုထဲတွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်ကို ကာကွယ်စောင့်ရှောက်မှုပေးနေသည်မှာ ဟောလိဝုဒ်က ကမ္ဘာကျော်မင်းသား မာလွန်ဘရန်ဒိုသရုပ်ဆောင်သည့် ဂေါ့ဒ်ဖားသားရုပ်ရှင်အလား ထင်မှတ်ရပါသည်။

**စာ(H)သို့**

# သခွတ်ပင်ရွာမှ အမေ့လျော့ခံလူစွမ်းကောင်းများ



ဓာတ်ပုံ-Chosun Ilboသတင်းစာ

**၁၉၈၃၊ အောက်တိုဘာ၉ရက်က အာဇာနည်ဗိမာန်တွင် ဗုံးပေါက်ကွဲခဲ့ပြီးနောက်တွေ့ရစဉ်**

**ထွန်းခိုင်**

လွန်ခဲ့သောနှစ်ပေါင်း၃၀ခန့်ကဖြစ်သည်။ အချိန်ကား ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့

**ကိုစိုးငြိမ်းသည် သခွတ်ပင်ရွာမှ ရွာသားတစ်ဦးဖြစ်သည်**

ရာသီဥတုသာယာသော ထိုနေ့၏မနက် ၇ နာရီခန့်တွင် ရန်ကုန်မြစ်ဝနားရှိ သခွတ်ပင်ရွာမှ အသက် ၂၁ နှစ်အရွယ် ကိုစိုးငြိမ်း တစ်ယောက် နေ့စဉ်လုပ်ငန်းဖြစ်သော ငါးရှာရန်အတွက် မြစ်အတွင်းသို့ ထွက်ခွာရန်ပြင်ဆင်နေသည်။

**စာ(၈)သို့**

''အခု နိုင်ငံတော်အုပ်ချုပ်နေတဲ့ခေါင်းဆောင်ကြီးများနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ အကုန်ပွင့်ပွင့်လင်းလင်းပြောကြပါ။ စိတ်ထဲမှာ ငါဒီတစ်ခုတော့ ကြံထားဦးမယ်ဆိုတာမျိုးမထားဘဲ ပွင့်ပွင့်လင်းလင်းပြောကြလို့ရှိရင်တော့ အဆင်မပြေစရာ မရှိလောက်ပါဘူး''



**ကချင်အထူးဒေသ(၁)လူမျိုးစုခေါင်းဆောင် ပြည်နယ်လွှတ်တော်အမတ် ဦးဇခုန်ယိန်းဆောင်နှင့်တွေ့ဆုံခြင်း**

**အပြည့်အစုံ-စာ(၂၃)သို့**

'ရောင်းတဲ့သူတွေ စိုက်တဲ့သူတွေကိုရော သုံးကြိမ်သုံးခါဖမ်းဆီးအရေးယူတယ်။ သုံးခါလွန်ပြီဆိုတာနဲ့ သူ့ရဲ့ ပြစ်ဒဏ်က ပိုကြီးမားသွားပြီ၊ ထိထိရောက်ရောက်ကိုအရေးယူသွားမှာပါ'



**ကေအိုင်အို၏မူးယစ်ဆေးဝါးလုံးဝတိုက်ဖျက်ရေးကော်မတီ ဒုတာဝန်ခံ ဗိုလ်မှူးချုပ်ဇောင်းဗုခ်ထန်းနှင့် တွေ့ဆုံခြင်း**

**အပြည့်အစုံ-စာ(၂)သို့**



7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# ‘ရောင်းတဲ့သူတွေ စိုက်တဲ့သူတွေကိုရော သုံးကြိမ်သုံးခါဖမ်းဆီးအရေးယူတယ်။ သုံးခါလွန်ပြီဆိုတာနဲ့တော့ သူ့ရဲ့ ပြစ်ဒဏ်က ပိုကြီးမားသွားပြီး ထိထိရောက်ရောက်ကိုအရေးယူသွားမှာပါ’

## ကေအိုင်အို၏မူးယစ်ဆေးဝါးလုံးဝတိုက်ဖျက်ရေးကော်မတီ ဒုတာဝန်ခံ ဗိုလ်မှူးချုပ်ဇောင်းဗုခ်ထန်းနှင့် တွေ့ဆုံခြင်း

**မရန်**

ကချင်ပြည်နယ်တွင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်ကေအိုင်အိုနှင့် ကချင်လူငယ်များတွေ့ဆုံဆွေးနွေးပွဲကို မေ ၂၄၊ ၂၅ ရက်တို့တွင် ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ကိုင်နေသောအဖွဲ့အစည်း ၃၀ မှ လူငယ် ခေါင်းဆောင်များအပါအဝင် ၁၅၀ဦးခန့်တက်ရောက်ဆွေးနွေးခဲ့ သည်။ ဆွေးနွေးပွဲပြီးနောက် ကေအိုင်အိုမူးယစ်ဆေးဝါးလုံးဝတိုက်ဖျက်ရေးကော်မတီ ဒုတာဝန်ခံဗိုလ်မှူးချုပ်ဇောင်းဗုခ်ထန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ပထမဦးဆုံး မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် ဆွေးနွေးပွဲကျင်းပတယ်လို့ သိရတယ်။ ဘာကြောင့် ကျင်းပတာပါလဲ။**

ကျွန်တော်တို့ကချင်လူမျိုးတွေ မူးယစ်ဆေးဝါးကို မသုံးစွဲဘဲတိုက်ဖျက်ကြရအောင်လို့အစည်းအဝေးမှာလည်းပြောပြီးပြီ။ ၁၉၆၄ ခုနှစ် နှစ်ကုန်ပိုင်းကနေ စတင်ပြီး ကျွန်တော်တို့ကေအိုင်အိုတွေအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွေ လုပ်နေတာ ယနေ့အချိန်အထိပါပဲ။ ဒါပေမဲ့ဖြစ်မလာခဲ့ဘူး။ အကြိမ်ကြိမ်ကျွန်တော်တို့ပြုလုပ်လာခဲ့တယ်။ ၁၉၆၁ ခုနှစ် ကျွန်တော်တို့ ကေအိုင်အေခေါင်းဆောင် ဘရန်ဆိုင်းလက်ထက်ကစပြီး ကျွန်တော်တို့ အစည်းအဝေးလုပ်တယ်။ ဘိန်းစိုက်ပျိုးတာတွေ၊ သုံးစွဲတာတွေ၊ ရောင်းဝယ်တာတွေ ရပ်တန့်ဖို့ ပြုလုပ်ခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ ကေအိုင်အိုအနေနဲ့ ဘိန်းဖြတ်ဆေးရုံတွေလုပ်တယ်။ ဘိန်းသမားတွေလာပြီး ဘိန်းလာဖြတ်တယ်။ ဖြတ်လိုက်ပြန်သုံးလိုက်နဲ့ မအောင်မြင်ခဲ့ဘူး။ မူးယစ်ဆေးဝါး လုံးဝပပျောက်သွားအောင် မလုပ်ဆောင်နိုင်ရတဲ့အကြောင်းရင်းက သူတို့တွေကို ဒီဟာလုပ်စားပါ၊ ဟိုဟာလုပ်စားပြီးအသက်မွေးပါလို့ အစားထိုးလုပ်ငန်းတွေ မပြုလုပ်ပေးနိုင်ခဲ့လို့လည်းဖြစ်တယ်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လုံးဝပပျောက်ရေးဆိုပြီး ကျွန်တော်တို့ ကော်မတီတွေဖွဲ့စည်းခဲ့တာ တစ်သုတ်ပြီးတစ်သုတ်ဖွဲ့ခဲ့ကြတယ်။ ၂၀၁၁ ခုနှစ်အောက်တိုဘာလ ၁ ရက်ကနေစပြီး သီးသန့်ကေအိုင်အို ဗဟိုကော်မတီကနေ အမိန့်ထုတ်ပြန်ပြီး ကျွန်တော်တို့မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့တယ်။ ကော်မတီကနေပြီးတော့ ကေအိုင်အိုမှာ အမှုထမ်းနေတဲ့သူတွေထဲမှာ မူးယစ်ဆေးဝါး သုံးစွဲနေတဲ့သူတွေအားလုံးနဲ့ သုံးစွဲနေတဲ့ပြည်သူတွေ၊ ဘိန်းချက်တဲ့သူတွေ၊ ရောင်းဝယ်တဲ့သူတွေအားလုံးကို ဖမ်းဆီးထိန်းသိမ်းပြီး လိုအပ်တာတွေ ကျွန်တော်တို့ လုပ်ဆောင်လာခဲ့တယ်။




ဗိုလ်မှူးချုပ်ဇောင်းဗုခ်ထန်း

ကျွန်တော်တို့ကော်မတီအနေနဲ့ အခုလိုပြုလုပ်နေတဲ့အချိန်မှာ မြို့မှာနေထိုင်ပြီး မူးယစ်ဆေးဝါးပပျောက်အောင် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းအသီးသီးတွေနဲ့ ဘာသာရေးခေါင်းဆောင်တွေကိုလည်း အခုလိုဖိတ်ကြားပြီး ရှေ့ဆက်ပြီး မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဖြစ်နေတဲ့ ကျွန်တော်တို့ လူမျိုးတွေကိုဘယ်လိုကယ်တင်သွားမလဲဆိုတာတွေကို တိုင်ပင်ရအောင်၊ ဝိုင်းဝန်းတိုက်ဖျက်သွားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ကေအိုင်အိုအနေနဲ့ ပထမဦးဆုံးအကြိမ်အဖြစ် အခုလို စည်းဝေးပွဲကျင်းပရခြင်းဖြစ်ပါတယ်။

ပိုပြီး အဓိကကျတာကတော့ ဒီစည်းဝေးပွဲကိုလာတဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေ၊ လူငယ်တွေရဲ့ဦးနှောက်များများနဲ့ စဉ်းစားပြီး ဘယ်လိုနည်းလမ်းတွေနဲ့ မူးယစ်ဆေးဝါးလုံးဝပပျောက်သွားအောင် ဘယ်လိုလုပ်မလဲဆိုတာပဲ ဖြစ်ပါတယ်။

**အစည်းအဝေးပွဲ ရလဒ်ကိုရော ကျေနပ်အားရမှုရှိပါသလား။**

အစည်းအဝေးပွဲမှာ အားလုံးသဘောတူ ဆုံးဖြတ်ထားတဲ့ အချက် ခြောက်ချက်ရရှိထားတယ်။ အဲဒီအချက်တစ်ခုချင်းဆီကို အခုချက်ချင်း လုပ်ဆောင်သွားဖို့အတွက် ကေအိုင်အိုအနေနဲ့ အခက်အခဲတွေ ရှိနေသေးတယ်။ အချက်တစ်ခုချင်းဆီကို ဗဟိုကော်မတီနဲ့ ကျွန်တော်တို့အစည်းအဝေးထိုင်မယ်။ ဘယ်သူက ဘယ်အဖွဲ့က ဘယ်လိုနည်းလမ်းတွေနဲ့ဘယ်နေရာတွေမှာ ဘယ်လိုလုပ်ဆောင်သွားမလဲဆိုတာတွေကို အသေးစိတ်အစီအစဉ် ချမှတ်ပြီးတော့ ၂၀၁၄ မှာတော့ အကောင်အထည်ဖော်လုပ်ဆောင်သွားမှာဖြစ်တယ်။ အခုလာတဲ့ အဖွဲ့အစည်းတွေကို ကျွန်တော်တို့အစည်းအဝေးပြန်ခေါ်မယ်။ အားလုံးနဲ့ ပြန်စည်းဝေးပြီး လုပ်ဆောင်သွားမှာဖြစ်တယ်။

**ကေအိုင်အိုရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး မူဝါဒက ဘာပါလဲ။**

မူဝါဒကတော့ အဆင့်ဆင့်ရှိတယ်။ အဓိကကတော့ မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းဝယ်၊ စိုက်ပျိုးတာတွေကို ထိထိရောက်ရောက် လုပ်ဆောင်သွားမယ် ပြီးတော့ လုံးဝပပျောက်တဲ့အထိ တိုက်ဖျက်သွားမယ်ဆိုတာပါပဲ။

စာ(၁၉)သို့



# အချိန်လွန်မှ ချေးငွေရ

**အောင်သူရ၊ ပြည်သိမ်း**

မိုးလွန်မှထွန်ချမဟုတ်တော့ဘဲ မိုးလွန်မှချေးငွေချမည့် အခြေအနေမျိုးကြုံနေရကြောင်း တောင်သူလယ်သမားများက ဆိုသည်။

လယ်သမားအများစုမှာ ယခုနှစ်မိုးစပါးစိုက်ပျိုးရန် အစိုးရထံမှ ချေးငွေမရသေးသဖြင့် အရပ်ထဲမှ အတိုးဖြင့် ငွေချေးကာ မိုးစပါးစိုက်ပျိုးနေကြရသည်။ ယခုနှစ်မိုးစပါးရာသီအတွက် အစိုးရက တစ်ဧကလျှင် ကျပ်တစ်သိန်းချေးပေးမည်ဟုပြောခဲ့သဖြင့် လယ်သမားများ မျှော်ခဲ့ကြသည်။ သို့သော် မိုးစပါးစိုက်ပျိုးရာသီရောက်ရှိခဲ့သည်မှာ တစ်လကျော်ခဲ့သော်လည်း လယ်သမားအများလက်ထဲသို့ ချေးငွေမရောက်ရှိသေးပေ။

မိုးရာသီရောက်ပြီး တစ်လကျော် ဇူလိုင်လ ၈ ရက်အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးအတွက် ၂၂ ရာခိုင်နှုန်းသာ ငွေအများစု ထုတ်ချေးရသေးသည်။ ယခုနှစ် မိုးစပါးအတွက် အစိုးရက တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ကျပ်ဘီလီယံ တစ်ထောင်ကျော်ကို ထုတ်ချေးရန် ရည်ရွယ်ထားသည်။ သို့သော် ဇူလိုင်လ ၈ ရက်အထိ ကျပ် ၂၂၁ ဘီလီယံ(ကျပ်သန်းပေါင်း ၂၂၁၄၆၀) သာ ထုတ်ချေးပေးနိုင်သည်ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“လယ်သမားတွေက ချေးငွေပြန်ဆပ်တာနောက်ကျတဲ့အတွက် ပေးချိန်မှာလည်း နောက်ကျတာပါ”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ ယခင်မိုးစပါးအတွက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးရာတွင် ယခုနှစ်တောင်သူများ အကြွေးပြန်ဆပ်နောက်ကျခဲ့သဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ငွေလွှဲပေးမှုနောက်ကျခဲ့သည်။ ထို့အပြင် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲများမှာ ဝန်ထမ်းအင်အားနည်းသည့်အတွက် ချေးငွေထုတ်ပေးရာတွင် နှောင့်နှေးမှုများဖြစ်ရကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်နီလာရွှေက ရှင်းပြသည်။

၎င်းကချေးမည့်ငွေမှာ စတင်ထုတ်ပေးသည့်နေ့ မတိုင်မီကပင် လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ရောက်ရှိနေပြီဟုဆိုသည်။

ပြီးခဲ့သည့် မိုးစပါးရာသီတွင်လည်း ရေကြီးနစ်မြုပ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး နွေစပါး ရာသီတွင်လည်း ရာသီဥတုဖောက်ပြန်သဖြင့် အထွက်နှုန်းလျော့ခဲ့သောကြောင့် အကြွေးဆပ်ရန် ခက်ခဲနေကြခြင်းဖြစ်သည်ဟု တောင်သူများက ပြောသည်။

“ဒီနှစ်နွေစပါးက တစ်ဧကကို ၇၀၊ ၈၀ (တင်း) ပဲထွက်တယ်။ ပုံမှန်ဆိုရင်တော့ ၁၀၀ (တင်း) လောက်ထွက်တာ စပါးပေါ်တဲ့အချိန်ကလည်း ဈေးမကောင်းတော့ အခုချိန်ထိ ဘဏ်ကြွေးက ပြန်မဆပ်နိုင်သေးဘူး”ဟု ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာမှ တောင်သူဦးမောင်မောင်ဦးက ပြောသည်။

သို့သော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတာဝန်ရှိသူက ဇွန်လ ၂၀ ရက်အထိ ယခင်နှစ် မိုးစပါးချေးငွေပြန်ဆပ်မှုမှာ ၉၇ ရာခိုင်နှုန်းကျော်ရှိကြောင်း ပြောသည်။

ယခုနှစ်မိုးရာသီတွင် အစိုးရက တစ်ဧကလျှင် ကျပ်တစ်သိန်း ချေးပေးမည်ဟု ပြောထားသဖြင့် တောင်သူများမှာ ထိုချေးငွေကို မျှော်၍ ငွေတိုးချေးစားသူများထံမှ အတိုးနှုန်းကြီးကြီးဖြင့် ချေးကာ စိုက်ပျိုးနေကြသည်။ ထို့ကြောင့် တောင်သူအများစုမှာ အတိုးများဆပ်ရင်း အကြွေးသံသရာထဲမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေကြသည်။

“ချေးငွေက ဘယ်ဆီနေမှန်း မသိသေးဘူး။ လယ်တွေကတော့ စိုက်ပျိုးပြီးပြီ။ အပြင်ကပဲဆွဲပြီး စိုက်လိုက်အခုလို စပါးဈေးကောင်းရင်တော့ အဆင်ပြေမှာပေါ့”ဟု ဘိုကလေးမြို့နယ်တောင်ပိုင်းမှ လယ်သမားဦးတင်ဦးက ပြောသည်။

သမ္မတ ဦးသိန်းစိန်လက်ထက်မှစ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရန် ကြိုးစားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ယခင်က မိုးစပါး တစ်ဧကလျှင် ကျပ်နှစ်သောင်းချေးခဲ့ရာမှ နှစ်စဉ်တိုးပေးကာ ယခုနှစ်တွင် တစ်ဧကကျပ်တစ်သိန်းထိ တိုးချေးမည်ဟု အစိုးရက ကြေညာထားသည်။

သို့သော်လက်တွေ့တွင် စပါးစိုက်လယ်သမားအများစုမှာ ဇူလိုင်လဒုတိယပတ်အထိ ချေးငွေမရဖြစ်နေသည်။

ယခင်က တောင်သူများအား သွင်းအားစုနှင့် ငွေချေးပေးခဲ့သော အထူးပြုကုမ္ပဏီများမှာလည်း အစိုးရ၏ အားပေးမှုမရရှိခြင်းနှင့် တောင်သူများထံမှ အကြွေးများပြန်မရခြင်းတို့ကြောင့် ယခုနှစ် မိုးစပါးရာသီတွင် အထူးပြုကုမ္ပဏီ နှစ်ခု၊ သုံးခုသာ တောင်သူများကို ငွေချေးကြတော့သည်။

ထို့ကြောင့် တောင်သူများအတွက် အတိုးနှုန်းနည်းနည်းဖြင့် အရင်းအနှီးရရှိရန်မှာ အထူးပြုကုမ္ပဏီများထံမှ မရရှိတော့သဖြင့် အစိုးရတစ်ဦးတည်းကိုသာ အားကိုးနေရသည်။

မြန်မာနိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လာရောက်လေ့လာခဲ့သော မီချီဂန်တက္ကသိုလ် စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးက ပြုစုထားသော အနာဂတ်မြန်မာ့စိုက်ပျိုးရေးအတွက် မဟာဗျူဟာမြောက် ရွေးချယ်စရာများ စာတမ်းတွင် စိုက်ပျိုးရေးဆိုင်ရာ ငွေကြေးကဏ္ဍတွင် အခွင့်အလမ်း အနည်းဆုံးဖြစ်ပြီး ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၃၆ ရာခိုင်နှုန်းနှင့် နိုင်ငံလုပ်သားအင်အား၏ သုံးပုံနှစ်ပုံခန့်ကို စိုက်ပျိုးရေးကဏ္ဍက ပံ့ပိုးပေးထားသော်လည်း စိုက်ပျိုးရေးကဏ္ဍက ပံ့ပိုးပေးထားသော်လည်း ချေးငွေမှာ ကဏ္ဍအားလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိပါသည်။

ထိုအခြေအနေသည် ကျေးလက်နေလူထုနှင့်စိုက်ပျိုးရေးလုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် အကျိုးအမြတ်ရရှိနိုင်မှုများကို လျော့ကျစေပြီး ကျေးလက်မိသားစုများကို အကြွေးတိုးပွားစေ၍ စိုက်ပျိုးရေးဆိုင်ရာ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေသည်ဟု ဖော်ပြထားသည်။

ထို့အပြင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ငွေကြေးတောင့်တင်းခိုင်မာစွာ ရရှိထားခြင်းမရှိဘဲ မကြာသေးမီက စပါးတစ်ဧကအတွက် ချေးငွေပမာဏတိုးချဲ့ပေးသည့်တိုင်အောင် ၎င်းသည် သွင်းအားစုနှင့် အလုပ်သမားငှားရမ်းကုန်ကျစရိတ်၏ လေးပုံတစ်ပုံခန့်သာ ချေးပေးနိုင်သည့် ပမာဏဖြစ်သည်ဟုလည်း ထောက်ပြထားသည်။

“မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်က ဗဟိုဘဏ်က ချေးပြီးပြန်ချေးနေတာကနေ Independent ဖြစ်အောင်လုပ်သင့်တယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ နက်ဝ့ါခ်ကောင်းရှိတယ်။ လုပ်နည်းစနစ်ဒီထက်ကောင်းရင် အောင်မြင်ရမယ်။ အများပိုင်ဘဏ်အဖြစ်ပြောင်းနိုင်ရင်အကောင်းဆုံးပဲ”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် အကြံပေးအဖြစ် တာဝန်ယူထားသော ဘဏ်ပညာရှင် ဦးမျိုးဦးက အကြံပြုသည်။

အများပိုင်ဘဏ်ဖြစ်လာပါက စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ချိန်အား ရက်ရွှေ့ဆိုင်းခြင်းနှင့် သီးနှံပေါ်လာချိန်တွင်လည်း လက်ဝယ်ခေတ္တကိုင်ထားနိုင်ရန် အချိန်ပေးခြင်းများ ဆောင်ရွက်နိုင်ပြီး လယ်ယာမြေများကိုလည်း အဆိုပါဘဏ်တွင် ပေါင်နိုင်သည့်စနစ်များ ဖော်ဆောင်ပေးလာနိုင်မည်ဖြစ်ကြောင်း ဦးမျိုးဦးက ဆိုသည်။

သို့သော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ အစိုးရပိုင်ဘဏ်ဖြစ်ပြီး ချေးငွေပြန်ဆပ်ချိန်ကို သတ်မှတ်ထားပြီး ဆောလျင်စွာ အကြွေးပြန်ဆပ်ရသည့် စိုက်ဘဏ်ကြောင့် ဈေးနှုန်းအနိမ့်ဖြင့် ဈေးနှိမ်ခံရောင်းရသည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည်။

စာ(၈)သို့

ALL-IN FARES AT
EXCEPTIONAL VALUE

SINGAPORE
FROM USD 215
RETURN

DENPASAR | JAKARTA
SURABAYA | MANILA
FROM USD 560
RETURN

BANGALORE | CHENNAI
MUMBAI | NEW DELHI
FROM USD 720
RETURN

NAGOYA | OSAKA
TOKYO | SEOUL
FROM USD 720
RETURN

FRANKFURT
LONDON | PARIS
FROM USD 1,100
RETURN

Journey to Singapore and experience the world with 16 flights a week from Yangon on Singapore Airlines and SilkAir.




Fares are available from these authorised travel agents:

AMTRA TRAVEL TEL: 393 304, 393 035
COLUMBUS TRAVEL TEL: 229 245, 378 535
HTOO TRAVEL TEL: 548 554, 557 890
NICE FARE TRAVEL TEL: 393 088, 245 378
SAW PORN PHAN TEL: 373 234, 224 883
SUN FAR TRAVEL TEL: 243 993, 255 338
THAN THAN TRAVEL TEL: 255 034, 255 035

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 20 June 2013. Fares quoted are available from now to 9 August 2013 for travel out of and into Yangon from now to 13 August 2013, subject to seat availability and currency fluctuation. Advertised fare to Singapore is valid for travel on MI509 out of Yangon and MI520 into Yangon only. Fares are only valid at the authorised travel agents listed above, and may be subject to additional service fees. Tickets are non-refundable and are eligible for mileage accrual at 10% of the actual miles flown. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

# CRIME မှုခင်းသတင်း CORNER

## ဟိုတယ်ဇုန်ရှေ့ ကားတိုက်ခံရသောဆိုင်ကယ်သမား ဆေးရုံတွင်သေဆုံး

**သန်းထူး** **နေပြည်တော်၊ ဇူလိုင်-၇**

နေပြည်တော်ဟိုတယ်ဇုန်(ဒက္ခိဏသီရိ)ဂျန်းရှင်းစင် တာ ရှေ့ ရာဇသင်္ဂဟလမ်းမကြီးတွင် ဇူလိုင် ၆ရက်ညနေ ၆ နာရီခွဲခန့်က အဝေးပြေးခရီးသည်တင်ယာဉ် အတိုက်ခံရသော ဆိုင်ကယ်စီးသူမှာ ဇူလိုင် ၇ ရက်နံနက်နှစ်နာရီခန့်တွင် ခုတင် ၁၀၀၀ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

"ဒီနေ့မနက် နှစ်နာရီကျော်လောက်က ဆုံးသွားတယ်။ ဖြစ်တာက ဂျန်းရှင်းစင်တာရှေ့မှာပါ။ ကားလမ်းတစ်ဖက်ကိုကူးဖို့ အတွင်းလမ်းကြောကိုဝင်လာရင်း နောက်ကခရီးသည်ကားနဲ့ တိုက်မိသွားတာ"ဟု နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရာဇသင်္ဂဟလမ်းမကြီးသည် ၈လမ်းသွားလမ်းမကြီးဖြစ်ပြီး တစ်ဖက်စီတွင် လမ်းတစ်ဝက် (two line)စီကို လေးလက်မခန့်ထူသည့် ကတ္တရာခင်းထားကြောင်း၊ ထို့ကြောင့် တစ်ဖက်လမ်းကို ကူးပြောင်းလိုသော ဆိုင်ကယ်များအတွက် သတိထားရကြောင်း ဟိုတယ်ဇုန်ရှေ့တွင် ကယ်ရီပြေးဆွဲသူ ကိုကိုကြီးကပြောကြားသည်။

"အပြင်ဘက်လမ်းကြောမှာသာ မောင်းခွင့်ရှိတဲ့ ဆိုင်ကယ်တွေအတွက် အန္တရာယ်များပါတယ်။ ဟိုဘက်လမ်းကိုဝင်ချင်ရင် နောက်ကားကိုကြည့်ရသလို အဲဒီကတ္တရာစောင်းမှာ မှောက်မလဲဖို့လည်း ဂရုစိုက်ရတယ်"ဟူ၍ ၎င်းတို့တွေ့ကြုံနေရသည့် အခြေအနေကို ပြောသည်။ "အဲဒီကတ္တရာတစ်ဝက်စီခင်းထားပြီးမှ ဒါမျိုးတွေပိုတွေ့နေရတယ်"ဟုလည်း အထက်ပါ မ. ထ. သ(အဝေးပြေး)မှ တာဝန်ရှိသူက ပြောသည်။ အဆိုပါဖြစ်စဉ်တွင် တိုက်မိသောယာဉ်မှာ ရာဇာမင်းခရီးသည် တင်ယာဉ်အသင်းမှ ယာဉ်တစ်စီးဖြစ်ပြီး နေပြည်တော်မှ ရန်ကုန်သို့အသွားတွင် တိုက်မိခြင်းဖြစ်ကြောင်း၊ သေဆုံးသူဆိုင်ကယ်သမားမှာ အသက် ၂၆ နှစ်ခန့်ရှိ ဇော်မိုးဝင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အတွက် ဒက္ခိဏသီရိရဲစခန်းတွင် ပုဒ်မ ၃၃၈ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။

# ပင်လယ်ရေကြောင်း တရားမဝင်ကုန်သွယ်မှု ဇူလိုင်လလယ်တွင် စတင်ဖမ်းဆီးမည်

**ပြည့်သိမ်း**
**ရန်ကုန်၊ ဇူလိုင်-၇**

ပင်လယ်ရေကြောင်းမှတရားမဝင်ကုန်သွယ်မှု တားဆီးရေးဆောင်ရွက်ရန် ကမ်းရိုးတန်းသွား ဆိပ်ကမ်းများနှင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက်၌ဇူလိုင်လလယ်တွင် စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်းတရားမဝင်ကုန်သွယ်မှုတားဆီးရေးဗဟိုကော်မတီမှ သတင်းရရှိသည်။

"ရေထဲမှာဆိုရင်ရေကြောင်းရဲတပ်ဖွဲ့သင်္ဘောတွေ၊ စပိဘုတ်တွေနဲ့စစ်မယ်။ ကုန်းပေါ်မှာဆိုနယ်မြေရဲနဲ့ စစ်မယ်"ဟု တရားမဝင်ကုန်သွယ်မှုတားဆီးရေးဗဟိုကော်မတီမှ ရုံးအဖွဲ့မှူး ဦးညွန့်မောင်က ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

ပင်လယ်ရေကြောင်းမှ တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ကိုင်ရာတွင် ရန်ကုန်ဆိပ်ကမ်းရှိ အပြည်ပြည်ဆိုင်ရာ သင်္ဘောများကိုပါ စစ်ဆေးနိုင်ရန် ပြည်ထောင်စုအစိုးရကို တင်ပြထားကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။


"မြဝတီမှာ Mobil Team တွေဖွင့်ပြီးနောက် အရင်ကတစ်ခါမှ မရဖူးတဲ့ ကုန်သွယ်မှုပမာဏပါတွေ့ရတယ်။ လစဉ်အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ရှိတယ်" ဟု ရန်ကုန်ဆိပ်ကမ်းနယ်မြေ၊ တရားမဝင် ကုန်သွယ်ရေးတားဆီးစစ်ဆေးရေး ရွေ့လျားအဖွဲ့ခေါင်းဆောင် ဦးတင်ရဲဝင်းကဆိုသည်။

တရားမဝင် ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ချိန်မှ ဇွန်လကုန်အထိ ကျပ်ငွေငါးဘီလီယံကျော် တရားဝင်လမ်းကြောင်းမှ ကုန်သွယ်ရန် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးဂိတ် ၁၅ ခုရှိပြီး တရားမဝင်ကုန်ပစ္စည်းတားဆီးရေးကို မူဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းမှ အဓိကဆောင်ရွက်ခဲ့သည်။

သို့သော် တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အများပြည်သူကို အသိပေးပြီးမှသာ ဆောင်ရွက်မည်ဟုဆိုသည်။တားဆီးရေးလုပ်ငန်းများ ရုတ်တရက်ဆောင်ရွက်ပါက အဖွဲ့အစည်းများပေါ်ပေါက်လာပြီး စစ်ဆေးဟန်ပြု၍ ငွေတောင်းမှုများရှိမည် စိုးရိမ်ကြောင်း တရားမဝင်ကုန်သွယ်မှုတားဆီးရေးဗဟိုကော်မတီမှ သတင်းရရှိသည်။

လက်ရှိတရားမဝင်ကုန်သွယ်မှုတားဆီးရေးကို မူဆယ်၊ မန္တလေး ကုန်သွယ်မှုလမ်းကြောင်းတွင် လားရှိုးတွင်သာ Mobile Team ရှိမည်ဖြစ်သည်။ ထို့အတူ မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် ဝေါမြို့နယ်(ညောင်းခါးရှည်)ရွာ၌သာ ရှိမည်ဖြစ်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကြော်ငြာ

## တိုရှီဘာရုံးခွဲ ဖွင့်လှစ်ခြင်း




တိုရှီဘာမှမြန်မာပြည်၏တိုးတက်မှုများကို ဖော်ဆောင်ရန်အလို့ငှာ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို အတူတကွလက်တွဲဖော်ဆောင်ရန် ကျွန်ုပ်တို့၏ ပထမဆုံးသော ခြေလှမ်းအနေဖြင့် ရန်ကုန်မြို့တွင် တိုရှီဘာရုံးခွဲကို ၂၀၁၃ ဇူလိုင်လ (၃)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

မြန်မာပြည်တွင်းလူဦးအရေအတွက် စွမ်းအင်ဖြန့်ဖြူးမှုမှာ ၂၆% မျှသာ ရှိသေးသော်လည်း နောင်နှစ်အနည်းငယ်အတွင်း တိုးချဲ့ရန်ရှိပြီးတိုရှီဘာမှ စွမ်းအင်ဖြန့်ဖြူးမှုဆိုင်ရာ လိုအပ်ချက်များကို ကောင်းစွာဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။ တိုရှီဘာ၏ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍများတွင်အပူစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းလည်း ပါဝင်ပြီး ကျွန်ုပ်တို့၏ မှတ်တမ်းကောင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံဆည်တော်ကြီး ဓာတ်အားပေးစက်ရုံရှိ ၁၄. ၂ မဂ္ဂါဝပ်ရှိ တာဘိုင် ၂ လုံးမှ ၁၉၈၉ မှ စတင်ပြီး မြန်မာနိုင်ငံ ဒေသများသို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း တွေ့နိုင်ပါသည်။

တိုရှီဘာလုပ်ငန်းစု၏ ကျယ်ပြန့်လှသော ပြည်သူလူထုအတွက် ဗဟိုပြုသော အခြေခံအဆောက်အအုံနည်းပညာအတွေ့အကြုံများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းအပြင် မီးရထားနှင့် စက်ခေါင်းလုပ်ငန်းအပါအဝင် လူသုံးကုန်ပစ္စည်းများအထိပါဝင်ပါသည်။

၂၀၀၉ခုနှစ် မြန်မာပြည် ဈေးကွက်ကို ပြန်လည်ဝင်ရောက်ချိန်မှစတင်၍ LCD တီဗွီဈေးကွက်၏ ၁၅% ကိုရရှိထားပြီး Toshiba အမျိုးအစား အဝတ်လျှော်စက်များမှာ မြန်မာပြည်တွင် လူကြိုက်အများဆုံးအဖြစ် ရပ်တည်လျက်ရှိပြီး ရေခဲသေတ္တာမှာလည်း ဒုတိယလူကြိုက်အများဆုံး အမှတ်တံဆိပ်အဖြစ် အောင်ပွဲခံလျက်ရှိပါသည်။

နောင်လာမည့် ၃ နှစ်အတွင်း တိုးတက်လာမည့် ဈေးကွက်အတွက် Toshiba မှ ၂၀၁၁တွင်ရရှိခဲ့သော အရောင်းစံချိန် ၂၄% မှ ၂၀၁၄ တွင် ၃၃% အထိရောက်ရှိအောင် အရောင်းမြှင့်တင်ရန် စီမံထားရှိပြီး အဆိုပါအရောင်းမြှင့်တင်ရေး ရည်မှန်းချက်မှာလည်း အာရှဈေးကွက်၏ ဝယ်လိုအားကို ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။

ယနေ့ နိုင်ငံတကာတွင် Toshiba ရုံးခွဲပေါင်း ၅၉၀ ရှိပြီး အာရှတိုက်တစ်ခုလုံးတွင် ရုံးခွဲ ၉၀ခန့်ရှိပြီး Digital ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ စွမ်းအင်နှင့်လူထုဆက်သွယ်ရေးနှင့် အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပါသည်။



Life 7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# ဝလုံးလေးကို ဝိုင်းဝိုင်းရေးမယ်

**ထားထားမြင့်**




ရှားရှားပါးပါး မနည်းလိုက်ရှာဝယ်ထားရသော လေးကြောင်းမျဉ်းစာအုပ်ပေါ်မှာ ဂျက်ဆီကာက ဝလုံးများကို ဂရုတစိုက်ရေးနေပါသည်။ ဝိုင်းစက်နေသော မြန်မာအက္ခရာများကို လှလှပပရေးနိုင်ရန် ဝလုံးကို သေချာရေးတတ်ဖို့လိုပြီး လေးကြောင်းမျဉ်းနှင့် ရေးမှ လက်ရေးပိုလှမည်ဟု ဂျက်ဆီကာ၏ မြန်မာစာဆရာမက ပြောထားသည့်အတွက်ဖြစ်သည်။

"ဒီစာလုံးလေးတွေကို ကျင့်နေတာမြင်ရင် သူငယ်ချင်းတွေက ဘာလဲလို့ မေးကြတယ်။ အဲဒီက ဝိုင်းဝိုင်းလုံးလေးတစ်လုံးရယ် ဆီမီးကော်လံလို အစက်ကလေးနှစ်စက် က စကားတစ်လုံးရဲ့ အဓိပ္ပာယ်ကို ရှင်းပြလိုက်မှ သူတို့အံ့ဩသွားတယ်။ ဒီလို ဘာသာစကား တစ်ခုကိုသင်ရတာ ကျွန်မတော့ ဂုဏ်ယူတယ်"

မြန်မာစာကို ခြောက်လသင်ပြီးမြန်မာစကားကိုအတော်အတန်နားလည်နေသော ဂျက်ဆီကာက ရှင်းပြပါသည်။ ဂျက်ဆီကာက အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ ဘာသာစကားကျောင်းတစ်ခုမှာ မြန်မာစာသင်ကြားနေတာ တစ်ပတ်တောင်မပြည့်သေးပါ။

မြန်မာနိုင်ငံက နိုင်ငံရေးအခြေအနေပြောင်းလဲလာပြီး ကမ္ဘာမှာမြန်မာနိုင်ငံကတစ်ခေတ်ဆန်းချိန်မှာ နိုင်ငံတကာမှာ ဂျက်ဆီကာကဲ့သို့ မြန်မာစာသင်ကြားသူအရေအတွက်ကမသိမသာမြင့်တက်လာသည်။ အထူးသဖြင့် မြန်မာနှင့်ဆက်ဆံရေးကောင်းမွန်ရန် စီးပွားရေးအကျိုးတူပူးပေါင်းရန် စိုင်းပြင်းနေသည့် အမေရိကန်ပြည်ထောင်စုလိုနိုင်ငံမျိုးမှာဖြစ်သည်။

မြန်မာနိုင်ငံကိုအကြောင်းအမျိုးမျိုးနှင့် မကြာခဏရေရှည်ဆက်ဆံပတ်သက်ရမည့်သူများက မြန်မာစကားကို အခြေခံတော့ သင်ယူချင်ကြသည်။ အင်္ဂလိပ်စကားပြောတတ်လျှင်မြန်မာနိုင်ငံမှာ အလုပ်ဖြစ်သော်လည်း နိုင်ငံ၏အောက်ခြေယဉ်ကျေးမှုကို ထဲထဲဝင်ဝင်သိရန်အတွက် မြန်မာစကားပြောကို အခြေခံတော့သိချင်ကြသည်။ မြို့ပေါ်က ပညာတတ်မြန်မာများနှင့်သာမက ကျေးလက်က အင်္ဂလိပ်စာမတတ်သော မြန်မာလူမျိုးများနှင့်ပါ သူတို့က ရင်းရင်းနှီးနှီးပြောချင်၊ ဆက်ဆံချင်သည်။ ရေးတတ်၊ ဖတ်တတ်၊ သိရန်အတွက် မြန်မာစာကို သင်ချင်ကြသည်။

အမေရိကန်နှင့်မြန်မာ ဆက်ဆံရေးရွေလမ်းငွေလမ်းဖောက်လုပ်သည့်အချိန်ကစပြီး မြို့တော်ဝါရှင်တန်ဒီစီနှင့် အမေရိကန်မြို့ကြီးအတော်များများက ဘာသာစကားသင်တန်းကျောင်းများမှာ မြန်မာစာဆရာကိုအလုပ်လျှောက်လွှာတွေထဲမှာ ထည့်သွင်း လာကြသည်။ သို့သော် အမေရိကန်နိုင်ငံက ဘာသာစကားသင်တန်းကျောင်းတစ်ခုမှာ မြန်မာစာ ဆရာဖြစ်ဖို့က မလွယ်ကူပါ။ အမေရိကမှာ မြန်မာလူဦးရေ အတော်များနေပြီဖြစ်သော်လည်း မြန်မာစာဆရာ အရေအတွက်ကနည်းပါးပါသည်။ အဘယ်ကြောင့် ဆိုသော် အမေရိကမှာ မြန်မာစာ သင်ကြားသူတစ်ယောက်ဖြစ်ရန် ဘာသာစကားသင်တန်း ကျောင်းများကသတ်မှတ်ထားသော အရည်အချင်းက အကန့်အသတ်ရှိသည့်အတွက်ဖြစ်ပါသည်။

"မြန်မာစာကို မဟာဘွဲ့ရသူမှလိုချင်တယ်။ မြန်မာစာမဟာဘွဲ့အပြင် စာကိုသေချာရှင်းပြနိုင်ဖို့ မြန်မာစာကို အင်္ဂလိပ်စကားသုံးပြီး အသေအချာရှင်းပြဖို့လည်း အင်္ဂလိပ်စာလည်း ကောင်းရဦးမယ်။ **စာမျက်နှာ(၃၂)သို့**



7DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013




## ခရမ်းကစော့သီးကင်းပွန်းရွက်ချဉ်ကြော်

ဒီတစ်ပတ်အတွက်တော့ ချဉ်ချဉ်စပ်စပ်မြန်မာဟင်းတစ်ခွက်ကို ပြင်ဆင်ထားပါတယ်။

ဒီဟင်းအတွက် လိုအပ်တာ တွေကတော့ ခရမ်းကစော့သီးနဲ့ ကင်းပွန်းချဉ်ရွက်၊ ပုစွန်ခြောက်တို့ ပဲဖြစ်ပါတယ် ပထမဆုံးကစော့သီး လေးတွေကိုထက်ခြမ်းခြမ်းပါ။ ကင်းပွန်းချဉ်ရွက်ကိုရေစင်အောင် ဆေးပြီး နွှင်ထားပါ။ ကြက်သွန် ဖြူနီထောင်းကို နနွင်းမှုန့်ဆီ သတ် ပါမယ်။ အစပ်စားမယ်သူတွေက တော့ ငရုတ်သီးခွဲကြမ်းထည့်ပါ။ ပြီးရင်ပုစွန်ခြောက်ထောင်းထားတာ ထည့်ပါမယ်။ နောက် ခရမ်း ကစော့သီးထည့်ပါ။ နှံ့အောင်မွှေပြီးရင် ကင်းပွန်းချဉ်ရွက်ထည့်ပါ။ အရသာ ဟင်းခတ်မှုန့် ထည့်ပါ။ ကြာကြာထား စားချင်သူတွေကတော့ ဆီများများနဲ့ ခြောက်အောင်ကြော်မှ အဆင်ပြေပါလိမ့်မယ်။ တစ်ခွက်စာကြော်သူတွေကတော့ ဆီနည်းနည်းနဲ့ ကစော့သီးရော ကင်းပွန်းရွက်ပါနူးအောင် ကြော်လိုက်ရင်ရပါပြီ။




ဒီဇိုင်နာခင်ဥစိန်က
အခမ်းအနားတွေတက်တဲ့အခါ
အမြင်တစ်မျိုးဆန်းစေမယ့်ဝတ်စုံကို
ဖန်တီးပေးထားပါတယ်။
ဆွဲသားကိုအသုံးပြုထားတဲ့အတွက်
ဝတ်ရတာသက်သောင့်သက်သာလည်းရှိပြီး
ခန္ဓာကိုယ်အလှကိုလည်း
ပေါ်လွင်စေတယ်လို့ဆိုပါတယ်။
Model: May Akari
Arranged by : Maple
Make-up: May Sabai Nyo (December Hnin)
Photo-J Maung Maung
(Amarapura)

# အသွားနှင့် အပြန်

**ခင်မေဇော်(ဝါရှင်တန် ဒီစီ)**

မြန်မာနိုင်ငံတွင်မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာနှစ်ခု ရွေးချယ်လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းက မြန်မာပြည်သူများ လူနေမှုပုံစံကို ပြောင်းလဲစေပါလိမ့်မည်။

အရှေ့တောင်အာရှတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးနည်းပညာအား အနည်းဆုံးမြန်မာတွင် နောင် ငါးနှစ်အတွင်း နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသော ဒေသတို့တွင်ကြိုးမဲ့ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးတော့မည်ဖြစ်ပြီး အင်တာနက်ကလည်း နေရာအနှံ့ရောက်ပေတော့မည်။ ဆက်သွယ်ရေး နည်းပညာချို့တဲ့လှသော နိုင်ငံတွင် သတင်းအချက်အလက် အားနည်းနေ၍လည်း တိုးတက်မှုက ဟန့်တားပိတ်ဆို့ခံနေရသည်။ ဆက်သွယ်ရေးအားကောင်းလာသည်နှင့်အမျှ လုပ်ငန်းကိုင်ငန်းများ ကောင်းလာမည်။ ပြည်တွင်းရေးရာ၊ ပြည်ပရေးရာများလည်း စိတ်ဝင်စားသူများထံရောက်နိုင်မည်။ မြန်မာနိုင်ငံတွင် ဆဲလ်ဖုန်းကိုယ်စီနှင့် လမ်းသွားရင်း စကားပြောနေသူ၊ ဖုန်းကိုသုံးပြီး အီးမေးလ်ပို့၊ စာပို့လုပ်နေကြသူ၊ မကြာခဏ ဖုန်းကို ကြည့်ပြီး မက်ဆေ့ချ်ဝင်၊ မဝင်စစ်နေကြသူ၊ ခါတ်ပုံတဖျတ်ဖျတ်ရိုက်ပြီး အချင်းချင်းပို့နေကြမည့်သူများကို မြို့အနှံ့မြင်ရတော့မည်ဖြစ်သည်။

တစ်ချိန်ထဲတွင် ကမ္ဘာကြီး၏ အခြားဘက်ခြမ်း၌ ဆက်သွယ်ရေးနည်းပညာများက လူတို့၏ အချိန်များစွာကို ဝါးမျိုချုပ်ကိုင်နေသည်ကို တွေ့ရသည်။ ၈၄ ရာခိုင်နှုန်းသော အမေရိကန်များက သူတို့၏ ဆဲလ်ဖုန်းနှင့် ခွဲခွာ၍ မဖြစ်နိုင်ဟုခံယူထားကြောင်းလေ့လာချက်တစ်ခုက ဆို၏။ ဆဲလ်ဖုန်းနှင့် ငွေတောင်းခံလွှာများကို ပေးချေနိုင်သည်။ အလုပ်ကိစ္စနှင့်အချိန်မရွေး ဆက်သွယ်လုပ်ကိုင်နိုင်ပြီး လမ်းခရီးမှ အလုပ် လုပ်ကိုင်နိုင်သဖြင့် အလုပ်တွင်သည်ဆိုသည့် အဆင်ပြေမှုများရှိသော်လည်း အများစုသည် မိမိတို့၏ ဆဲလ်ဖုန်းအပေါ် မှီခိုမှုများလာကြသည်။ လူတစ်ယောက်၏ နေ့တစ်နေ့တာကို ထိုစက်ပစ္စည်းများက ချုပ်ကိုင်ထားလိုက်တော့သည်။ မိုးလင်းပြီ ဆိုသည်နှင့် ဆဲလ်ဖုန်းကွန်ပျူတာဖွင့်ပြီး ညအိပ်ခါနီးအချိန်အထိ ဆဲလ်ဖုန်းနှင့် ကွန်ပျူတာကို စစ်နေကြသူများ ပို၍များပြားလာပြီး စွဲလမ်းမှီခိုမှု အဆင့်တစ်ခုကို ရောက်လာကြောင်း စိတ်ပညာရှင်များက ဆိုသည်။ အမေရိကန်နိုင်ငံက လမ်းမများပေါ်၊ ရထားပေါ် ဘတ်စ်ကားပေါ် ခရီးသွားများသည် မိမိအနားတွင်ရှိသော သူများကိုပင် သတိမပြုမိကြတော့ပါ။ ကားပေါ်၊ ရထားပေါ်ရောက်သည်နှင့် ဆဲလ်ဖုန်းကိုယ်စီ ထုတ်ပြီး ပြောကြ၊ ရေးကြ၊ ဖတ်ကြလေတော့သည်။ ပစ္စည်းအားလုံးကို အိတ်ထဲစုထည့်ထားလျှင်ပင် ဆဲလ်ဖုန်းကို လက်တစ်ဖက်က ထုတ်၍ ကိုင်ထားလေ့ရှိကြသည်။ **စာမျက်နှာ(၇)သို့**



စာမျက်နှာ(၆)မှ

## အသွားနှင့် အပြန်

ရုတ်တရက် ဖုန်းဝင်လာလျှင် အမြန်ကိုင်နိုင်ရန်၊ စာပို့နိုင်ရန်စသဖြင့်။ နောက်ပိုင်းတွင်တော့ ကားမောင်းသူများကိုပင် ကားမောင်းရင်း စာရိုက်လျှင် ဒဏ်တပ်မည်။ ကားမောင်းရင်း ဖုန်းဆက်လျှင်ဒဏ်တပ်မည်ဆိုသည့်ဥပဒေများ ထုတ်လာရသည့်အထိ ဖြစ်လာသည်။ ကားမောင်းရင်းဖုန်းကို အသုံးပြုသောကြောင့် ယာဉ်တိုက်မှုများဖြစ် လာကြသည်။ ဥပမာ-ဝါရှင်တန်ဒီစီ မြို့တော်တွင် ကားမောင်းရင်းဖုန်းကိုလက်ကကိုင်ပြီး ပြောလျှင် ဒဏ်ငွေဒေါ်လာ ၁၀၀ ဒဏ်တပ်ခံရသည်။

မိမိတို့၏ ကွန်ပျူတာနှင့် ဆဲလ်ဖုန်းများအပေါ် မှီခိုမှုကို စိန်ခေါ်လိုသူများအတွက် အမေရိကန်နိုင်ငံမြောက်ကယ်ရိုလိုင်းနားပြည်နယ်က သဘာဝတောထဲတွင် နွေရာသီ စခန်းသစ်တစ်ခု ဖွင့်လှစ်လိုက်သည်။ နည်းပညာကင်းမဲ့ဇုန်စခန်းဟု ဆိုသည်။ ထိုစခန်းကို ဝင်ရောက်သူများက အဝင်တွင် သူတို့၏ စက်ပစ္စည်းများ အားလုံးကိုပေးအပ်ခဲ့ရသည်။ ထိုနွေရာသီစခန်းကို စိတ်ဝင်စားသူများပြီး သတ်မှတ်လူဦးရေ မြန်မြန် ဆန်ဆန်ပင် ပြည့်သွားခဲ့သည်။ ရက်ရှည်တော့ မဟုတ်ပါ။ သုံးရက် စခန်းသာဖြစ်၏။



စခန်းဝင်ကြသူများကို ဆေးစွဲသူများ ဆေးဖြတ်သလို နည်းပညာစွဲသူများကို နည်းပညာနှင့် ခေတ္တဖြတ်တောက်လိုက်ခြင်းဖြစ်သည်။ စခန်းဝင်သူများသည် ဆဲလ်ဖုန်းနှင့် အတူမွေးဖွားလာသည့် အလားတစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံမှုများကို ဆဲလ်ဖုန်းမှ အီးမေးလ်မှ၊ တစ်ဆင့်အများဆုံး လုပ်ခဲ့ကြသူများဖြစ်၏။ သို့သော် စခန်းတွင် အခြားသူစိမ်းတစ်ဦးနှင့် မျက်နှာချင်းဆိုင် ဆက်ဆံပြောဆိုကြသည်။ စက်ပစ္စည်းကြားခံမရှိဘဲ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆိုင်ပြီးစကားပြောဖြစ်ကြသည့်ဤသာမန်အဖြစ်ကိုပင် ထူးခြားမှုတစ်ခုလို ခံစားရသည်ဟု စခန်းဝင်သူ အချို့က ဝန်ခံပြောဆိုကြသည်။ လူပိုဆန်လာသည်ဟုလည်း ဆိုကြသည်။

တစ်ရက်လျှင် ၁၂ နာရီနှင့် အထက် ကွန်ပျူတာရှေ့တွင် ထိုင်နေခဲ့ရသူများကလည်း စနေ၊ တနင်္ဂနွေပိတ်ရက်နှစ်ရက်တွင်ဆဲလ်ဖုန်း၊ ကွန်ပျူတာတို့ကို စွန့်ခွာရသည့် အတွေ့အကြုံက လွတ်မြောက်ခြင်း တစ်မျိုးဖြစ်သည်ဟု ပြောဆိုသည်။ သို့သော် မိမိလက်တွင်းတွင် ထိုစက်ပစ္စည်းများ ရှိနေပါက အသုံးမပြုဘဲ နေရန် မလွယ်ကြပါ။ ထို့ကြောင့်လည်းအလားတူနည်းပညာကင်းမဲ့ဇုန်စခန်းများ အစီအရီပေါ်လာပြီး တစ်ရက်မျှ နှစ်ရက်မျှဖြစ်စေ ဤစက်ပစ္စည်းများ ကြားက လွတ်မြောက်ရာလမ်းကြောင်း ရှာသူက ရှာနေကြလေ၏။

လူမှုအသိုင်းအဝိုင်းတစ်ရပ်သည် သဘာဝနှင့် ကင်းကွာမှုများလာလျှင် စိတ်ဖိစီးမှုဒဏ်ကို ခံရပြီး အခါအားလျော်စွာ ရိုးရှင်းသော နေထိုင်မှုကို လိုလားတောင့်တကြောင်း၊ စိတ်ကျန်းမာရေးအတွက် ဤလုပ်ရပ်မျိုးကိုလည်း လိုအပ်ကြောင်းနည်းပညာကင်းမဲ့ဇုန်စခန်း ဖွင့်လှစ်ခဲ့သူက မှတ်ချက်ချပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိလိုအပ်နေသည့် ဆက်သွယ်ရေးကိရိယာများနည်းနေ၍ ထိုပြဿနာမျိုးများများစားစား မရှိသေးပါ။ သို့သော် လူမှုရေးကွန်ရက်သုံးသူများ ပြားလာနေပြီး မိုဘိုင်းဖုန်းကိုင်သူများက ဖေ့စ်ဘွတ်ပေါ်တွင် နာရီများစွာရှိနေနှင့်ကြပြီး ဖြစ်သည်။ ငါးနှစ်အကြာတွင် တစ်ပြည်လုံးကိုပြန့်မည့် မိုဘိုင်းဆက်သွယ်ရေးများက တစ်ဆင့် မြန်မာများကလည်း ကမ္ဘာ့ အခြားဘက်ခြမ်းကသူများကို အမီလိုက်ကြပေဦးတော့မည်။ ။



7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

မျက်နှာဖုံးမှ

# သခွတ်ပင်ရွာမှ အမေ့လျော့ခံလူစွမ်းကောင်းများ

ရေလုပ်သားလေးသည် မကြာမီ မိနစ်ပိုင်းအတွင်း သူ့ဘဝ အတွက် ကြီးမားသည့်အလှည့် အပြောင်း တစ်ခုကြုံရတော့မည်ကို သူလုံးဝ ထင်မထားခဲ့။

လှော်တက်နှင့်ပိုက်ကွန်ကို လှေပေါ်တင်ကာ မြစ်ထဲသို့ထွက် လာခဲ့ပြီးနောက် ဒေသရိုးရာအစဉ် အလာအတိုင်း ဘေးကင်းရေး၊ ငါး များများ ဖမ်းမိရေးအတွက် စောင့်ရှောက်သူများအား ရည်စူး ပြီး ဘိလပ်ရေပုလင်း၊ ဘဲဥတို့ကို လှေဦးတွင် တင်ကာ ပသလိုက် သည်။

ပူဇော်ပသခံရသူများ၏ ဆောင်မမှုကြောင့် ဟုတ်၊ မဟုတ် သူမသိ။ ဟုတ်သည်ဆိုပါကလည်း တောင်းသည့်ဆုနှင့် ရသည့်ဆု မတူခဲ့။ ထိုနေ့တွင် သူရည်ရွယ် သလို ငါးများတော့ မဖမ်းမိခဲ့ဘဲ ရန်ကုန်ရှိ အာဇာနည်ဗိမာန်သို့ လာရောက် ဖောက်ခွဲခဲ့သည့် မြောက်ကိုရီးယားသူလျှိုနှစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။

သူ၏လှေငယ်သည် နန်း တော်ငူဟုခေါ်တွင်သည့် ချောင်း ဝသို့ရောက်လာသောအခါတွင် မျက်နှာစိမ်းလူနှစ်ယောက်မှာ ကမ်းစပ်တွင်ထိုင်နေရာမှကြောက် လန့်တကြားဖြင့် ချုံပုတ်ထဲသို့ ပြေး ဝင်သွားခဲ့သည်။

ပိုက်တားနေစဉ်တွင် အဆို ပါမျက်နှာစိမ်းနှစ်ဦးချုံပုတ် ထဲမှ ပြန်ထွက်လာပြီး လှေနံရံကိုကိုင် ကာသူနေထိုင်ရာသခွတ်ပင်ရွာသို့ ပို့ပေးရန် သူတစ်ခါမှမကြားဖူး လေသော ဘာသာစကားတစ်ခု ဖြင့်ပြောသည်။

မျက်နှာစိမ်းများကိုကူညီရန် အတွက် သူ၏အတွေးထဲတွင်တွေ ဝေမှုများဖြင့် ပြည့်နေခဲ့သည်။

ဧည့်သည်နှစ်ဦး၏ ရုပ်ပုံမှာ တရုတ်မျက်နှာပေါက်ဖြစ်နေပြီး သူတစ်ခါမှမကြားဖူးသော ဘာ သာစကားကြောင့် ၎င်းတို့မှာ သ င်္ဘောပျက်ကာ ပင်လယ်ဝရှိ သူတို့ ရွာနားရောက်လာသူများလား ဟု သူတွေးမိသည်ဟုဆိုသည်။ သို့သော်လည်း ပုဆိုးကိုယ်စီဝတ် ထားသော ထိုနှစ်ဦးကြောင့် ရေ မျောကမ်းတင်တွေများလားဟူ သောအတွေးသည်လည်း ဝေဝါးခဲ့ ရသည်။

မျက်နှာစိမ်းနှစ်ဦး၏ သွင် ပြင်လက္ခဏာမှာ သူ့အဖို့ ထူးဆန်း နေခဲ့သည်။ နှစ်ယောက်စလုံးက ရောမလွယ်အိတ်ကြီးများကိုယ်စီ လွယ်ထားကြပြီး အိတ်ထဲသို့လည်း လက်တစ်ဖက်စီအမြဲတမ်းထည့် ထားကြသည်။ သို့သော်လည်း နောက်ဆုံးတွင် ကိုစိုးငြိမ်းနှင့် နောက်ထပ်ရောက်လာသောရွာမှ အဖော်တစ်ဦးတို့သည် ဧည့်သည် နှစ်ဦးအားလှေပေါ်ခေါ် တင်လာ ရန် ဆုံးဖြတ်လိုက်ကြသည်။ ပဟေ ဠိဆန်သောဧည့်သည်နှစ်ဦး လှေ ပေါ်သို့ စတက်သည်နှင့် သူ့ထံသို့ နောက်ထပ် အတွေးတစ်ခု ထပ်မံ ရောက်လာရန်အကြောင်းဖန်လာ ခဲ့သည်။ ထိုအတွေးတစ်ခုကားမြန် မာ့အသံမှအဆက်မပြတ်ကြေညာ နေသော လွတ်မြောက်နေသေး သည့် အာဇာနည်ကုန်းဗုံးခွဲနေသူ များအကြောင်းပင်။

သာမန်အချိန်တွင် နေ့လယ် ခေတ္တနားလေ့ရှိသော မြန်မာ့ အသံသည် အခုတစ်လော မရပ် မနားထုတ်လွှင့်နေသည်။ ရေဒီယို မှထုတ်လွှင့်သည့် တောင်ကိုရီး ယားခေါင်းဆောင်ချန်ဒူးဝှမ်နှင့် ၎င်း၏အစိုးရအဖွဲ့ သွားရောက် မည့်အာဇာနည်ကုန်းတွင်အောက် တိုဘာ၉ရက်ကချိန်ကိုက်ဗုံးပေါက် ကွဲသည့် သတင်းသည် သခွတ်ပင် ရွာသား၏နားထဲတွင်စွဲနေသည်။ ထိုပေါက်ကွဲမှုကြောင့်လူ ၂၀ ကျော် သေဆုံးကာ ၅၀ နီးပါး ဒဏ်ရာရခဲ့ သည်။ ထိုအထဲတွင် တောင်ကိုရီး ယား အစိုးရအဖွဲ့မှ အဆင့်မြင့် အ ရာရှိကြီးများလည်း အပါအဝင်ဖြစ် သည်။

ဧည့်သည်နှစ်ဦးမှာ နားလည် ရခက်ပြီး လျှို့ဝှက်လွန်း သော ကြောင့် ပထမအတွေးများထက် ဖောက်ခွဲရေးသမားများ ဖြစ်နိုင် သည်ဆိုသော သူ့အတွေးမှာ ပို မိုခိုင်မာလာခဲ့သည်။ ဘယ်လိုပဲဖြစ် ဖြစ် လူစိမ်းနှစ်ဦးကို ရွာခေါ် သွား ပြီး ရဲကင်းထံပို့ရန် ဆုံးဖြတ်လိုက် တော့သည်။

လှေပေါ်တွင်ကားစနစ်တကျ လေ့ကျင့်ထားသည့် မြောက်ကိုရီး ယားတပ်မှ ဗိုလ်ကြီးအဆင့်ရှိသူ နှစ်ဦးနှင့် တံငါရွာမှ ရွာသားလေး နှစ်ဦးတည်း။

ဒေါသကြီးသည့်အာဏာရှင် ကြီးဦးနေဝင်း၏ အစိုးရကိုတစ် ပတ်ရိုက်ကာ မြန်မာပြည်ထဲဝင် ကာ ဗုံးဖောက်ခဲ့သည့် သူလျှိုနှစ် ယောက်ကိုတံငါရွာမှရွာသားလေး နှစ်ဦးက ရဲလက်အပ်ရန်အတွက် လှေပေါ်တင်ကာ တစ်ပတ်ရိုက် ခေါ်လာနိုင်ခဲ့ပြီ။ အတိတ်ကိုတွေး တိုင်းစိတ်လှုပ်ရှားစရာများဖြင့်ပြည့် နှက်နေသည်ဟုကိုစိုးငြိမ်းက သူ၏ အတွေ့အကြုံများကို ပြန်ပြောပြ သည်။

"နောက်ပိုင်းပြန်တွေးကြည့် တော့ ကိုယ့်ကိုယ်ကိုယ် မိုက်ရူးရဲ ဆန်ခဲ့ပါလားလို့တောင် တွေးမိ တယ်။ အဲဒီတုန်းကတော့ဒီကောင် တွေကို ရအောင်ဖမ်းမယ်ဆိုတဲ့ အတွေးပဲရှိခဲ့တယ်။ သူတို့ဆီမှာက သေနတ်တွေလည်းပါတယ်။ အဲဒါ တွေပြပြီး ပင်လယ်ထဲလိုက်ပို့ခိုင်း လည်းပို့ရမှာပဲ"

ဆိုင်ရာပိုင်ရာကို ပူဇော်ပသ ထားသော ဘိလပ်ရည်နှင့် ဘဲဥ ပြုတ်များဖြင့် ကိုစိုးငြိမ်းတို့က လှေ ပေါ်တွင် ဧည့်သည်များအား ဧည့် ခံလိုက်သည်။ ၎င်းတို့ကလည်း ကိုစိုးငြိမ်းတို့ကို ၂၅ ကျပ်တန်တစ် ရွက်စီ ထုတ်ပေးသည်။ ကိုစိုးငြိမ်း တို့ပိုက်ဆံယူရန်ငြင်းဆန်သော် လည်း ဧည့်သည်များက ငြင်းလေ ပိုပေးလေလုပ်ကာ ၂၅ ကျပ်တန် တစ်ရွက်ပြီးတစ်ရွက်ထုတ်ခဲ့သည်။

နောင်တွင်မှဗိုလ်ကြီးကင်မင် ချူးဟုသိရသည့်သူက ပေါ့ပေါ့ပါး ပါးနှင့် ရယ်ရယ်မောမောရှိခဲ့သည် ဟုဆိုသည်။ သို့သော်လည်းနောက် တစ်ယောက်ဖြစ်သည့် ဗိုလ်ကြီး ဆင်ကီချူးဟု ဆိုသူတစ်ယောက် ကတော့ ကျောက်ရုပ်လိုမရယ်မ ပြုံးနှင့် လှေပေါ်လိုက်လာခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုစိုးငြိမ်း တစ်ယောက် သူစိမ်းနှစ်ယောက် ကို လှေပေါ် ခေါ်တင်ခဲ့မိပြီဖြစ်



သည်။ လမ်းတစ်လျှောက်အရာရာ ကို သတိကြီးစွာထားတတ်သည့် သူတို့နှစ်ဦးကို လှည့်ကွက်တစ်ခု သုံးရန် ကိုစိုးငြိမ်းနှင့်သူ၏အဖော် တို့က လှေပေါ်မှာပင်တိုင်ပင်လိုက် ကြသည်။

ကိုစိုးငြိမ်းက ဗိုက်အောင့်ချင် ယောင်ဆောင်ကာကမ်းပေါ်တက် မည်။ ပြီးနောက် ရဲသွားခေါ်မည်။ အဖော်လုပ်သူက ပုံမှန် အတိုင်း ခေါ်လာရန်ဖြစ်ပြီး ရဲနှင့်တွေ့တော့ မှကျန်တာဆက်လုပ်ရန်ဖြစ်သည်။ ကိုစိုးငြိမ်းတစ်ယောက် ကမ်းပေါ် တစ်ယောက်တည်းတက်ရန် ကြိုး စားတော့ ဧည့်သည်နှစ်ယောက် လှေပေါ်တွင် ပြာပြာသလဲ ဖြစ် သွားခဲ့သည်။

"ဗိုက်နာတယ်ပြောတော့ ဆေးပြားတွေပေးတယ်။ မဟုတ် ဘူး အခင်းသွားချင်တဲ့ပုံစံပြတော့ မှ မသက်မသာနဲ့ သွားဖို့ပြော တယ်။ ကျွန်တော်လည်း တစ်ခါ တည်းကမ်းပေါ်တက်ပြေးပြီးကျေး ရွာကောင်စီနဲ့ရဲဆီသွားအကြောင်း ကြားတော့တာပဲ"ဟု ကိုစိုးငြိမ်းက ပြောသည်။

**ဦးစိုးညွန့်သည် သခွတ်ပင်ရွာမှ ကျေးရွာကောင်စီအတွင်းရေးမှူး ဖြစ်သည်။**

သခွတ်ပင်ကျေးရွာကောင်စီ ၏ အတွင်းရေးမှူး ဦးစိုးညွန့်ထံ ထိုနေ့မနက်ခင်းတွင် ကိုစိုးငြိမ်းနှင့် ကျေးရွာရဲကင်းမှ ရဲတပ်ကြပ်ကြီး တို့ ပေါက်ချလာခဲ့သည်။ အမူ အ ရာထူးခြားနေသော ၎င်းတို့နှစ်ဦး က နိုင်ငံခြားသားများအကြောင်း ပြောကာ စစ်ဆေးရန် အတွက် ဦးစိုးညွန့်ကိုလာခေါ်ကြသည်။

သူတို့သုံးယောက် ထွက်လာ ခဲ့ပြီး ရွာလယ်လမ်းရောက်တော့ မုန့်ဆိုင်တစ်ဆိုင်တွင် မုန့်ဝယ်စား နေသော ကင်မင်ချူး၊ ဆင်ကီချူး တို့နှစ်ယောက်နှင့် ဦးစိုးညွန့်တို့ တည့်တည့်တိုးခဲ့သည်။ ဒူးယားစီး ကရက်ခဲလျက် လွယ်အိတ်ထဲ လက်အမြဲထည့်ထားသော သူစိမ်း နှစ်ဦးကိုရှာဖွေရန်အတွက် ဦးစိုး ညွန့်တစ်ယောက် ပြင်ဆင်လိုက် သည်။

ပြုံးပြုံးရွှင်ရွှင်ပြောဆိုလေ့ရှိ သည့် ကင်မင်ချူးတစ်ယောက် တော့ သူ့လွယ်အိတ်ကိုအရှာခံ သော်လည်း ဆင်ကီချူးတစ် ယောက်ကတော့ သူ့လွယ်အိတ် လည်းအရှာမခံသလိုစကားလည်း မပြောခဲ့ဟု ဦးစိုးညွန့်က သူ၏ အတွေ့အကြုံကိုပြန်ပြောပြသည်။

"အဲဒီအချိန်မှာကတည်းက သူတို့ဖောက်ခွဲထွက်ဖို့ လုပ်တယ် ထင်တယ်။ ဒါပေမဲ့ ကလေးတွေ အနီးမှာရှိလို့လားတော့မသိဘူး။ ကလေးတွေကို ဂိုး. . . ဂိုး (Go... Go) လို့မောင်းထုတ်တယ်။ အဲဒီ အချိန်မှာ ဒေါ်လာတွေလည်း သူ တို့ဆီကရှာတွေ့တော့တရားမဝင် ငွေကြေးဆိုပြီး ရဲကင်းကိုခေါ်စစ် ဖို့လုပ်ကြတယ်"

ရဲကင်းဆီသို့ သွားရာလမ်း သို့ မြောက်ကိုရီးယားသားနှစ်ဦး၊ ဦးစိုးညွန့်၊ ရဲတပ်ကြပ်ကြီးနှင့် သူ ၏တပ်သားသုံးဦးတို့ထွက်လာခဲ့ ကြသည်။

အသက်သုံးဆယ်မတိမ်း မ ယိမ်းသာရှိသေးသည့် ဦးစိုးညွန့် နှင့် ရဲတပ်ကြပ်ကြီးတို့သည် ဧည့် သည်နှစ်ဦးအား ရွာအစွန်ရှိရဲကင်း ထဲတွင် စစ်ဆေးရန်ပြင်ဆင်လိုက် ကြသည်။ လေတိုက်တိုင်းဟစိဟစိ ဖြင့် လှုပ်ခါရမ်းနေသည့် သွပ်ပြား များဖြင့်ကာရံထားသော အဆိုပါ ရဲကင်းကို အပြင်မှ ရဲသုံးယောက် က သေနတ်ဖြင့် အသင့်အနေအ ထားပြင်ဆင်ကာဝိုင်းရံထားသည်။

ရယ်ရယ်မောမောနေတတ် သည့် ကင်မင်ချူး၏လွယ်အိတ်ကို ရဲတပ်ကြီးကစစ်ဆေးခဲ့ပြီး ဆင်ကီ ချူး၏လွယ်အိတ်ကို ဦးစိုးညွန့်က ရှာဖွေရန်ပြင်ဆင်လိုက်သည်။ ကင်မင်ချူးက အရှာခံသော်လည်း ဆင်ကီချူးက ငြင်းဆန်ပြန်သည်။ စိတ်မြန်လက်မြန်ရှိသည့် လူငယ် အတွင်းရေးမှူးက ဆင်ကီချူး၏ အိတ်ထဲ အတင်းနှိုက်ရှာဖွေရန် ကြိုးစားလိုက်သည်။

ထိုစဉ် အခြေအနေက ရုတ် ခြည်းပြောင်းလဲသွားသည်။ ဆင် ကီချူးက သူ၏အိတ်ကိုနောက်သို့ လွှဲလိုက်ပြီး အိတ်ထဲမှ အရာတစ် ခုနှိုက်ကာ အပြင်ရှိရဲတပ်သားများ ထံ ဦးစိုးညွန့်ခေါင်းပေါ်မှကျော် ကာ ပစ်ခွဲလိုက်သည်။ ထိုအရာ ဝတ္ထုသည် ပေါက်ကွဲသွား ပြီး ရဲ ကင်းတစ်ခုလုံး မီးခိုးလုံးများ ဖုံး အုပ်သွားခဲ့သည်။ ခဏတာ အချိန် အတွင်း ဆုံးဖြတ်ချက်တစ်စုံ တစ် ရာကို ဦးစိုးညွန့် ခပ်မြန်မြန်ချလိုက် သည်။

သွပ်ပြားအပေါက်မှတစ်ဆင့် ရဲကင်းအပြင်ဘက်သို့ တိုးထွက် လိုက်သည်။ သူ့နောက်သို့ တစ်စုံ တစ်ယောက် ပြေးလိုက်လာခဲ့ သော်လည်း မည်သူမှန်းသတိမ ထားမိ။ ရဲကင်းထဲတွင်တော့ သေ နတ်သံအချို့ကျန်ရစ်ခဲ့သည်။

အချိန် အနည်းငယ် ကြာ တော့ ရဲကင်းဆီ သူတစ်ခေါက်ပြန် သွားတော့ လူလေးယောက်မှာ သွေးအိုင်ထဲလဲနေခဲ့သည်။ လေး ယောက်အနက် ရဲတပ်ဖွဲ့ဝင်သုံး ယောက်က အသက်ရှင်နေခဲ့သော် လည်း သူ့ကို စကားမပြောလို သည့် ဆင်ကီချူးတစ်ယောက်က တော့ မည်သူ့ကိုမှလည်း စကား မပြောနိုင်တော့။

ဒါဆို သူ့နောက်သို့ပြေးလိုက် ခဲ့သူမှာ ကင်မင်ချူးဖြစ်ကြောင်း သေချာသွားပြီဖြစ်သည်။

ဗုံးပေါက်ကွဲသံများကြောင့် ကိုစိုးငြိမ်း၊ သူ၏အဖော်သူငယ် ချင်းနှင့် ရွာသားများရဲကင်းဆီသို့ အပြေးရောက်လာကြသည်။ ဒီ လောက်ဆိုလျှင် ထွက်ပြေးသွားသူ မှာမြောက်ကိုရီးယားသူလျှိုဖြစ်မှာ သေချာသလောက်ရှိပြီဖြစ်သည်။

အာဇာနည်ကုန်းဗုံးဖောက်ခွဲ ခဲ့သည့် ဗိုလ်မှူးအဆင့်ရှိ ဇင်မိုကို အောက်တိုဘာ ၁၀ ရက်ညပိုင်း တွင် ညောင်တန်းဆိပ်ကမ်းအနီး ပုစွန်တောင်ချောင်းအတွင်း ဖမ်း ဆီးနိုင်ခဲ့သည်။

ခဏတာအချိန်လေးအတွင်း တွင် သခွတ်ပင်ရွာသည် ဟောလိ ဝုဒ်စစ်ကားများလိုဖြစ်သွားခဲ့ သည်။ ရွာ၏ကောင်းကင်ထက် တွင် ရဟတ်ယာဉ်များ ပျံသန်းနေ ပြီး တပ်မတော်သားများလည်း ရဟတ်ယာဉ်ပေါ်မှဆင်းသက် လာကြသည်။ ရေတပ်သင်္ဘောများ ကလည်း ပိတ်ဆို့ကာ ကင်မင်ချူး ကို ရှာဖွေနေကြသည်။

ထိုနေ့နှင့်ညဘက်တစ်ညလုံး သူ့ကိုတောနင်းရှာဖွေသည့်ရာနှင့် ချီသောလူများအား ကင်မင်ချူး တစ်ယောက်လှည့်စားနိုင်ခဲ့သည်။ သို့သော်နောက်တစ်နေ့မနက်တွင် တော့ဒိုက်များအကြားပုန်းအောင်း နေသောသူ့ကို ရှာဖွေတွေ့ရှိသွား တော့သည်။

"သူ့ကိုတွေ့တော့အရပ်သား တွေဖယ်ပြီး တပ်ကပဲအရှင်ဖမ်းဖို့ ကြိုးစားတယ်။ အဲဒီမှာ ရဲဘော် လေးတွေ သူ့ဝင်လုံးဖို့ကြိုးစားတုန်း ဗုံးဖောက်လိုက်လို့ သုံးယောက် လောက်သေသွားတယ်"ဟု ဦးစိုး ညွန့်ကပြောသည်။

အဆိုပါဖြစ်ရပ်များဖြစ်ပွားခဲ့ ပြီးနောက် မြန်မာအစိုးရက နိုဝင် ဘာလအတွင်း မြောက်ကိုရီးယား နှင့်သံတမန်အဆက်အသွယ်ဖြတ် တောက်လိုက်သည်။

အရှင်ဖမ်းမိခဲ့သူနှစ်ဦးကို ရုံးတင်စစ်ဆေးချိန်တွင် ကင်မင် ချူးက ဝန်ခံထွက်ဆိုခဲ့သော်လည်း ဇင်မိုက ဝန်ခံခြင်း/ငြင်းဆန်ခြင်း မပြုခဲ့ကြောင်း ထိုစဉ်ကထုတ်ဝေ သည့်အစိုးရပိုင်သတင်းစာများက ရေးသားကြသည်။

နောက်ပိုင်းတွင် ကြားသိရ သမျှ သတင်းများအနက် ဇင်မိုကို သေဒဏ်ပေးခဲ့ပြီး ကင်မင်ချူးကို ချုပ်နှောင်ထားခဲ့ကြောင်း အင်းစိန် ထောင်တွင် ထိန်းသိမ်းခဲ့ရသူများ ကပြောသည်။

"ကင်မင်ချူးပုံကတော့ စိတ် ဓာတ်ကျတဲ့ပုံတော့မပေါ်ဘူး။ ဒါ ပေမဲ့ မိသားစုကိုတွေ့ချင်တဲ့ကိစ္စ ကိုတော့ ပြောတယ်။ မြန်မာပြည် ကလူတွေက သူ့ရန်သူမဟုတ်ဘူး။ သူတို့သေတာ ဝမ်းနည်းတယ်လို့ လည်းပြောတယ်။ သူ့ကြောင့် သူ့မိ သားစု ဒုက္ခရောက်နိုင်တယ်လို့ လည်းပြောတာကြားဖူးတယ်"ဟု ၁၉၉၀ ပြည့်နှစ်များအတွင်းက သူ တွေ့ခဲ့သော ကင်မင်ချူး၏ပုံစံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကပြောသည်။

လွန်ခဲ့သောနှစ် ၃၀ က ဦးခိုင် မောင်ရည်သည် တက်ကြွလှုပ်ရှား သည့်ကျောင်းသားတစ်ဦးအဖြစ် အင်းစိန်အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံခဲ့ရပြီး သူနေထိုင်ရာ အဆောင်မှ ကင်မင်ချူးအား မကြာခဏမြင်တွေ့ရပြီး အထက် ပါသတင်းစကားများကိုလည်း အ ကျဉ်းထောင်အမှုထမ်းများမှတစ် ဆင့် ကြားသိရကြောင်း ၎င်းက ပြောသည်။

အချိန်ဟူသောကာလတရား က ရွှေ့ပြောင်းလာခြင်းနှင့်အတူ လွန်ခဲ့သည့်အနှစ် ၃၀ က ဖြစ်ပွား ခဲ့သည့် ထိုအရာများကို အတိတ် တွင်ချန်ခဲ့ပြီဖြစ်သည်။

ဒေါသကြီးသောအာဏာရှင် ကြီးဦးနေဝင်းလည်းမရှိတော့။ ကိုစိုးငြိမ်းလည်း တံငါအလုပ်စွန့် လွှတ်ခဲ့သလို ဦးစိုးညွန့်လည်း ကောင်စီထဲတွင်မပါတော့။

ထို့အတူ တစ်ချိန်က စွန့်စား ခဲ့သော ကိုစိုးငြိမ်း၏ လုပ်ရပ်များ သည်လည်းယခုအခါစာရွက်ပေါ် တွင်သာ မှတ်တမ်းတင်ထားသည် ထက်မပိုခဲ့။

အကြောင်းက "သိမ်းခံရတဲ့ ကျွန်တော့်မိသားစုဆွေမျိုးတွေ လယ်ပြန်ရဖို့ ဟိုတစ်လောက လျှောက်တော့ ကျွန်တော်တို့ တစ်ချိန်က တိုင်းပြည်ကိုအလုပ် အကျွေးပြုခဲ့ပါတယ်။ ငဲ့ညှာပါဦး ဆိုပြီး ဂုဏ်ပြုစာရွက်နဲ့တွဲတင် တယ်။ ဒါတွေလာမပြောနဲ့။ ဟို တုန်းကနဲ့ ခုကအကန့်တွေတစ် ကန့်စီလို့ပြောပြီး ပြန်လွှတ်လိုက် တယ်"ဟု ဦးစိုးငြိမ်းက စိတ် မကောင်းစွာဆိုလေသည်။

စာ(၃)မှ

## အချိန်လွန်မှ ချေးငွေရ

ထို့ကြောင့်မြန်မာနိုင်ငံလယ် ယာကဏ္ဍတစ်ခုလုံးအတွက် အဓိ ကလိုအပ်ချက်တစ်ခုမှာ အာမခံ ချေးငွေစနစ်ထူထောင်ရန်ဖြစ် ကြောင်း ပညာရှင်များက အကြံပြု ထားသည်။

တောင်သူလယ်သမားများ ၏ ထုတ်ကုန်သီးနှံများအပေါ် ရာ သီဥတုဖောက်ပြန်မှုနှင့် သဘာဝ ဘေးဒဏ်များမှ အာမခံမှုစနစ် အ မြန်ဆုံးစတင်နိုင်ရန် လိုအပ် ကြောင်းလည်း မြန်မာနိုင်ငံဆန်စ ပါးအသင်းချုပ် အထွေထွေအ တွင်းရေးမှူး ဦးရဲမင်းအောင်က ဆို သည်။ သီးနှံအာမခံစနစ်နှင့်အတူ တစ်ပြိုင်နက်ဆောင်ရွက်သင့် သော အခြားအာမခံစနစ်မှာ ချေး ငွေအပေါ် အာမခံသည့် Credit Insurance အား အကောင်အ ထည်ဖော်ရန် လိုအပ်ကြောင်း ဘဏ်ပညာရှင်များကလည်း အ ကြံပြုသည်။ ဘဏ်များ၊ အဖွဲ့အ စည်းများအပေါ် ငွေချေးယူသူ၏ ပျက်ကွက်မှုကို အာမခံသည့်စနစ် ဖြစ်သည်ဟုလည်းဦးရဲမင်းအောင် က ပြောသည်။

"အစိုးရက အာမခံပေးမယ် ဆိုရင်တော့ ဘဏ်တွေက ချေးရဲ တယ်။ ဘဏ်တွေက ပြည်သူ့ငွေ တွေဆိုတော့ ဆုံးမှာကိုကြောက် တယ်" ဟု ကမ္ဘောဇဘဏ်ဒုတိယ ဥက္ကဋ္ဌဦးသန်းလွင်က ပြောသည်။

ယခုကျင်းပနေသော လွှတ် တော်အစည်းအဝေးတွင် အတည် ပြုရန်ကြိုးစားနေသည့် တောင်သူ လယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကြမ်းတွင် လည်း တောင်သူလယ်သမားများ ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင် ရာတွင် သင့်တင့်သော အရင်းအ နှီးရရှိရေးအတွက် နှစ်တိုနှစ်ရှည် ချေးငွေများကို သက်သာသော အ တိုးနှုန်းဖြင့် စည်းကမ်းချက်များ ချမှတ်၍ ထုတ်ချေးနိုင်ရန် စီစဉ် ဆောင်ရွက်ပေးခြင်းနှင့် သက်သာ သော အတိုးနှုန်းပြန်ဆပ်ရမည့် ကာလတို့ကို သတ်မှတ်ခြင်းများပါ ဝင်သည်။ သို့သော် ဇူလိုင်လပထမ အပတ်ကျော်လာပြီဖြစ်သဖြင့် မိုး စပါးအဓိကစိုက်ပျိုးသော ဆန်အ ဓိကထွက်သည့် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထွန်းတုန်းပိတ်တော့မည်ဖြစ် သည်။ သို့သော် ချေးငွေမှာ မရရှိ သေးပေ။

# စွဲလမ်းမှု၏ နောက်တွင် . . .

ဝတ်ရည်အောင်

အိမ်ရှေ့မျက်နှာစာတွင် မိုးကာပိတ်စ အပြာရောင်မိုး၍ ထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင်ပေါင်းစပ်ဖွင့်ထားသော ၁၅ပေပတ်လည် နေရာကျဉ်းကျဉ်းတွင် နေ့လယ်စာထမင်းစားချိန် လူ ၃၀ ခန့်နှင့်အတူ ထမင်းစားပြီး ခံတွင်းချဉ်တတ်သူ လေး၊ ငါးဦး၏ ဆေးလိပ်ငွေ့များမှာ အပြင်ဘက် မိုးရေကြောင့် ဆိုင်အတွင်း ဝေ့ဝဲလျက်ရှိသည်။

"တစ်နေ့ကို ဆယ်လိပ်ကနေ ဆယ့်ငါးလိပ်လောက်ကတော့ ပုံမှန်ပဲ။ ဆေးလိပ်သောက်ပြီးရင် ပိုတွေးလို့ကောင်းတယ်လေ။ မနက်အိပ်ရာထထချင်းကတော့ အကျင့်လိုဖြစ်သွားပြီ။ လုံးဝမနေနိုင်တော့ဘူး။ ဆေးလိပ်သောက်ရမှ နေလို့ကောင်းသွားတယ်" ဟု အသက် ၂၅ နှစ်အရွယ် ကိုကျော်ကျော်က ကုန်ခါနီးဆေးလိပ်တိုကို ဆိုင်အပြင်ဘက် မိုးရေအတွင်းသို့ လွှင့်ပစ်အပြီး ပြောလိုက်သည်။

ဆေးလိပ်သောက်နည်းသည်ဟု ဆိုသူများပင် နေ့စဉ်အိပ်ရာထချိန်၊ ထမင်းစားပြီးချိန်၊ ညအိပ်ရာဝင်ချိန်များတွင် အလေ့အကျင့်တစ်ခုအနေဖြင့် သောက်လေ့ရှိပြီး အချို့သူများတွင် စိတ်ဓာတ်ကျသည့်အချိန်နှင့် တစ်ဦးတည်းတွေးတောသည့် အချိန်တွင် ပိုမိုသောက်လေ့ရှိကြောင်း ဆေးလိပ်ပုံမှန်သောက်သူများက ပြောသည်။



**ဆေးလိပ်တွင်ပါဝင်သောဓာတ်တစ်မျိုးမှာ နီကိုတင်းနှင့်ဆင်တူပြီး စွဲလမ်းစေနိုင်သည်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆေးလိပ်သောက်သည့်သူတိုင်းလိုလို စွဲစွဲလမ်းလမ်း ကြိုက်နှစ်သက်ကြပြီး ဆေးလိပ်ဆိုးကျိုးကို ပိုမိုသိသည့် ဆေးပညာရှင်များကိုယ်တိုင် ဆေးလိပ်ဖြတ်ရန် ခဲယဉ်းသည့်အကြောင်းမှာ ဆေးလိပ်မှရရှိသည့် ပိုမိုတက်ကြွခြင်း၊ လန်းဆန်းသွားစေသည့် ခံစားချက်ကြောင့်ဖြစ်သည်။

လူ၏ ဦးနှောက်နှင့် အာရုံကြောစနစ်တွင် အလုပ်လုပ်သည့် အခြေခံအာရုံကြောများ နေ့စဉ်လန်းဆန်းပြီး တက်ကြွမှုရှိစေရန် ခန္ဓာကိုယ်မှ ဓာတ်တစ်မျိုး ထုတ်လုပ်ပေးသည်။ ဆေးလိပ်သောက်သည့်အခါ ဆေးလိပ်တွင် ပါဝင်သည့် ထိုဓာတ်နှင့်ဆင်တူသည့် နီကိုတင်းက အာရုံကြောများအတွင်း အစားနေရာယူကာ လန်းဆန်းမှုဖြစ်စေသည့် စိတ်ခံစားမှုဖြစ်ပေါ်လာစေသည်။

နီကိုတင်းကြာကြာရသည့်အခါ ဦးနှောက်နှင့်အာရုံကြောဆဲလ်များမှ စိတ်ခံစားမှုကောင်းစေသည့် ဓာတ်များ ပိုမိုထုတ်လုပ်လာခြင်းကြောင့် ဆေးလိပ်သောက်သူများတွင် အတွေးကောင်းခြင်း၊ တက်ကြွလန်းဆန်းခြင်းများ ခံစားကြရသည်။

သို့သော်ကြာရှည်သည့်အခါ နီကိုတင်းကြောင့် ထိုလန်းဆန်းမှုဖြစ်စေသည့် ဓာတ်များ တဖြည်းဖြည်းစွမ်းဆောင်ရည်ကျဆင်းလာသဖြင့် စိတ်ခံစားမှုကောင်းစေရန် နီကိုတင်းပိုမိုသောက်ကြရသည်။ နီကိုတင်းပိုမိုလာလေ ထိုဓာတ်ပျက်စီးလာလေ နီကိုတင်းထပ်ဖြည့်ရလေနှင့် နောက်ပိုင်းဆေးလိပ်စွဲလာသည့်အခြေအနေဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အဆုတ်နှင့်ရင်ခေါင်းအထူးကုဆရာဝန်က ပြော သည်။

ဆေးလိပ်ဖြတ်ရန်ကြံရွယ်သူများတွင်လည်း ဆေးလိပ်ဖြတ်သည့်အတွက် နီကိုတင်းပမာဏလျော့နည်းသွားသောကြောင့်စိတ်ခံစားမှုမကောင်းတော့ခြင်း၊ လန်းဆန်းမှုမရှိခြင်း၊ ခေါင်းမူးခြင်း၊ အိပ်မပျော်ခြင်း၊ အတွေးမကောင်းတော့ခြင်း၊ စိတ်ဓာတ်ကျခြင်းများကို မခံနိုင်သည့်အတွက် ထပ်ထပ်သောက်ရာမှ ဆေးလိပ်စွဲခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိလူဦးရေ ၁ ဒသမ ၃ ဘီလီယံသည် ဆေးလိပ်စွဲနေကြပြီး ဥပဒေထိရောက်ပြီး ပညာပေးဆောင်ရွက်မှုအားကောင်းသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်သောက်သူဦးရေကျဆင်းလာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်တိုင်းသုံးရာခိုင်နှုန်းကျော်မြင့်တက်လာသည်။

ဆေးလိပ်သောက်ခြင်းကြောင့်ခြောက်စက္ကန့်လျှင် လူတစ်ဦးသေဆုံးနေပြီး ယခုတိုင်း ဆက်လက်ထားရှိပါက ၂၀၃၄ တွင်လေးစက္ကန့်တွင် တစ်ယောက် သေဆုံးလာတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ခန့်မှန်းထားသည်။ ထိုသေဆုံးမှု၏ လေးပုံသုံးပုံသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သေဆုံးမည့်လူအရေအတွက်ဖြစ်သည်။

ဆေးလိပ်သောက်ခြင်းကြောင့် ယေဘုယျအနေဖြင့် သွေးကြောအားလုံးကျဉ်းသွားခြင်းဖြစ်သည်။ သွေးကြောကျဉ်းခြင်းကြောင့် နှလုံးရောဂါများ၊ လေဖြတ်ခြင်းနှင့် အငွေ့တိုက်ရိုက်ရောက်သည့်အတွက် အဆုတ်ကင်ဆာများမှာ ဖြစ်ပွားမှုများပြားသည့် ရောဂါများဖြစ်သည်။

ကင်ဆာမဖြစ်ပါကလည်း နာတာရှည်အဆုတ်ရောဂါဖြင့် အိပ်ရာပေါ်တွင် တစ်သက်လုံး အောက်ဆီဂျင်အကူအညီဖြင့် အသက်ရှင်ရသူများ တဖြည်းဖြည်းများပြားလာကြောင်း နယ်ပယ်အသီးသီးက ဆရာဝန်များက နေ့စဉ် ကြုံတွေ့နေရသည့် ဆေးလိပ်သောက်လူနာများအား ကိုးကား၍ ပြောသည်။

အမေရိကန်နိုင်ငံ အဖွဲ့အစည်းတစ်ခုမှ ပြုလုပ်ထားသည့် သုတေသနတွင် မြန်မာနိုင်ငံရှိ အမျိုးသားများ သေဆုံးမှု၏ နံပါတ်တစ်အကြောင်းသည် လေဖြတ်ခြင်းကြောင့်ဖြစ်ပြီး ထိုကိန်းဂဏန်းသည် နှစ်ပေါင်း ၂၀ အတွင်း သေဆုံးမှု နံပါတ် ၅ မှ တစ်နေရာသို့ ရောက်ရှိလာခြင်းလည်းဖြစ်သည်။

"ခံတွင်းနဲ့ပတ်သက်တဲ့ဆရာဝန်တွေကလည်း ဆေးလိပ်နဲ့ဆေးရွက်ကြီးကြောင့်ဖြစ်တဲ့ ရောဂါတွေပိုတွေ့လာသလိုအဆုတ်နဲ့ရင်ခေါင်းဘက်မှာလည်း ရောဂါသည်တွေလည်း တစ်နေ့တခြား ပိုပိုများလာပြီ" ဟု အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်က ပြောသည်။

ဆေးလိပ်ကြောင့်ဖြစ်သည့် ခံတွင်းရောဂါမှာ တစ်နှစ်ထက်တစ်နှစ် နှစ်ဆကျော် တိုးလာသည့်အပြင် သွားနှင့်ခံတွင်းရောဂါများ၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်သည့်ရောဂါများဖြစ်ကြောင်း သွားဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါ်ဆွေဆွေဝင်းက ပြောသည်။

ရန်ကုန်ဆေးရုံကြီးသို့ အဆုတ်ကင်ဆာနှင့်ရောက်လာသည့် လူနာများမှာလည်း နှစ်စဉ် များပြားလာပြီး ဆေးလိပ်သောက်သူများမှာ မသောက်သူများထက် အဆုတ်ကင်ဆာဖြစ်နိုင်ခြေ အဆ ၂၀ ပိုမိုများပြားကြောင်း သိရသည်။ **စာမျက်နှာ(၁၀)သို့**






7DAY NEWS JOURNAL
Vol.12, No.18 ▪ JULY 10 , 2013

စာမျက်နှာ(၉)မှ

## စွဲလမ်းမှု၏ နောက်တွင် . . .

တခြားသောနိုင်ငံများတွင် ဆေးလိပ်ကြေညာခွင့်၊ ရောင်းချခွင့်နှင့်ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ထိုဥပဒေအား ထိရောက်အောင် ဆောင်ရွက်ခြင်းနှင့် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိ မြင့်မားလာစေရန် ဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်သောက်သုံးမှုတဖြည်းဖြည်း လျော့ကျအောင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျပြီး ပြဋ္ဌာန်းထားသည့်ဥပဒေအသက်မဝင်နေသည့်အပြင် ကျန်းမာရေးအသိပညာပါအားနည်းနေသည့်နိုင်ငံတွင် ယခုပြည်ပမှ အများအပြားလိုမ့်ဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုတွင် အများဆုံးဝင်လာသည့်ကုန်ပစ္စည်းသည် ဆေးလိပ်ကုမ္ပဏီများ ဖြစ်နေသည်။

"မကြာခင်လန်ဒန်ဆေးလိပ်ပြန်ဝင်လာတော့မယ်လို့ ပြောတယ်။ လန်ဒန်အရသာကိုတော့ ဘယ်သူမှမမီဘူး။ ကျွန်တော်တို့အတွက်တော့ သတင်းကောင်းပဲ" ဟု အသက် ၃၀ အရွယ် လူမှုကွန်ရက်အသုံးပြုသည့် အမျိုးသားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ တွင်ကျယ်စွာရောင်းချနိုင်ရေးအတွက် မီဒီယာမျိုးစုံ အသုံးပြုခြင်းကိုတားမြစ်ပိတ်ပင်ထားပြီးအသက်၁၈နှစ်အောက် ကလေးများ ဆေးလိပ် မရောင်းချခြင်းနှင့်ရောင်းရန်စေခိုင်းခြင်းတို့တွင် လိုက်နာမှုမရှိပါက ထောင်ဒဏ်အပြင် ငွေဒဏ်ပါကျခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့သော် ထိုဥပဒေမှာ ပြည်တွင်းတွင် အသက်ဝင်မှုမရှိသေးချေ။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးကို လူပျိုပေါက်အရွယ်ကတည်းကစတင်သောက်ကြခြင်းဖြစ်ပြီး ဆေးလိပ်ကုမ္ပဏီများကလည်း ရေရှည်သောက်သုံးနိုင်သည့် ကျောင်းသားလူငယ်ထုအရွယ်အား အဓိကဦးတည်ကြော်ငြာနေခြင်းကိုလည်း မထိန်းချုပ်နိုင်သေးကြောင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူက ပြောသည်။

ထို့ပြင် ဆေးလိပ်စွဲပြီး ကျန်းမာရေးအခြေအနေကြောင့် ဆေးလိပ်ဖြတ်ချင်သော်လည်း အသုံးပြုသောနီကိုတင်းအစားထိုးဆေးဝါးများဈေးနှုန်းမြင့်မားလာသဖြင့်တွင်ကျယ်စွာအသုံးမပြုနိုင်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနန်းနိုင်နိုင်ရှိန်က ပြောသည်။

ထိုအတားအဆီးမရှိဝင်လာမည့် ဆေးလိပ်ကုမ္ပဏီများနှင့်ပတ်သက်ပြီး လက်ရှိရှိနေသည့် ဥပဒေ အသက်ဝင်စေမည့် နည်းဥပဒေပြဋ္ဌာန်းနိုင်ရန်ပင် ယခုမှ လွှတ်တော်တွင် ဆွေးနွေးနေဆဲဖြစ်သည်။

"အခြားဥပဒေတွေ ထပ်ထုတ်တာထက် အခုပြဋ္ဌာန်းထားတဲ့ထဲက လုပ်လို့ရနိုင်မယ့်ဟာတွေကိုပဲ တင်းတင်းကျပ်ကျပ်လုပ်စေချင်တယ်။ အခုက ဒီမှာ အများပြည်သူနဲ့ဆိုင်တဲ့ နေရာဆိုတာတောင်မရှိတော့ဘူး။ ဘယ်နေရာမှာမှ ဆေးလိပ်ငွေ့မလွတ်ဘူးဖြစ်နေတယ်" ဟု ပါမောက္ခဆရာဝန်တစ်ဦးက မှတ်ချက်ပြုပြောသည်။

ထိုနည်းဥပဒေထဲတွင်မှ ဆေးလိပ်ကြော်ငြာခြင်းကို တားမြစ်သည့်အချက်များ၊ လူတိုင်း လက်လှမ်းမမီစေရန် အခွန်များတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံတကာမှာကဲ့သို့ ဆေးလိပ်ဗူးများတွင် သတိပေးစာတန်းအပြင် ရုပ်ပုံများ ထည့်သွင်းနိုင်ရေးတို့ အဓိက ဦးတည်ထားသည့် နည်းပညာထွက် ပေါ်လာရန်ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းနေဆဲအခြေအနေတွင်သာရှိသေးသည်။

"အချို့ဟာတွေက ပညာပေးရုံတင်မဟုတ်ဘူး။ ဥပဒေနဲ့လုပ်မှ ရနိုင်မယ်" ဟု ထိုစီမံချက်မှ မန်နေဂျာ ဒေါက်တာ နန်းနိုင်နိုင်ရှိန်က ပြောသည်။

ယခင်က စီးကရက်နှင့် ဆေးရွက်ကြီးအခွန်သည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိသာ ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်အတွင်း ပြည်ပမှ တင်သွင်းသည့် စီးကရက်များ၏ အခွန်ကို ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်ပြီးပြည်တွင်းရှိဆေးပေါ့လိပ်၊ ဆေးရွက်ကြီးအခွန်ကို ၅၀ ရာ ခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

သို့သော် ယခုအချိန်ထိ စီးကရက်တစ်လိပ်၅၀ ခန့်၊ ဆေးပေါ့လိပ်တစ်ရာဖိုး သုံးလိပ်နှင့် ကွမ်းယာတစ်ရာဖိုးလေးယာဖြင့်နေရာတိုင်း အရွယ်တိုင်း ဝယ်ယူနိုင်သည်။

၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ်စီးကရက်အလိပ်ရေ သန်း ၂၅၀၀-၃၀၀၀ ကျော် ထုတ်လုပ်ပြီး ယခုပြည်တွင်းတွင် စီးကရက်သန်းချီထုတ်လုပ်နေကြောင်း သိသော်လည်း မည်မျှထုတ်လုပ်နေကြောင်းနှင့် စီးကရက်စက်ရုံမည်မျှရှိကြောင်းလည်း အတိအကျစာရင်းမရှိနေကြောင်း သိရသည်။

"အခုတော့ ဥပဒေကို အသက်ဝင်ဖို့ကြိုးစားနေတယ်။ ဒါပေမဲ့ စီးပွားရေးသမားတွေကလည်း အင်အားတော့ကြီးတယ်။ ဘယ်သူက အင်အားကြီးလဲဆိုတာတော့ ကြည့်ရတော့မှာပါပဲ" ဟု ဒေါက်တာ နန်းနိုင်နိုင်ရှိန်က မြန် မာနိုင်ငံ၏ လူငယ်ထုအတွင်း စီးကရက်ထိန်းချုပ်နိုင်မှုနှင့်ပတ်သက်ပြီး သုံးသပ်ပြောကြားခဲ့သည်။




# တရုတ်နှင့် ဂျပန်က ဆေးရုံသစ် ဆောက်ပေးလိုကြောင်း ကမ်းလှမ်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဇူလိုင်-၆**

တရုတ်နိုင်ငံကရန်ကုန်နှင့်မန္တလေးမြို့များတွင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံသစ်ဆောက်လုပ်လှူဒါန်းရန် အစိုးရအဖွဲ့အစည်းသို့ မြေနေရာညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်းသတင်းရရှိသည်။

ရန်ကုန်တွင်ခုတင် ၈၀၀ ဆံ့ ဆေးရုံတစ်ရုံနှင့် မန္တလေးတွင် ခုတင် ၅၀၀ ဆံ့ဆေးရုံတစ်ရုံ တည်ဆောက်ရန်ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှစီးပွားရေးသံမှူးက ဇွန် ၅ ရက်က သတင်းထောက်များနှင့် တွေ့ဆုံမှုတွင် ပြောကြားခဲ့သည်။

"ဂျပန်ရော တရုတ်ရောက ရန်ကုန်နဲ့ မန္တလေးမှာ ဆေးရုံဆောက်ပေးဖို့ကမ်းလှမ်းထားတာရှိတယ်။ ဒါပေမဲ့အခုချိန်ထိ တော့ အစိုးရအဖွဲ့က အတည်မပြု ပေးသေးပါဘူး" ဟု ကျန်းမာရေး မြှင့်တင်မှုကော်မတီ၏ အတွင်းရေးမှူး ဒေါက်တာနေလင်းက ပြောသည်။

ပြီးခဲ့သည့်လမှ စတင်၍ တရုတ်အစိုးရနှင့် ဂျပန်နိုင်ငံ JICA တို့က ဆေးရုံဆောက်ပေးရန် ကမ်းလှမ်းထားခြင်းဖြစ်ပြီး ထိုကဲ့သို့ ပြည်ပနိုင်ငံများမှ ဆေးရုံဆောက်ပေးရန် ကမ်းလှမ်းမှုများ ရှိနေသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံခွဲအသစ်ဆောက်လုပ်ရန် စောင့်ဆိုင်းနေကြောင်း သတင်းရရှိသည်။

သူနာပြု တက္ကသိုလ်ရှေ့ (ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်း) တွင် ရန်ကုန်ပြည်သူ့ဆေးရုံခွဲ အသစ်ဆောက်လုပ်ပြီးပါက လူနာများကို ဆေးရုံသစ်သို့ ရွှေ့ပြောင်းကာ ရန်ကုန်ပြည်သူ့ဆေးရုံကိုလည်း အဆင့်မြှင့်တင်သွားရန်ရှိသည်ဟုသိရသည်။

Regional

7 DAY NEWS JOURNAL

Vol.12, No.18 • JULY 10 , 2013

# ပြည်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးလူနာ ၈၀ ကျော်ရှိနေ

**ဇော်မင်းထိုက်**

**ပြည်**-ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ပြည်ခရိုင်တွင် သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်ကုသသော လူနာအရေအတွက် ၈၀ ကျော်ရှိသော်လည်း ယခုနှစ်သွေးလွန်တုပ်ကွေးရာသီတွင်သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးမှု မရှိကြောင်း ပြည်ခရိုင် ကျန်းမာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့ပြီး စာသင်ကျောင်း ၆၁ ကျောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသော နေအိမ်ပတ်ဝန်းကျင်များတွင် ခြင်ဆေးဖျန်းခြင်း၊ နေအိမ်များသို့ သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းများ ပြုလုပ်ကာ အသိပညာပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ်ထဲမှာ သွေးလွန်တုပ်ကွေးလူနာ ထင်သလောက်မများပါဘူး။ ဒီနေ့အထိ ဒီရောဂါနဲ့ သေဆုံးတာမရှိသေးဘူး။ ပုဂ္ဂလိကဆေးရုံတွေကလည်း နေ့စဉ်လူနာစာရင်း တက်ပါတယ်။ ပြည်မြို့မှာ ပုဂ္ဂလိကဆေးရုံငါးခုရှိတယ်။ အဲဒီကလည်း သွေးလွန်တုပ်ကွေးနဲ့သေဆုံးမှုရှိကြောင်း တက်မလာသေးပါဘူး”ဟု ပြည်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာခင်ထားနှစ်က ပြောသည်။

ပြည်မြို့တွင် ယခုကာလသည် သွေးလိုအပ်မှု အများဆုံးကာလဖြစ်ပြီး သွေးလှူရှင် အဖွဲ့များမှ သွေးရှာပေးရမှုအများဆုံးကာလဖြစ်ကြောင်း၊ ပြည်မြို့ပေါ်တွင်သာမက နယ်မြို့များမှ သွေးလှူရှင် အဖွဲ့များကို ဆက်သွယ်အကူအညီတောင်းရကြောင်း၊ ဇွန်လက သွေးပုလင်းအလုံးရေ တစ်ရာကျော် ရှာဖွေပေးခဲ့ရပြီး ယခုရက်ပိုင်းအတွင်းတစ်နေ့လျှင်သွေးပုလင်း ၁၀ လုံးခန့် ရှာဖွေပေးနေရကြောင်း၊ ယင်းမှာ မိမိတို့သွေးလှူရှင် အဖွဲ့တစ်ခုတွင်သာဖြစ်ကြောင်း မိုးမေတ္တာသွေးလှူရှင်အသင်းမှ သွေးရရှိရေးတာဝန်ခံ ကိုမျိုးငြိမ်းဇော်က ပြောသည်။

“သွေးလွန်တုပ်ကွေးရောဂါဖြစ်တဲ့လူနာရဲ့ နေအိမ်လိပ်စာအတိုင်းသွားရောက်ပြီး ဆေးဖျန်းတယ်။ အဲဒီဝန်းကျင်မှာ သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်တဲ့ ခြင်ရှိနေပြီလို့ ယူဆတယ်။ ဒီဆေးကလည်း ဖျန်းပြီး သုံးရက်လောက်ပဲ အာနိသင်ရှိတယ်။ အချို့ဆို သူတို့နားမှာခြင်တွေရှိပါရဲ့သားနဲ့ဘာကြောင့် လာမဖျန်းရသလဲမေးတယ်။ ခြင်ဆေးဖျန်းစက်တွေ လာငှားကြတယ်။ ဒါပေမဲ့ သူတို့ဝန်းကျင်မှာက သွေးလွန်တုပ်ကွေးရောဂါဖြစ်တဲ့သူမရှိဘူး။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်သူရဲ့ နေအိမ်ဝန်းကျင် ကိုက်တစ်ရာလောက်အတွင်းကို ဆေးဖျန်းပါတယ်”ဟု ပြည်မြို့နယ် ရောဂါပိုးမွှားကိုးမျိုး ကာကွယ်နှိမ်နင်းရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

“ခြင်ဆေးဖျန်းတဲ့ ဆေးတွေကလည်း သက်ရှိ ရောဂါသယ်ဆောင်ခြင်တွေကိုသာသေစေမှာ။ နောက်ပိုင်းပေါက်ဖွားလာမယ့်ခြင်တွေကို ကာကွယ်ဖို့ကတော့ ဖုံး၊ သွန်၊ လဲ၊ စစ်က အကောင်းဆုံး၊ အကျိုးအရှိဆုံးပါ။ အိမ်တိုင်ရာရောက်လိုက်ပြီး တစ်ပတ်ကို နှစ်ကြိမ် ပညာပေး လုပ်ဆောင်ပါတယ်။ ဖုံး၊ သွန်၊ လဲ၊ စစ်ရဲ့ ကောင်းကျိုးကို ပြည်သူတွေသိပ်နားလည်မှု မရှိတာတွေ တွေ့ရတယ်။ ဒါတွေကို ကျန်းမာရေးဝန်ထမ်းတွေကပဲ လာလုပ်ပေးကြမယ်လို့ ထင်ကြတယ်။ ပြည်သူတွေ အနေနဲ့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တဲ့ အလုပ်ကို ကျန်းမာရေးဝန်ထမ်းတွေရဲ့ကိစ္စလို့ သဘောမထားစေချင်ဘူး။ မိမိတို့ဘာသာ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းကို ဂရုပြုလုပ်ဆောင်စေချင်တယ်” ဟု ပြည်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်ထားနှစ်က ပြောကြားသည်။



*သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေသဖြင့် ဆေးကုသမှုခံယူနေရသောကလေးငယ်များ*

ဓာတ်ပုံ - ဇော်မင်းထိုက်

# ထားဝယ်တွင် ဈေးဝယ်စင်တာ တည်ဆောက်

**စိုးမိုးအောင်**

**ထားဝယ်**- ထားဝယ် ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီ(DDPC) က တည်ဆောက်မည့်ထားဝယ်မြို့ ဈေးဝယ်စင်တာနှင့် မောင်းမကန်ကမ်းခြေစရိတ်သက်သာဟိုတယ် (Budget Hotel) ပန္နက်တင်မင်္ဂလာ အခမ်းအနား ဇူလိုင်လ ၅ ရက်က ကျင်းပကြောင်း သတင်းရရှိသည်။

ထားဝယ်ဒေသ၏ တိုးတက်ပြောင်းလဲလာမည့် စီးပွားရေး၊ လူမှုရေးနှင့် ဒေသခံပြည်သူတို့၏ လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ ဒေသခံပြည်သူများကိုယ်တိုင် အဆင့်မြင့်အရောင်းဆိုင်ခန်းများ စုပေါင်းဖွင့်လှစ်ရောင်းချနိုင်စေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီက ဈေးဝယ်စင်တာတည်ဆောက်မည့်မြေနေရာနှင့် မောင်းမကန်ကမ်းခြေတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဇုန်မစတင်မီ Budget Hotel တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ နည်းပညာ တက္ကသိုလ် (ထားဝယ်) မှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ထားဝယ်မြို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထားဝယ်မြို့ဈေးဝယ်စင်တာသည် ကမြောကင်းတံတားအနီး၊ ဆိပ်ကမ်းသာလမ်းရှိမြေ ၁၀ ဧကခန့်ပေါ်တွင်တည်ဆောက်မည်ဖြစ်ပြီး ခေတ်မီနှစ်ထပ် အဆောက်အအုံဖြစ်သည်။

မောင်းမကန် ကမ်းခြေတွင် တည်ဆောက်မည့် Budget Hotel မြေနေရာသည် ၁၉၉၀ ပြည့်နှစ်က တပ်ပိုင် နယ်မြေအဖြစ် သိမ်းယူထားပြီး ယခုအချိန်တွင် DDPC မှ ဟိုတယ် တည်ဆောက်ရန် စီမံကိန်းနယ်မြေ သတ်မှတ်ထားခြင်းဖြစ်သည်။ ဇွန်လ ၁၃ ရက်က ဒေသခံပြည်သူများသည် အဆိုပါဟိုတယ်စီမံကိန်းနယ်မြေ၏ခြံစည်းရိုးများကို ဖျက်ဆီး၍ ကန့်ကွက်ခဲ့သည်။

အဆိုပါ ဟိုတယ်သည် မောင်းမကန်ကမ်းခြေတွင် ပထမဦးဆုံး ဟိုတယ်ဖြစ်ပြီး လုံးချင်းများနှင့် အထပ်မြင့်အဆောက်အအုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စွန့်ပစ်အစေ့ထုတ်ပြောင်းဖူးအူတိုင်များ ထင်းအစားထိုးလောင်စာအဖြစ် သုံးလာ

**မျိုးမင်းဦး**

**မုံရွာ**- မုံရွာမြို့နယ် ချင်းတွင်းရေဝင်ဒေသ အစေ့ထုတ်ပြောင်းဖူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးပြီး အစေ့ထုတ်ပြောင်းဖူးများ ဈေးကွက်တင်ပို့ချိန်တွင် စွန့်ပစ်အစေ့ထုတ်ပြောင်းဖူးအူတိုင်များကို ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုသူပိုများလာကြောင်း သတင်းရရှိသည်။

“အရင်တုန်းက ပြောင်းဖူးအူတိုင်ကို ယူမယ့်သူမရှိလို့ စွန့်ပစ်ခဲ့ရတယ်။ ဒီနှစ်အစေ့ထုတ်ပြောင်းဖူးက စိုက်သူများသလို ပြောင်းဖူးအူတိုင်တွေလည်း အိမ်တိုင်းနီးပါးရှိတယ်။ ပြောင်းဖူးအူတိုင်တွေကို ထင်းအစားထိုး လောင်စာအဖြစ်သုံးဖို့ ပြောင်းဖူးအူတိုင်တွေစုဆောင်းသူတွေလည်း ပိုများတယ်။ အရင်တုန်းက ရေမဝင်ခင်စည်းရိုးက သစ်ပင်တွေခုတ်ပြီး ထင်းစုရတဲ့ စနစ်ကနေ ပြောင်းဖူးအူ တိုင်စုတဲ့စနစ် ပြောင်းသွားပြီ” ဟု ညောင်ဖြူပင်ကျေးရွာ အစေ့ထုတ် ပြောင်းဖူးစိုက်ပျိုးသူ တစ်ဦးက ပြောသည်။

နဂါးတွင်းကျေးရွာ အစေ့ထုတ်ပြောင်းစိုက်ပျိုးသူတစ်ဦးကလည်း“ဒီနှစ်ပြောင်းဖူးအူတိုင်တွေ မပစ်ရတော့ဘူး။ အူတိုင်တွေရှိရင် ထင်းရှာစရာမလိုတော့ဘူး။ မီးကြီးလည်းရတော့ ပြောင်းဖူးအူတိုင်ကို ရသလောက်စုဆောင်းကြတယ်။ ချင်းတွင်းရေဝင်အရပ်ဆိုတော့ရေက ချောင်းထဲစဝင်နေပြီ။ အိမ်တွေထဲ ရေဝင်ရင် ထင်းကရှားမှာဆိုတော့ အရင်တုန်းက ထင်းစုတယ်။ ဒီနှစ် ထင်းအစားထိုး ပြောင်းဖူးအူတိုင်တွေစုကြတယ်” ဟု ဆိုသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# ယင်းမာပင်မြို့ကို ခရိုင်အဆင့်တိုးမြှင့်ရေး ဌာနဆိုင်ရာအဆောက်အအုံများတိုးချဲ့ရန်စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် - ၆**

မုံရွာခရိုင်၊ ယင်းမာပင်မြို့ကို ခရိုင်အဆင့်တိုးမြှင့်ရန်လျာထားချက်အရဌာနဆိုင်ရာအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရန် ဇူလိုင် ၄ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

"ယင်းမာပင်မြို့ကို ခရိုင် အဆင့် တိုးမြှင့်လျာထားချက်နဲ့အညီ အရင် စက်မှုလယ်ယာရုံးမြေကေ (၂၀)နီးပါးကို ခရိုင်အဆင့်ဌာနပေါင်းစုံရုံးအဖြစ် ဆောက်လုပ်ဖို့စီစဉ်နေတယ်။ ခရိုင်အဆင့်ဌာနဆိုင်ရာရုံးတွေဖွင့်လှစ်ဖို့ မြေနေရာရွေးချယ်မှုတွေလည်း ဆောင်ရွက်နေပြီ"ဟု ယင်းမာပင်မြို့ မြို့မိမြို့ဖအဖွဲ့ဝင် ဦးကောင်းတင်က ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက "ယင်းမာပင်မြို့ကိုခရိုင်အဆင့်အုပ်ချုပ်ရေးတိုးမြှင့်ဖို့ လျာထားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဌာနဆိုင်ရာရုံးတွေ တည်ဆောက်ဖို့ မြေနေရာလျာထားဆဲသာဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းမာပင်မြို့ကို ခရိုင်မြို့အဆင့် တိုးမြှင့်သတ်မှတ်လိုက်ပါက လက်ရှိမုံရွာခရိုင်အတွင်း ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမြို့ကြီးလေးမြို့ဖြစ်သည့် ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီ၊ ပုလဲမြို့နယ်တို့သည် ယင်းမာပင်ခရိုင်မြို့အတွင်း တည်ရှိမည် ဖြစ်သည်။ ယင်းမာပင်မြို့ကို ခရိုင်အဆင့်တိုးမြှင့်လိုက်ခြင်းအားဖြင့် အုပ်ချုပ်ရေးစနစ်သာမက ပညာရေးစနစ်ပါ တိုးမြှင့်ခံစားလာနိုင်သည်ဟုဆိုသည်။

# လယ်ယာအလုပ်သမားရှားပါး၍ ပဲတီစိမ်းပုံမှန်ထက်စောရိတ်သိမ်း

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် - ၆**

ချင်းတွင်းမြစ် သက်ရင့်ကျွန်းများတွင်စိုက်ပျိုးသောပဲတီစိမ်းစိုက်ခင်းများတွင် လယ်ယာအလုပ်သမားရှားပါးမှု အခက်အခဲများကြုံတွေ့သဖြင့် ပုံမှန်ထက်စော၍ ပဲတီစိမ်းရိတ်သိမ်းသူ ပိုမိုများပြားလာကြောင်းချင်းတွင်းမြစ်သက်ရင့်ကျွန်းစိုက်ခင်းဒေသခံတောင်သူများက ပြောသည်။

"အရင်တုန်းက ပဲတီစိမ်းကောက်ချိန် တစ်ရာသီကိုသုံးကြိမ်ကောက်ပြီးမှ ရိတ်တာ။ ဒီနှစ်လယ်ယာအလုပ်သမားရှားပါးတာရောကြောင့် နှစ်ကြိမ်ကောက်ပြီး ရိတ်ကြပြီ။ ဒီနှစ်ရာသီအပြောင်းအလဲမှာ အပွင့်သန် အသီးသန်ပေမယ့် အစေ့မထည့်လို့ နောက်ဆုံးတစ်ကြိမ်မကောက်တော့ဘဲ စောစောရိတ်ကြတာ။ ချင်းတွင်းမြစ်ရေကလည်း စတက်လာပြီဆိုတော့ ရေမလာခင် အပြီးသတ်ရိတ်ကြတာလည်းပါတယ်" ဟု မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာဒေသခံ ပဲတီစိမ်းစိုက် တောင်သူတစ်ဦးက ပြောကြားသည်။



**ချင်းတွင်းမြစ်ရေဝင်ဒေသတွင် ပဲတီစိမ်းရိတ်သိမ်းခြွေလှေ့နေစဉ်** ဓာတ်ပုံ- မျိုးမင်းဦး

နတ်ကြီးကျွန်းကျေးရွာဒေသခံ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးက "အရင်နှစ်တွေတုန်းက ရေထဲအထိ ပဲတီစိမ်းရိတ်ကြတယ်။ ဒီနှစ် အလုပ်သမား အခက်အခဲကြောင့်စောရိတ်ကြတယ်။ အလုပ်သမားကလည်း တစ်မနက်ကို အရင်ခုနစ်ရာက အခုအလုပ်သမားရှားလို့ ရှစ်ရာပေးရတယ်။ ပဲတီစိမ်းတင်း ၂၀ ထွက်လောက်ကို အလုပ်သမားလေးဆယ်ကျော်ငှားပြီး ကောက်ရတော့ အမြတ်နည်းပြီပေါ့"ဟု ဆိုသည်။

ချင်းတွင်းမြစ် သက်ရင့်ကျွန်းများပေါ်ရှိမိုးကြိုပဲတီစိမ်းစိုက်ခင်းများ ရိတ်သိမ်းချိန်တွင် လယ်ယာအလုပ်သမားအခက်အခဲများကြောင့် ယခင်ပဲတီစိမ်းရာသီများထက်စော၍ ရိတ်သိမ်းသူ ပိုမိုများပြားလာခြင်းဖြစ်သည်။ လယ်ယာ အလုပ်သမားတစ်ဦးလျှင် နံနက်တစ်ကြိမ်အတွက်နံနက် ၆ နာရီမှ ၁၀ နာရီအထိလုပ်အားခ တစ်ဦးလျှင်ကျပ်၈၀၀၊ မွန်းလွဲ၃နာရီမှညနေ ၆ နာရီခွဲအထိ လုပ်အားခ တစ်ဦးလျှင် ကျပ် ၈၀၀ နှုန်းဖြင့် ငှားရမ်းလုပ်ကိုင်လျက်ရှိပြီး အလုပ်သမား ရှားပါးသဖြင့် လိုအပ်သော အရေအတွက်ငှားရမ်း၍မရကြောင်း သတင်းရရှိသည်။

# ကိုယ်ပိုင်ငွေဖြင့် လုပ်ငန်းလုပ်နိုင်ရန် အသေးစားငွေချေးလုပ်ငန်းမှ ဆောင်ရွက်ပေး မည်ဟု ဝန်ကြီးပြောကြား

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင် - ၆**

အသေးစားချေးငွေ လုပ်ငန်းမှ ပြည်သူများအတိုးကြီးပေး ငွေချေးယူနေရသည့် အခြေအနေမှ လတ်တလောသက်သာစေရန်နှင့်နောင်လေး၊ ငါးနှစ်အတွင်း ငွေချေးစရာမလိုဘဲ မိမိကိုယ်ပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်နိုင်အောင် ဆောင်ရွက်ပေးတော့မည်ဟု ဇူလိုင် ၆ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

"ဒီရည်မှန်းချက်အောင်မြင်စေဖို့ အသေးစားချေးငွေ လုပ်ငန်းမှာ ငွေချေးသူများက ငွေချေးတိုင်း ၁၀ ရာခိုင်နှုန်း စုဆောင်းစေတဲ့စနစ်၊ ချေးငွေကို တဖြည်းဖြည်းတိုးမြှင့်ပေးမယ့် စနစ်၊ ချေးငွေပေါ် အတိုးယူသကဲ့သို့ စုဆောင်းငွေအပေါ် အတိုးပေးတဲ့စနစ်များလည်း ထည့်သွင်းထားပါတယ်"ဟု ၎င်းကပြောကြားသည်။

အဆိုပါစနစ်မှ ပြည်သူများအနေဖြင့် အတိုးကြီးပေး ငွေချေးယူနေရခြင်းမှ သက်သာခြင်း၊ ချေးငွေတိုးမြှင့်ပေးလာသည့်အခါပြင်ပမှ လုံးဝချေးယူရန် မလိုတော့ခြင်း၊ မိမိပိုင်စုငွေများ တဖြည်းဖြည်းများလာခြင်း၊ အဆိုပါ စုငွေကိုလည်း မိမိလုပ်ငန်းများအတွက် ပြန်လည်ထုတ်ယူခွင့် ရခြင်းနှင့် မိမိတို့စုငွေအပေါ် အတိုးရရှိခြင်း စသည့် ကောင်းကျိုးများ ရလာသဖြင့် နောင်လေး၊ ငါးနှစ်ကြာလာသည့်အခါ ပြည်သူများမှာ လုံးဝငွေချေးယူစရာမလိုအပ်တော့ဘဲ မိမိငွေဖြင့်မိမိအလုပ်လုပ်နိုင်တော့မည်ဖြစ်သည်။

အသေးစားချေးငွေလုပ်ငန်းအနေဖြင့် ယနေ့အထိ ချေးငွေပြန်ဆပ်မှု ၉၇ ရာခိုင်နှုန်းအထိရှိပြီး ပြည်သူများ၏ လုပ်ငန်းများလည်း ပိုမိုလည်ပတ်နိုင်သည်ကို တွေ့ရကြောင်း ဂုဏ်ပြုအဖွင့်စကားတွင် ထည့်သွင်းပြောကြားသည်။

၂၀၁၅ ခုနှစ်အကုန်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်မှ ပြည်သူများအားလုံးအတွက် ချေးငွေထုတ်ပေးနိုင်ရန်ကျပ်ငွေ၆၀၀ဘီလီယံမှ၃,၀၀၀ ဘီလီယံအထိ လိုအပ်နေသဖြင့် ပြည်တွင်းအား တစ်ခုတည်းနှင့် မလုံလောက်ဘဲ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုအားလည်း လိုအပ်ကြောင်း သိရသည်။

# ဇန်းမောက်မြို့နယ် ဆင်သေချောင်းဘေးတွင် တရားမဝင်သယ်ဆောင်လာသော နွားခုနစ်ကောင် သိမ်းဆည်းရမိ

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် - ၆**

ကသာခရိုင်၊ ဇန်းမောက်မြို့နယ်၊ ပင်ဟင်းခါးကျေးရွာ၊ ဆင်ကြီး တောင်အနီး ဆင်သေချောင်းဘေးတွင် တရားမဝင်သယ်ဆောင်လာသော နွားခုနစ်ကောင်ကို ဇူလိုင် ၂ ရက်ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ဇန်းမောက်မြို့နယ်၊ နန်းစား ကျေးရွာနေ ဦးဘမောင်အပါအဝင် သုံးဦးကိုတရားမဝင်သယ်ဆောင် လာသော နွားခုနစ်ကောင်၊ ခန့်မှန်း ကာလတန်ဖိုးကျပ် ၃၅ သိန်းနှင့်အတူ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ တရားမဝင် နွားသယ်ဆောင်မှုနှင့် ပတ်သက်၍ ဇန်းမောက်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရအမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။




နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လည်ရာ စံရာဉ်လေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလှနတ်ပြည်"ဟူသောဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊

(၆)ညအိပ်(၇)ရက်ခရီး – သီရိလင်္ကာ(စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက်(မြဘုရား)စရိတ်ငြိမ်း(၁၂.၅)သိန်း။ ထွက်ခွာမည့်နေ့ –၁၅.၈.၂၀၁၃

(၇)ရက်ခရီး – သံဝေဇနိယလေးဌာန (ဖွားပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)

(၁၂)ရက်ခရီး – သံဝေဇနိယလေးဌာန (ဖွားပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → ၉ သိန်း(စရိတ်ငြိမ်း)

(၁၅)ရက်ခရီး – သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဌာန်)၊ တဝ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)

၂၀၁၃–၁၄ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များကို (၂၇-၉-၂၀၁၃)မှ ဧပြီလကုန်အထိ ထွက်ခွာမည် ဖြစ်၍ စရံငွေ (၁)သိန်းဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်

(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။

အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၈၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅

# မန္တလေးတွင် နှစ်ဝက်အတွင်း ယာဉ်တိုက်မှု လျော့သွားသော်လည်း သေဆုံးသူမလျော့

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင်-၆**

မန္တလေးခရိုင်ရှိ ခုနစ်မြို့နယ်တွင် ၂၀၁၃ ခုနှစ် နှစ်ဝက်ကာလ အတွင်း ယာဉ်တိုက်မှု ဖြစ်ပွားနှုန်းမှာ ယမန်နှစ်ဝက်ကာလကထက် လျော့နည်းခဲ့သော်လည်း သေဆုံးသူအရေအတွက်မှာမူ လျော့ကျသွားခြင်းမရှိကြောင်း သတင်းရရှိသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဇွန်အထိ ခြောက်လတာအတွင်း ယာဉ်တိုက်မှုပေါင်း ၂၁၃ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ်က ထိုကာလအတွင်း ယာဉ်တိုက်မှု ၃၀၈ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၉၅ မှု လျော့ကျခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုများကြောင့် ဒဏ်ရာရသူ အရေအတွက်မှာ ယမန်နှစ်ကထက် တစ်ရာနီးပါးလျော့ကျသည်ဟုဆိုနိုင်သော်လည်းသေဆုံးသူအရေအတွက်မှာမူ ၉၈ ဦးရှိသဖြင့် ယမန်နှစ်ကထက် တစ်ဦးပိုသေဆုံးခဲ့သည်။ ယာဉ်တိုက်မှုအဖြစ်အများဆုံး အချိန်မှာ ညနေ ၆ နာရီမှ ည၁၂ နာရီအတွင်း ဖြစ်ပြီး မဆင်မခြင်မောင်းနှင်မှုများကြောင့် အများဆုံး ဖြစ်ပွားရခြင်းဖြစ်ကြောင်း ယာဉ်ထိန်းတာဝန်ရှိသူက ပြောသည်။

ယာဉ်တိုက်မှု ဖြစ်စဉ်များတွင် ၇၀ ရာခိုင်နှုန်းကျော်မှာ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။



*မန္တလေးမြို့တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတစ်ခု* ဓာတ်ပုံ- ညီညီဇော်

"ယာဉ်တိုက်မှုတွေ လျော့နည်းလာအောင် ပင်ကိုအသိတရားလေးတွေနဲ့လည်း ဝိုင်းလုပ်ပေးဖို့လိုပါတယ်။ ဒါမှ ထပ်လျော့အောင် ဆက်ထိန်းနိုင်မှာပါ" ဟု ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

ယာဉ်တိုက်မှုများ လျော့ကျစေရန် လူသွားလူလာများသော လမ်းဆုံ မီးပွိုင့်များတွင် အသံချဲ့စက်ဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို အသိပေး ကြေညာခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များ ရိုက်နှိပ်ထားသောကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ညပိုင်းတွင်ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားနေသဖြင့် အရက်မူးတိုင်းကိရိယာနှစ်ခုဖြင့် တစ်လလျှင် လေးကြိမ်ရှောင်တခင်စစ်ဆေးအရေးယူခြင်းများပြုလုပ်နေကြောင်း ယာဉ်ထိန်းအရာရှိတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းကလည်း ဇူလိုင် ၅ ရက်တွင် ယာဉ်ထိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ညပိုင်းပိုမိုစစ်ဆေးအရေးယူရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


## FAST TRACK INTO SECOND YEAR OF A UTS DEGREE



The University of Technology, Sydney (UTS) is

- Ranked TOP among Australian universities for excellence in teaching and learning by the Australian Federal Government
- Five-star rated in the QS stars™ Top Universities Ranking System
- Located in the centre of Sydney City

Gain GUARANTEED* entry into UTS

UTS:INSEARCH is your way into UTS. Complete an 8 or 12 month diploma at UTS:INSEARCH and you can go straight into second year* of a bachelor degree at UTS. Our innovative course structure, world-class facilities and highly qualified teaching staff ensures students discover their true potential.

Did you know?

- UTS Business School is ranked #1 in Australia in the Thomson Reuters measure of research impact in Economics and Business
- A UTS Design graduate was responsible for the animation on the Academy Award winning film Happy Feet
- Hollywood actor Hugh Jackman studied Communication at UTS

Meet with UTS:INSEARCH Representatives at:

**AVSS Australian Education Exhibition**

Saturday 13th July 2013

The Strand Hotel, Yangon

10:00 am - 5:00 pm

**www.insearch.co.id**

UTS:INSEARCH UNIVERSITY OF TECHNOLOGY SYDNEY

UTSINSEARCHFAN UTS_INSEARCH UTSINSEARCHCHANNEL

*Subject to successful completion of a diploma with no more than two subject fails.
INSEARCH CRICOS provider code: 00859D UTS CRICOS provider code: 00099F INSEARCH Limited is a controlled entity of and pathway provider to the University of Technology, Sydney



## မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်

**အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၂၁၀၇၀၂၈၀၊ ၀၉-၄၂၁၀၇၀၂၈၃**

မြန်မာ့ဩဘာလုပ်ငန်းစုသည် မြေဩဇာများ၊ စိုက်ပျိုးရေးသုံးဆေးများ၊ မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ မြန်မာ့ဩဘာလုပ်ငန်းစု၏ အဆင့်မြင့်စိုက်ပျိုးရေးနှင့် ဆက်စပ် ပစ္စည်းများ ဖြန့်ချိသော လုပ်ငန်းသစ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စိတ်ပါဝင် စားပြီး အရည်အချင်းပြည့်မီသူများ အလိုရှိပါသည်။

**Assistant Manager (Product Development)** **Male/Female - 2 Posts**

- ❖ စိုက်ပျိုးရေးနှင့်ပတ်သက်သော B.Ag (or) B.Agr.Sc (or) M.Agri.Sc ရရှိထားသူဖြစ်ရမည်။ (Demonstration နှင့် သက်ဆိုင်သော စမ်းသပ်စိုက်ကွက်များ၊ သုတေသနလုပ်ငန်းများတွင် အတွေ့အကြုံရှိသူဖြစ်ရမည်။)
- ❖ ကွန်ပျူတာ Word, Excel, PowerPoint, Page Maker ကျွမ်းကျင်စွာသုံးနိုင်ရမည်။
- ❖ English အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
- ❖ နယ်တွင် စမ်းသပ်စိုက်ကွက်များ၊ သုတေသနလုပ်ငန်းများ သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

**Marketing Executive/Divisional Manager** **Male/Female - 11 Posts**

- ❖ စိုက်ပျိုးရေးပညာနှင့်ပတ်သက်သော B.Ag (or) B.Agr.Sc (or) Dip.Agri ရရှိထားသူဖြစ်ရမည်။
- ❖ စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက် ရှိရမည်။ (ဈေးကွက်နှင့်ပတ်သက်သော အတွေ့အကြုံရှိသူအား ဦးစားပေးမည်။)
- ❖ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ခရီးသွားလာနိုင်ရမည်။
- ❖ အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။
- ❖ ကွန်ပျူတာကျွမ်းကျင်စွာ သုံးနိုင်ရမည်။
- ❖ ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- ❖ ယာဉ်မောင်းလိုင်စင် လက်ဝယ်ရှိပြီး ကားမောင်းတတ်သူ ဦးစားပေးမည်။

**Extension Executive** **Male/Female - 32 Posts**

- ❖ စိုက်ပျိုးရေးနှင့်ပတ်သက်သော B.Agr.Sc (or) Dip.Agri ရရှိထားသူဖြစ်ရမည်။
- ❖ စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ရှိရမည်။
- ❖ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ခရီးသွားလာနိုင်ရမည်။
- ❖ အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။
- ❖ ကွန်ပျူတာကျွမ်းကျင်စွာ သုံးနိုင်ရမည်။
- ❖ ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။

**လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ရုံးထောက်ခံစာ၊ သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်နှင့် အခြား Certificate မိတ္တူများ၊ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်ပုံစံ အပြည့်အစုံကို (၅.၈.၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။**

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# မိုးကြိုအစေ့ထုတ်ပြောင်းရိတ်သိမ်းချိန် တစ်တင်းကျပ်ကိုးထောင်ခန့်ဖြင့် ဈေးငြိမ်

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်- ၆**

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးသော မိုးကြိုအစေ့ထုတ်ပြောင်းဖူး စိုက်ခင်းများ ရိတ်သိမ်းချိန် မုံရွာဈေးကွက်သို့ တင်ပို့ရောင်းချရာ ဇွန်လ လယ်ရက်ပိုင်းမှ ဇူလိုင် ၆ ရက်အထိ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၉,၂၀၀ ဝန်းကျင်ဖြင့် ဈေးငြိမ်နေကြောင်း သတင်းရရှိသည်။

"ကြက်စာပြောင်းဖူး (အစေ့ထုတ်ပြောင်း) စိုက်ရတာ မိုးနဲ့ ဆောင်းမှာစိုက်တဲ့သီးနှံက အထွက်ကောင်းတယ်။ မိုးကြိုသီးနှံလို့ခေါ်တဲ့ နွေစိုက်ခင်းက အထွက်သိပ်မကောင်းဘူး။ ဒါပေမဲ့ဈေးကောင်းတယ်" ဟု မုံရွာမြို့နယ်ညောင်ဖြူပင်ကျေးရွာ ဒေသခံအစေ့ထုတ်ပြောင်းစိုက် တောင်သူတစ်ဦးက ပြောသည်။



**နေလှန်းထားသော အစေ့ထုတ်ပြောင်းဖူးများ ကလေးငယ်တစ်ဦး သိမ်းဆည်းနေစဉ်** ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့ဒေသခံ ကောက်ပဲသီးနှံကုန်သည်တစ်ဦးက "ဒီရက်ပိုင်းပေါ်တဲ့ အစေ့ထုတ်ပြောင်းက တစ်တင်းကို ကျပ် ၉,၂၀၀၊ အဟောင်းလှောင်လက်ကတစ်တင်းကို ကျပ် ၉,၁၀၀ နဲ့ အရောင်းအဝယ်ရှိတယ်။ မိုးတွင်းမှာ အစေ့ထုတ်ပြောင်းက အထွက်ကောင်းတယ်။ ဈေးကလည်း တစ်တင်းကို ကျပ် ၆,၀၀၀ ကျော်ကနေ ကျပ် ၈,၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ ပြည်တွင်းဝယ်လက်သာမက တရုတ်ဝယ်လက်ကြောင့် ဈေးနည်းနည်းတက်တာဖြစ်ပါတယ်"ဟု ပြောသည်။

ရာသီဥတု အပြောင်းအလဲကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အရှုံးနှင့် ရင်ဆိုင်ရချိန်တွင် ရာသီဥတုဒဏ်ခံ၍ သီးနှံအထွက်နှုန်းကောင်းမွန်သော အစေ့ထုတ်ပြောင်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခဲ့သည်။ မိုးကြိုပဲတီစိမ်းစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန် ဇွန်လဆန်းတွင် ပဲတီစိမ်းတစ်တင်း ကျပ် ၈,၇၀၀ ဝန်းကျင်မှ ကျပ် ၉,၂၀၀ အထိ ဈေးမြင့်တက်ခဲ့ရာ ဇူလိုင်လ၆ရက်အထိပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၉,၂၀၀ နှင့် ဈေးငြိမ်နေကြောင်း သတင်းရရှိသည်။

# "ဒီနှစ်အတွက် ၇ ချက်" စီမံချက် စစ်တွေနှင့် မြောက်ဦးတွင် စတင်

**မေပယ်လ်**

**ရန်ကုန်၊ဇူလိုင်-၆**

ကလေးသူငယ် ကျန်းမာရေး အတွက် မိသားစုတိုင်းလိုက်နာ ကျင့်သုံးရမည့် အဓိကလုပ်ဆောင်ချက်များကျင့်သုံးတတ်စေရန် "ဒီနှစ်အတွက် ၇ ချက်" စီမံချက် လူမှုရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်နှင့် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေနှင့် မြောက်ဦးမြို့တို့တွင်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး "ဒီနှစ် ၇ ချက်" ပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က စစ်တွေမြို့တွင်လည်းကောင်း၊ ဇူလိုင် ၇ ရက်က မြောက်ဦးမြို့တွင်လည်းကောင်းပြုလုပ်ခဲ့သည်။

ထိုစီမံချက်ကို ယခုနှစ်အတွင်းစစ်တွေမြို့ပေါ် ရပ်ကွက် ၇ ခု၊ ကျေးရွာပေါင်း ၅၀ နှင့် မြောက်ဦးမြို့နယ် မြို့ပေါ် ရပ်ကွက် ၇ ခု၊ ကျေးရွာ ၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ခုနစ်ယောက် တစ်အုပ်စု ပါဝင်သော အုပ်စုအဖွဲ့ ၁၀၀ က အိမ်ထောင်စု၅,၀၀၀ထံသွားရောက်၍ အသိပညာပေးရေးစည်းရုံးမှုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းနှင့် အသက် ခြောက်လတွင်ဖြည့်စွက်စာကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်အောင် စားခြင်း၊ ကလေးငယ်များကာကွယ်ဆေးသတ်မှတ်ချိန်အတိုင်း အကြိမ်ပြည့် ထိုးနှံတိုက်ကျွေးခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ လက်ဆေးကြောခြင်း၊ ကလေးငယ်ဖျားနာပါက ကျွေးနေကျ အစာချက်ကျွေးခြင်းနှင့် အရည်ပိုတိုက်ခြင်း၊ ကလေးများကို အိမ်တွင် ပြုစုစောင့်ရှောက်ခြင်း၊ အန္တရာယ် လက္ခဏာများစောင့်ကြည့်၍ တွေ့ရှိက ကျန်းမာရေးဝန်ထမ်းနှင့် ပြသခြင်းဟူသည့်အချက် ၇ ချက် လိုက်နာကျင့်သုံးရန် ဆောင်ရွက်သည့် စီမံချက်ဖြစ်သည်။

"အုပ်ထိန်းသူတွေရဲ့ အခန်းကဏ္ဍဟာ မိသားစုကျန်းမာရေးစောင့်ရှောက်မှုမှာ အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေနဲ့ မိခင်တွေပါ။ ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံရဲ့ ကလေးကျန်းမာရေးနဲ့ ရှင်သန်ဖွံ့ဖြိုးရေးကောင်းမွန်တိုးတက်ဖို့အတွက် အရေးကြီးတဲ့ခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်" ဟု ယူနီဆက် စစ်တွေရုံးခွဲဌာနမှူးက ပြောကြားသည်။

"ဒီနှစ်အတွက် ၇ ချက်" စီမံချက်ကို မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၁၂ ခုနှစ်ဇွန်တွင် စတင်ဆောင်ရွက်ခဲ့သည်။


## BERGER အမှတ်တံဆိပ်နှင့် ပတ်သက်၍ Toe Tet Toe Co.,Ltd. က အသိပေးရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(၁၁)တွင် ရုံးခန်းဖွင့်လှစ်ထားရှိသော Toe Tet Toe Co.,Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ Toe Tet Toe Co.,Ltd. သည် ၂၀၀၃ခုနှစ် မတ်လမှစ၍ Berger Paints Manufacturing Ltd.(BPML) နှင့်(Sole Distributor) စာချုပ်ချုပ်ဆို၍ Berger အမှတ်တံဆိပ်ပါ သုတ်ဆေးအ မျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ၂၀၁၃ခုနှစ်၊ ဧပြီ (၃၀)ရက်နေ့အထိ (၁၀)နှစ်ကြာကာလအတွင်း မပြတ်မလပ်ဖြန့်ဖြူးရောင်းချပေးခဲ့သော တစ်ခုတည်းသောကုမ္ပဏီဖြစ်ပါသည်။ ထို့အတူ BPMLမှ ထုတ်လုပ်နိုင်ခြင်းမရှိသည့် Berger အမှတ်တံဆိပ်ပါ အဆင့်မြင့်သုတ်ဆေးများ၊ Colourant များ၊ ကော်များ၊ သုတ်ဆေးနှင့် ဆက်စပ်သောပစ္စည်းများကို Toe Tet Toe Co.,Ltd. က India, Singapore, Thailand နိုင်ငံတို့မှ အခါအားလျော်စွာ တင်သွင်း၍ ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချလာခဲ့သည့်အတွက် သုတ်ဆေးဈေးကွက်အတွင်း၌ Toe Tet Toe Co.,Ltd. နှင့် Berger အမှတ်တံဆိပ်တို့မှာ ယှဉ်တွဲ၍ နာမည်ရလူသိများအောင်မြင်ထင်ရှားနေပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင် Toe Tet Toe Co.,Ltd.သည် BPMLမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးခြင်းအား ၂၀၁၃ခုနှစ်၊ မေလ(၁)ရက်နေ့မှစ၍ ရပ်ဆိုင်းရုတ်သိမ်းခဲ့ပြီးနောက် Berger Paints (Thailand)Ltd. မှ ထွက်ရှိသော သုတ်ဆေးအမျိုးအစားပေါင်းစုံကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်ဖြန့်ဖြူးရောင်းချရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရယူခြင်းကိစ္စအတွက် ထိုင်းနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်ဘက်သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Toe Tet Toe Co.,Ltd. က ၂၀၁၃ခုနှစ် မေလ(၁)ရက်နေ့ နောက်ပိုင်းဖြန့်ဖြူးရောင်းချလျက်ရှိသော သုတ်ဆေးများသည် (ကုန်ပစ္စည်းလက်ကျန်မှအပ) Berger Paints Manufacturing Ltd. မှ သုတ်ဆေးများနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိဘဲBerger Paints (Thailand)Ltd. မှ ထုတ်လုပ်သော ပစ္စည်းများသာဖြစ်ကြောင်းကို အများသိရှိစေရန် ရှင်းလင်းအသိပေးကြေညာအပ်ပါသည်

၄။ ထို့အတူ Toe Tet Toe Co.,Ltd.သည်Production License & Trade Mark License ရှိထားသည့် Berger Paints (Thailand)Ltd. ၏ သုတ်ဆေးများကိုရောင်းချနေသော တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် အားလျော်စွာ Berger Paints (Thailand)Ltd.၏ အမှတ်တံဆိပ်နှင့် လိပ်စာကိုအသုံးပြုထားသောဆေးပုံးများ၊ Colour Card နှင့် Colour Code များ၊ Packing Material များကိုအသုံးပြု၍ သုတ်ဆေးများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းများတွေ့ရှိရပါက မိမိတို့၏ လုပ်ငန်းအကျိုးစီးပွားဆုံးရှုံးနစ်နာမှုအတွက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာဥပဒေများနှင့်အညီတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

၅။ Berger အမှတ်တံဆိပ်သည် ကမ္ဘာပေါ်ရှိနိုင်ငံအနှံ့အပြား၌ အသုံးပြုလျက်ရှိသော နိုင်ငံတကာကုန်အမှတ်တံဆိပ် (International Brand) တစ်ခုဖြစ်သည်ကို နားလည်သည့်အားလျော်စွာToe Tet Toe Co.,Ltd.သည် Berger Paints (Thailand)Ltd.၏ ကုန်ပစ္စည်းများမှ လွဲ၍ အခြားသောBerger အမှတ်တံဆိပ်ပါကုန်ပစ္စည်းများအပေါ် တားဆီးကန့်သတ်ရန်အစီအစဉ်မရှိပါကြောင်းကို အများသိစေရန် အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**Toe Tet Toe Co.,Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ဝင်း(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၃)**
**အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၅)၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၈၇၀၁၂၈၈**


# လူနေအိမ်အကြား အပင်ကြီးများတွင် ပျားကြီးများ စွဲအုံ

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်- ၆**

မုံရွာမြို့နယ်အတွင်း ယခုနှစ် ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့် လူနေအိမ်များနှင့်နီးစပ်ပြီး အရိပ်အာဝါသကောင်းမွန်သော သစ်ပင်ကြီးများတွင် ပျားကြီးများ လာရောက်အုံဖွဲ့လျက်ရှိကြောင်း သတင်းရရှိသည်။

ကနီမြို့နယ်၊ ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ဆက်သွယ်မေးမြန်းရာ "ဒီရက်ပိုင်းမှာ ချင်းတွင်းရေဝင်ဒေသကို ပျားလုပ်ငန်းရှင်တွေလည်း ပျားသွားမွေးကြတယ်။ ရာသီဥတုပြောင်းလဲတာရော သစ်တောပြုန်းတီးတာရောကြောင့် အရိပ်ကောင်းတဲ့နေရာတွေကို ပျားကြီးတွေ အုံတာပါ။ ပျားကောင်ကလည်း ကြီးတော့ တုတ်ရင်ကိုက်ခဲနေတာဆိုတော့ ပျားကြီးအုံအနီးကို လူတွေမသွားသင့်ဘူး။ ညောင်ဖြူပင်သာမကဘူး အရိပ်ကောင်းတဲ့ ကျေးရွာတွေမှာလည်း အုံတတ်ပါတယ်။ အရင်တုန်းက မဟာမြိုင်တောမှာ အများဆုံးတွေ့ရတယ်။ ပျားကြီးက မွေးလို့မလွယ်ဘူး။ ပျားကြီးအုံတစ်အုံဆိုရင် ပျားရည်ပီပါနဲ့အထိ ထုတ်လို့ရတယ်"ဟု ဆိုသည်။

မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာနှင့် အောင်သာကျေးရွာတွင် အလွန်ကြီးမားသော ပျားအုံကြီးများ ယခုနှစ်ဧပြီလ အတွင်းမှစ၍ လာရောက်စွဲအုံခဲ့သည်ဟု ဆိုသည်။

Education

7 DAY NEWS JOURNAL

Vol.12, No.18 • JULY 10 , 2013

## ရန်ကုန်တက္ကသိုလ် ဝက်ဘ်ဆိုက်လွှင့်တင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၆**

ရန်ကုန်တက္ကသိုလ်၏ လှုပ်ရှားမှုများ၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်များကို ဖော်ပြထားသည့် ဝက်ဘ်ဆိုက်ကို လွှင့်တင်ထားကြောင်း ၎င်းတက္ကသိုလ်မှ ဆရာတစ်ဦးက ပြောသည်။

www.yufund.org အမည်ဖြင့် ဝက်ဘ်ဆိုက်လွှင့်တင်ထားခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၏ သတင်းအချက်အလက်များနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ဖော်ပြထားသည်။

“ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ကော်မတီရဲ့ လမ်းညွှန်မှုတွေနဲ့ဝက်ဘ်ဆိုက်လွှင့်တင်ထားတာပါ။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေ တင်ပြထားပါတယ်” ဟု ရန်ကုန်တက္ကသိုလ်မှ လက်ထောက်ကထိက ဆရာတစ်ဦးက ဆိုသည်။

ရန်ကုန်တက္ကသိုလ်သည် ကမ္ဘာ့အဆင့်ပညာရေးကို လေ့လာသင်ယူနိုင်သော နေရာတစ်ခုအဖြစ် ပြန်လည်ရောက်ရှိရန် ရည်မှန်းချက်ထားဆောင်ရွက်နေပြီး တိုင်းပြည်၏ ပုံရိပ်ကောင်းပြန်လည်ရရှိရန် ဆန္ဒရှိကြောင်း ၎င်းစာမျက်နှာတွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးနှင့် ပြန်လည်မွမ်းမံရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အငြိမ်းစား ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်မှ တာဝန်ရှိသူများ စုစုပေါင်း ၁၆ ဦးပါဝင်ဖွဲ့စည်းထားပြီ ဖြစ်သည်။

# မန္တလေးတက္ကသိုလ်ကို အာဆီယံတက္ကသိုလ်များ ကွန်ရက်အဖွဲ့ဝင်အဖြစ်လက်ခံ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၅**

အာဆီယံတက္ကသိုလ်များကွန်ရက်အဖွဲ့သို့ မြန်မာနိုင်ငံမှ မန္တလေးတက္ကသိုလ်အပါအဝင် အာဆီယံဒေသတွင်း တက္ကသိုလ်လေးခုကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံလိုက်ကြောင်းမြန်မာနိုင်ငံ၌ကျင်းပသော ကွန်ရက်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံမှ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့အပါအဝင် အာဆီယံတက္ကသိုလ်များကွန်ရက်တွင် အဖွဲ့ဝင်တက္ကသိုလ် ၂၆ ခုရှိပြီး ယခုအခါ အဖွဲ့ဝင်တက္ကသိုလ် ၃၀ ထိ ရှိလာပြီဖြစ်သည်။

အာဆီယံတက္ကသိုလ်များကွန်ရက်အစည်းအဝေးကိုယခုလ ၃ ရက်တွင် မြန်မာနိုင်ငံ၌ သုံးရက်ကြာကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်ကွန်ရက်အဖွဲ့ဝင်ကိုယ်စားလှယ် ၅၇ ဦးတက်ရောက်ကြသည်။

ဒေသတွင်းထိပ်တန်းတက္ကသိုလ်များကြား ပညာရေးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံတက္ကသိုလ်များကွန်ရက်ကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ် ၁၆၈ ခုတွင် အရည်အသွေးအာမခံချက်စနစ်တည်ထောင်ရန် ပြင်ဆင်ကြိုးပမ်းလျက်ရှိရာ အာဆီယံတက္ကသိုလ်များကွန်ရက်၏ ပံ့ပိုးကူညီမှုများ ရယူနေလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အာဆီယံတက္ကသိုလ်များကွန်ရက်တွင် မြန်မာတက္ကသိုလ်များ တိုးမြှင့်ဝင်ရောက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအချင်းချင်း ချိတ်ဆက်၍ အရည်အသွေးအာမခံမှုစနစ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အထက်ပါအစည်းအဝေးတွင်ပြောကြားခဲ့သည်။

## အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ အွန်လိုင်းအဝေးသင် ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၂၉**


အင်္ဂလိပ်စာဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်ဘာသာစကားသင်ကြားမှု စွမ်းရည်မြင့်မားလာစေရန် အွန်လိုင်းအဝေးသင် ပညာသင်ဆုအစီအစဉ်ကို ဇူလိုင်လ ၁၅ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

အွန်လိုင်းအဝေးသင် အစီအစဉ်လျှောက်ထားသူများအနေဖြင့် အမေရိကန်တက္ကသိုလ်အဆင့် အင်္ဂလိပ်စာအရေး၊ အဖတ်ပျမ်းမျှTOEFLရမှတ် ၅၂၅ ရရှိထားရမည်ဖြစ်ပြီး ကွန်ပျူတာ၊ အင်တာနက်ကျွမ်းကျင်ရမည် ဖြစ်သည်။

အဆိုပါ အွန်လိုင်းအဝေးသင် အင်္ဂလိပ်စာသင်ခန်းစာသည် သင်တန်းကာလဆယ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ထူးချွန်ထက်မြက်သူများအနေဖြင့် အမေရိကန်နိုင်ငံ၌သုံးပတ်ကြာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ရွေးချယ်ခံရသူများသည် အမေရိကန်ကျွမ်းကျင်သူများထံမှ အင်္ဂလိပ်ဘာသာစကားပို့ချမှု စွမ်းရည်မြင့်မားရေးဆိုင်ရာ လမ်းညွှန်များရရှိမည်ဖြစ်ပြီး အဝေးသင်ပညာရေးနည်းစနစ်များကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားပို့ချမှု စွမ်းရည်မြင့်မားလိုသူများအနေဖြင့် www.burma.usembassy.gov သို့ ဝင်ရောက်ကြည့်ရှုလေ့လာ လျှောက်ထားနိုင်မည်ဖြစ်သည်။



ကမ္ဘာကျော် ဟားဘတ်စ်တက္ကသိုလ်နှင့် ကျောင်းသူကျောင်းသားအချို့ကိုတွေ့ရစဉ်

# အမေရိကန်၊ ကိုရီးယားနှင့် မြန်မာတက္ကသိုလ် ကျောင်းသားများ တွေ့ဆုံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဇူလိုင်-၂**

အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား ၉၀ ခန့်သည် မြန်မာကျောင်းသားများနှင့် လာရောက်တွေ့ဆုံ၍ ပညာရေးအခွင့်အလမ်းဆိုင်ရာ ဆွေးနွေးဖလှယ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း ကံ့ကော်ပညာရေးစင်တာမှသတင်းရရှိသည်။


အမေရိကန်နိုင်ငံရှိ ဟားဗတ်၊ ကော်နယ်၊ အမ်အိုင်တီ၊ဆဲလ်တက်ခ်၊ ဘာကလေ၊ ဂျော့ဂျ်တောင်းနှင့်ကိုရီးယားနိုင်ငံမှ ဆိုးလ်အမျိုးသားတက္ကသိုလ်၊ ဆိုဂျောင်တက္ကသိုလ်စသည့် တက္ကသိုလ်များမှ ကျောင်းသားများသည် ရန်ကုန်မြို့ရှိ နေရာသုံးခုတွင် မြန်မာကျောင်းသားများနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ဂျပ်ဆင်ဘုရားကျောင်းအနီးရှိ အဂပီခန်းမ၊ ဇူလိုင် ၁၁ ရက်တွင် အင်းစိန်မြို့နယ်၊ မြန်မာခရစ်ယာန်ဓမ္မတက္ကသိုလ်နှင့် ဇူလိုင် ၁၂ ရက်တွင် ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေအဆောက်အအုံတို့၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

“အမေရိကန်နဲ့ကိုရီးယားက ကျောင်းသား၉၀လောက်ကျောင်းသားဖလှယ်ရေးအစီအစဉ်နဲ့ လာကြမှာပါ။ မြန်မာကျောင်းသားတွေကိုလည်း လာရောက်ဖို့ ဖိတ်ခေါ်တယ်”ဟု ကံ့ကော်ပညာရေးစင်တာမှ တာဝန်ရှိသူကပြောသည်။

အမေရိကန်၊ ကိုရီးယားကျောင်းသားများနှင့် မြန်မာကျောင်းသားများတွေ့ဆုံပွဲ၌ စကားဝိုင်းအစီအစဉ်များ၊ ပညာရေးနှင့် ကျောင်းသားဘဝအတွေ့အကြုံဆွေးနွေးတင်ပြမှုများ၊ ကျောင်းဝင်ခွင့်၊ ကျောင်းလျှောက်ထားခြင်းအစီအစဉ်များနှင့် အခြားပညာရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်သည်။





C B BANK
International Trade Banking Services
- Foreign Currency Account (FCA)
နိုင်ငံခြားငွေစာရင်းရှင်စာရင်း ဖွင့်လှစ်ခြင်းဝန်ဆောင်မှု
- Global Remittance (Telegraphic Transfer - T.T)
နိုင်ငံခြားငွေလွှဲလုပ်ငန်းဝန်ဆောင်မှုများ
- Export Trade Banking Services
ပို့ကုန်လုပ်ငန်းဝန်ဆောင်မှုများ
- Import Trade Banking Services
သွင်းကုန်လုပ်ငန်းဝန်ဆောင်မှုများ
CB Bank မှ International Trade Banking Services များကို လွယ်ကူလျှင်မြန်စွာဖြင့် လူကြီးမင်းတို့၏စိတ် ကျေနပ်ချမ်းမြေ့စေရန် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။
အမှတ်- (၃၃၄၊၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

# မလေးရှားမှပြန်လာသူ နှစ်ရာကျော် အလုပ်ရ




*မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၇**

ပြည်တွင်းကုမ္ပဏီများသို့ အလုပ်လျှောက်ထားသူ မလေးရှားပြန် မြန်မာအလုပ်သမား တစ်ထောင်ကျော်ရှိသည့်အနက် နှစ်ရာကျော်သာ အလုပ်ရရှိသေးကြောင်း အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဝန်ကြီးဌာန အစီအစဉ်ဖြင့် မလေးရှားပြန် မြန်မာအလုပ်သမားများ ဇွန်လ ၁၉ ရက်မှစ၍ ပြည်တွင်း၌ အလုပ်အကိုင်ရရှိရန် အလုပ်လျှောက်ထားမှုများကို လက်ခံထားပြီး အလုပ်ရှင်တို့နှင့် တိုက်ရိုက်ချိတ်ဆက်ကာ အလုပ်အကိုင်ရှာဖွေပေးလျက်ရှိသည်။ အလုပ်လျှောက်လွှာများ စတင်လက်ခံသည့် ၁၆ ရက်အတွင်း ဇူလိုင် ၄ ရက်အထိ အလုပ်လျှောက်ထားသူ ၁,၂၉၃ ဦးရှိခဲ့ပြီး အလုပ်ရရှိသူ ၂၈၂ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

အလုပ်လျှောက်ထားကြရာတွင် ယခုလောလောဆယ် မလေးရှားမှ ပြန်လာသူများပါသကဲ့သို့ ယခင်ကတည်းက ပြန်လာသူများလည်းလျှောက်ကြသည်။

အလုပ်ရရှိသည့် မလေးရှားပြန် အလုပ်သမားများကို ပြည်တွင်းကုမ္ပဏီများက ယာယီအစမ်းခန့် ဝန်ထမ်းများအဖြစ်ခန့်အပ်လျက်ရှိပြီး လုပ်ခလစာငွေကျပ်ရှစ်သောင်းမှ ကျပ်နှစ်သိန်းအထိပေး၍ အလုပ်ခန့်ထားကြောင်း သတင်းရရှိသည်။ ၎င်းတို့အား အစမ်းခန့်သုံးလဖြင့် ယာယီခန့်ထားကာ ၎င်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာနှုန်းထားတိုးမြှင့်ပေးမည်ဖြစ်ပြီး အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းလဲခန့်အပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဦးတို့ကတော့ အလုပ်ရှာပေးမှာပဲ။ သူတို့အဆင်မပြေရင် ဦးတို့က တစ်ခုမဟုတ် တစ်ခုဆက်တိုက်ချိတ်ဆက်ပေးမှာပဲ။ မြို့နယ်လေဘာရုံးတွေကလည်း အလုပ်ရှင်တွေနဲ့ ချိတ်ဆက်ပြီး အလုပ်ရှာပေးနေတယ်"ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူးချုပ်ဦးစောနိုင်က ပြောသည်။

"မလေးမှာတော့ အိမ်ကို တစ်လ နှစ်သိန်းလောက်ပို့နိုင်တယ်။ စားပြီးသောက်ပြီး အိမ်ကို တစ်လ နှစ်သိန်း၊ သုံးသိန်းလောက် ပို့နိုင်တယ်။ ဒီမှာ ဘာအလုပ်ဖြစ်ဖြစ်ပါ ကိုယ်နဲ့ အဆင်ပြေရင် လုပ်မှာပါ" ဟု အလုပ်လာလျှောက်သော မလေးရှားပြန် အလုပ်သမား မဇာခြည်လင်းက ပြောသည်။

မလေးရှားပြန်မြန်မာအလုပ်သမားများအနေဖြင့် မလေးရှားနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံနှင့် စားသောက်ပိုင်းဆိုင်ရာ လုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်းတို့တွင် အများစုသွားရောက်လုပ်ကိုင်ခဲ့သည်။ ယခုအခါ ၎င်းတို့သည် ပြည်တွင်းရှိ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်မှုဇုန်ရှိ စက်ရုံများတွင် အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရမှုကြောင့် ပြည်တွင်းသို့ ဇွန်လမှ စတင်၍ ဆက်တိုက်ပြန်လာလျက်ရှိရာ ပြန်လာသူ ၁,၂၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂ ဦး)၊ LCCI I, II သင်ကြားနိုင်သူ (ကျား/မ- ၂ ဦး)၊ MYOB သင်ကြားနိုင်သူ (ကျား/မ-၂ဦး)။
အမှတ်(၃၅၆)၊မဟာဗန္ဓုလလမ်း၊ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

-----------------------------

**အလိုရှိသည်**
၁။ တရုတ်စကားပြန် မ (၃) ဦး
၂။ Receptionist မ (၃) ဦး
၃။ Admin Staff မ (၃) ဦး
၄။ Marketing ကျား/မ (၅) ဦး
အမှတ်(၁၈၃)၊ဗဟိုလမ်းမ၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၁ ၂၀ ၂၉

-----------------------------

**နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း**
၁။ Driver ကျား (၆) ဦး
အမှတ်-၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ ဖုန်း- ၀၁ ၅၂၃၄၉၆

-----------------------------

1. Supervisor ကျား (၅) ဦး
2. အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
3. ယာဉ်မောင်း ကျား (၂) ဦး
အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀ ၂၇၇၃၃

1. Marketing Executive
M/F (2) Posts
2. Marketing Assistant
M/F (2) Posts
3. Driver M (2) Posts
No(151/A), Waizayantar Road, Thingangyun Township,Yangon.
PH: +09 1 562253

-----------------------------

ဘာသာရပ်သင် ဆရာ၊ ဆရာမများ အလိုရှိသည်။
ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Assistant Auditor ကျား/မ(၅)ဦး
2. Admin Assistant မ (၂) ဦး
3. ကျွမ်းကျင်ယာဉ်မောင်း (၂) ဦး
အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့ နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၆၅၇၈၃၀

-----------------------------

**အလိုရှိသည်**
ယာဉ်မောင်း(အိမ်စီးကား)
ကိုထူးထူးအောင် - ၀၉၅၁ ၂၅ ၂၆၀

-----------------------------

**အချိန်ပိုင်း အလုပ်လုပ်ရန်**
စိတ်ပါဝင်စားသူများ မည်သူမဆိုလာရောက်ဆက်သွယ် လျှောက်ထားနိုင်ပါသည်။
ဖုန်း- ၀၉ ၄၂၁၀ ၂၈၃၇၄

-----------------------------

**MFOCN**
1. Chinese M(20)
2. Chinese Accountant F/M (10)
3. Chinese Admin F/M (10)
4. PR Commissioner F/M (10)
5. Driver M (10)
PH: 09 4307438

-----------------------------

**ကန်တော်လေးအထူးကုဆေးခန်း**
၁။ Pharmacist မ (၃) ဦး
၂။ Pharmacy Sales မ (၅) ဦး
၃။ Nurse-Aid မ (၁၀) ဦး
၄။ Cashier မ (၄) ဦး
ဖုန်း- ၃၈၄၀၄၂

-----------------------------

ကမ်းရိုးတန်းပင်လယ်ပြင်လုပ်သက်ရယူလိုသော အလုပ်သင်သင်္ဘောသားများ (ဝန်ဆောင်ခမဲ့) အလိုရှိပါသဖြင့် အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၅၁၀၃၁၇၂

-----------------------------

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂ ဦး)၊ LCCI I, II သင်ကြားနိုင်သူ (ကျား/မ- ၂ ဦး)၊ MYOB သင်ကြားနိုင်သူ (ကျား/မ-၂ဦး)။
အမှတ်(၃၅၆)၊မဟာဗန္ဓုလလမ်း၊ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

-----------------------------

**Digital Cottage Paper & PVC Card Printing**
1. Graphic Designer (2)Posts
2. Marketing Manager (1) Post
3. Senior Accountant (1) Post
4. Driver (1) Post
No.27/28 (Near Lan Thit Street Gate), 1st Floor Bahosi Housing, Lanmadaw Township, Yangon.

-----------------------------

**သီရိအလှကုန်ကုမ္ပဏီ (Mistine)**
ယာဉ်မောင်း (၃) ဦး
အမှတ်(၁၂/၁၄)၊ လသာလမ်း(အောက်)၊ လသာမြို့နယ်။ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၁ ၂၆၇၆၁

-----------------------------

၁။ တရုတ်စကားပြန် (၁၀)ဦး
၂။ ဂျပန်စကားပြန် (၁၀) ဦး
၃။ ကိုရီးယားစကားပြန် (၁၀) ဦး
ဖုန်း- ၄၂၅၀၃၃၈၀၄

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ လုံခြုံရေး ကျား (၁၀) ဦး
၂။ လုံခြုံရေး မ (၁၀) ဦး
ဖုန်း- ၀၁ ၅၂၆၆၄၈

-----------------------------

**အမြန်အလိုရှိသည်**
၁။ အရောင်းနှင့် ဖြန့်ချိရေး (၅) ဦး
၂။ စတိုတာဝန်ခံ (၁) ဦး
၃။ ယာဉ်မောင်း (၁) ဦး
ဖုန်း- ၀၁ ၅၀ ၂၈၇၁

-----------------------------

**Big Tree Company LIMITED**
**၁။ Site Engineer ကျား (၁) ဦး**
အမှတ် (၆၇/၇၁) ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(၉၅)-၉- ၄၂၅၀၂၂၆၃၈

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
**(ဆောက်လုပ်ရေး)**
၁။ အင်ဂျင်နီယာ(အတွေ့အကြုံ ၁၀ နှစ်) ကျား (၃) ဦး
၂။ အင်ဂျင်နီယာ (အတွေ့အကြုံ ၅ နှစ်) ကျား (၅) ဦး
၃။ လုပ်ငန်းခွင်ကြီးကြပ်သူ/လုံခြုံရေး ကျား (၅) ဦး
ဖုန်း- ၀၁ ၅၇၁၀၃၀

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
**(ဟိုတယ်လုပ်ငန်း)**
၁။ မန်နေဂျာ (ကျား/မ)(၁)ဦး
၂။ လက်ထောက်မန်နေဂျာ (ငွေဆောင်) (ကျား/မ)(၂)ဦး
ဖုန်း- ၀၁ ၅၇၁၀၃၀

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
၂။ လက်ချုပ် မ(၁) ဦး
အမှတ် -(၇၃)၊ ရောဝတီလမ်း၊ အလုံမြို့ နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၅၁၅၄၉၈၅

-----------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ Cashier ကျွမ်းကျင် ကျား (၃) ဦး
၂။ Waiter ကျား (၅) ဦး
၃။ ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅) ဦး
အမှတ်(၆၄၇)၊ကုန်သည်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၀၉၃၈၇၀

-----------------------------

**Amazing Dreams Travels & Tours**
Tour Operation Manager (ကျား/မ- ၁ ဦး)၊ Tours Operation (Office Staff) (မ- ၁ဦး)။ အမှတ်(၂၄၁)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၃၂၇၁

-----------------------------

**April 7 Advertising**
Marketing Supervisor (M/F- 4 Posts), Marketing Executive (M/F- 10 Posts), Marketing Assistant (M/F- 8 Posts) လျှောက်ထားလိုသူ များသည် (၂) ပတ်အတွင်း လျှောက် ထားနိုင်သည်။
Ph: 09-73160082

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# Trinity College Foundation Studies

Pathway to Australia's No.1 Ranked University*

# The University of Melbourne

[*UK Times Higher Education Rankings 2012-13]




Come and discover why the University of Melbourne is ranked No.1 in Australia* and 28th Worldwide* and why Trinity College is the perfect start for Myanmar students

at

**AVSS Australian Education Exhibition**

Saturday 13 July 2013

The Strand Hotel, Yangon

10:00 – 5:00pm

THE UNIVERSITY OF MELBOURNE

TRINITY COLLEGE FOUNDATION STUDIES

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# Commodity Watch

စာမျက်နှာ(၂)မှ

## ကေအိုင်အို၏မူးယစ်ဆေးဝါးလုံးဝတိုက်ဖျက်ရေးကော်မတီ ဒုတာဝန်ခံ ဗိုလ်မှူးချုပ်ဇောင်းဗုခ်ထန်းနှင့် တွေ့ဆုံခြင်း

အရင်တုန်းက သင်ခန်းစာအရသုံးကြိမ်သုံးခါသူတို့ကိုသောက်တဲ့သူတွေကိုရောဖြတ်ပေးတယ်။ ရောင်းတဲ့သူတွေ စိုက်တဲ့သူတွေကိုရော သုံးကြိမ်သုံးခါဖမ်းဆီးအရေးယူတယ်။ သုံးခါလွန်ပြီဆိုတာနဲ့တော့ သူ့ရဲ့ပြစ်ဒဏ်က ပိုပြီးကြီးမားသွားပြီးထိထိရောက်ရောက်ကိုအရေးယူသွားမှာပါ။ အခု ဗဟိုသီးသန့် မူးယစ်လုံးဝပပျောက်ရေး ကော်မတီရဲ့ မူဝါဒကတော့(၁) ဘာသာရေးခေါင်းဆောင်တွေအနေနဲ့လည်း မူးယစ်ဆေးဝါး လုံးဝပပျောက်အောင် လုပ်ဆောင်သွားမယ်။ ဘာသာရေးအသီးသီးက ဒါကိုတာဝန်ယူလုပ်ဆောင်သွားမယ်။ (၂) အိမ်ထောင်ရဲ့ ဖခင်တွေကလည်း ဒါကိုလုပ်ဆောင်သွားမယ်။ (၃) အိမ်ထောင်ရဲ့ မိခင်တွေကလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ အမျိုးသမီးအလိုက် ပါဝင်လက်တွဲလုပ်ဆောင်မယ်။ (၄) လူငယ်တွေကလည်း လူငယ်အလိုက်လက်တွဲ လုပ်ဆောင်သွားမယ်။ (၅) မျိုးနွယ်စုအသီးသီးက ရိုးရာလူကြီးတွေလည်း ဒါကို အားတက်သရော ဝိုင်းဝန်းလုပ်ဆောင်သွားမယ်ဆိုတဲ့ မူဝါဒတွေဖြစ်ပါတယ်။ လူတိုင်းမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့တာဝန်ရှိတယ်ဆိုတာပါပဲ။

**မူးယစ်ဆေးဝါးတွေ တိုက်ဖျက်ရေးလုပ်တဲ့အခါ မြန်မာတရုတ်အစိုးရတွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ရှိပါသလား။**

ကျွန်တော်တို့ အခုအချိန်ကတော့ မြန်မာအစိုးရနဲ့ပူးပေါင်းပြီး လုပ်ဆောင်သွားဖို့ အစီအစဉ်မရှိဘူး။ ကျွန်တော်တို့အ ခုချိန်က သူတို့နဲ့စစ်ဖြစ်နေတယ်။ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲထားတဲ့ ၁၇ နှစ်လုံးလုံး ပူးပေါင်း လုပ်ဆောင်ခဲ့တာပါပဲ။ ဒါပေမဲ့ အကျိုးမရှိဘူး။ ပန်ဝါ၊ ကန်ပိုင်တီ ဘက်မှာ NDAK ၊ KIA ၊ အစိုးရစစ်တပ်တွေနဲ့ သုံးဖွဲ့ပူးပေါင်းပြီး လုပ်ခဲ့တယ်။ နင်တို့တွေက သွားစရာမလိုဘူးဆိုပြီး အစိုးရစစ်တပ်တွေက ပြန်ပြောလာတယ် ဆိုတော့ ကျွန်တော်တို့ကလည်း သွားလို့မဖြစ်တော့ဘူး။ သူတို့တွေပဲ နားလည်မှုရှိပြီး ပိုက်ဆံတွေနဲ့ပဲ လုပ်သွားတာ ဘာထိရောက်မှုမှုလည်းမရှိဘူးလေ။ သူတို့ရောင်းဝယ်နေတဲ့ နေရာကိုသွားတယ်။ ဟိုကလည်း ပိုက်ဆံထိုးကျွေးလိုက်တယ်။ ပြန်လာတယ်။ ဒါတွေက ကျွန်တော်တို့ လက်တွေ့မြင်နေရတဲ့အရာတွေပါ။ ကျွန်တော်တို့က ဖမ်းလို့လည်းမရဆိုတော့ ရောင်းတဲ့သူရော၊ ဝယ်တဲ့သူကိုရော ဝိုင်းရိုက်ပြီး မောင်းထုတ်နေရတယ်။ ဒါကကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး လုပ်ခဲ့ရတဲ့အဖြစ်အပျက်တွေပါ။ တိုင်း၊ ပြည်နယ်က ရဲတွေက ဖမ်းဆီးတဲ့နေရာမှာ သိပ်မပါဘူး။ ဝိုင်းမော်မှာပဲကြည့်။ ပြည်သူတွေက မူးယစ်ဆေးဝါးရောင်းတယ်။ သုံးတယ်။ ဒါတွေကို သူတို့ကမင်းတို့ ဘယ်သူ့အမိန့်နဲ့ ရောင်းလဲဆိုပြီး ဖမ်းရော။ သူတို့ ဥပဒေက ချို့ယွင်းမှုတွေ ရှိနေတယ်။ အခုတော့ပေါင်းလို့မဖြစ်ဘူး။ တရုတ်နဲ့ကတော့ ပူးပေါင်းလုပ်ဆောင်သွားလို့ရပါတယ်။

**အစိုးရထိန်းချုပ်နယ်မြေတွေမှာရောဘယ်လိုလုပ်ကိုင်သွားဖို့ရှိသလဲ။**

ဒါကတော့ တစ်ဦးချင်းစီရဲ့ ဘယ်လိုလုပ်ဆောင်သွားမယ်ဆိုတဲ့ နည်းလမ်းပေါ်မှာပဲ မူတည်ပါတယ်။

**စီးပွားရေးအချက်အချာကျတဲ့မြို့တွေမှာ ပိုပြီးမူးယစ်ဆေးဝါးပေါများနေတာကို တွေ့ရတယ်။ ဒါတွေကိုရော ဘယ်လိုပပျောက်အောင် လုပ်ဆောင်သွားမလဲ။**

နေရာဒေသကိုလိုက်ပြီး နည်းလမ်းရှာလုပ်ဆောင်သွားမှာပါ။

**ကချင်ပြည်နယ်မှာ ကချင်လူမျိုးတွေနေထိုင်တဲ့နေရာတွေမှာ ဘာကြောင့် မူးယစ်ဆေးဝါးတွေ ပေါများနေရတာလဲ။**

ဒါကတော့ လူတိုင်းကိုယ်စီစဉ်းစားရရင် ပိုကောင်းမှာပါ။ ကချင်လူမျိုးတွေရဲ့ သမိုင်းတွေကိုလည်း လေ့လာခိုင်းစေချင်တယ်။ အရင်တုန်းက ကချင်ပြည်နယ် အနှံ့ ဘိန်းစိုက်ကြတယ်။ ပူတာအို၊ တနိုင်း၊ ဟူးကောင်းစတဲ့နေရာတွေမှာ။ ဒါပေမဲ့ ဘိန်းစားနည်းတယ်။ အခုသုံးစွဲနေရတဲ့ ရာမဆေးတွေ၊ NO4 တွေမရှိဘူး။ အခုက ဒါတွေအဓိကဖြစ်နေတယ်။ ဒါတွေကတို့အားလုံးအလေးထားစဉ်းစားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လူမျိုးတွေလည်း ဒါကိုနှစ်သက်တယ် ထင်ပါတယ်၊ သွားကြည့်လိုက်ရင်ကျွန်တော်တို့လူမျိုးတွေ အများဆုံးဖြစ်နေတယ်။ တခြားလူမျိုးတွေကအနည်းစုပါပဲ။ ဒါကိုအစိုးရလည်းသိတယ်။ ဒါတွေကြောင့် ကျွန်တော်တို့လူမျိုးတွေကိုဒါနဲ့တိုက်နေတာလေ။ ကျွန်တော်တို့ စစ်မဖြစ်ခင်တုန်းက လဂျားယန်ဂိတ်မှာ အမျိုးသမီးတစ်ဦးကိုဖမ်းမိတယ်။ မူးယစ်ဆေးဝါးထုပ်ကို သူ့ရဲ့ စအိုမှာ ဖွက်ထားတယ်။ ဒါ တွေကို မင်းဘယ်သူ့ကိုရောင်းမှာလဲဆိုပြီး မေးတဲ့အခါ ကချင်တွေကို ရောင်းမယ်လို့ အဲဒီ အမျိုးသမီးပြောလာတယ်။ ဒီဆေးတွေက ကချင်ဆိုရင် အကြွေးရောင်းပေးတယ်။ တခြားဆိုရင်တော့ မရဘူး။ ဒါကြောင့် လေးလေးနက်နက် စဉ်းစားစရာပါ။

**တခြားဘာများပြောစရာရှိပါသလဲ။**

ကျွန်တော်တို့တွေက ဒါကို လုံးဝပပျောက်အောင် ထိထိရောက်ရောက် လုပ်ဆောင်သွားတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လူမျိုးတွေလည်း ရောက်နေတဲ့နေရာဒေသမှာ ဒါကို အားလုံးပူးပေါင်းလက်တွဲပြီး တိုက်ဖျက်သွားဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ မူးယစ်ဆေးဝါးကို မသုံးစွဲမိအောင် မိမိကိုယ်ကိုယ်ကာကွယ်စောင့်ရှောက်ပြီး သတိနဲ့ အားလုံးနေထိုင်သွားရအောင်လို့ ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 200,000 |
| Galaxy S Advance | 225,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 520,000 |
| Galaxy Tab 7.1 | 285,000 |

**YANGON MOBILE** ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇူလိုင်(၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 268,000 |
| Sony (LCD) | 35BX | 280,000 |
| Sony (LED) | 32EX33 | 335,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 185,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၆)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀-၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၀၀၀-၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၁၁,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၈၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၉၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၁၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇူလိုင်(၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun(30) | 814 | 860 | 870 | 910 |
| Jul(1) | 814 | 860 | 870 | 910 |
| Jul(2) | 814 | 860 | 870 | 910 |
| Jul(3) | 814 | 860 | 870 | 910 |
| Jul(4) | 814 | 860 | 870 | 910 |
| Jul(5) | 814 | 860 | 870 | 910 |
| Jul(6) | 814 | 860 | 870 | 910 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Asus** | |
| Intel Core i3 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 506,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 554,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 750GB HDD, 14" | 642,000 |
| Intel Core i7 2.0 GHz,6GB DDR3,750GB HDD+24GB SSD,15.6" | 925,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 545,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, 14" | 710,000 |
| IntelCore i5 1.7 GHz,8GB DDR3,500GB HDD+8GB SSD,HD,14" | 837,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 970,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 457,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 619,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 500GB HDD, 15.6" | 667,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB HDD, 15.6" | 1,072,000 |

စာမျက်နှာ(၂၄)မှ

## ပုဂ္ဂလိက သတင်းစာများကြံ့ခိုင်စေရမည်

စာပေစိစစ် ဖျက်သိမ်းပြီး ၂၀၁၃ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပုဂ္ဂလိကသတင်းစာ ထုတ်ဝေခွင့်ပေးရာပြေ၁ရက်တွင်**ပြည်ထောင်စု၊ ရွှေနိုင်ငံ၊ The Voice** နှင့် **စံတော်ချိန်** သတင်းစာများ ထွက်ရှိလာကြသည်။ ထို့နောက် ၂၀၁၃ သကြံန်အပြီးတွင်ပုဂ္ဂလိကသတင်းစာများဆက်တိုက်ထွက်ရှိလာပြီး ဆိုင်ရာကစုစုပေါင်းသတင်းစာ ၂၆စောင်ခွင့်ပြုပေးခဲ့သည်။ ၂၀၁၃ ဇွန် ၂၅ ရက်တွင် ပုဂ္ဂလိကသတင်းစာ ငါးစောင် ထပ်မံထုတ်ခွင့်ရပြီး ယနေ့ဆိုလျှင် စုစုပေါင်း ၃၁ စောင် ထုတ်ဝေခွင့်ရထားပြီဖြစ်သည်။ သို့သော်အမှန်တကယ်ထုတ်ဝေနေပြီး ဈေးကွက်ထဲပျံ့နှံ့ရောက်ရှိသည့်သတင်းစာအရေအတွက်မှာ ၁၀ စောင်ပင်မပြည့်သေးချေ။

### မုန်တိုင်းထန်ဆဲကာလ

*သတင်းစာသည်ပုဂ္ဂလိကလုပ်ငန်းဖြစ်သည်။ လူထုထံမှ ထောက်ပံ့ကြေးယူ၍ လုပ်ကိုင်ခြင်းမဟုတ်။ ထို့ကြောင့် လူထုအပေါ် သတင်းစာက တာဝန်မရှိ၊ လူထုနှင့် ကျေးဇူးခံ ကျေးဇူးစား တိုက်ရိုက်ပတ်သက်ခြင်းမရှိ။*

*(အမေရိကန်* The Wall Street *သတင်းစာ၏အာဘော်)*

ပုဂ္ဂလိက သတင်းစာများထုတ်ဝေခွင့်မပြုမီ တစ်နှစ်ခန့် အကြာကပင် ယခင်ပုဂ္ဂလိကမှ ပြည်သူပိုင်သိမ်း၍ ပြည်သူ့ဘဏ္ဍာဖြင့်ထုတ်ဝေနေသောနိုင်ငံပိုင်သတင်းစာနှစ်စောင်က ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ဒီမိုကရေစီ ဖော်ဆောင်နေသည်ဟုဆိုသော အစိုးရသစ်တစ်ရပ် လက်ထက်တွင် ပုဂ္ဂလိက သတင်းစာများ ထုတ်ဝေခွင့် အနေးနှင့်အမြန် ချထားပေးရမည်ကို သိမြင်သော အခြေအနေတစ်ရပ်၌ **မြန်မာ့အလင်း** နှင့် **ကြေးမုံ** ကိုတစ်စောင်လုံး ရောင်စုံသတင်းစာအဖြစ် ကြိုတင်ပြင်ဆင်ထုတ်ဝေခဲ့သည်။ ပြင်ပမှကြော်ငြာရှင်များအတွက် ကြော်ငြာခများ လျှော့ချခဲ့သည်။ ကိုယ်ပွားသတင်းစာတိုက်များမှတစ်ဆင့် တစ်စောင်လျှင် ကိုယ်စားလှယ်နှုန်း ကျပ်ငါးဆယ်၊ ခြောက်ဆယ်မျှဖြင့် ရောင်းချပေးလျက်ရှိသည်။ နှစ်ပေါင်းငါးဆယ်ကျော်ကြာ ချုပ်ကိုင်ခဲ့သောသတင်းစာဈေးကွက်ကို အစိုးရ၏ ဥပဒေများထုတ်ပြန်ခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ နိုင်ငံတော်ပြန်တမ်းများနှင့် သမ္မတမိန့်ခွန်းကိုဦးစွာဖော်ပြနိုင်အောင် လက်ဝယ်ရယူ ဆောင်ရွက်ထားခြင်းဖြင့် ပုဂ္ဂလိကသတင်းစာများအား ကြိုတင်ဟန့်တားထားခဲ့သည်။

ဤသို့သောအခြေအနေတွင် လိမ်ဖည်လိမ်ဖည်ဖြင့် ထွက်ရှိလာသော ပုဂ္ဂလိကသတင်းစာများ၏ ရေရှည်ရပ်တည်နိုင်ရေးမှာ မုန်တိုင်းနှင့်ကြုံရသလို ဖြတ်သန်းရပေသည်။ ငွေကြေးအကျိုးအမြတ်မသေချာသော လုပ်ငန်းတစ်ရပ်ထဲ ငွေတွေဒလဟောလိမ့်ဝင်ကုန်သည်။ ပုဂ္ဂလိကသတင်းစာတိုက်တစ်ခုအတွက် ရင်းနှီးမြှုပ်နှံရာတွင် ငွေကြေးသာမက လူ့အရင်းအမြစ်ကလည်း စိန်ခေါ်နေပြန်သည်။ အရည်အချင်းပြည့်မီသောသတင်းထောက်များ၊ အယ်ဒီတာများ ဈေးကောင်း လာကြသည်။ အဓိကရင်ဆိုင်ရသည်မှာ ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးအပိုင်းဖြစ်သည်။ သတင်းများ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်တင်ဆက်နိုင်ရေးမှာ ဂျာနယ်ရိုက်သောပုံနှိပ်စက်များဖြင့် အလုပ်မဖြစ်။ Web Machine ဟုခေါ်သော သတင်းစာစက္ကူလိပ်ကြီးများဖြင့် ရိုက်သော ပတ်လည်စက်ကြီးများ လိုလာသည်။ ကွန်ပျူတာမှ ပလိတ် (Plate)စနစ်သို့ တိုက်ရိုက်ကူးနိုင်သော **CTP** စက်ကြီးများလိုလာသည်။ ဤသို့လိုအပ်ချက်မှာလည်း တစ်လုံးတည်းမရ၊ နှစ်လုံး၊ သုံးလုံးယှဉ်တွဲထားရှိနိုင်ရမည်။ ဤသို့ထားရှိနိုင်ရေးအတွက် စက်တစ်လုံးလျှင် ကန်ဒေါ်လာငါးသိန်းမှ တစ်သန်းကြားရှိရာ ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာသည်။ ထို့အပြင် ထိုစက်ကြီးများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ကျွမ်းကျင်လုပ်သား၊ ပညာရှင်များ လိုအပ်လာသည်။ သတင်းဂျာနယ်မှ သတင်းစာအဆင့်သို့ ပြောင်းလဲထုတ်ဝေရန် ကြိုတင်ပြင်ဆင်ထားသောသတင်းတိုက်များသည်မည်မျှပင် ပြင်ဆင်ထားသည်ဆိုကာမူနှစ်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ပြတ်တောက်ခဲ့သော ကွင်းဆက်တစ်ခုကို အချိန်တိုတိုအတွင်းပြန်လည်မချိတ်ဆက်နိုင်။ တစ်ဖက်တွင် ရင်းနှီးမြှုပ်နှံမှု ငွေအင်အားနှင့် လူသားအရင်းအမြစ်အခက်အခဲများ ကြုံရသလို ဈေးကွက်သို့ဖြန့်ချိရာ၌ အစိုးရသတင်းစာများကို မယှဉ်သာပါ။ သတင်းစာဈေးကွက် အစစ်အမှန်သည်လက်ပွေ့ရောင်းသူ (Hawker) လက်ထဲမရှိ၊ အိမ်တိုင်ရာရောက်ပို့ဆောင်သည့် (Door to Door) စနစ်ထဲတွင်ရှိ၍ နှစ်ပေါင်းများစွာဈေးကွက်အား ချုပ်ကိုင်ထားသောပြည်သူ့ဘဏ္ဍာဖြင့် ထုတ်သည့်အစိုးရသတင်းစာများကို ယှဉ်ပြိုင်ရလေသည်။ ဈေးနှုန်းမှာလည်းထက်ဝက်မကကွာ၍ တစ်ပန်းရှုံးနေ၏။ ပုဂ္ဂလိက သတင်းစာများအနေဖြင့်လည်း လက်ရှိနှုန်းထားထက် မလျှော့နိုင်၊ စစ်မှန်သောဈေးကွက်ယှဉ်ပြိုင်မှု၊ မျှတသောဈေးကွက်ပြိုင်ဆိုင်မှုမရှိ၍ ယခုကာလသည် ပုဂ္ဂလိကသတင်းစာများအတွက် မုန်တိုင်းထန်ဆဲကာလဆိုလျှင် မှားမည်မဟုတ်။ ဤသို့သောအခြေအနေတွင်အခြားတစ်ဖက်၌ ကြုံရသည်မှာ အီလက်ထရွန်နစ် မီဒီယာများဖြစ်သော အင်တာနက်၊ ရုပ်သံနှင့် အက်ဖ်အမ်လိုင်းများကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အင်တာနက်ဝက်ဘ်ဆိုက်များနှင့် လူမှုကွန်ရက်များက ဖြစ်ပေါ်လာသည့် သတင်းများကို သူ့ထက်ငါ အလုအယက်တင်ဆက်ခဲ့ကြသည်။ ရုပ်သံ မီဒီယာတွေက အသံနှင့်အရုပ်ပါ တင်ဆက်မှုပြောင်းလာကြသည်။ နေ့လယ် ၁၂ နာရီကလောင်သော မီးလောင်မှုအသေးစိတ်ကို နာရီဝက်အတွင်းတက္ကစီပေါ်က အက်ဖ်အမ်မှ ကြားရသည်။

သတင်းဖြစ်ပေါ်လာသည်ဆိုကပါ သတင်းခေတ်ကြီးတွင် ဘာကိုမျှ ထိမ်ဝှက်ထား၍မရ၊ အနှေးနှင့်အမြန် အကုန်သိကုန်သည်။

ထို့ကြောင့် အီလက်ထရွန်နစ်မီဒီယာများသည် ကမ္ဘာတွင်ပါသတင်းစာများအတွက် အဓိကယှဉ်ပြိုင်ဘက်ဖြစ်လာသည်။ ဤသို့သော အခြေအနေမျိုးတွင် ပုဂ္ဂလိကသတင်းစာတစ်စောင်ရေရှည်ရပ်တည်နိုင်ရေးမှာ မလွယ်ကူလှပါ။ သို့သော် သတင်းစာသည် သတင်းစာသာလျှင် ဖြစ်ပါ၏။

သတင်းစာဆရာ၊ သတင်းစာသမားတို့သည် သတင်းများကိုဖော်ပြရာ၌ သတင်းဖြစ်စဉ်သက်သက်သာမက သတင်းဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ သတင်းနောက်ခံအခြေအနေ၊ သတင်းရင်းမြစ်များနှင့် တွေ့ဆုံမေးမြန်းခြင်းဖြင့် သတင်းကိုပြည့်စုံကုံလုံအောင်တင်ဆက်လေ့ရှိကြသည်။ ထို့အပြင် တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ထမ်းဆောင်ရသူပီပီ သတင်းစာတစ်စောင်၏ အသက်သွေးကြောဖြစ်သော ခေါင်းကြီး (ဝါ) အယ်ဒီတာ့အာဘော်ကို ထိထိမိမိရေးကြသည်။ တိုင်းပြည်၏ အရေးကြီးသော အရေးကိစ္စများတွင် ပင်တိုင်ဆောင်းပါးများဖြင့် ဖော်ပြကာ လူထုဆန္ဒကို ထင်ဟပ် ပြကြသည်။ အယ်ဒီတာ့ထံပေးစာများမှတစ်ဆင့် ပြည်သူ့အသံကို တိုက်ရိုက်ဖော်ပြသည်။ သို့ရာတွင် ဤသို့ကြိုးစားပမ်းစား တင်ဆက်လာသော ပုဂ္ဂလိကသတင်းစာများ ရေရှည်ရပ်တည်နိုင်ရေးမှာ ဖော်ပြပါအခက်အခဲများအပြင် ဒီမိုကရေစီအစိုးရလက်ထက်တွင် သတင်းလွတ်လပ်ခွင့်ကို ချုပ်ကိုင်မည့် ဥပဒေသစ်များ ပြဋ္ဌာန်းရန် စီစဉ်နေခြင်း၊ မြန်မာ့သတင်းစဉ်က အစိုးရသတင်းများကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ကာ ငွေပေးမှ ရမည်ဆိုလေသောအခါ ပုဂ္ဂလိက သတင်းစာသမားတို့အတွက် လည်မျိုကိုမသေမချင်းညှစ်ကိုင်ခံရသည်နှင့် တူပေရာ အဟောသိကံ ကောင်းလေစွ။

### ပုဂ္ဂလိကသတင်းစာများကြံ့ခိုင်စေရမည်

သတင်းစာဆရာကြီးမြန်မာ့အလင်း ဦးသန်းညွန့် သက်ရှိထင်ရှားရှိစဉ်က အလုပ်ကိစ္စနှင့် ပတ်သက်၍ ဆရာကြီးအိမ်သို့ မကြာခဏ သွားရပါသည်။ ဆရာကြီးသည် ကျောက်မြောင်း၊ သတိပဋ္ဌာန်ရပ်ကွက်ထဲ အထပ်မြင့် ကန်ထရိုက်တိုက်တွေကြား ပျဉ်ထောင်၊ သွပ်မိုးတစ်ထပ်အိမ်လေးနှင့် နေသည်။ သတင်းစာဆရာပီပီ ဘာမျှဟိတ်ဟန်မရှိ။ အမြဲဖော်ဖော်ရွေရွေ ဆက်ဆံလေ့ရှိသည်။ ဦးသန်းညွန့်သည်ပုဂ္ဂလိကနှင့်ပြည်သူပိုင်သတင်းစာများတွင် နှစ်ပေါင်း ၆၀ ကျော် ဖြတ်သန်းခဲ့သူဖြစ်သည်။ သတင်းစာတိုက်ပွဲအလီလီ ဆင်နွှဲဖူးသူ၊ တိုင်းပြည်၏ အရေးကြီးသတင်းများ လိုက်ခဲ့သော၊ သမိုင်းဝင်အဖြစ်အပျက်များ နောက်ကွယ်မှလျှို့ဝှက်ချက်များကိုသိမြင်သော သတင်းစာဆရာကြီးဖြစ်သည်။ ဆရာကြီးသည် အချိန်ရတိုင်း မြန်မာသတင်းစာလောကအကြောင်း၊ မြန်မာ့နိုင်ငံရေးအကြောင်း စကားစမြည်ပြောလေ့ရှိရာမကြာခဏထည့်သွင်းပြောလေ့ရှိသော စကားတစ်ခွန်းမှာ **စတုတ္ထမဏ္ဍိုင် ကြံ့ခိုင်စေရမည်** ဟူ၍ ဖြစ်သည်။ ထိုစကားကိုလည်း ၎င်းရေးသားသောစာများ၊ ဆောင်းပါးများ အဆုံး၌ ဆောင်ပုဒ်အဖြစ် ထည့်သွင်းရေးသားလေ့ရှိသည်။ ထိုအချိန်ကာလက ဖိနှိပ်ခံနေရသောစာနယ်ဇင်းလောက၊ စစ် အစိုးရ၏ဖြိုလှဲခံရသောသတင်းစာလောကကို ရည်စူး၍ ပြောကြားခဲ့ခြင်းဖြစ်သည်။ ယနေ့ပုဂ္ဂလိက သတင်းစာများ ထွက်ရှိနေခြင်းကိုတမလွန်ဘဝမှ ဆရာကြီးမြင်လျှင် မည်မျှဝမ်းမြောက်ပါမည်နည်း။ မည်မျှကျေနပ်နေမည်နည်း။

ဆရာကြီးမြန်မာ့အလင်း ဦးသန်းညွန့် ပြောခဲ့သလိုပင် ယခုလိုရတောင့်ရခဲ အခြေအနေတစ်ရပ်တွင် သတင်းစာထုတ်ဝေသူ တိုက်ရှင်များ၊ အယ်ဒီတာများ နိုင်ငံ့အကျိုး မျှော်ကိုးလျက် မည်မျှပင် အခက်အခဲကြုံတွေ့စေကာမူစတုတ္ထမဏ္ဍိုင် ကြံ့ခိုင်ရပါမည်။ ပုဂ္ဂလိကသတင်းစာများ ကြံ့ခိုင်ရပါမည်။ တိုင်းပြည်ကိုချစ်လျှင်၊ လူထုအားကို ယုံလျှင်၊ ဒီမိုကရေစီစနစ်ကိုမြတ်နိုးယုံကြည်လျှင် ကြံ့ကြံ့ခံ ရပ်တည်နိုင်ဖို့ရာ ကြိုးစားရပါမည်။

ပုဂ္ဂလိက သတင်းစာများသည် ဒီမိုကရေစီနိုင်ငံတော်၏ ပြယုဂ်တစ်ခုဖြစ်သလို ဒီမိုကရေစီစနစ်၏ ကြန်အင်လက္ခဏာတစ်ရပ်လည်းဖြစ်ပေသည်။ ။

## နာရီဝက်ခြားတစ်ခါ နှစ်မိနစ်ခန့် လမ်းလျှောက်ခြင်း ဆီးချိုအန္တရာယ်လျော့ကျစေ

**ဝါရှင်တန်၊ ဇူလိုင်-၅**

အထိုင်များသော ရုံးသမားများ အနေဖြင့် နာရီဝက်ခြားတစ်ခါ ၎င်းတို့၏ စားပွဲမှ နှစ်မိနစ်ခန့် ထသွားလှုပ်ရှားပေးခြင်းသည် ကျန်းမာရေးကို များစွာ အထောက်အကူပြုသည်ဟု နယူးဇီလန်သုတေသနပညာရှင်များကလေ့လာတွေ့ရှိခဲ့သည်။

တစ်နေ့တာအတွင်း မိနစ်အနည်းငယ်ခန့် လမ်းအမြန်လျှောက်ပေးခြင်းများသည်အလုပ်မလုပ်မီမိနစ်၃၀ခန့်လမ်းလျှောက်ခြင်းထက် ကျန်းမာရေးကိုများစွာ အထောက်အကူပြုသည်ဟု နယူးဇီလန်သုတေသနပညာရှင်များ၏ ရှာဖွေတွေ့ရှိချက်ကို အမေရိကန်Daily Express သတင်းစာတွင် ဖော်ပြသည်။

သွေးအတွင်း သကြားဓာတ်နှင့် အင်ဆူလင်ပါဝင်မှုနှုန်းမြင့်တက်နေခြင်းသည် လေသင်တုန်းဖြတ်ခြင်းနှင့် နှလုံးရောဂါကို ဖြစ်ပွားစေနိုင်သည့် ဆီးချိုရောဂါ အမျိုးအစား (၂)အန္တရာယ်အချက်ပေး ခေါင်းလောင်းသံဖြစ်သည်။ ထို့ ကြောင့် အလုပ်ချိန်အတွင်း နာရီဝက်ခြားတစ်ခါတစ်မိနစ် ၄၀ စက္ကန့်ခန့်ပုံမှန်လမ်းလျှောက် ပေးသူများသည် အလုပ်စားပွဲမှ လှုပ်ရှားမှုမရှိသူများထက် သွေးအတွင်းသကြားဓာတ်နှင့်အင်ဆူလင်ပါဝင်မှုလျော့နည်းပြီး ဆီးချိုရောဂါအမျိုးအစား (၂) အန္တရာယ်ကိုလျော့ကျစေသည်ဟု ရုံးဝန်ထမ်း ၇၀ ဦးအား သုတေသနပြုရာမှ တွေ့ရှိခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်ကို Clinical Nutrition အမေရိကန် ကျန်းမာရေး ဂျာနယ်၏ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြထားသည်။ အစာစားပြီးတိုင်း ၁၅ မိနစ်ခန့်လမ်းလျှောက်ခြင်းနှင့် နေ့စဉ် ၄၅ မိနစ်ခန့်လမ်းလျှောက်ခြင်းတို့ သည်လည်း ဆီးချိုရောဂါအန္တရာယ်လျော့ကျစေသည်ဟုအစောပိုင်းသုတေသနပြုချက် များက အတည်ပြုထားသည်။

—Ref: AFP Relaxnews

## စာရေးခြင်း၊ စာဖတ်ခြင်း၊ ဦးနှောက်နှိုးဆွပေးခြင်းတို့မှာ အသက်ကြီးသည်အထိ မှတ်ဉာဏ်ကောင်းစေ

**ချီကာဂို၊ ဇူလိုင်-၅**

အသက်အရွယ်မရွေးစာဖတ်ခြင်း၊ စာရေးခြင်းနှင့်ဦးနှောက်နှိုးဆွပေးသည့် လုပ်ငန်းဆောင်တာများတွင် ပါဝင်ခြင်းဖြင့် အသက်အရွယ်ကြီးရင့်သည်အထိမှတ်ဉာဏ်ကောင်းစေသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ချီကာဂိုသုတေသနပညာရှင်များသည် အသက် ၈၀ ကျော် လူပေါင်း ၂၉၄ ဦးကို မှတ်ဉာဏ်ဆိုင်ရာ သုတေသနများပြုလုပ်ခဲ့ကြပြီး ခြောက်နှစ်ကြာအောင် မှတ်ဉာဏ်နှင့် တွေးခေါ်မှုတို့ကို နှစ်စဉ်တိုင်းတာသော စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါ လူ ၂၉၀ ကျော်ကို ကလေးဘဝ၊ လူငယ်ဘဝ၊ လူလတ်ပိုင်းနှင့် ယခုလက်ရှိ လူကြီးဘဝတို့၌ စာဖတ်ခြင်း၊ စာရေးခြင်းနှင့်စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်သည့် လုပ်ငန်းများတွင် ပါဝင်ခြင်း ရှိ၊ မရှိ မေးမြန်းခဲ့သည်။

လူငယ်၊ လူကြီးဘဝနှစ်ခုစလုံးတွင် စိတ်ပိုင်းဆိုင်ရာလှုံ့ဆော်သည့် လုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်သူများသည် စိတ်ပိုင်းဆိုင်ရာလှုံ့ဆော်သည့်လုပ်ငန်းများ၌ မပါဝင်သော လူများထက် မှတ်ဉာဏ်လျော့ကျမှုနှုန်း နှေးကွေးသည်ဟု သုတေသနပညာရှင်များတွေ့ရှိခဲ့ကြသည်။ "နေ့စဉ်နေ့တိုင်းလုပ်နေတဲ့ စာရေးစာဖတ်ခြင်းရဲ့ အကျိုးသက်ရောက်မှုကို အထင်သေးလို့မရဘူးဆိုတာ ဒီလေ့လာတွေ့ရှိချက်က ဖော်ပြနေပါတယ်"ဟုသုတေသနပညာရှင် ရောဘတ်စ်ဝီလ်ဆင်ကပြောကြားသည်။

—Ref: UPI



## မိုဘိုင်းဖုန်းအချက်အလက်သုံးစွဲမှု လာမည့်နှစ်များတွင် သုံးဆမြင့်တက်လာမည်

**ဘော်စတွန်၊ ဇူလိုင်-၆**

စမတ်ဖုန်းသုံးစွဲသူဦးရေ တစ်ဟုန်ထိုးတိုးပွားလာသောကြောင့် ကမ္ဘာတစ်ဝန်း မိုဘိုင်းဖုန်းအချက်အလက်အသုံးချမှုသည် ၂၀၁၇ ခုနှစ်တွင် သုံးဆအထိ တိုးပွားလာမည်ဖြစ်ကြောင်း အမေရိကန်သုတေသန လုပ်ငန်းတစ်ခု၏ လေ့လာချက်အရသိရသည်။

ယနေ့ခေတ်မိုဘိုင်း အချက်အလက်သုံးစွဲမှုနှုန်း 5 Exabytes ရှိရာမှ ၂၀၁၈ ခုနှစ်တွင် 21 Exabytes ရှိလာမည်ဟု မဟာဗျူဟာလေ့လာရေးအဖွဲ့က မျှော်လင့်ထားကြောင်း ဇန်နဝါရီသတင်းဌာနက ဇူလိုင် ၃ ရက်တွင် ဖော်ပြသည်။

တိုးပွားလာသော အချက်အလက်သုံးစွဲမှုများမှာ ဝက်ဘ်ဆိုက်ရှာဖွေခြင်း၊ ဗီဒီယိုနှင့် တေးသီချင်းများကြည့်ရှုနားဆင်ခြင်း၊ ဂိမ်းများနှင့် အခြားသော Application များ သုံးစွဲမှုမြင့်တက်လာမည်ဖြစ်ကြောင်း ဗျူဟာလေ့လာရေးအဖွဲ့က ပြောသည်။

စမတ်ဖုန်းများ ထိုးဖောက်ဝင်ရောက်မှု တိုးပွားလာခြင်း၊ ဆွဲဆောင်မှုရှိလာခြင်းများနှင့် မီဒီယာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်လာကြခြင်းကြောင့် အွန်လိုင်းတွင် အချက်အလက်စီးဆင်းမှုသည် နှစ်စဉ်နှစ်ဆခန့်မြင့်တက်လာနေကြောင်း ဗျူဟာလေ့လာရေးအဖွဲ့မှ Application နှင့် မီဒီယာများ အမှုဆောင်အရာရှိဒေးဗစ်မက်ကွင်းက ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ရေးသားဖော်ပြသည်။

လက်ကိုင်ဖုန်းများ၏ အဝင်အထွက်အချက်အလက် စီးဆင်းမှုများသည် စမတ်ဖုန်းများတွင် အခြေခံတပ်ဆင်ထားသည့် ပရိုဂရမ်များ များပြားလာခြင်း ဈေးနှုန်းသက်သာလာခြင်းနှင့် ဝက်ဘ်ဆိုက်များ၊ ဗီဒီယိုများကို မိုဘိုင်းဖုန်းများမှ ကြည့်ရှုရန် သုံးစွဲသူများ၏ တောင်းဆိုမှုမြင့်တက်လာခြင်းများ၏ ရလဒ်ဖြစ်ကြောင်း မစ္စတာဒေးဗစ်မက်ကွင်းက ပြောသည်။

—Ref: UPI

## Nokia ကုမ္ပဏီ ကင်မရာ 41-megapixel ရှိ စမတ်ဖုန်း ရောင်းချမည်ဟုဆို

**နယူးယောက်၊ ဇူလိုင်-၆**

Nokia 41-megapixel ကင်မရာ စနစ်ပါဝင်သော 808 Pure View OS အသုံးပြုထားသည့် Window ဖုန်း Lumia ကို ဇူလိုင်လ ၁၁ ရက်တွင် ပြသရောင်းချသွားမည်ဟု မျှော်လင့်ရကြောင်း လေ့လာသူတစ်ဦးက ပြောသည်။

Lumia 1020 အမည်ပေးထားသည်ဟု ကောလာဟလသတင်းထွက်ပေါ်နေသော ယင်းစမတ်ဖုန်းကို Nokia မှ 808 OS ထွက်ရှိချိန် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကတည်းက ထွက်ရှိရန် မျှော်လင့်ထားခြင်းဖြစ်သည်။

Nokia မှ Lumia 820,720, 620 နှင့် 520 ဖုန်းများထွက်ရှိပြီးဖြစ်၍ ယခုထွက်ရှိမည့် ကင်မရာ 41-megapixel ရှိကာ မျက်နှာပြင်အကျယ်၄ ဒသမ ၅ လက်မအကျယ်ရှိ ရုပ်ထွက် 1280 x 768 pixel နှင့် ပရိုဆက်ဆာ 1.5 GHz ရှိပြီး အတွင်းပိုင်းသိုလှောင်မှု 32 GB ပါရှိသည့် စမတ်ဖုန်း၏ အမည်မှာ Lumia 1020 ဖြစ်မည်ဟု မျှော်လင့်ရသည်။

ယခုနှစ်အတွင်း Nokia အပါအဝင် လက်ကိုင်ဖုန်းထုတ်လုပ်သည့် အခြားသောကုမ္ပဏီများဖြစ်သည့် HTC နှင့် Samsung ကုမ္ပဏီများသည် ကင်မရာကိုပို၍အလေးထားထုတ်လုပ်လာကြပြီး Hardware နှင့် Software များကိုလည်း တိုးတက်အောင် ဆောင်ရွက်လာကြသည်။

Sony ကုမ္ပဏီကလည်း Honami ဟုခေါ်သော ကင်မရာ 20-megapixel ပါရှိသည့် စမတ်ဖုန်း ထုတ်လုပ်ရန် ကြိုးစားနေကြောင်း ကောလာဟလသတင်း ထွက်ပေါ်နေသည်။

—Ref: Computerworld

## အော်ရီဒိုကုမ္ပဏီ ငါးနှစ်အတွင်း မြန်မာနိုင်ငံသားများကို ရာနှုန်းပြည့်အလုပ်ခန့်မည်ဟုဆို




ဓာတ်ပုံ-ကျော်ဇင်သန်း

*ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရရှိသော Ooredoo မှ တာဝန်ရှိသူများ ဇူလိုင်၅ရက်တွင် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်*

**အောင်သူရ၊ ဆွေမွန်**
**ရန်ကုန်၊ ဇူလိုင်-၅**

မြန်မာနိုင်ငံ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်တင်ဒါအောင်သွားသော ကာတာနိုင်ငံအခြေစိုက် Ooredooကုမ္ပဏီ အနေဖြင့် ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံသားများကို ရာနှုန်းပြည့်နီးပါး အလုပ်ခန့်သွားမည်ဟု သတင်းရရှိသည်။

တင်ဒါအောင်မြင်ပြီးနောက် ဇူလိုင်၅ရက်က ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ပထမဆုံးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် Ooredoo ကုမ္ပဏီမှ တာဝန်ရှိသူများက အထက်ပါအတိုင်းပြောကြားသွားသည်။

ကာတာအခြေစိုက်Ooredoo ကုမ္ပဏီသည် နိုင်ငံပေါင်းငါးဆယ်ကျော်မှ မတူကွဲပြားသော လူမျိုးငါးဆယ်ကျော်နှင့် ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံတွင် လုပ်ကိုင်လျက်ရှိကြောင်း အထက်ပါတာဝန်ရှိသူများကပြောသည်။

Ooredoo ကုမ္ပဏီအနေဖြင့် ၁၅နှစ်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၅ဘီလီယံရင်းနှီးမြှုပ်နှံရန်စီစဉ်ထားပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်များကို လုပ်ဖော်ကိုင်ဖက်အဖြစ်ရွေးချယ်သွားမည်ဟု ယင်းကုမ္ပဏီ၏ အကြီးတန်းကိုယ်စားလှယ် Mr. Ross Cormack ကပြောသည်။

မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာ တင်ဒါအောင်မြင်မှုရရှိသွားပြီးနောက် အင်တာနက်စာမျက်နှာများတွင် အာရပ်နိုင်ငံအခြေစိုက်ဖြစ်၍ ကန့်ကွက်နေမှုများ ကြုံနေရခြင်းနှင့်ပတ်သက်၍လည်း "ကျွန်တော်တို့ဟာ ပွင့်ပွင့်လင်းလင်းပြောဆို လုပ်ကိုင်သွားမယ့် လူမျိုးတွေပါ။ မေးသမျှကို ကျွန်တော်တို့ တတ်နိုင်သလောက် အကောင်းဆုံးဖြေကြား သွားမှာပါ။ အနာဂတ်မှာ ကျွန်တော်တို့ အမှားအယွင်းလုပ်ခဲ့ရင်လည်း ကျွန်တော်တို့ပြောဆိုသွားမှာပါ"ဟု Mr. Ross Cormack က ဖြေကြားသွားခဲ့သည်။

တယ်လီဖုန်းဆက်သွယ်ရေးနည်းပညာနှင့်ပတ်သက်၍နောက်ဆုံးပေါ် နည်းပညာများအသုံးပြုသွားမှာဖြစ်ပြီး ကျေးလက်ဒေသများအထိပါ 3Gနက်ဝေ့ခ်ကို အသုံးပြုသွားမည်ဟု Ooredoo ကုမ္ပဏီမှ တာဝန်ရှိသူများက ကတိပေးပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် တင်ဒါခေါ်ရာတွင် နော်ဝေးအခြေစိုက် Telenor ကုမ္ပဏီနှင့် ကာတာအခြေစိုက် Ooredoo ကုမ္ပဏီတို့တင်ဒါအောင်မြင်ခဲ့သည်။

## ဝက်ဘ်ဆိုက်ရေးဆွဲနည်း အခြေခံသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်

**အိမ့်မွန်ကျော်**
**ရန်ကုန်၊ ဇူလိုင်-၆**

ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ ဝက်ဘ်ဆိုက်ရေးဆွဲနည်းအခြေခံသင်တန်းကို ဇူလိုင် ၁၈ ရက်တွင် ဒုတိယအကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သင်တန်းကို နိုင်ငံခြားသွားရောက်မည့် ကျောင်းသား၊ ကျောင်းသူများ၊ ကွန်ပျူတာဖြင့် ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်မည့်သူများ တက်ရောက်နိုင်သည့်အပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများလည်းတက်ရောက်နိုင်သည်ဟု ဆိုသည်။

"အမှန်က အခြေခံဆိုတော့ ကန့်သတ်ချက်မရှိပါဘူး။ ကွန်ပျူတာကျောင်းသားတွေဆိုရင် ပိုသင့်တော်တာပေါ့"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သင်တန်းတွင်Introduction to Web Technologies, HTM, CSS, Basic Photoshop, Introduction to HTML 5, Introduction to PHP Programming စသော ပညာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။

နှစ်လကြာသင်တန်းတက်ရမည်ဖြစ်ပြီး သင်တန်းကြေး ကျပ်တစ်သိန်းသတ်မှတ်ထားသည်။ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်ဖြစ်ပါက ကျပ်၅၀,၀၀၀ သာ သတ်မှတ်ထားသည်ဟု သတင်းရရှိသည်။

ပထမအကြိမ်သင်တန်းကို မတ် ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းခန်းမတွင် ဖွင့်လှစ်ခဲ့သည်။




အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဦး၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ 01-703625, 09-73085653






12-15 2013 JULY

EMMA FAIR MYANMAR

Electricals ▪ Motor ▪ Machinery ▪ Auto Parts

အချိန်-နံနက် ၉:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ
နေရာ - တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။

နိုင်ငံပေါင်း (၇) နိုင်ငံမှ ထုတ်လုပ်ထားသော စက်ပစ္စည်း ကိရိယာများ၊ မော်တာ နှင့် ဆက်စပ် ပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ၊ ကားနှင့်ဆက်စပ်သော အပိုပစ္စည်းများ စသည့် အမျိုးအစားပေါင်း (၁၂၀) ကျော်ကို အပြည်ပြည်ဆိုင်ရာ စက်ပစ္စည်း ပြပွဲကြီးတွင် ခင်းကျင်းပြသမည် ဖြစ်ပါသည် ။

မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်ကြီးများ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ ဦးဆောင်ပြီး မြန်မာ့စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MIA) နှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော မြန်မာနိုင်ငံ၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ စက်ပစ္စည်း ပြပွဲကြီးသို့ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် ။



7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013



**“အခု နိုင်ငံတော်အုပ်ချုပ်နေတဲ့ခေါင်းဆောင်ကြီးများနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအကုန်ပွင့်ပွင့်လင်းလင်းပြောကြပါ။ စိတ်ထဲမှာ ငါဒီတစ်ခုတော့ ကြံထားဦးမယ်ဆိုတာမျိုးမထားဘဲ ပွင့်ပွင့်လင်းလင်းပြောကြလို့ရှိရင်တော့ အဆင်မပြေစရာ မရှိလောက်ပါဘူး”**

# ကချင်အထူးဒေသ(၁)လူမျိုးစုခေါင်းဆောင် ပြည်နယ်လွှတ်တော်အမတ် ဦးဇခုန်ယိန်းဆောင်နှင့်တွေ့ဆုံခြင်း



**ဥက္ကာကိုကို**

အမျိုးသားဒီမိုကရေစီသစ်တပ်မတော်(ကချင်) (NDA-K) သည် ၁၉၈၃ ခုနှစ်၌ အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်၊ အစိုးရနှင့် ပထမဆုံးလက်တွဲခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအဖြစ် နယ်ခြားစောင့်အသွင် ပြောင်းလဲခဲ့သည်။ လော်ဝေါ်၊ လာချိဒ်၊ လီဆူးလူမျိုးများ နေထိုင်လျက်ရှိသော ကချင်အထူးဒေသ(၁) အဖြစ် မြန်မာပြည်အရှေ့မြောက်ဖျားတောင်တန်းဒေသတစ်ခွင်ကို ဆက်လက်တာဝန်ယူခဲ့ကြသည်။ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ပန်ဝါ၊ ဖီမော်၊ ကံပိုင်တည်၊ ချီဖွေစသည့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများရှိရာဒေသလည်းဖြစ်သည်။ ၂၀၁၂ ခုနှစ်ဧပြီလတွင် ကချင်အထူးဒေသ(၁)၏နယ်ခြားစောင့်တပ်(၁၀၀၂)ကို ကေအိုင်အေတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယခုအချိန်အထိ တပ်စွဲထားဆဲ ဖြစ်သည်။ ပညာရေးနှင့် ဖွံ့ဖြိုးရေးပိုင်းတွင် များစွာနောက်ကျနေသေးသည့် တောင်ပေါ်ဒေသတစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလည်း များစွာခက်ခဲနေသေးသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်း၏ ဦးဆောင်မှုအောက်တွင် တည်ရှိခဲ့သည် ဒေသဖြစ်ကာ ယခုအခါ လူမျိုးစုအကြီးအကဲလည်းဖြစ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သော သားဖြစ်သူ ဦးဇခုန်ယိန်းဆောင်က ဆက်လက်တာဝန်ယူလျက်ရှိသည်။ ဦးဇခုန်ယိန်းဆောင်နှင့်ပန်ဝါမြို့တွင်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ကချင်အထူးဒေသ(၁)ရဲ့ နယ်မြေအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးစတာတွေကို ဦးယိန်းဆောင်တို့ကပဲ အစအဆုံးဆောင်ရွက်နေတယ်ဆိုတော့ ဒီနယ်မြေကြီးတစ်ခုလုံးမှာ ဆောင်ရွက်ပေးနေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ကုန်ကျတဲ့ စရိတ်တွေက ဘယ်လုပ်ငန်းတွေက ရတာလဲ။**

အခုကျွန်တော်တို့ ဒီချောင်းဆုံမှာ အစိုးရဆီက တရားဝင်ရွှေလုပ်ကွက်လျှောက်ပြီးတော့ ရွှေတူးတဲ့လုပ်ငန်းတွေရှိတယ်။ အဲဒီကရတယ်။ ပြီးတော့ ကျွန်တော်တို့ တရားဝင်လုပ်ကိုင်နေတဲ့ သတ္တုလုပ်ငန်းတွေ၊ အဲဒီက ဝင်ငွေတွေရတယ်။ အဲဒီကရတဲ့ပိုက်ဆံတွေနဲ့ ဒီဒေသကကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေမှ ပြန်အသုံးချတယ်။ အချို့ဟာ ကျတော့လည်း နိုင်ငံတော်ကို ဘတ်ဂျက်တင်တယ်။ နိုင်ငံတော်က ချပေးတာတွေရှိတယ်။

**ဒီနှစ်ပိုင်းအတွင်း ကေအိုင်အေနဲ့ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ ကချင်အထူးဒေသ(၁) အနေနဲ့ အစိုးရတပ်မတော်နဲ့ နယ်ခြားစောင့်တပ်ကို ကူညီထောက်ပံ့ပေးတာတွေရှိခဲ့လား။**

ကူညီထောက်ပံ့ပေးတာကတော့ အများကြီးပဲ။ စစဖြစ်တော့ တပ်မတော်ကလည်းရောက်လာတယ်။ ရောက်လာတော့ တပ်မတော်က ဒီဒေသမှာ အေးလားမသိ၊ပူလား မသိ၊ ဘောင်းဘီတိုနဲ့ ပုဆိုးနဲ့ ရောက်လာတဲ့လူလည်း ပါတယ်။ လောလောနဲ့လာရတဲ့ အခါကျတော့ ရာသီဥတုဒဏ်ကို သူတို့ခံစားရတယ်။ ဒီလောက်အေးတဲ့နေရာ၊ ကိုယ်တောင်မနေနိုင်တဲ့နေရာ သူတို့ဘယ်နေနိုင်မလဲ။ သူတို့အတွက်ကို အဝတ်အစားတွေ၊ အဝတ်အထည်တွေ ဝယ်ပေးတာတို့ ကိုယ်တို့ အဖွဲ့အစည်းအနေနဲ့ ကူညီတာ။ ပြီးတော့ တောထဲမှာ သွားလာတာအဆင်ပြေဖို့အတွက် ကားနဲ့ ကားမောင်းကျွမ်းတဲ့ လူတွေထည့်ပေးပြီး စစ်ကြောင်းအပြောင်းအလဲတွေမှာ ကြို့ပို့လုပ်ပေးတာတို့ပေါ့။ တပ်မတော်ရော၊ နယ်ခြားစောင့်ကိုရော ဒေသခံတွေအနေနဲ့ ကူညီခဲ့တယ်။ အခုပြည်သူ့စစ်အနေနဲ့ပါ ပူးတွဲပြီး ကူညီပေးနေတယ်။

**မိုင်တိုင် ၅၆၊ ၇၊ မျှောချောင်း၊ ဖရဲ-လငွေတောင်တန်းတစ်လျှောက်မှာ တပ်စွဲထားတဲ့ ကေအိုင်အေတပ်ဖွဲ့တွေ ဒီနှစ်မှာလည်း ပြန်လည်ဆုတ်ခွာမပေးဘူးဆိုရင် ဘာတွေဖြစ်လာမယ်လို့ ထင်ပါသလဲ။**

ကျွန်တော်တို့ပြောချင်တာက ပြည်ခိုင်ဖြိုးပါတီမှာ တာဝန်ရှိသလား။ တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့ အစိုးရမှာ တာဝန်ရှိသလား။ ဒါမှမဟုတ် မူလနေထိုင်တဲ့ ဒေသခံတွေမှာ တာဝန်ရှိသလား။ ဘယ်ဟာက တာဝန်အရှိဆုံးလဲလို့ အခုတိုင်းပြည်ကို အုပ်ချုပ်နေတဲ့ အစိုးရက ပွင့်ပွင့်လင်းလင်းလုပ်ဖို့တော့ လိုနေပြီ။ ဒါမှ ကျွန်တော်တို့လည်း ဘာလုပ်ရမယ်ဆိုတာသိမှာ။ အဲ၊ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ပြောရင် ကျွန်တော်တို့ မရမက မောင်းထုတ်မှာပဲ။ တာဝန်ပေးလိုက်တာနဲ့ ကျွန်တော်တို့ လုပ်မှာပဲ။ မောင်းထုတ်ဖို့ဆိုတာ ကျွန်တော်တစ်ယောက်တည်း မောင်းထုတ်မှာ မဟုတ်ဘူး။ ပြည်သူက လက်မခံလို့ မောင်းထုတ်လိမ့်မယ်။ ကျွန်တော်တို့အပိုင်းက ပြည်သူတွေတောင်းဆိုတာ အကုန်ဖြည့်ပေးမယ်။ ဒါကကျွန်တော်တို့ တာဝန်။

**ကေအိုင်အေကဒီဘက်ကမ်းကိုဝင်ရောက် တိုက်ခိုက်တပ်စွဲထားတဲ့ အပေါ်မှာ ဒီဒေသကို အစိုးရရဲ့ တာဝန်ယူမှုအပိုင်းနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။**

အခုပြောနေတဲ့ ပွင့်လင်းမြင်သာမှုအရပြောမယ်ဆိုရင် အစိုးရတပ်ရင်းဆိုချီဖွေမှာထိုင်နေတယ်။ အရှေ့ကနေဝင်လာပြီး ဒီမှာ ဒီလိုလာလုပ်ကြတယ်ဆိုတော့ ဒါကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောချင်တယ်။ တာဝန်ရှိလား၊ မရှိလား။ တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့လူကြီးတွေ စဉ်းစားကြည့်ကြ။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ဒီလောက်မြင်နေရတဲ့ဟာကို။ လာနေကူးနေတာ မြင်နေတဲ့ဥစ္စာကို တားလည်း မတားဘဲနဲ့ ဒီထဲကိုလွှတ်ထည့်လိုက်တယ်ဆိုတာဟာက ပွင့်ပွင့်လင်းလင်းပြောရင် ယုံကြည်မှုမရှိလို့ဖြစ်တာ။ အစိုးရက ကျွန်တော်တို့ကို မယုံလို့ဖြစ်တာလို့ ကျွန်တော် အဲဒီလို ယူဆတယ်။

**ကေအိုင်အို/ကေအိုင်အေ အဖွဲ့အစည်းအပေါ်မှာ ဦးဇခုန်ယိန်းဆောင်အနေနဲ့ဘယ်လိုမြင်ပါသလဲ။**

ကျွန်တော်အနေနဲ့မြင်တာ သူတို့လည်း အဖွဲ့အစည်း၊ သူတို့နေရာမှာ သူတို့ဖွံ့ဖြိုးမှုလုပ်တယ်ဆိုတာ လက်ခံတယ်။ ဒါပေမယ့် အကုန်လုံးကို ကေအိုင်အေပဲ အုပ်ချုပ်ရမယ်ဆိုတဲ့ဥစ္စာကိုတော့ ကျွန်တော်အနေနဲ့ လက်မခံနိုင်ဘူး။ လူမျိုးလည်း မတူဘူး။ ကချင်ဆိုတာတော့ ဟုတ်တယ်။ ကချင်ထဲမှာက လူမျိုးက ခြောက်မျိုးရှိတယ်။ ကျွန်တော်တစ်ခုပြောချင်တာက အခုသူတို့က အတူတူပါလို့ပြောရင် ရှေးယခင်ကတည်းက ပေါင်းလာရင် ဒီမှာ ဒါမျိုးလည်း ဖြစ်လာစရာမရှိဘူး။ တစ်ဖွဲ့တည်းပဲရှိမယ်။ ရှမ်းပြည်နယ်မှာလည်း ဦးမထုနော်ဆိုတာ သပ်သပ်ထွက်လာစရာမရှိဘူး။ အဲဒီတော့ ဘယ်သူမှာအမှားရှိလို့ ဒါမျိုးထွက်လာရတာလဲ။ မကောင်းဘူးထင်ရင်တော့ ထွက်ကြမှာပဲ။ ကောင်းတယ်ထင်ရင်တော့ လက်တွဲမှာပဲ။ သူတို့မှာ ကေအိုင်အေအဖွဲ့အစည်းက ရှေးယခင်ခေါင်းဆောင်လုပ်ခဲ့သူတွေမှာ အမှားအယွင်းတွေရှိခဲ့တယ်။ ဒါတော့ ရှင်းရှင်းလင်းလင်း စားပွဲပေါ်မှာရှင်းလို့ရတဲ့ တစ်နေ့တော့ ပြောလာကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်တယ်။ ကျွန်တော်မမီခဲ့တဲ့ ကိစ္စကိုကျတော့ မပြောချင်ဘူး။ ကျွန်တော်မီတဲ့ အချိန်မှာ ကေအိုင်အေ ကူညီခဲ့တဲ့နေရာတို့၊ အစိုးရနဲ့ အပစ်အခတ် ရပ်တာ။ ဖွံ့ဖြိုးအောင်လုပ်တာက သူတို့ရဲ့ မူပေါ်လစီနဲ့ သူတို့ရှိမှာပဲ။

**ကေအိုင်အေက ဘာကြောင့် ဒီဒေသကို လာပြီးတပ်စွဲတယ်လို့ ဦးယိန်းဆောင်မြင်ပါသလဲ။**

ကျွန်တော်အမြင်ပြောရရင် လူလိုချင်လို့လို့ထင်တယ်။ အင်အားလိုချင်လို့လို့ထင်တယ်။ ကေအိုင်အေမှာ အခု ရဲဘော်ဆိုတဲ့ ဥစ္စာကျွန်တော်တို့လော်ဝေါ်၊ လရှီ၊ လီဆူးတွေလည်း ပါတယ်။

**မိုင်တိုင် ၆ဖက်မှာ ဒေသခံအချို့ ကေအိုင်အေထိန်းချုပ်မှုထဲရှိနေတယ်လို့ ပြောကြပါတယ်။ အဲဒီ ဒုက္ခသည်တွေအတွက် ဦးယိန်းဆောင်တို့အနေနဲ့ ဘယ်လိုစီစဉ်ပေးဖို့ရှိပါသလဲ။**

ဘာတွေလုပ်ပေးနိုင်မလဲဆိုတော့ ကျွန်တော်တို့ ၂၀၁၂ ဇူလိုင်မှာ ရောက်သွားတယ်။ ဒုတိုင်းမှူးလည်းပါတယ်။ ကျွန်တော်အဖေလည်းပါတယ်။ ဒုက္ခသည်တွေနဲ့ ဆွေးနွေးတယ်။ မင်းတို့ပြန်မလား။ ပြန်မယ်ဆို ငါတို့လာခေါ်မယ်။ ကျွန်တော်တို့သွားခေါ်တော့ တရုတ်အစိုးရဆီမှာလည်း အကူအညီတောင်းရတာပေါ့နော်။ ဒီဘက်ကျတော့စစ်ဖြစ်နေတဲ့နေရာဟုတ်တဲ့အတွက်ကြောင့် မိုင်းမြှုပ်ထားတာတွေအများကြီးရှိတယ်။ ကျွန်တော်တို့ ဘယ်လိုမှသွားခေါ်လို့မရဘူး။ တရုတ်ပြည်ဘက်ကနေပတ်ပြီး ကားခုနစ်စီးနဲ့ကျွန်တော်တို့လူတွေထည့်လိုက်တယ်။ သွားခေါ်တော့ ဘာဖြစ်လဲဆိုတော့ အစက သွားဆွေးနွေးထားတဲ့အချိန်မှာ အကုန်လုံးလိုက်မယ်။ လာခေါ်ပေါ့။ ရောက်သွားတဲ့အချိန်ကြတော့ သုံးလေးငါးယောက်က ခားကိုင်ပြီးထွက်လာပြီးတော့ မင်းတို့ကို သတ်မယ်ဘာညာနဲ့။ တရုတ်ရဲတွေကဝင်တားပေးလို့ဒီကလူတွေ ဒုက္ခမရောက်ဘဲပြန်လာတာ။ ဒီသဘောတရားက ကျွန်တော်တို့က အစိုးရဆီပို့ပေးပြီးတော့ ဖမ်းတယ်တို့ ထောင်ချလိုက်တယ်တို့ သူတို့လိုင်ဇာအက်ဖ်အမ်ကနေပြောနေတာရှိတယ်လေ။ အဲဒီဘက်ကနေပြေးတာတဲ့ပြည်သူတွေက ပြောပြတာ ဘယ်လိုလုပ်လဲဆိုတော့ အိမ်မှာ အိမ်ထောင်ဦးစီးနှစ်ယောက်ရှိတယ်ဆိုရင် အမေက တစ်နေရာသွားမယ်ဆို အဖေကိုခဏထိန်းသိမ်းထားတယ်။ မြေတွင်းထဲမှာထည့်ပြီး ထိန်းထားတယ်။ ပြန်မလာတော့ဘူးဆိုရင် မင်းမိသားစုကို သတ်မယ်။ ဒါမျိုး ခြိမ်းခြောက်တာတွေရှိတယ်။ ဒါက ပြေးလာတဲ့လူတွေပြောပြတာ။

**ဒီနယ်မြေမှာ ဘိန်းစိုက်ပျိုးမှုတွေရှိနေတယ်ဆိုတဲ့ သတင်းတွေထွက်နေပါတယ်။ အခုဦးယိန်းဆောင်တို့ကလည်း ဘိန်းစိုက်ပျိုးထားတာတွေ မရှိပါဘူး ဆိုတော့သိချင်တာက ဦးယိန်းဆောင်တို့မစိုက်ဘူးဆိုရင်ဒီလိုနယ်မြေမှာဘယ်သူတွေက လာပြီးစိုက်နေတာလဲ။**

ကျွန်တော်လည်း ဒီမေးခွန်းကို အစိုးရကို ပြန်မေးချင်တယ်။ ဘယ်သူတွေလုပ်နေတယ်ဆိုတာ အစိုးရဆိုသိရမယ်လေ။ နိုင်ငံတော်အုပ်ချုပ်တဲ့အစိုးရကပိုသိပါတယ်။ ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာ မီဒီယာတွေ များများလာကြပါ။ လာပြီးကြည့်ပါ။ ဘိန်းစိုက်ထားတဲ့နေရာတွေလည်း သွားကြည့်။ ဘိန်းခင်းပိုင်ရှင်ဘယ်သူလဲ စစ်။ အေး။ ဟုတ်တယ်ဆို အရေးယူ။ လာကြည့်ပါ။ မှတ်ချက်ယူပါ။ ဘယ်သူစိုက်ခိုင်းတာလဲ။ ပိုက်ဆံဘယ်သူထုတ်ပေးတာလဲ။ ရှုရှားပညာရှင် ဘယ်နှယောက်ရှိလဲ လာကြည့်ပါ။

**စာမျက်နှာ(၃၂)သို့**

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following position under Three Millennium Development Goals Fund - 3MDG Fund for Yangon Duty Station with initial duration of 1 year with possibility of extension.

**Post Title :** Public Health Analyst
**Post Level:** LICA 6
**Application deadline:** 23 July 2013

All applications must be made through UNOPS E-recruitment system. For more information and application, please visit https://gprs.unops.org.

GOLDEN PASS
TRAVELS & TOURS CO.,LTD
၅၇၆ ဒီ၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့.

ရွှေလက်မှတ်
ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့.

သီရိလင်္ကာ (ကန္ဒီ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်ပူဇော်ပွဲ)
၆ ညအိပ် ၇ ရက် - Aug 15 -----> $ 1250

ဘန်ကောက် - ပတ္တရား (၄ညအိပ် ၅ ရက်) Aug 1 ----> $ 680

အိန္ဒိယ ၊ နီပေါ ဗုဒ္ဓဂယာ ဘုရားဖူးခရီး စဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

ဖုန်း - ၀၁ ၅၃၉၉၂၄၊ ၀၉ ၇၃၂၀၀၀၇၇၊ ၀၉ ၄၃၁၅၅၄၈၉၊ ၀၉ ၅၀၃၅၁၈၁

7DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# ပုဂ္ဂလိက သတင်းစာများ ကြံ့ခိုင်စေရမည်

ချမ်းငြိမ်း



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

*မကောင်းသောအမှုကိုဖုံးကွယ်၍ ပြုကျင့်သော်လည်းသူတစ်ပါးမသိ ဟု မအောက်မေ့သာ၊ အကယ်၍ သိလျှင်လည်း သတင်းစာမထည့် ဟု မအောက်မေ့သာ၊ ကေန် သတင်းစာက ရိုက်ပါလိမ့်မည်။*

*(မြန်မာဂေဇက်သတင်းစာ၊ ရတနာပုံခေတ်၊ ၁၈၇၁ ခု၊ ဩဂုတ်လ ၇ ရက်နေ့ထုတ်)*

**၁၉၆၂ အာဏာသိမ်းပြီးနောက် စတုတ္ထမဏ္ဍိုင်ဖြိုလှဲခံရခြင်း**

၁၈၃၆မတ်လ၃ရက်နေ့တွင် မြန်မာနိုင်ငံ၌ စတင်ပေါ်ထွန်းခဲ့သော Moulemein Chronical သတင်းစာမှသည် ၁၉၆၂မတ်လ ၂ရက်စစ်တပ်အာဏာသိမ်းသည် အထိမြန်မာပြည်သတင်းစာလောကသည် မှန်မှန်ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ထိုကာလ နှစ်ပေါင်းတစ်ရာကျော်အတွင်း အစိုးရအဆက်ဆက် မင်းပြောင်းမင်းလွှဲ အမျိုးမျိုး ဖြစ်ခဲ့သော်လည်း သတင်းစာ ဆရာ၊ သတင်းစာသမားတို့သည် တိုက်ပွဲအလီလီဆင်နွှဲကာ သတင်းစာလွတ်လပ်ခွင့်ရရေး၊ အချုပ်အနှောင် အမှီအခိုကင်းရေး၊ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ရရေးတို့အတွက် အမျိုးမျိုးတိုက်ပွဲဝင်ခဲ့သည်။ ဤအတောအတွင်း အုပ်ချုပ်သူလူတစ်စု၏အာဘော်သတင်းစာရှိခဲ့သလို ပါတီကိုယ်စားပြု သတင်းစာတွေလည်း ပေါ်ထွက်ခဲ့သည်။ သို့သော် သတင်းစာရေစီးကြောင်းသည် ကိုလိုနီခေတ်တွင်လည်းကောင်း၊ ဂျပန်ခေတ်တွင်လည်းကောင်း၊ လွတ်လပ်ရေးအကြိုခေတ်နှင့် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်းကောင်း ပိတ်ဆို့တားဆီးမှုအချို့ကြုံခဲ့ရသော်လည်း လုံးဝပိတ်ပင်တားမြစ်မှုမျိုး အလျဥ်းမရှိခဲ့၊ စဉ်ဆက်မပြတ် စီးဆင်းခဲ့သည်ချည်းသာဖြစ်၏။

သို့သော် ဖဆပလအကွဲအပြဲမှ ၁၉၆၀ ပထစအစိုးရလက်ထက်တွင် သတင်းစာဆရာ အများအပြား ဖမ်းဆီးထောင်ချခံရခြင်း၊ သတင်းလွတ်လပ်ခွင့်ကို အမျိုးမျိုး ပိတ်ပင်တားမြစ်ခြင်းမှအစပြု၍ ၁၉၆၂မတ်လ ၂ရက်အာဏာသိမ်းပြီးချိန်မှစကာ မြန်မာသတင်းစာလောကကို အာဏာသိမ်းစစ်တပ်အစိုးရက အမျိုးမျိုးဖြိုဖျက်ချခဲ့သည်။ ဤနေရာတွင် အများပြည်သူ ထင်ယောင်၊ ထင်မှား ဖြစ်စေသော အရေးအသားမျိုး ရှေ့ကပေါ်ထွက်ခဲ့ပြီးဖြစ်၍ ရှင်းလင်းရပါမည်။ ၁၉၆၀ ဖေဖော်ဝါရီလ ၆ ရက်တွင် ဦးနု ခေါင်းဆောင်သော သန့်ရှင်းဖဆပလ အာဏာပြန်လည်ရလာပြီး ပထစ(ပြည်ထောင်စုအစိုးရ)အဖွဲ့ကိုဖွဲ့ကာ အုပ်စိုးချိန်တွင် ပြဿနာများစွာဖြစ်လာကာသတင်းစာဆရာအများအပြားမှာ ပုဒ်မအမျိုးမျိုးတပ်၍ အချို့လည်း ဘာပုဒ်မမျှအတပ်မခံရဘဲ ဖမ်းဆီးထောင်ချခြင်း ခံရလေသည်။

ယင်းအဖြစ်အပျက်များမှာ ပထစ အစိုးရ၏ လက်ချက်ဟု သမိုင်းတွင် လက်ညှိုးထိုးခံရပြီးနောက်ကွယ်မှ အဖြစ်အပျက်အမှန် သိရှိသူ နည်းပါးခဲ့သည်။ ထိုအချိန်က သတင်းစာအင်အားကို ကြိုတင် သိမြင်သော နောင်တစ်ချိန်စစ်အာဏာရှင်ဖြစ်လာမည့် ဗိုလ်ချုပ်နေဝင်းသည် ထောက်လှမ်းရေးမှတစ်ဆင့် သတင်းစာဆရာများကို ဖမ်းဆီးကာ ချုပ်နှောင်ခြင်းသာဖြစ်ခဲ့သည်။ ထိုသတင်းစာဆရာများ နှိပ်ကွပ်ခံရခြင်းတွင် ပထစအစိုးရတာဝန်ရှိသော်လည်း တကယ်တမ်းဖိနှိပ်ဖမ်းဆီးခဲ့သည်မှာ စစ်တပ်သာလျှင် ဖြစ်သည်ဟု ထိုအချိန်က သတင်းစာလှုပ်ရှားမှုအတွင်း ထဲထဲဝင်ဝင် ပါရှိခဲ့သူ အသက်ရှစ်ဆယ်ကျော် သတင်းစာဆရာကြီးနှစ်ဦးက အတိအလင်း ပြောခဲ့ဖူးသည်။ တစ်ဖန်တော်လှန်ရေးကောင်စီ အမည်ခံယူထားသည့် စစ်တပ်အစိုးရသည် အာဏာသိမ်းပြီးချိန်မှစ၍ တရားဝင်နိုင်ငံရေးပါတီများ ဖျက်သိမ်းပစ်ခြင်း၊ အသင်းအပင်းအဖွဲ့အစည်းမှန်သမျှ ဖျက်ပစ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းကြီးငယ်များကို ပြည်သူပိုင်ပြုခြင်းအပြင် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့လေးများ ရပ်တည်ခွင့်ကိုပင် ချမ်းသာမပေးခဲ့။ ဤသို့ဆိုရလျှင် ၎င်းတို့ကို အဓိကအန္တရာယ်ပေးထောက်ပြမည့်ပုဂ္ဂလိက သတင်းစာများ၊ သတင်းစာတိုက်များကို နှိပ်ကွပ်ပစ်သည်မှာလည်း အထူးတလည်မဆန်းပါ။ ဆန်းသည်က ရတနာပုံ မင်းတုန်းမင်းခေတ် ဘိုးဝဇီရလက်ထက်ကတည်းက တည်တံ့လာသော နှစ်ပေါင်းရာကျော် လွတ်လပ်စွာ သတင်းရေးသားခွင့်ကို တစ်မနက်တည်းဖြင့် ရိုက်သတ်လိုက်သည့် ကြက်နှယ် ပြုမူခံရခြင်းသာဖြစ်ပါသည်။ သတင်းစာ ဆရာတွေ ထောင်ချခံရသလို သတင်းစာတိုက်တွေချိတ်ပိတ်ခံရသည်။ ပြည်သူပိုင်အကြောင်းပြကာ အာဏာလက်ကိုင်တုတ်အတွက် သတင်းစာတိုက်တွေ သိမ်းလိုက်ကြသည်။

စစ်တပ်အာဏာမသိမ်းမီက မြန်မာနိုင်ငံသည်သတင်းစာလွတ်လပ်ခွင့်၊ သတင်းစာအဆင့်အတန်း၌ အာရှတွင် ထိပ်ဆုံးမှစတင်ရေတွက်လျှင် အဆင့်သုံးနေရာ၌ ရှိခဲ့သည်။ ၁၉၄၅ခုနှစ်မှ အာဏာသိမ်းချိန်အထိ မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်၊ တရုတ်၊ အိန္ဒိယဘာသာဖြင့် ထုတ်ဝေသော၊ တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေသောသတင်းစာ ၄၀ ခန့်ရှိခဲ့သော်လည်း စစ်အစိုးရ၏ မတရားဖိနှိပ်ချုပ်ချယ်မှုများကြောင့် ပုဂ္ဂလိက သတင်းစာများ လုံးပါးပါးခဲ့ရကာ တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည်။ ၁၉၆၃ ဇူလိုင် ၁ ရက်တွင် **နိုင်ငံသစ်သတင်းစာ၊ မန်းခေတ်သတင်းစာ**၊ ၁၉၆၄ ဇန်နဝါရီ ၂၅ ရက်တွင် **ယုဝတီ**၊ ဖေဖော်ဝါရီ ၈ ရက်တွင် **ပြည်ထောင်စုနေ့စဉ်**၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် **အမျိုးသားသတင်းစာ**၊ မေ ၁ ရက်တွင် **သမာဓိသတင်းစာ** နှင့် မေ ၁၈ ရက်တွင် **နေရှင်းအင်္ဂလိပ်သတင်းစာ** တို့ ရပ်ဆိုင်းခဲ့ရသည်။ ဆက်လက်၍ **အိုးဝေ၊ မိုးကြိုး** အစရှိသည့် သတင်းစာတိုက်ကြီးများ ပိတ်ခဲ့ရသည်။ ထို့အပြင် ၁၉၆၄ စက်တင်ဘာ ၁ ရက်တွင် **ကြေးမုံ**၊ စက်တင်ဘာ ၁၁ ရက်တွင် **ဗိုလ်တထောင်** သတင်းစာများ ပြည်သူပိုင်သိမ်းခံရပြီး ၁၉၆၆ ဇန်နဝါရီ ၁ ရက်တွင် တိုင်းရင်းသားသတင်းစာများ လုံးဝရပ်ဆိုင်းခံရကာ ၁၉၆၇ ဇူလိုင် ၈ ရက်တွင် **မန္တလေးလူထုသတင်းစာ** ထုတ်ဝေခွင့်ရပ်စဲခံရသည်။ ၁၉၆၉ ဇန်နဝါရီ ၃၁ ရက်တွင် လွတ်လပ်သော **မြန်မာ့အလင်းနှင့် ဟံသာဝတီ** ကို ပြည်သူပိုင်ပြုလေသည်။ နာမည်ကြီး **ရန်ကုန်သတင်းစာ**ကိုမူ အယ်ဒီတာ ဦးယုမောင်အား ထောင်အကြိမ်ကြိမ်ချခြင်း၊ ပိုင်ရှင် ဦးအောင်မြင်ကို အလုပ်သမားအရေး အမျိုးမျိုး အကြောင်းပြ ခြိမ်းခြောက်ကာ ၁၉၇၂ ဇွန် ၁ ရက်တွင် ပိတ်ခဲ့သည်။ စစ်အစိုးရသည်ဤကဲ့သို့လွတ်လပ်သည့်ပုဂ္ဂလိကသတင်းစာများပိတ်ပစ်ခဲ့ရုံမက တစ်ဖက်တွင်လည်း ၁၉၆၂ ဩဂုတ်လ၌ **ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်အက်ဥပဒေသစ်** ဆိုသည်ကိုပြဋ္ဌာန်းကာ စာနယ်ဇင်းလောကအား ချုပ်ကိုင်အမှောင်ချခဲ့သည်။ ထိုဥပဒေကို ပင်ထပ်မံတင်းကျပ်ရန် ၁၉၆၇ ဇူလိုင် ၇ ရက်တွင် အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ကာ စာနယ်ဇင်းများအပေါ် ပြင်းထန်စွာ အရေးယူချမှတ်နိုင်ရန် ပြဋ္ဌာန်းခဲ့သည်။ ထိုအချိန်မှစ၍ တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်လည်း ဗုန်းဗုန်းလဲပြိုကျကာ လုပ်သားပြည်သူ့နေ့စဉ်(အင်္ဂလိပ်၊ မြန်မာ) မြန်မာ့အလင်း၊ ကြေးမုံ၊ ဗိုလ်တထောင် အစရှိသည့်သတင်းစာများအား အစိုးရက ချုပ်ကိုင်ကာ အာဘော်သတင်းစာအဖြစ် အသုံးချခဲ့သည်မှာ နှစ်ပေါင်းငါးဆယ်ခန့်ကြာခဲ့ပြီး ယနေ့အချိန်အခါတွင်မူ နယူးလိုက်အော့ဖ်မြန်မာ၊ မြန်မာ့အလင်းနှင့် ကြေးမုံ သာ အစိုးရထုတ် သတင်းစာအဖြစ် ကျန်ရှိနေပေသည်။

**သတင်းဂျာနယ်များ ပေါ်ထွန်းလာခြင်းနှင့် ပုဂ္ဂလိက သတင်းစာများ ထွက်ရှိလာခြင်း**

ဤသို့သော သတင်းစာ၏ အမှန်တရားနှင့် လုပ်ပိုင်ခွင့်ကို စစ်အစိုးရသည် လက်ကိုင်တုတ်သဖွယ် အသုံးချပြီး ဖိနှိပ်သုတ်သင်ခဲ့ရာ နောင်မွေးဖွားလာ လတ္တံ့သော ပုဂ္ဂလိကသတင်းစာ အသီးသီးမှာလည်း သားလျှောကုန်ကြကာ မြန်မာနိုင်ငံ၌ပုဂ္ဂလိကသတင်းစာများ စုံးစုံးမြုပ်ပျောက်ကွယ်ခဲ့ရသည်။ ထို့နောက် စစ်အစိုးရ၏ အမည်ခံလမ်းစဉ်ပါတီကအရှိန်အဟုန်ကောင်းဆဲ စာနယ်ဇင်းများကို ထိန်းချုပ်နိုင်ပြီဟုထင်ကာ ၁၉၇၀ ပြည့်လွန်နှစ်များတွင် သတင်းစာနှင့်နီးစပ်သည့် **အထောက်တော်၊ ရွှေတူ၊ အိုးဝေ** အစရှိသည့် သတင်းဂျာနယ်အချို့ ထုတ်ဝေခွင့်ပေးခဲ့သည်။

သို့ရာတွင် ယင်းကာလက ဖြစ်ပွားခဲ့သော ဦးသန့်အရေးအခင်းနှင့် တစ်လုံးပြီးတစ်လုံး ပေါ်လာသော အလုပ်သမားသပိတ်များ စပ်ကူးမပ်ကူးတွင် ထိုဂျာနယ်များ ဆက်လက်ထုတ်ဝေခွင့်မရတော့ဘဲ ကာလရှည် အမှောင်ကျနေခဲ့သည်။ ထို့နောက် ရှစ်လေးလုံး အရေးတော်ပုံအတွင်း သတင်းလွှာ၊ သတင်းစာများ ပလူပျံ့ခဲ့ပြီး ၁၉၈၈ စက်တင်ဘာ ၁၈ ရက် စစ်တပ် အာဏာထပ်မံ သိမ်းပြီးနောက် စာနယ်ဇင်းများ ဖိနှိပ်ခံရပြန်သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် စစ်တပ်နှင့် အနေနီးစပ်သည့် အသိုင်းအဝိုင်းက နာမည်ကြီး သတင်းဂျာနယ်၊ သတင်းစာစောင် လုပ်ကိုင်ခွင့်ရခဲ့သည်။ မရှေးမနှောင်းမှာပင် သတင်းဂျာနယ်အချို့ထုတ်ဝေခွင့်ရပြီး ၂၀၀၇၊ ၂၀၀၈ နှစ်များတွင် သတင်းဂျာနယ်များ အားကောင်းမောင်းသန် ပေါ်ထွက်လာပါသည်။ ၂၀၀၈ နာဂစ်အလွန်တွင် သတင်းဂျာနယ်များသည် ထိုကာလက နာဂစ်ဒဏ်သင့် ပြည်သူများ၏ အခြေအနေမှန်ကို ဖော်ပြနိုင်သဖြင့် လူထု၏ ယုံကြည်မှုကို ဆုပ်ဆုပ်ခဲခဲရရှိလာကြသည်။ စာပေစိစစ်ရှိသေးသော်လည်း ထိုအချိန်ကပင် သတင်းဂျာနယ်များသည်သတင်းစာထုတ်ဝေခွင့်ရရေး အိပ်မက်နေကြပြီ။ ထို့နောက် နိုင်ငံရေးအပြောင်းအလဲများ၊ အချိုးအကွေ့များ ဆက်တိုက်ဖြစ်ပေါ်လာပြီး ၂၀၁၀ ရွေးကောက်ပွဲအလွန် ၂၀၁၂ ဩဂုတ် ၂၀ ရက်တွင် စာနယ်ဇင်းများအပေါ် စီးမိုးထားသည့် စာပေစိစစ်ရေးဆိုတာကြီး ဖျက်သိမ်းလိုက်ကြသည်။ သို့သော် ထိုအပြောင်းအလဲများ၊ အချိုးအကွေ့များသည် အာဏာပိုင်များအနေဖြင့် စေတနာပါလွန်းသောကြောင့်တော့ မဟုတ်ပေ။ အပြောင်းအလဲတစ်ခု မဖြစ်မနေ လုပ်ဆောင်ရမည့် တွန်းအားများကြောင့်သာ ဖြစ်ပေါ်ခဲ့ရသည်။ တစ်ချိန်တွင် ချောင်ပိတ်ခံရမည့် အခြေအနေကို ကြိုတင်သိမြင်သော စစ်အစိုးရသည် ၎င်းတို့အတွက် အကောင်းဆုံးသော ရလဒ်ဖြင့် တဖြည်းဖြည်းချင်း နောက်ဆုတ်သွားခြင်းသာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် လူထုအမြင်တွင် တပ်ကိုဖျောက်ထားလိုက်ကြသည်။

**စာမျက်နှာ(၂၀)သို့**

# ဖျတ်ခနဲ ပတ္တမြားများ

မောင်သာချို

(တစ်)

မိုးကုတ်မြို့ရှိရာဆီသို့ ကျွန်တော်ရောက်သွားရပုံက နည်းနည်းကလေးများ ဒရောသောပါးဆန်နေလေရော့သလား မပြောတတ်ပါ။ ရန်ကုန်ကနေ ညကားစီး၊ မနက်ခင်းစောစောစီးစီးကြီး မန္တလေးသို့ရောက်၊ မိုးကုတ်ကလာကြိုနေသည့် ကားပေါ်တက်၊ မနက်ခင်းစာကို မန္တလေးမြို့ တစ်နေရာမှာ ခပ်သွက်သွက်စားကာ မိုးကုတ်ကိုတက်ဖို့ လမ်းရွေးကြတော့ ပြင်ဦးလွင်ဘက်ကနေ ထပ်ဖောက်ထားသည့်လမ်းအသစ်ကနေသွားကြဖို့ ကားဆရာနှင့် ကျွန်တော်တို့ သဘောတူကြပါသည်။

ပြင်ဦးလွင်ဘက်ကနေ မိုးကုတ်သို့ ထပ်ဖောက်ထားသည့် လမ်းက ဟိုးအရင်လမ်းဟောင်းထက် လမ်းပိုကောင်းပါသည်။ အဆင်းအတက်များသော်လည်း အကွေ့အကောက်သိပ်မရှိသည့်လမ်းမို့မြင်ကွင်းကတော်တော့ကိုရှင်းပါသည်။ လမ်းတွင်ဟိုခိုဆိုသည့်ကားတို့တစ်ခဏစခန်းချ ရပ်နားရာ ရွာကလေးတစ်ရွာကလွဲပြီးဘာရွာမှမရှိ။ ထို့ကြောင့် ဆိုင်ကယ်အသွားအလာ သိပ်မရှိ။ ခရီးသည်တင် Express ကားကြီးတွေ ကလည်း မပြေးသေး။ ထို့ကြောင့် ကားကိုလွတ်လွတ်လပ်လပ်မောင်းတက်သွား၍ရသော တောင်ပေါ်လမ်းဖြစ်ရာ မူလလမ်းဟောင်းထက် ကားမောင်းချိန် တစ်နာရီခွဲ ဝန်းကျင်လောက် သက်သာပါသည်။ ကျွန်တော် အကြိုက်ဆုံးကတော့ ဘယ်ကိုကြည့်လိုက် ကြည့်လိုက်ကြည့်လေရာမှာ မျက်စိတစ်ဆုံးတစ်လုံးပေါ်တစ်လုံး ထပ်ထားသည့်တောင်တန်းကြီးတွေပဲဖြစ်ပါသည်။ မှိုင်းပြာလို့၊ စိမ်းမြလို့၊ တောင်ခိုးတွေ ဝေလို့၊ မြူခြေတွေဆိုင်းလို့၊ တိမ်နှုတ်ခမ်းတွေက တောင်ခါးပန်းကို ပွတ်သပ်ရှိုက်နမ်းလို့၊ လက်ဖက်ခင်းတွေ၊ မက်မန်းခင်းတွေ၊ ထင်းရှူးတောတွေ ဝန်းရံထားသည့် လမ်းကနေ ငါးနာရီလောက်ဖြတ်သန်းပြီးနောက် နမ့်ပန်ချောင်းကိုကျော်မိုင်းလုံလမ်းခွဲကို ဖြတ်ပြီးသော် မိုးကုတ်ကို တောင်ဘက်ပေါက်ကနေ ရောက်ရှိ၍ သွားခဲ့ပါသည်။

မိုးကုတ်မှာက ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ညီလာခံကို သိုက်မြိုက်ခမ်းနားစွာကျင်းပရာ ထိုပွဲ၌သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များနှင့်အတူ ဆရာတော် ဝီရသူနှင့် ကျွန်တော်က စကားပြောရန်ဖြစ်ပါသည်။

မနက်ခင်း ကျွန်တော်တို့ မရောက်မီကတည်းက ရှမ်း၊ လီဆူး၊ ပလောင်၊ ဂေါ်ရခါးစသည့် တိုင်းရင်းသားပေါင်းစုံတို့က ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေခဲ့ကြပြီး သက်ဆိုင်ရာ ဘာသာဝင်တို့ကလည်း ငြိမ်းချမ်းရေးကို ဦးတည်သည့်ခင်းကျင်းပြသသီဆိုတီးမှုတ်ခြင်းများဖြင့် ညှော့ခံနေခဲ့ကြခြင်းဖြစ်ပါသည်။ နေ့လယ်ခင်းကျတော့မှ ဟောပြောပွဲစ၊ ညနေခင်းမှာပြီးဆုံး၊ ခဏကလေးမှေး ပြီးညသန်းခေါင်ယံမှာ ကားအဆင်သင့်ဖြစ်ပြီဆိုသည်နှင့်စွေ့ခနဲကားပေါ်တက်ကာအပြန်လမ်း ကို စဉ်းစားတော့ လမ်းဟောင်းဖြစ် သွားပါသည်။

လမ်းဟောင်းဆိုသည်က ကျပ်ပြင်ဘက်ကနေ သပိတ်ကျင်းဘက်ကိုထွက်သည့်လမ်း။ မတ္တရာကို ဖြတ်ပြီး မန္တလေးသို့ ဝင်သည့်လမ်း။ လမ်းက ကြမ်းပြီး အကွေ့အကောက်များလွန်လွန်းလှသည့်လမ်းဖြစ်ပါသည်။ ကားဆရာက ၉၉၉ ကွေ့ရှိသည်ဟု ဆိုခြင်းမှာဟုတ်လောက်ပါသည်။ ပြင်ဦးလွင်ဘက်ကလာသည့်လမ်းလိုမြင်ကွင်းကျယ်ကြီးတွေကို ကြည့်၍မရ။ တောင်နှင့် တောက နေရာတိုင်းမှာ မြင်ကွင်းကိုပိတ်ဆို့၍ ထားရာ တစ်ကွေ့ကွေ့လို့မှမပြီးသေးနောက်တစ်ကွေ့၊ နောက်တစ်ကွေ့ကွေ့လို့မှ မပြီးသေးနောက်ထပ်တစ်ကွေ့။ ထို့ကြောင့်မောင်းချိန်က လမ်းသစ်ထက် တစ်နာရီခွဲ နှစ်နာရီလောက်ပိုကြာပါသည်။ ထို့ပြင် ယာဉ်အသွားအလာအတက်အဆင်းက ခပ်စိပ်စိပ်။ သို့သော် ရွာဆက်မပြတ်ခြင်း၊ ယာဉ်သွားယာဉ်လာစိပ်ခြင်း၊ တောင်က အသက်အန္တရာယ်နှင့် အလွန်အမင်းနီးကပ်လောက်အောင် မမြင့်ခြင်းစသည့်အချက်များကြောင့် လမ်းတွင်ကားတစ်ခုခုဖြစ်ဦးတော့ ဟူသည့်စိုးရိမ်မှုဖြင့် မိုးကုတ်ကို ကျပ်ပြင်ဘက်အပေါက်ကနေနှုတ်ဆက်ထွက်ခွာသွားဖို့ကျွန်တော်နှင့် ကားဆရာတို့ဆုံးဖြတ်လိုက်ကြခြင်းဖြစ်ပါသည်။

တကယ့်ကိုမှ ဖျိုးခနဲ မိုးကုတ်၊ ဖျတ်ခနဲ ပတ္တမြား။

(နှစ်)

မိုးကုတ်မြို့က တောင်တန်းကြီးတွေ ပတ်ချာဝိုင်းထားသည့် အလယ်၌တည်ရှိသော မြို့ဖြစ်ပါသည်။ မိုးကုတ်ကို ပတ်ချာဝိုင်းထားသည့် တောင်တွေက အပြာတစ်ထပ်၊ အစိမ်းတစ်ထပ်၊ အဆိုင်းတစ်ထပ်၊ အမှိုင်းတစ်ထပ်မို့ လောကကြီးနှင့် အဆက်အသွယ် ဖြတ်ကာ ဧကစာကျင့်သုံးပြီး တူတူပုန်းနေသည့် မြို့ကလေးနှင့်ပင်တူလှပါသည်။

မြို့လယ်ကောင်ကို ရေနီမြောင်းကလေးက ဖြတ်စီးလို့။ ရေကတော့ သိပ်မရှိ။ အလွန်ဆုံးရှိလှ တစ်ပေဝန်းကျင်ပေါ့။ သို့သော် တောင်ပေါ်ချောင်းမို့ ရေစီးလျင်မြန်ကာ အောက်ခြေကလည်း ကျောက်တုံးကျောက်ခဲများဖြစ်၍ ရေစီးသံကို အဆက်မပြတ်ကြားနေရသည်။ ရေကတော့ဟသ်ပဒါးရောင်ဖြင့် နီနီရဲရဲ။

“ရေကအခုလိုနီရဲနေမှဆရာရဲ့ ရေကြည်ရင် မကောင်းဘူး”

မှန်ပါသည်။ ရေတွေနီရဲနေတယ်ဆိုတာ တစ်နေရာရာ၌ အလုပ်လုပ်နေခြင်း၊ အလုပ်ဖြစ်နေခြင်းရဲ့ သင်္ကေတပဲပေါ့။ ကျောက်တူးလုပ်ငန်းခွင်တွေ အသက်ဝင်လှုပ်ရှားနေတယ်ဆိုတဲ့ သဘောပေါ့။

မိုးကုတ်က ပတ္တမြားမြေ အဖြစ် နာမည်ကြီးပါသည်။ ကျပ်ပြင်ဘက်က အဝင်မြို့ဝင် ဆိုင်းဘုတ်ပေါ်၌ပင် ပတ္တမြားမြေအဖြစ် ဖော်ပြထားပါသည်။ မြို့ကျက်သရေဆောင်ခန်းမအမည်ကလည်းမဏိရတနာခန်းမတဲ့။

သို့သော်မိုးကုတ်က ပတ္တမြားတစ်မျိုးတည်းထွက်သည်တော့ ကားမဟုတ်ပါ။ နီလာထွက်ပါသည်။ ကြောင်ထွက်ပါသည်။ ဥဿဖရားထွက်ပါသည်။ ပြောင်ခေါင်းစိမ်းထွက်ပါသည်။ မြထွက်ပါသည်။ အညှက်ရောင်စုံထွက်ပါသည်။ ထို့ကြောင့် ရတနာမြေဟု ဆိုရလောက်သော မြို့ဖြစ်ပါသည်။ သို့သော် ပတ္တမြားက ရတော့လည်း များမှများ ကောင်းတော့လည်း အတိုင်းထက်အလွန်မို့ မိုးကုတ်ဟုဆိုမှဖြင့် ပတ္တမြားကပဲ ဇာတ်လိုက်ဖြစ်၍ နေပေရာ ပတ္တမြားမြေအဖြစ် မိုးကုတ်က ထင်ပေါ်နေခြင်းဖြစ်ပါသည်။

> မိုးကုတ်ဆွံ့အကြဲလို့သွားတာ ဘယ်လောက်ရှိပြီလဲ မေးတော့ တစ်ယောက်က ၁၉၉၇ လောက်ကစပြီး တဖြည်းဖြည်းဟုဆိုပါသည်။ ပေါက်တူးကလေးဆွဲပြီး ဟိုနား သည်နား ထွက်သွားရင် ထမင်းစားကျောက်ကတော့ မရှားပါးဘူးဆိုသည့် မိုးကုတ်သားတွေ အခုတော့ ထမင်းစားကျောက်သာမက မုန့်ဖိုးပဲဖိုးကျောက်ပါ ရှားစပြုပါပြီ . . .

မိုးကုတ်အနောက်ဘက် ၇ မိုင်အကွာ၌ ကျပ်ပြင်ရှိရာ၊ ၇ မိုင် ဆိုသော စကားသည် ဒေသခံတို့၏စကားသာဖြစ်ပြီး အင်တာနက်အချက်အလက်တွေထဲမှာက ၁၂ မိုင်ဟု ဖော်ပြထားသည်ကို ကျွန်တော်သတိပြုမိပါသည်။

ပတ္တမြားမြေဆိုသည်မှာ ထိုကျပ်ပြင်အပါအဝင်မိုးကုတ်ဒေသကို ခေါ်နေကြခြင်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ် ကိန်းဂဏန်းများက ပတ္တမြားမြေ၏ လူဦးရေကို တစ်သိန်းခွဲဖော်ပြထားပြီး ယခု ၂၀၁၃ တွင် တစ်သိန်းခြောက်သောင်းဟု သတင်းအချက်အလက် ရပ်ကွက်အစိုးက ကျွန်တော့်ကို ပြောပါသည်။

“အခုတော့ တစ်ဝက်တိတိပဲ ရှိတော့တယ် ဆရာရဲ့ မိုးကုတ်သူ မိုးကုတ်သား ရှစ်သောင်းလောက်က မိုးကုတ်မှာ မရှိကြတော့ဘူး”

သည်စကားကို ပြောသူ(သို့မဟုတ်)သည်လိုအနက်အဓိပ္ပာယ်သက်ရောက်သည့် စကားမျိုးကိုပဲပြောသူ မိုးကုတ်က လူတို့ သည်လိုစကားမျိုးတွေကို ပြောတိုင်း ပြောတိုင်း မျက်နှာမကောင်းလှတာကို ကျွန်တော်သတိပြုမိပါသည်။

“အခု မိုးကုတ်မှာ တွယ်ကပ်ကျန်ခဲ့သူ လူရှစ်သောင်းလောက် မိုးကုတ် ယန္တရားကြီး ရပ်မသွားရလေအောင် ဘယ်ကငွေနဲ့ လည်ပတ်နေကြတယ် ဆရာထင်သလဲ။ အပြင်ကို ထွက်ပြီး အလုပ်လုပ်နေသူတွေက ပြန်ပို့တဲ့ငွေနဲ့ မိုးကုတ် လည်ပတ်နေရတာ ဆရာရဲ့”


သည်စကားက ဟုတ်လောက်ပါသည်။ လူဦးရေတစ်ဝက်က အပြင်ထွက်ကာ အလုပ်လုပ်ကြရလို့လား မသိ။ မိုးကုတ်မြို့ လမ်းတွေပေါ်မှာက လူသူလေးပါး ရှင်းလင်းလွန်းပါသည်။

မိုးကုတ်ကျပ်ပြင်သွားလမ်းပေါ်က နေ့လယ်ခင်းကျောက်အရောင်းအဝယ် လုပ်ကြရာ ထာပွဲကိုရော ထိုထာပွဲနှင့် မလှမ်းမကမ်း လမ်းကြားထဲက ညနေခင်းထာပွဲကိုရော ကျွန်တော်တစေ့တစောင်း အကဲခတ်မိပါသည်။ အရောင်းအဝယ် ပြောလောက်အောင်မဖြစ်ဘဲ ထိုလူစုကွဲသည်နှင့် လမ်းတွေပေါ်မှာ လူသိပ်မရှိတော့။ ဆိုင်မျိုးစုံထဲမှာကလည်း လူက ခပ်ကျဲကျဲ ခပ်ပါးပါး။

“မိုးကုတ်က လူတွေက မပျင်းဘူးဆရာရဲ့။ ကျောက်တူးဆိုလည်း တူးမယ်။ ကျောက်သွေးဆိုလည်း သွေးမယ်။ နေ့စားခ သုံးလေးထောင်ရလည်း လုပ်မယ်ဆိုတဲ့ လူတွေ အခု လုပ်စရာမရှိကြတော့ဘူး”

မိုးကုတ် ဆွံ့အကြဲလို့သွားတာ ဘယ်လောက်ရှိပြီလဲ မေးတော့ တစ်ယောက်က ၁၉၉၇ လောက်ကစပြီး တဖြည်းဖြည်းဟု ဆိုပါသည်။ ပေါက်တူးကလေး ဆွဲပြီး ဟိုနား သည်နား ထွက်သွားရင် ထမင်းစားကျောက်ကတော့ မရှားပါးဘူးဆိုသည့် မိုးကုတ်သားတွေအခုတော့ထမင်းစားကျောက်သာမက မုန့်ဖိုးပဲဖိုးကျောက်ပါ ရှားစပြုပါပြီ ။ ။

*(ရှေ့တစ်ပတ်အဆုံးသတ်ပါမည်)*



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**

# ငွေတိုးလုပ်ငန်းတိုင်း စိန်မခေါ်ပါ

**တင်ဘုန်းဝင်း**



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

၂၀၁၃ ဇွန် ၂၆ ရက်ထုတ် 7DAY NEWS JOURNAL အတွဲ (၁၂) အမှတ် (၁၆) မှာပါတဲ့ ထူးဆန်းရဲ့ "ဆင်းရဲမွဲတေမှု လျှော့ချရေးကို စိန်ခေါ်နေသော တရားမဝင် ငွေတိုးလုပ်ငန်းများ"ဖတ်ပြီးပြန်လည်ဆွေးနွေးရင်း မိတ်ဆွေတစ်ဦးရဲ့ အဖြစ်မှန်လေးကို တင်ပြလိုက်ရခြင်းပါ။

မရှိဆင်းရဲသားတွေကို မတရားငွေချေးစားတဲ့ အလုပ်နဲ့ ပတ်သက်ပြီး ဒီဂျာနယ်မှာပဲ စေတနာအားနှင့် ရေးသားတာ အတွေ့များပါတယ်။ မူးတိုး၊ မတ်တိုး၊ နေ့ပြန်တိုးတွေနဲ့ ဘဝအခြေအနေဆိုးခဲ့ရတဲ့ ဗျပ်ထိုးခေါင်းရွက်ဈေးသည်တွေ အကြောင်းလည်း ကောင်းကောင်းဖတ်ခဲ့ရဖူးပါတယ်။

ဆင်းရဲသူ၊ ဆင်းရဲသား ဆိုတာလည်း အချိန်တိုင်း ငွေလိုတာများပါတယ်။ ငွေတိုးပေးသူတွေကလည်း "သားကောင်နားကျားနေသလို"ဆင်းရဲသားတွေနားမှာ အမြဲရှိနေတာ ဆိုတော့ ချေးရ ငှားရတာလွယ်တယ်။ လောလောဆယ် အတိုးကြီးတာကိုမမြင်ကြဘူး။ ဆပ်ချိန်တန်မှ မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်ကုန်ကြတာ။

ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် နိုင်ငံတော်က စီမံထားတဲ့ အသေးစား သ/မငွေချေး ဌာနတွေကလည်း အကန့်အသတ်တွေနဲ့ ဝိုင်းကြီးချုပ်စနစ်တွေနဲ့ပြီးတော့ လိုသလောက်ငွေလည်း ရတာ မဟုတ်ဘူး။ ဒီတော့ အရေးတကြီး ငွေလိုနေတဲ့အခါ။ အနားက ကျားဆီပြေးကြရတာ မဆန်းပါဘူး။

ငွေတိုးချေးစားသူတွေ အတိုးကြီးယူတာကတော့ ဝိသမလောဘ ဖြစ်တဲ့အတွက် ဘယ်လိုတွေးတွေးအကျိုးပေးမကောင်းနိုင်ပါဘူး။

ဒီဆောင်းပါးထဲမှာ ငွေသုံးသိန်းကို ၂၀ ရာခိုင်နှုန်းနှင့် သုံးနှစ်မှာသိန်း ၂၀ ယူလိုက်တာ ရက်စက်လွန်းပါတယ်ဗျာ။ ဆပ်ရမယ့်သူကလည်း အချိန်မီကတိအတိုင်း မရှိရှိတာရောင်းချဆပ်ရင် ဒီလောက် အထိနာစရာ အကြောင်းလည်းမရှိပါဘူး။

ကလေးနယ်က ဇာတ်လမ်းနဲ့ မြစ်ဝကျွန်းပေါ်က ဇာတ်လမ်း အကြမ်းဖျင်းတော့အတူတူပါပဲ။ ယူ တဲ့လူတွေက စာနာစိတ်မရှိသလို ဆပ်ရမယ့် အချိန်မှာမဆပ်ဘဲ ကပ်နေလို့ အပ်နှင့် ထွင်းရမှာကို ပုဆိန် နှင့် ထွင်းခဲ့ကြတဲ့ အဖြစ်တွေပါ။ တကယ်လို့ ဒီသူတွေက တစ်နေ့လုပ်၊ တစ်နေ့စားမရှိ ဆင်းရဲသားတွေဆိုရင်တော့ အလွန်သနားစရာ၊ ရင်နာစရာကောင်းတဲ့ အဖြစ်တွေပါ။

ဒီဆောင်းပါးထဲက ရလိုက်တဲ့ ဗဟုသုတကတော့ ငွေရှင်တွေက စာချုပ်မှာစာသားမပါဘဲ လက်မှတ်ထိုး၊ လက်ဗွေနှိပ်ပြီးမှ ငွေထုတ်ချေးပြီး၊ ရပ်ကွက် အုပ်/မှူး၊ ရှေ့နေ၊ တရားရုံးအားကိုးများဖြင့် အနိုင်ပိုင်းသည်ဆိုတဲ့ အကောင်းဆုံး အသိပေးချက်ကလေးပါပဲဗျာ။

ဒီလို အသိပေးတာတွေကို တွေ့တော့ အတိုးကြီးစားဝိသမသမားတွေဟာကိုယ်ချင်းစာတရားကင်းမဲ့မှုမက အကျင့်စာရိတ္တပါပျက်နေတဲ့ လူသားမပီသသူတွေ ဒီမြေပေါ်မှာ ရှိနေပါလားလို့ တွေးပြီး မရှိဆင်းရဲသားတွေ အတွက် ရင်လေးနေမိပါတော့တယ်။

ရတက်မအေး၊ ရင်လေးနေရတဲ့ နောက်တစ်ခုကတော့ ကျွန်တော့်မိတ်ဆွေကြီးရဲ့ အဖြစ်အပျက်ပါပဲ။ သူ့အဖြစ်က ငွေတိုးလုပ်ငန်းနှင့်ပတ်သက်နေပေမယ့် ဆန်းတယ်။ အတိုးကြီးစားလည်း မဟုတ်၊ စီးပွားရေးလုပ်ငန်းကိုမလုပ်ရဲတဲ့ ပင်စင်စားပါ။ ဦးစီးအရာရှိပင်စင်ဆိုတော့ ဆုကြေးက သိန်းနှစ်ဆယ်လောက်ရတယ်။ လုပ်သက်တစ်လျှောက်လုံး စုဆောင်းလာခဲ့ငွေလေးနဲ့ ဆိုတော့ သိန်းလေးဆယ်လောက်ရှိနေတယ်။

ဒါကိုသိတဲ့သူနဲ့ အလွန်ရင်းနှီးတဲ့မိတ်ဆွေက "တစ်လငါးကျပ်တိုးနှင့် သုံးပေးမယ်။ စိတ်ချ၊ နာမည်ပျက်လည်း မခံဘူး။ သံသရာကြွေးလည်း အပါမခံဘူး" ဆိုတဲ့ ကတိကြောင့် သူ့ဆရာဆီက ငွေဆယ့်ငါးသိန်းပါယူပြီး၊ ငါးဆယ်ငါးသိန်းကို ယုံယုံကြည်ကြည်နဲ့ ဘာစာချုပ်မှ မလုပ်ဘဲ အပ်ထားခဲ့တာ နှစ်ချီကြာလာတဲ့ ဒီနှစ်မှာတော့ "စီးပွားရေးအဆင်မပြေလို့၊ လုပ်လို့ ကိုင်လို့ မကောင်းလို့"ဆိုပြီး သူတို့ပြောထားတဲ့ ငါးကျပ်တိုးကို မပေးတော့ဘဲ ရပ်ထားခဲ့ပါတော့တယ်။

ဆယ်လ၊ ကိုးလကြာလို့ရနေကျ အတိုးလေးမရလို့ မိသားစုစားဝတ်နေရေး ကျပ်တည်းနေတာကိုလာလာပြီးညည်းရှာတယ်။ "ကတိကိုယုံလို့ စာချုပ်စာတမ်း မလုပ်မိတာမှားတဲ့အကြောင်း"တဖွဖွပြောနေရှာပါတယ်။ "အတိုးတွေစ မရတဲ့လက ဆိုင်ချင်သလိုလို၊ ရူးချင်သလိုလိုနှင့် ရင်ထဲထူပူပြီး ညညအိပ်မရတဲ့ ရောဂါတောင် ရခဲ့ပါသတဲ့"ဗျာ။

ငွေတွေယူထားတဲ့ လုပ်ငန်းရှင်ကတော့ ကားလေးတွေ၊ ကားကြီးတွေဝယ်လိုက်၊ ဥယျာဉ်ခြံမြေတွေဝယ်လိုက်နဲ့ လုပ်နေတဲ့အပြင် သူတိုပိုင်ဈေးဆိုင်ကြီးတွေကလည်း အခြေမပျက် ရောင်းချလည်ပတ်နေတာတွေ့နေရလေလေ စဉ်စားစရာဖြစ်နေ လေပါပဲတဲ့ဗျာ။

သွားပြောတိုင်းလည်း "စိတ်ချ၊ ခဏစောင့်ပါ"ဆိုတဲ့ စကားနဲ့ပဲ ပြန်ခဲ့ရပေါင်းလည်း များပါပြီတဲ့ဗျာ။ အဲဒီလူကိုလည်း စာရေးသူကသိပါတယ်။ စီးပွားလုပ်ငန်းတွေကိုကြိုးစားပမ်းစားလုပ်သူ၊ ရိုးသားသူ၊ နာမည်ပျက်မရှိသူဖြစ်ပါတယ်။ ခုမှ ဘယ်လိုတွေဖြစ်နေတယ် ဆိုတာတော့ မပြောတတ်တော့ပါ။

သူတို့ကတိအတိုင်း ပြန်ဆပ်မယ်ဆိုရင်တော့ သူတို့ စီးပွားရေးအင်အားနှင့်ဒီငွေလောက်ကတော့ မှုစရာအကြောင်းမရှိပါဘူး ဗျာ။ သူတို့ဆီက ငါးကျပ်တိုးလေး ကို မျှော်ကိုးမှီခိုမိတဲ့ ကျုပ်မိတ်ဆွေကြီးကတော့ လူတစ်ဖက်သားရဲ့ ကတိကို မျက်စိမှိတ်ယုံလိုက်တဲ့အတွက် ဘာအထောက်အထားမှ ပြစရာမရှိတဲ့ ရစရာငွေ အတွက် ရတက်မအေးဖြစ်နေရပါပြီ။

ဒီလိုနှုတ်ကတိနဲ့ ငွေချေးငှားမိတာကလည်း မြန်မာတွေရဲ့ ရိုးရာအစဉ်အလာကောင်းကြောင့်ပါ။ ကတိတည်တည်နှင့် ပြန်ဆပ်ဖို့ တော့လိုတာပေါ့။ "စိတ်ချ ခဏလေးစောင့်ပါ"ပြောပြီး ခုလိုအချိန်အကြာကြီး ဆွဲနေတာကတော့ သူတို့ရဲ့ရိုးသားမှု၊ မရိုးသားမှုကို မှတ်ကျောက်တင်နေခြင်းသာဖြစ်ပါလိမ့်မယ်။

ကိုင်း၊ ဒီလို အငြိမ်းစား ဝန်ထမ်းအိုကြီးတွေ စားရရုံပတ်သက်မိတဲ့ ငွေတိုးလုပ်ငန်းကိုလည်း ဆင်းရဲမွဲတေမှု၊ လျှော့ချရေးကိုစိန်ခေါ်တဲ့ အမှုတွဲနှင့် တွဲလိုက်ဦးမှာလား။ မလုပ်လိုက်ပါနဲ့ ခင်ဗျာ။ သူ့ခမျာ ယုံကြည်မှုနှင့် အတိုးပေးလွဲလို့ ခုတော့ လူမွဲဖြစ်နေရပါပြီ။

# Business

7DAY NEWS JOURNAL

Vol.12, No.18 • JULY 10 , 2013

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခြောက်လအတွင်း ဒေါ်လာ တစ်ဘီလီယံကျော်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၆**

ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃ ခုနှစ်တွင် ခြောက်လအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တိုးလာကြောင်း သတင်းရရှိသည်။

ယခုနှစ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုမှာ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုစသည့် သဘာဝသယံဇာတကဏ္ဍထက် ထုတ်ကုန်ကဏ္ဍတွင် အများဆုံးဝင်ရောက်လာသည်။ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန်အထိ အမေရိကန် ဒေါ်လာ ၄၁ ဘီလီယံ ရှိရာမှ ဇွန် ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံကျော် ရှိသည်။

“အများဆုံးကတော့ အထည်ချုပ်တွေပဲ။ တစ်ပတ်ကို တစ်ဖွဲ့၊ နှစ်ဖွဲ့လောက် ပုံမှန်တွေ့နေရတယ်”

**စာမျက်နှာ(၂၈)သို့**

## အိန္ဒိယကုန်သည်များ မြန်မာ့ပဲမျိုးစုံကို စျေးလျှော့ဝယ်ယူ



*စျေးကွက်အတွင်းရောင်းချနေသော ပဲမျိုးစုံကိုတွေ့ရစဉ်*

ဓာတ်ပုံ - ဝေယံ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၆**

အိန္ဒိယရူပီးငွေဖောင်းပွ၍ သွင်းကုန်အပေါ် အခွန် ၁၀ ရာခိုင်နှုန်း ကောက်ယူရန် သတင်းများ ထွက်ပေါ်လာပြီးနောက် မြန်မာ့ပဲမျိုးစုံ စျေးနှုန်းကို အိန္ဒိယ ကုန်သည်များက ထပ်မံလျှော့ချဝယ်ယူလာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ သတင်းရရှိသည်။

“သုံး၊ လေးရက်အတွင်းမှာပဲ FOB (သင်္ဘောပေါ်ရောက်စျေး) တစ်တန်ကို ၂၅ ဒေါ်လာလောက် စျေးလျှော့သွားတယ်” ဟု အထက်ပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

“အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာနှင့် ရူပီးငွေလဲနှုန်းမှာ ယခုရက်ပိုင်းတွင်တစ်ဒေါ်လာလျှင် ရူပီး ၆၀ ကျော်တန်ဖိုးကျလာသည်။ ယင်းကြောင့် အိန္ဒိယနိုင်ငံရှိစီးပွားရေးအဖွဲ့အစည်းများက သွင်းကုန်များအပေါ် အခွန် ၁ ရာခိုင်နှုန်း ကောက်ရန် တင်ပြကြကြောင်း အိန္ဒိယမီဒီယာများတွင် ဖော်ပြကြသည်။ “ဝယ်သူဘက်ကတော့ ဒီလိုပဲ။ ဒါပေမဲ့ သူတို့နိုင်ငံက ပဲ၊ နှမ်းအသင်းကတော့ သဘောမတူဘူး” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး တစ်ဦးက ဆိုသည်။

ပြည်တွင်းစျေးကွက်တွင် ပဲစျေးနှုန်းမှာ အဆက်မပြတ် ကျဆင်းနေပြီး ဇူလိုင် ပထမပတ်ထဲမှာပင် မတ်ပဲတစ်တန်လျှင် ကျပ် ၅၂၀,၀၀၀ မှ ကျပ်၄၈၅,၀၀၀ အထိ စျေးကျလာသည်။

ပြည်ပစျေးကွက်သို့ တင်ပို့ရာတွင် မတ်ပဲ FAQ အမျိုးအစား FOB တစ်တန်လျှင် အမေရိကန်ဒေါ်လာ၅၂၅မှကန်ဒေါ်လာ၅၀၀ အထိစျေးကျလာသည်။ ထို့အတူ ပဲစင်းငုံတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၀ ဝန်းကျင်မှ ၆၀၅ ဒေါ်လာအထိ စျေးကျလာကြောင်း ပြည်ပသို့ပဲတင်ပို့သူများထံမှ သိရသည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၂ | ၉၈၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၉ | ၇၇၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၄၈ | ၁၂၆၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၄ | ၃၁. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၆ | ၁၆၀ | ကျပ် |

၂၀၁၃ ဇူလိုင် ၆ ရက် ပေါက်စျေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၇၁၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၉၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၁၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၂၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀. ၂၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၁၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၁. ၆၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၈၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀၀၇၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၂၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၄၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၀၂၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၅၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၅၇၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၃၂၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၅ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၂၁. ၉၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၇၄ |
| ငွေ | အောင်စ | ၁၈. ၈၇ |
| ကြေးနီ | ပေါင် | ၃. ၀၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၂ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇူလိုင် ၆ ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# မြန်မာသင်္ဘောကုမ္ပဏီများ ISO လက်မှတ်ရရှိရန် ဂျပန်အဖွဲ့အစည်းလာရောက်စစ်ဆေး


ဓာတ်ပုံ - ဇော်ဇော်(အမရပူရ)

နိုင်နိုင်စိုး
ရန်ကုန်၊ ဇူလိုင်-၈

မြန်မာသင်္ဘောသားကုမ္ပဏီများ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိရန် ဂျပန်အဖွဲ့အစည်း Class NK က လာရောက်စစ်ဆေးမှုများပြုလုပ်နေကြောင်းသတင်းရရှိသည်။

သင်္ဘောကုမ္ပဏီများ၏ အရည်အသွေးနှင့် သင်္ဘောသားများ၏ရပိုင်ခွင့်ကို ကာကွယ်နိုင်ခြင်းရှိ၊ မရှိစစ်ဆေးခြင်းဖြစ်ပြီး အဆင့်နှစ်ဆင့်ဖြင့် စစ်ဆေးကာတစ်နှစ်အတွင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း Class NK ၏ ဌာနေကိုယ်စားလှယ် ဦးညီညီနိုင်ကပြောသည်။

လက်ရှိတွင် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားသည့် ကုမ္ပဏီ ၅၀ကျော်ရှိပြီး ပထမအဆင့်ပြီးစီးသည့် ကုမ္ပဏီမှာ လေးခုသာ ရှိသေးသည်ဟု ဆိုသည်။

"အဓိကကတော့ကုမ္ပဏီတွေက သူတို့လွှတ်လိုက်တဲ့ သင်္ဘောသားတွေရဲ့ အကျိုးကိုတကယ်ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီလားဆိုတာ အဓိကစစ်ဆေးပေးတာ"ဟုဦးညီညီနိုင်ကပြောသည်။

နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်သည် ILOအသိအမှတ်ပြုလက်မှတ်ဖြစ်ပြီး နောင်တစ်ချိန်တွင် ထိုလက်မှတ်ရှိသည့် ကုမ္ပဏီမှ သင်္ဘောသားများကိုသာ နိုင်ငံတကာသင်္ဘောလိုင်းများကလက်ခံမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်အတွင်းရေးမှူးကပြောသည်။ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ကိုပြည်ပတွင်သွားရောက်ယူပါက ကုန်ကျစရိတ်ကြီးမားသည့်အတွက် Class NK ကပြည်တွင်းတွင် ဧပြီ ၂၆ ရက်ကရုံးခွဲဖွင့်လှစ်ခဲ့ပြီး ပေးအပ်သွားမည်ဖြစ်သည်။

ပြည်တွင်းတွင်တရားဝင်မှတ်ပုံတင်ထားသည့် သင်္ဘောကုမ္ပဏီ တစ်ရာကျော်ရှိသော်လည်း နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိထားသည့်ကုမ္ပဏီအနည်းငယ်သာရှိသေးသည်။




စာမျက်နှာ( ၂၇)မှ

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခြောက်လအတွင်း ဒေါ်လာတစ်ဘီလီယံကျော်

ဟု အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယခုနှစ်ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာရေအားလျှပ်စစ်ကဲ့သို့ တန်ဖိုးကြီးစီမံကိန်းများထက် လုပ်သားအင်အားကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများသာအများ စုဝင်ရောက်လာနေကြောင်း သတင်းရရှိသည်။


လက်ရှိတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကိုပေးသည့် အထူးအခွန်သက်သာခွင့်(GSP)ကို တားဆီးထားမှုပယ်ဖျက်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့မည်ဆိုပါက သွင်းကုန်အခွန် ၁၇ ရာခိုင်နှုန်းကျော် သက်သာသဖြင့် အခြားနိုင်ငံများနှင့် ဈေးကွက်ပိုမိုယှဉ်နိုင်သည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်ကုန်လုပ်ငန်းများပိုမိုဝင်လာခြင်းဖြစ်သည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အားလုံးကို ခွင့်ပြုရမှာပဲ။ ဘယ်နိုင်ငံပဲဖြစ်ဖြစ် တရားဝင်လာလို့ရတယ်။ GSP ကလည်းမူလထုတ်တဲ့နိုင်ငံပဲကြည့်တော့ ရင်းနှီးမြှုပ်နှံမှုက တိုးလာမှာပဲ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးကဆိုသည်။

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရာတွင်ထုတ်ကုန်ကဏ္ဍ၌ ခြောက်လအတွင်း အမေရိကန် ဒေါ်လာသန်း ၆၄၀ ကျော်ရှိသည်။ ဒုတိယရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖြစ်ပြီးဒေါ်လာသန်း ၂၀၀ ကျော်ရှိသည်။ သတ္တုတွင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၉၀ ကျော်ဝင်ရောက်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ရေနံကုမ္ပဏီများမှတ်ပုံတင်ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

# တရုတ်နိုင်ငံနောက်ရောက်နေသော အိန္ဒိယ

ကြည်နေဝင်းမင်း



ခေတ်သစ် အိန္ဒိယနိုင်ငံမှာ သူ့နည်း သူ့ဟန်ဖြင့် အောင်မြင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဟု ပြောဆိုခြင်းမှာလည်း အနှစ်သာရမရှိခြင်းမဟုတ်ပါ။ အိန္ဒိယနိုင်ငံ၏ မီဒီယာမှာ လှုပ်ရှားသက်ဝင်နေပါသည်။ နေ့စဉ်ပင် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံထက်မဆို အိန္ဒိယလူထုက သတင်းစာများ ပိုမိုဝယ်ကြသည်။ ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီးချိန်မှစ၍ လူအများ၏ အသက်ရှင်သန်ရန် မျှော်လင့်နိုင်မှု သက်တမ်းမှာနှစ်ဆတိုးလာပြီး ၃၂ နှစ်မှ ၆၆ နှစ်သို့ ရောက်ရှိလာသည်။ တစ်ဦးချင်းဝင်ငွေမှာ ငါးဆတိုးတက်လာသည်။ မကြာသေးမီဆယ်စုနှစ်များအတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ ၈ ရာခိုင်နှုန်း မှန်မှန်ကြီး တိုးတက်ခဲ့သည်။ စီးပွားရေးတိုးတက်မှုနှုန်းမှာ ကမ္ဘာ့စီးပွားရေးနိုင်ငံကြီးများကြားတွင် ဒုတိယလိုက်ခဲ့ပြီး တရုတ်နိုင်ငံ၏ နောက်တွင်သာ ရာခိုင်နှုန်း အနည်းငယ်လျော့နည်းခဲ့သည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် အိန္ဒိယနိုင်ငံက စီးပွားရေးတွင် တရုတ်နိုင်ငံအား ကျော်တက်သွားမည်ဆိုသော မျှော်လင့်ချက်မှာ ဝေးကွာလွန်းပုံပေါ်သည်။ သို့သော် ယင်းနှိုင်းယှဉ်ချက်မှာ အိန္ဒိယနိုင်ငံကို စိတ်ပူပန်မှုအများဆုံးဖြစ်ပေါ်စေသော အကြောင်းအရာမဖြစ်သင့်ပါ။ အိန္ဒိယနှင့်တရုတ်နိုင်ငံကြား အကြီးမားဆုံးကွာဟချက်မှာ အခြေခံကျသော အစိုးရဝန်ဆောင်မှုလုပ်ငန်းများ ပေးသောနယ်ပယ်ဖြစ်သည်။ ယင်းနယ်ပယ်တွင် ပျက်ကွက်ခြင်းက လူအများ၏ နေထိုင်မှုအဆင့်အတန်းကို ဖိနှိပ်ထားပြီး ဖွံ့ဖြိုးတိုးတက်မှုကို နောက်ပြန်ဆွဲထားသည်။

ဆင်းရဲချမ်းသာကွာဟမှု မညီမျှမှုမှာ နှစ်နိုင်ငံလုံးတွင် ကြီးမားပါသည်။ သို့သော် အသက်ရှည်ရှည်နေထိုင်နိုင်ရန် မျှော်လင့်မှု၊ လူထုအတွက် ပညာရေးနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်များတွင် အိန္ဒိယထက် တရုတ်နိုင်ငံက ပိုမိုလုပ်ဆောင်ပေးနိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ငွေကြေးချမ်းသာသူများနှင့် အခွင့်ထူးခံများအတွက် ထူးချွန်ထက်မြက်မှု အဆင့်ဆင့် အကောင်းစားကျောင်းများ ရှိပါသည်။ သို့သော်လည်း အသက် ၇ နှစ်နှင့်အထက် အိန္ဒိယနိုင်ငံသားအားလုံးတွင် အမျိုးသားငါးဦးတွင် တစ်ဦး၊ အမျိုးသမီးသုံးဦးလျှင် တစ်ဦးမှာ စာမတတ်ကြ။ ကျောင်းအများစုမှာလည်း အရည်အသွေး ညံ့ဖျင်းကြသည်။ လေးနှစ်တာကာလ ကျောင်းတက်ပြီးချိန်မှာပင် ကလေးငယ်အများစုမှာ ၂၀ ကို ၅ နှင့်မြှောက်ခြင်း၊ စားခြင်း မလုပ်တတ်ကြပါ။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် သဘာဝသစ်ဥ၊ သစ်ဖုဆေးဝါးအများဆုံးထုတ်လုပ်သော နိုင်ငံဟူ၍ ပြောနိုင်ပါသည်။ သို့သော် ၎င်း၏ ကျန်းမာရေးစနစ်မှာ စည်းမျဉ်းစည်းကမ်းမဲ့ အရှုပ်အထွေးတစ်ခုဖြစ်သည်။ ဆင်းရဲသားများမှာ အရည်အသွေးနိမ့်ပါးသော တစ်ခါတစ်ရံ အခွင့်ကောင်းယူအမြတ်ကြီးစားသော ပုဂ္ဂလိကဆေးရုံဆေးခန်းများကို အားကိုးရသည်။ အကြောင်းမှာ တင့်တောင့်တင့်တယ် အစိုးရကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်မရရှိသောကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံက နိုင်ငံ၏ စုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP)၏ ၂ ဒသမ ၇ ရာခိုင်နှုန်းကို အစိုးရကျန်းမာရေးစောင့်ရှောက်လုပ်ငန်းအတွက် သုံးစွဲနေချိန်တွင် အိန္ဒိယနိုင်ငံက ၁ ဒသမ ၂ ရာခိုင်နှုန်းသာ ယင်းအတွက် သုံးစွဲနေသည်။

အိန္ဒိယနိုင်ငံ၏ စွမ်းဆောင်ရည်နိမ့်ပါးမှုကို အာရှစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး နမူနာများမှ သင်ယူရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်သည်။ ယင်းအာရှဖွံ့ဖြိုးတိုးတက်မှုတွင် လူသားများ၏ စွမ်းဆောင်ရည်ချဲ့ထွင်ခြင်းမှာ ပန်းတိုင်တစ်ခုဖြစ်သလို လျင်မြန်သော ဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ယင်းကဲ့သို့ ချဉ်းကပ်မှုကို ဂျပန်နိုင်ငံက စွန့်ဦးတီထွင်ကျင့်သုံးခဲ့သည်။ ယင်းမှာ ဆယ်စုနှစ်အနည်းငယ်အတွင်း ရာခိုင်နှုန်းပြည့် စာတတ်မြောက်ရေး သံန္နိဋ္ဌာန်ချခဲ့သော ၁၈၆၈ ခုနှစ် မေဂျီဘုရင်လက်ထက်မှ စတင်ခဲ့သည်။

ယင်းအစဉ်အဆက်ပြုပြင်ပြောင်းလဲမှု၏ ခေါင်းဆောင်တစ်ဦးက ယခုလိုရှင်းပြသည်။ "ကျွန်တော်တို့ရဲ့ ပြည်သူတွေဟာ ယနေ့ခေတ် ဥရောပတိုက်သားတွေ၊ အမေရိကန်တွေနဲ့ မကွဲပြားပါဘူး။ ဒါတွေအားလုံးဟာ ပညာတတ်ခြင်း၊ မတတ်ခြင်းနဲ့ပဲ ဆိုင်ပါတယ်" ဟု ၎င်းကဆိုသည်။ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရင်းနှီးမြှုပ်နှံမှုများဖြင့် ဂျပန်နိုင်ငံသည် လူနေမှုအဆင့်အတန်းတိုးမြှင့်ခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်အားတိုးတက်ခြင်း၊ ယင်းနှင့်အတူ အစိုးရက ဦးဆောင်၍ ဈေးကွက်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ကပ်ဆိုက်ခဲ့သောနှစ်များ ရှိခဲ့သော်ငြားလည်း ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံသင်ခန်းစာများ ဆက်လက်ကျန်ရှိခဲ့ပြီး စစ်ပြီးနှစ်များတွင် တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ စင်ကာပူနှင့် အခြားအရှေ့အာရှနိုင်ငံများက လိုက်နာကျင့်သုံးခဲ့ကြသည်။ မော်စီတုန်းခေတ်တွင် မြေယာပြုပြင်ပြောင်းလဲမှု၊ အခြေခံပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုးတက်မှုများရရှိခဲ့သော တရုတ်နိုင်ငံကလည်း ၁၉၈၀ ပြည့်အစောပိုင်းနှစ်များတွင် ဈေးကွက်ပြုပြင်ပြောင်းလဲမှုများကို အားစိုက်လုပ်ဆောင်ခဲ့သည်။ ၎င်း၏ကြီးမားသော အောင်မြင်မှုကို ကမ္ဘာ့စီးပွားရေးသွင်ပြင်ကိုပါ ပြောင်းလဲသွားစေခဲ့သည်။ အိန္ဒိယနိုင်ငံက ယင်းသင်ခန်းစာများကို အပြည့်အဝ အာရုံမစိုက်ခဲ့ပေ။

နိုင်ငံသားများအား ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်စေရာတွင် ဒီမိုကရက်တစ်အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံထက် ဆိုးရွားစွာလုပ်ဆောင်ခဲ့ခြင်း ခေါင်းစားစရာ ပဟေဠိတစ်ခုရှိနေပါသလား။ ယင်းမှာ ဦးနှောက်စားစရာမဟုတ်ပါ။ လူအများဒီမိုကရေစီစနစ်တွင် ပါဝင်နိုင်ခြင်း၊ လွတ်လပ်စွာဖော်ထုတ်ရေးသားပြောဆိုခြင်းနှင့် ဥပဒေစိုးမိုးမှုများမှာ အိန္ဒိယနိုင်ငံ၌ အရှိတရားများဖြစ်ပြီး တရုတ်နိုင်ငံတွင် အများအားဖြင့် ရည်မှန်းချက်အဖြစ်သာရှိသေးသည်။ အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံသားများ ငတ်မွတ်ခေါင်းပါးမှု မကြုံတွေ့ခဲ့။ ထိုအတောအတွင်း တရုတ်နိုင်ငံ၌ ၁၉၅၈ မှ ၁၉၆၁ ခုနှစ်အထိ သမိုင်းတွင် အကြီးမားဆုံး ငတ်မွတ်ခေါင်းပါးမှုကြီး ဖြစ်ပေါ်ခဲ့သည်။ မော်စီတုန်း၏ ရှေ့သို့ခုန်ပျံကျော်လွှားခေတ်တွင် လူသန်းပေါင်း ၃၀ သေဆုံးခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ကလေးများ ဆိုးဆိုးရွားရွား အာဟာရချို့တဲ့မှု၊ ကစဉ့်ကလျား ကျန်းမာရေးစနစ်နှင့် ပရမ်းပတာ ကျောင်းပညာရေးစနစ်စသော အမြစ်တွယ်နေသည့်ပြဿနာများကို ကုစားရန်မှာ ဒီမိုကရက်တစ်နည်းလမ်းများ အသုံးပြုရာ၌ နက်နက်နဲနဲ ဆွေးနွေးခြင်း၊ နိုင်ငံရေးအရ ပါဝင်ပတ်သက်ခြင်း၊ မီဒီယာလွှမ်းခြုံမှုနှင့် လူထုဖိအားပေးမှုများ လိုအပ်ပါသည်။ တိုတိုပြောရလျှင် ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ် ပိုမိုလိုအပ်ပါသည်။

တရုတ်နိုင်ငံတွင် ဆုံးဖြတ်ချက်များကို ထိပ်ဆုံး၌ ချမှတ်ပါသည်။ ခေါင်းဆောင်များမှာ ပါတီစုံဒီမိုကရေစီတန်ဖိုးများနှင့် ပတ်သက်၍ မလိုလားခြင်းမဟုတ်လျှင်သော်မှ သံသယရှိကြသည်။ သို့သော် ၎င်းတို့မှာ ငတ်မွတ်မှု၊ စာမတတ်မြောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လျစ်လျူရှုခံရခြင်းများကို တိုက်ဖျက်ရာတွင် စူးစူးစိုက်စိုက်ရှိလှပြီး ယင်းအတွက် ၎င်းတို့ကို အကြီးအကျယ်ချီးကျူးရပါမည်။

ဒီမိုကရေစီမဟုတ်သော အဝန်းအဝိုင်းတွင် အားနည်းချက်များ ရှိပါသည်။ ကလေးတစ်ယောက်မှုဝါဒမျိုး ပြဋ္ဌာန်းခြင်းမှာ ပြင်းထန်ပါသည်။ သို့ဖြစ်စေကာမူ လက်ရှိတရုတ်ခေါင်းဆောင်များမှာ လူသားစွမ်းဆောင်ရည်ကို တိုးမြှင့်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိရေးဟူသော အခြေခံချဉ်းကပ်မှုကို ပြတ်ပြတ်သားသား၊ ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ အမှားမှားအယွင်းယွင်း မညီမမျှမှုများကို တိုက်ဖျက်ရေးမှာ လူမှုတရားမျှတမှုကိစ္စသက်သက်သာ မဟုတ်ပါ။ အိန္ဒိယနိုင်ငံကဲ့သို့မဟုတ်ဘဲ တရုတ်နိုင်ငံက အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကြီးမားသော သင်ခန်းစာကို မမြင်မသိမဖြစ်ခဲ့။ လူတို့၏ဘဝကို တိုးတက်ရေးလုပ်ဆောင်ခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်သည်ဆိုသော သင်ခန်းစာကိုလည်း လက်မလွှတ်ခဲ့။ အထူးသဖြင့် လူမှုစီးပွားရေး သုံးမြောင့်ပုံပိရမစ်အောက်ခြေကို အားဖြည့်ရမည်ကို သိမြင်သည်။ အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားတင်ပို့မှုဝင်ငွေတိုးတက်မှုမှာ လက်တစ်ဆုပ်စာကဏ္ဍ အနည်းငယ်အပေါ်တွင်သာ ကျဉ်းမြောင်းစွာမှီခိုနေတတ်သည်။ ဥပမာအားဖြင့် သတင်းအချက်အလက်နည်းပညာ (IT)၊ ဆေးဝါးလုပ်ငန်းနှင့် မော်တော်ယာဉ်အထူးအစိတ်အပိုင်း ထုတ်လုပ်ခြင်းကဏ္ဍများကဲ့သို့ ဖြစ်သည်။ ယင်းကဏ္ဍ အများအပြားတွင် ပညာတတ်လူတန်းစားအလွှာမှ အထူးလေ့ကျင့်သင်ကြားပေးထားသော လူသားရင်းမြစ်များကို အားကိုးရသည်။ အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်စွမ်းအားများကို ယှဉ်နိုင်ရန် လူမှုအဖွဲ့အစည်းအဆင့်အတန်းအားလုံးတွင် ပို၍ပညာတတ်သော၊ ပို၍ကျန်းမာသန်စွမ်းသော လုပ်သားအင်အား လိုအပ်ပါသည်။ အလိုအပ်ဆုံးမှာ အသိဉာဏ်ဗဟုသုတကျယ်ပြန့်မှုနှင့် လူမှုမညီမျှမှု ကြီးမားသော အတိုင်းအတာနှင့် ၎င်း၏ ပျက်စီးရာပျက်စီးကြောင်း အကျိုးဆက်များ၏ သဘောသဘာဝနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအကြောင်းအရာများကို လူထုဆွေးနွေးပွဲ လုပ်ဆောင်ရေးပင်ဖြစ်ပါသည်။

*—Ref: Why India Trails China*
*By; Amartya Sen*


**Fortune Joyce International Company Limited**
**(လစာကောင်းကောင်းပေးမည်)**


| | |
|---|---|
| -ဆေးရုံအုပ်ဆရာဝန် | (၂)ဦး |
| -မီးယပ်ကုဆရာဝန် (OG) | (၅) ဦး |
| - ခွဲစိတ်ဆရာဝန် | (၅) ဦး |
| - အထွေထွေဆရာဝန် | (၅) ဦး |
| - လိုင်စင်ရသူနာပြု | (၁၀) ဦး |
| - တရုတ်/မြန်မာ စကားပြန် | |

**ဆက်သွယ်ရန်ဖုန်း- ၀၁- ၅၁၅၂၀၂**

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

## 7DAY BOOK REVIEW




### ဝိသေသတိုင်း သမိုင်းအစ
**သိန်းဖေမြင့်**

ခရီးသွားလျှင်သွား မဟုတ်လျှင် စာအုပ်ဖတ်ပါ ဟူသောဆိုရိုး တစ်ခုကို ကြားဖူးသည်။ ခရီးသွားခြင်းဖြင့် ဒေသန္တရဗဟုသုတများ သာမက ဘာသာစကားမတူ၊ ကိုးကွယ်ရာဘာသာကွဲပြားသော လူအများအပြား၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကို လေ့လာခွင့်ရနိုင်ပေသည်။ သို့သော် လူတိုင်း လူတိုင်း နေရာဒေသအနှံ့ပြားသို့ ခရီးလှည့်လည်ရန် မဖြစ်နိုင်ခြေ။ ထိုသို့သော အခြေအနေမျိုးတွင် ခရီးသွားရင်း တွေ့ကြုံသမျှကို စာဖြင့်မှတ်တမ်းတင်တတ်သော စာရေးသူများ၏ ခရီးသွားဆောင်းပါးများ၊စာအုပ်များကိုဖတ်ရှုရခြင်းဖြင့် ကိုယ်တိုင်ခရီးလှည့်လည်ရဘိသကဲ့သို့မြင်ယောင်သိရှိလာနိုင်မည်ဖြစ်သည်။

ဆရာသိန်းဖေမြင့်၏ ဝိသေသတိုင်း သမိုင်းအစသည် ချင်းပြည်နယ်တစ်ခွင် ဦးသိန်းဖေမြင့် သွားရောက်ခဲ့စဉ်က အတွေ့အကြုံ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် ခရီးသွားစာပေ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ၁၉၆၇ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ၄၆ နှစ်ကြာ ယခုနှစ် ၂၀၁၃ ခု ဧပြီလတွင်မှ ဒုတိယအကြိမ်ထပ်မံထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ကို လမ်းသစ်စာအုပ်တိုက်မှ ထုတ်ဝေပြီး တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

### ကျွန်တော်တို့ မွန်မြန်မာ
**သိန်းဖေမြင့်**

'မွန်မြန်မာ'ဟူသောအခေါ်အဝေါ်နှင့် 'ကျွန်တော်တို့မွန်မြန်မာ'ဟူသော အသုံးအနှုန်းတို့သည် ကျွန်တော့်နှုတ်ဖျားမှ လွယ်လင့်တကူ သဘာဝကျစွာပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ကြိုတင်စဉ်းစားရခြင်းမရှိ။ စကားလုံးရွေးချယ်ရခြင်းမရှိ။ အလိုအလျောက် အသည်းနှလုံးမှ ယိုစိမ့်အန်ထွက်လာသော စကားလုံးများဖြစ်သည် ထင်ပါ၏'ဟု မွန်မြန်မာဆက်ဆံရေးအကြောင်းစာအုပ်တစ်အုပ်ရေးရန် အကြံဖြစ်ပေါ်လာပုံနှင့်စာအုပ်အမည်ကိုကျွန်တော်တို့မွန်မြန်မာဟူ၍ပေးရန် ဆုံးဖြတ်ပုံတို့ကို စာရေးသူ ဦးသိန်းဖေမြင့်က အမှာစာတွင် ထည့်သွင်း ရေးသားထားသည်။

ဤကျွန်တော်တို့မွန်မြန်မာစာအုပ်သည် ၁၉၇၄ ခုနှစ်တွင် စာရေးသူမွန်ပြည်နယ်တစ်ခွင်သို့ ရောက်ရှိစဉ်က အတွေ့အကြုံများကို ခရီးသွားစာပေ သဏ္ဌာန်ပုံဖော်ရေးဖွဲ့ထားခြင်းဖြစ်သည်။ ခေါင်းစဉ်ငယ် ၅၄ ခု ခွဲခြားရေးသားထား ပြီး အခန်းတိုင်းတွင် စိတ်ဝင်စားဖွယ်ရာ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို ထည့်သွင်းရက်ဖောက်ထားသည်။ ဒုတိယအကြိမ်အဖြစ် သူရိယစာပေမှထုတ်ဝေပြီး တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

## Knowledge ပဟုသုတ

### ကမ္ဘာ့ရှေးအကျဆုံးဖိနပ်များ

၁၉၃၈ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ အိုရီဂွန်တက္ကသိုလ်မှ ဘူမိဗေဒပညာရှင် လူသာခရက်စ်မင်းသည် အိုရီဂွန်ပြည်နယ်အလယ်ပိုင်းတွင်ရှိသော ဖော့တ်ရော့ခ်မီးတောင် အနောက်ဘက် မိုင်ဝက်ခန့်အကွာ၌ မီးတောင်ချော်ခဲနှင့် ပြာမှုန်များအောက်မှ ရှေးခေတ်ခြေညှပ်ဖိနပ် ဒါဇင်ခန့်ကို ပုံစံမပျက်ရှာတွေ့ခဲ့သည်။ ဖိနပ်များကို ရေဒီယိုကာဗွန်နည်း စစ်ဆေးချက်အရ သက်တမ်းနှစ်ပေါင်းကိုးထောင်မှ တစ်သောင်းကြားရှိနေ၍ ကမ္ဘာ့ရှေးအကျဆုံးဖိနပ်များဟု သတ်မှတ်ခဲ့ရသည်။ ထိုဖိနပ်များကို မီးတောင်ချော်ခဲတွင် ပုံစံမပျက်တွေ့ရခြင်းဖြစ်ပြီး ၎င်းတို့ကို ရှာတွေ့ရာနေရာ အစွဲပြု၍ ဖော့တ်ရော့ခ်စတိုင်ဖိနပ်များဟုခေါ်သည်။ ထိုဖိနပ်များသည် sagebrush ခေါ် ချုံပင်မှရရှိသော အခေါက်ကို အမျှင်ကျစ်၍ ကြိုးများပြုလုပ်ပြီးနောက် ထိုကြိုးမျှင်များဖြင့် ချုပ်လုပ်ထားသော ခြေစွပ်ဖိနပ်များဖြစ်သည်။ ယခုအခါ ဖိနပ်များကို အိုရီဂွန်တက္ကသိုလ်၏ သဘာဝနှင့် ယဉ်ကျေးမှုသမိုင်းဆိုင်ရာ ပြတိုက်တွင် ပြသထားသည်။

—Ref: http://pages.uoregon.edu//






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်လာမည်။ စနစ်တကျ ထိုးဖောက်ဆောင်ရွက်၍ အောင်မြင်ခြင်းများရရှိမည်။ ကြိုတင်တွက်ဆ၍ မရနိုင်သော၊ သဘာဝကြောင့်ဖြစ်သော အန္တရာယ်များ အားဂရုစိုက်ရမည်။ ငွေရေး ကြေးရေးကိစ္စများ တာဝန်ယူအာမခံခြင်း မပြုရ။ အပြောင်းအလဲကိစ္စအတွက် စီစဉ်အဆင်ပြေမည်။ အထင်လွဲခံရခြင်းများရှိမည်။ ပြဿနာဟောင်းများ၊ အခက်အခဲများ ဖြေရှင်းရခြင်း ကြုံမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများတွင် ပေါ့ပေါ့တန် တန်ဆောင်ရွက်ထားရာမှ စိတ်အနှောင့်အယှက်များ ကြုံနိုင်သည်။ လူမှုရေးအရှုပ်အထွေးများ ပတ်သက်ရမည်။ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ အတင်းအကျပ်ကတိပေးခြင်းမပြုရ။ သူတစ်ပါးအား ငွေမချေးရ။ တစ်ပါးသူထံမှ ငွေကြေးကို ချေးငှားယူ၍ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းများမပြုရ။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အရာရာအဆင်ပြေ၍ အလိုပြည့်စုံမည်။ စိတ်ကူးထားသည်များအပြည့်အဝ အောင်မြင်မည်။ အခက်အခဲများ ပြေလည်အောင် ဖြေရှင်းနိုင်မည်။ မိသားစုနှင့် ပတ်သက်သော စိတ်ချမ်းမြေ့မှုများကောင်းသတင်းများကြုံမည်။ ကိုယ်ပိုင်စိတ်ကူးများနှင့် ရှေ့တိုးဆောင်ရွက်လိုက်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုများ အဆင့်ဆင့်ရရှိမည်။ ဝင်ငွေတိုးတက်မည် လာဘ်လာဘပွင့်မည်။ အဆင့်ဆင့်တိုးတက်သွားမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အညံ့အဆိုးများ လွှမ်းမိုးနေသည်။ လှည့်စားခံရတတ်သည်။ လက်လွန်ဆုံးရှုံးမှုများကြုံမည်။ မတော်တဆထိခိုက်မှုအန္တရာယ် ဂရုစိုက်ရမည်။ သွေးထွက်သံယိုကိစ္စများဖြစ်တတ်သည်။ စီစဉ်ပြီးလုပ်သည်နှင့် လက်တွေ့ဖြစ်လာသည်များ တလွဲတချော်ဖြစ်မည်။ ငွေကြေးအပေးအယူကိစ္စများ သတိရှိရမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ ယာဉ်၊ စက်ပစ္စည်းများ အပျက်အစီးများမည်။ အင်္ဂါနံပစ္စည်းများ ဝယ်ယူရန် မသင့်ပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခက်အခဲများကို ထိုးဖောက်၍ တိုးတက်မှုများဖြစ်လာမည်။ ပြဿနာများ အေးငြိမ်းသွားမည်။ ရန်ပဋိပက္ခဖြစ်နေသူများနှင့် ပေါင်းစည်းနိုင်သည်။ ငွေအစုလိုက်ဝင်မည်။ ဖြစ်ပေါ်နေသော အခက်အခဲများကို ဖြေရှင်းနိုင်မည်။ အမျိုးသမီးအကြီးအကဲတစ်ဦးထံမှ အထောက်အကူကောင်းရမည်။ စုပေါင်းလုပ်ငန်းများ အကျိုးပေးမည်။ အလုပ်အဆင့်တိုးတက်မည်။ ဝင်ငွေစီးပွားတိုးမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အခွင့်အရေး နှစ်မျိုးတစ်ပြိုင်တည်းပေါ်မည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ရပ်တန့်ထားသော ကိစ္စများ ပြန်လည်စတင်ရမည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ဖွင့်မည်။ အမှုပြဿနာရှိကအောင်နိုင်သည်။ လက်လွှန်ထားသော ငွေများပြန်ရမည်။ အချစ်ရေး၊ မေတ္တာရေးတွင် စိတ်အနှောင့်အယှက်များရှိမည်။ ကိုယ့်အပေါ် အနှောင့်အယှက်၊ ဒုက္ခပေးသော သူများဝန်းရံနေသည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ထူးခြားသော သတင်း နှစ်ခုရရှိမည်။ နေ့စဉ်နှင့်အမျှ မထင်မှတ်ထားသော ကိစ္စများ တစ်မျိုးပြီး တစ်မျိုးဖြစ်နေမည်။ မူလစီစဉ်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ ဆိုင်းငံ့ရပ်တန့်ရတတ်သည်။ မိတ်ဆွေကောင်းအကူအညီရမည်။ မေတ္တာရေးကံကောင်းမည်။ အရာရာအဆင်ပြေမည်။ အခက်အခဲများကို ကျော်ဖြတ်ပြီး စိတ်ချမ်းမြေ့ရမည်။ သူတစ်ပါးကြောင့် နှောင့်နှေးနေသော ကိစ္စများအဆင်ပြေမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြန်လည်ရရှိလိမ့်မည်ဟု လုံးဝဥဿုံမျှော်လင့်မထားသော ငွေကြေးပစ္စည်းများကို ပြန်လည်ရရှိခြင်း၊ မိသားစုတွင် ကြုံမည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းစကားများ ကြားသိကြုံတွေ့ရမည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။ မမျှော်လင့်ဘဲ အကြီးအကဲတစ်ဦးနှင့် တွေ့၍ ထူးခြားသော တက်လမ်းရရှိမည်။ မေတ္တာရေး ကံကောင်းမည်။ ကျန်းမာရေး အညံ့ကြုံက ချက်ချင်းဆေးကုသမှုခံယူပါ။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အရာရာအဆင်ပြေခြင်းနှင့် အလိုပြည့်စုံခြင်းတို့ကို ရရှိမည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး အဆင့်မြင့်တိုးတက်မှုများ ရရှိမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများအတွက် ပြောဆိုမှုများ အောင်မြင်မည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်ခြင်းမှ အလိုပြည့်ခြင်း၊ ကံကောင်းခြင်းကြုံမည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ လုပ်ငန်းခွင်မှ သူများအပြောင်းအလဲကြုံမည်။ လူသစ်များနှင့် ဆက်ဆံရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆောင်ရွက်လက်စကိစ္စမှန်သမျှကို စိတ်လျှော့၍ ဖြစ်သလို၊ ရသလို လုပ်ရကိန်းကြုံသည်။ ရည်မှန်းချက်မြင့်မြင့်ထားပြီး ဆောင်ရွက်ရမည့် ကိစ္စများကို ဆောင်ရွက်ရန် ခက်ခဲမည်။ စုပေါင်း တွဲဖက်လုပ်ကိုင်မှုများ အကျိုးပေးမည်။ အပျက်အစီးများ အပျောက်အရှများမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ အချိန်ကုန်၊ ငွေ ကုန် ခံပြီး ဆောင်ရွက်ရမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ ကျန်းမာရေး အညံ့ကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဆောင်ရွက်သမျှ အောင်မြင်၍ ရည်ရွယ်ထားသည်များကို ထွန်းပေါက်အောင်လုပ်ဆောင်နိုင်စွမ်းရှိသည်။ အများအပေါ် ကောင်းစွာအကျိုးပြုနိုင်ခြင်း၊ တိုးတက်ခြင်းအဆင့်ဆင့်ဖြစ်ပေါ်မည်။ ဥစ္စာဓနစီးပွားရေးရာ တက်လမ်းများ ဖြစ်ထွန်းမည်။ လုပ်ငန်းတက်လမ်းပေါ်မည်။ ကာလအတန်ကြာနှောင့်နှေးနေသည့် ကိစ္စများ အဆင်ပြေမည်။ စိတ်ချမ်းမြေ့စရာများ ဆက်တိုက်ဖြစ်လာမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာအဆင်ပြေ၍ တိုးတက်မှုများ၊ အခိုင်အမာဖြစ်ထွန်းမည်။ စိတ်ချမ်းသာစရာများ ဆက်တိုက်ဖြစ်အပေါ်မည်။ အခက်အခဲကြားမှ တိုးတက်မည်။ ကျန်းမာရေးအညံ့ရှိသည်။ ယာဉ်ကားမောင်းနှင်မှုသတိရှိပါ။ စိတ်လိုက်မာန်ပါဆောင်ရွက်မှုကြောင့် အမှားအယွင်းများဖြစ်မည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ တစ်ပါးသူဆောင်ရွက်ရန် ခက်ခဲသော ကိစ္စများဆောင်ရွက်နိုင်မည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၄၁)

### အလျားလိုက်

၁။ ဥရောပ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမင်းကြီး
၆။ မိုးကာလမှာပင် လည်ပတ်သူများသောနေရာ
၉။ သမ္မတဟောင်း၏ဇနီး အဆိုတော်
၁၀။ အသင်းပိုင်ရှင်၏ဆုချီးမြှင့်မှုရရှိသော ဘောလုံးအသင်း
၁၁။ ဘကကျောင်းများသို့ အလှူငွေပေးသော ပြည်တွင်းအဖွဲ့တစ်ဖွဲ့
၁၂။ ကချင်ပြည်နယ်တွင် တစ်ချိန်က ကြက်ပုံမကျ စည်ကားခဲ့သောမြို့

### ဒေါင်လိုက်

၂။ မြေဆီလွှာပျက်စီး၊ ရေထွက်လျော့ကျသော အကြောင်းရင်းတစ်ခု
၃။ သူရဲကောင်းနှစ်ဦးအကြောင်းဇာတ်ကား
၄။ နိုင်ငံခြားသို့ သွား၍ လူအများ လုပ်ဆောင်သော ကျန်းမာရေးအလေ့အထတစ်ခု
၅။ ဆီးချိုရောဂါကာကွယ်ပေးနိုင်သော အစားအစာတစ်မျိုး
၇။ မျက်နှာပြင်ခွက်တီဗီများ ထုတ်လုပ်သောကုမ္ပဏီ
၈။ ဖုန်းဖြင့်ဝန်ဆောင်မှုပေးသောနေရာ



**Smart Dictionary ကံထူးသူ**

၁။ မနှင်းသီရိထိုက်၊၁၂/သဃက(နိုင်)၁၇၆၀၈၈ သစ်လွင်စာပေ၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်။

**ကျန်အဖြေမှန်သူများ**

၂။ မဌေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၃။ Dr.ဒေါ်တင်နွဲ့၊ ၁၁/ကဖန(နိုင်)၀၀၂၂၈၇
၄။ Lal Hlun Eng ၊ ၅/ကလထ(နိုင်)၀၇၈၂၁၉
၅။ မမေဇင်ထွန်း၊ ၅/ငဓန(နိုင်)၀၆၅၇၅၇

**ပဟေဠိ အမှတ်စဉ်(၂၄၀)အဖြေမှန်**



**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................
**နေရပ်လိပ်စာ** ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၂-၇-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

English,Speaking,Grammar ဘာသာရပ်များကို အိမ်တိုင်ရာရောက် သင်ကြားပေးပါသည်။ သင်ကြားမှုအား မနှစ်သက်ပါက ၃ ရက်အတွင်း ငွေပြန်လည်ထုတ်ယူနိုင်ပါသည်။

ဖုန်း- ၀၉ ၅၁၇၉၁၂၅

**သင်ကြားပေးသည်**

English for Secondary (Sec I to Sec IV), IGCSE preparation & IELTS; oral & written တို့ကို စနစ်တကျ ထူးချွန်အောင် သင်ကြားပေးသည်။ **ဆရာမဒေါ်အိမ်နွေခိုင် (M.A, YUFL)**

ဖုန်း-၀၉-၄၃၀၂၈၇၈၉

**'ဇေယျာမြင့်မိုရ်'စာသင်စာကျက်ဝိုင်း**

မူလတန်းမှ အလယ်တန်းအထိ သင်ကြားပေးသည်။ ၉၊ ၁၀ တန်း ဘောဂဗေဒ အထူးသင်ကြားပေးသည်။ အမှတ် ၂၄၊၆လွှာ၊ခေါင်းရင်းခန်း၊တာမွေဈေး၊ တာမွေကြီး (ခ) ရပ်ကွက်၊ တာ မွေမြို့နယ်၊ ရန်ကုန်။

**Teacher Candy**

International School, Primary 1-6 အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ ၅ တန်းမှ ၁၀ တန်းအထူး အိမ်သီးသန့်သင်သည်။

ဖုန်း-၀၉-၄၀၂၇၈၁၉၅၂

**Reapter အထူးဝိုင်း**

အိမ်အရောက်ဝန်ဆောင်မှုရှိသည်။

ဖုန်း-၀၉-၄၅၀၀၆၄၀၀၉

**ရောင်းမည်**

၁၉ ဂိတ်ဟောင်းလမ်းဆုံပေါ်၊ စက်မှုဇုန်၊ဈေး၊ ကျောင်းအနီး။ မြို့တ်လမ်းမကြီး၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း။

ဖုန်း- ၀၉ ၃၁၃၅၃၄၉၂

**ရောင်းမည်**

လှိုင်သာယာမြို့၊မီးခွက်ဈေးမင်္ဂလာ/သင်တန်းခန်းမ၊ ပေ(၃၀×၆၀)ရှိ ထောင့်ကွက်၊(၁၉/ခ)၊ဘိုးရာဇာလမ်း၊ (၇) ရပ် ကွက်။ သိန်း (၁၅၀၀)

ဖုန်း- ၀၉ ၄၂၀၂၉၆၁၉၆

**ငှားမည်**

၁။ မြောက်ဥက္ကလာ၊ သုဓမ္မာလမ်းမပေါ်၊ ၆ ကွေ့အနီး ပေ ၁၀×၆၀ ဆိုင်ခန်း။

ငှား-2L , PH:09 73118208

**ရောင်းမည်**

အင်းစိန်လမ်းမ ပေ ၉၀×၁၇၀, 2RC, ရောင်းဈေး-16000L

ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သမားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ငှားမည်**

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းအနီးရှိ၊ စာသင်ခန်းမ (ကျောင်းသုံးပစ္စည်းစုံ) အချိန်ပိုင်းငှားလိုပါသည်။ (သို့)အကျိုးတူပူးပေါင်းလိုသည်။

ဖုန်း- ၀၉ ၄၅၀၀၅၀၁၃၅

**ရောင်းမည်**

ဗညားဒလလမ်းမကြီးပေါ် တာမွေမီးပွိုင့်နှင့် ၁၅၇လမ်းအကြား၊ဆောက်လုပ်ပြီးခါနီး၊ စူပါမားကက်အနီး၊ ၁၂ ဒသမ ၅ ×၆၀ ပေမြေညီတိုက်ခန်းရောင်းမည်။

ဖုန်း- ၀၉ ၇၃၀၈၀၆၇၈

**ရောင်းမည်**

၁။ ဗဟန်း၊ အင်းယားမြိုင်လမ်းမ ပေ ၇၀×၁၀၀ ရောင်းဈေး -1sqft=3L
၂။ ဗဟန်း၊ ဝဂ်ဘာလမ်း ပေ ၉၀×၉၀ ရောင်းဈေး-17000L

PH:- 09 73147793

**ရောင်းမည်**

၁။ရန်ကင်း၊ကျောက်ကုန်းပေ၇၀×၉၆ 2RC,4MBR, ရောင်းဈေး=1500L
၂။ စမိုင်၊ ပြည်လမ်း(ဂုတ်ခြံ) ပေ ၇၅×၂၂၀ ရောင်းဈေး-1sqft-1.5L ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

၁။ မရမ်းကုန်း၊ ပါရမီရိပ်သာ ပေ ၁၀၀ × ၁၃၅ 2RC, ရောင်းဈေး-1100L
၂။ သဃ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ ပေ ၈၀×၈၀, 2RC,2MBR,4BR ရောင်းဈေး- 8000L

PH: 09 73147793

**ရောင်းမည်**

မ/ဒဂုံ၊မ. ဝ. တ လမ်းဆုံအနီး၊ဆလုံဒူးဝါးလမ်းမ(ဂုတ်ကွက်)၊ 16-B အကွက်၊ ပေ(၄၀×၆၀) ပါမစ်မြေ၊ မြေပိုပါသည်။၁ပေ-၁၆သိန်း၊ညှိနှိုင်းရောင်းမည်။

ဖုန်း-၀၉-၇၃၀၈၈၀၁၇

**ရောင်းမည်**

မ/ဒဂုံ၊ E.P.C ဝန်းဘေး၊ ဆလုံဒူးဝါးလမ်း၊ 16-B အကွက်၊ ပေ(၄၀×၆၀)၊ ပါမစ်မြေ၊ ကျပ်သိန်း(၇၀၀)၊ အလျှော့အတင်းရှိသည်။ အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။

ဖုန်း-၀၉-၄၅၀၀၁၂၇၉၂

**Myanmar Pagoda Travel**

Car Rental & ပြည်တွင်း/ပြည်ပ အဆင့်မြင့်ခရီးစဉ်များ၊ ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်းငှားသည်။

ဖုန်း-၀၁-၅၁၈၃၅၂

**ဝန်ဆောင်မှု**

အိမ်သုံး၊ ရုံးသုံး ကွန်ပျူတာများ၊ အင်တာနက်ဆိုင်များ Services ပြုလုပ်ခြင်း၊ Network ချိတ်ဆက်ခြင်းတို့အတွက် ဖုန်းဆက်ရုံဖြင့် အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၉-၇၃၀၉၃၄၈၆

**ဆန်းသစ်**

ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက်၊ ပြုပြင်/ရောင်းဝယ်၊ တပ်ဆင်၊ ဆေးကြောသည်။ စက်ရုံ၊ အိမ်၊ လျှပ်စစ်မီး သွယ်တန်းပေးသည်။

ဖုန်း- ၀၉ ၄၂၀၈၇၉၁၃

**ပြုပြင်ပေးသည်**

ရုံးခန်း၊ တိုက်ခန်း၊ အိမ်၊ အဆောက်အအုံများကို ကုန်ကျမှုသက်သာစေ၍ စိတ်ကျေနပ်မှု ရရှိစေရမည့် တည်ဆောက်မှုများကိုပြုပြင်ပေးသည်။

ဖုန်း- ၀၉ ၄၀၁၅၃၆၁၈၀

**ဆန်းရွှေပြည်ကုမ္ပဏီ**

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်အဖွဲ့မှ လေယာဉ်ပျက်သော နေရာသိ ရှိထားပါသည်။

ဖုန်း- ၀၉ ၆၅၃၀၁၂၈

**QQ GLASS**

အရည်အသွေးမြင့်သော ဖန်ပုလင်းများကို အသုံးပြု၍ ပစ္စည်းထည့်သောသူများအတွက် အကောင်းဆုံးလက်ခံထုတ်ဝေပေးပါသည်။

ဖုန်း- ၀၁ ၇၀၃၅၆၆

**အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသည်**

ဆပ်ပြာအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး. . . လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်မည်ဖြစ်ပါသဖြင့် ပူးပေါင်းလုပ်ကိုင်လိုသူများ လာရောက်ဆွေးနွေးနိုင်ပါသည်။

ဖုန်း- ၀၉ ၄၂၀၁၂၄၈၁၁

**သင်ကြားပေးသည်**

T.T.C သီးသန့်(၅၊၆၊၇၊၈)တန်း All International School (P1 to P6) အိမ်အရောက်သင်သည်။

ဖုန်း- ၀၉ ၄၂၅၂၈၅၂၈

**Ever Stand**

ကိုရီးယား (EPS-TOPIK) စာမေးပွဲ အတွက် သီးသန့် (၇) ယောက်ဝိုင်းများ။

ဖုန်း- ၀၉ ၄၃၁၀၇၄၀၂

**သင်ကြားပေးသည်**

၉၊ ၁၀တန်းဘာသာစုံ အိမ်လိုက်သင်သည်။ ဖုန်း- ၀၁ ၅၁၁၂၉၁

**ရောင်းမည်**

၁၉ ဂိတ်ဟောင်းလမ်းဆုံပေါ်၊ စက်မှုဇုန်၊ဈေး၊ ကျောင်းအနီး။ မြို့တ်လမ်းမကြီး၊(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း။

ဖုန်း- ၀၉ ၃၁၃၅၃၄၉၂

**ရောင်းမည်**

၁။ မရမ်းကုန်း၊ ပေ ၅၀ × ၈၀ မင်းဓမ္မလမ်း၊ (2RC new, 4MBR)အဆင့်မြင့် ရောင်းဈေး-11000L
၂။ ဗဟန်း၊ အင်းလျားမြိုင်လမ်း ပေ ၈၀× ၇၀ ရောင်းဈေး-8900L

ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**Sayar Bryan M.E**

သင်ကြားလမ်းညွှန်မှု (၁၂ နှစ်)၊ Int'I School(Primary & Secondary Levels)(AEIS,PSLE, IELTS,TOEFL,SAT)

PH: 09 420070692

**Tr. Kaung Myat BE(PE)**

Maths, Chemistry & Physics, Grade X and XI, For Int'I Students & Pre-University Level.

PH: 09 73142020

**Active English**

English ဘာသာစကားကို ရင်းနှီးတက်ကြွစွာ အပြန်အလှန် ဆွေးနွေးအကြံပေးသည့် ပုံစံဖြင့် သင်ကြားပေးနေပါပြီ။ စိတ်ကျေနပ်မှုမရှိပါက သင်တန်းကြေး ၁၀၀ရာခိုင်နှုန်းပြန်လည်ပေးသွားမည် ဖြစ်ပါသည်။

ဖုန်း- ၀၉ ၄၃၁၁၅၂၀၂

**သင်ကြားပေးသည်**

၁၀ သီးသန့် ကျောင်းသား/သူများကို ထူးချွန်ထက်မြက်စေရန် Home Special Teaching Guide သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၄၂၁၁၀၄၉၄

စာမျက်နှာ (၅) မှ

## ဝလုံးလေးကို ဝိုင်းဝိုင်းရေးမယ်

ပြီးတော့ သင်ကြားရေးနဲ့ပတ်သက်တဲ့ အတွေ့အကြုံရှိမှလည်း အလုပ်ခန့်တယ်။ ပြီးတော့ မြန်မာကျောင်းမှာသင်ရသလို မဟုတ်ဘူး။ ကျောင်းသားက လက်ခံလာအောင် ဟာသ၊ ဗဟုသုတအရွှန်းဖောက်ပြီးသင်တတ်ရတယ်။ နို့မို့ကျောင်းသားတွေက မကြိုက်ရင် ချက်ချင်းအလုပ်ဖြုတ်ပစ်လိုက်တာလေ”ဟု ဝါရှင်တန်ဒီစီရှိ ဘာသာစကားသင်တန်းကျောင်း တစ်ခုမှမြန်မာစာဆရာတစ်ဦးကပြောကြားသည်။

ထို့အပြင် မြန်မာစာဆရာတစ်ဦးဖြစ်ရန်အတွက် အမေရိကန်ပြည်ထောင်စုတွင် အမြဲတမ်းနေထိုင်ခွင့်ကတ် (သို့မဟုတ်) နိုင်ငံသားဖြစ်မှသာ ထိုအလုပ်များကို လျှောက်ထားခွင့်ရှိပါသည်။ ထို့ကြောင့် တစ်နာရီလျှင် ဒေါ်လာ ၃၀ နီးပါးမျှရသည့် ဝင်ငွေကောင်းအလုပ်တစ်ခုဖြစ်သော မြန်မာစာဆရာအလုပ်ကို လုပ်ကိုင်သူအရေအတွက်နည်းပါးသည်။

မြန်မာစာသင်ကြားသူနည်းသလို မြန်မာစာသင်ကြားရေးတွင် အသုံးပြုနေသော သင်ကြားရေးဆိုင်ရာအထောက်အကူစာအုပ်စာတမ်းကလည်း သိပ်မရှိလှပါ။ မြန်မာကျောင်းတွေမှာသုံးသည့် မြန်မာစာသင်ရိုးညွှန်းတမ်းက မြန်မာနိုင်ငံက မူလတန်းကျောင်းများမှာ ကလေးများကို သင်ကြားသည့် သင်ရိုးညွှန်းတမ်းကိုသုံးပြီး သင်ကြားလို့မရပါ။ ပညာနှင့် ဉာဏ်ရည်ထက်မြက်ပြီးသား ဘာသာစကားတစ်ခုကို အချိန်တိုအတွင်း သင်ကြားလိုသည့်နိုင်ငံခြားကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းစာအုပ် ရှားပါးလှကြောင်း မြန်မာစာသင်ကြားနေသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်သော မိုက်ခ်က ညည်းညူပြောကြားပါသည်။

‘မြန်မာစာကျောင်းသားတစ်ယောက်အနေနဲ့ အကြီးမားဆုံးအခက်အခဲကတော့ စာအုပ်စာတမ်းကောင်းကောင်းမရှိတာဘဲ။ အထူးသဖြင့် သဒ္ဒါသင်ရင်ပိုဆိုးတယ်။ တခြားဘာသာစကားတွေ ကျွန်တော်သင်တုန်းက စကားပြောတွေ၊ သဒ္ဒါတွေသင်ဖို့စာအုပ်အစုံရှိတယ်။ အခုလောလောဆယ်မှာတော့မြန်မာစာသင်ဖို့သုံးနေတဲ့ စာအုပ်က ဂျင်းမက်ရှာရဲ့ စာအုပ်ပဲ။ သူကလည်း အခြေခံအဆင့်ပဲရှိတယ်’

ဝါရှင်တန်ဒီစီရှိ ဘာသာစကားသင်တန်းကျောင်းများမှ မြန်မာစာဆရာများက ကိုယ်ပိုင်ရှာဖွေပြုစုထားသော သင်ရိုးညွှန်းတမ်းများနှင့်သာ သင်ကြားနေစမြဲဖြစ်သည်။ များသောအားဖြင့် အစိုးရဝန်ထမ်းများအခြေစိုက်ရာ ဝါရှင်တန်ဒီစီမှာ မြန်မာစာသင်ကြားသူကျောင်းသားများက အစိုးရဝန်ထမ်းများဖြစ်ကြပြီး မြန်မာနိုင်ငံကို အလုပ်တာဝန်ဖြင့် ဆောင်ရွက်ပတ်သက်ရန်အတွက် မြန်မာစာကို သင်ကြားသူများပါသည်။ ထို့ကြောင့် အများစုက ခြောက်လ၊ တစ်နှစ်အချိန်တိုအတွင်းမှာ တစ်နေ့ကို ခြောက်နာရီနှုန်းဖြင့် မြန်မာစာကို အမြန်ဆုံးတတ်ချင်သူတွေများသည်။

အမေရိကန်မက္ကဆီကန်တစ်ဦးဖြစ်သော အော်စကာက သူ၏မိခင်ဘာသာစကားဖြစ်သောစပိန်ဘာသာမှာ မြန်မာဘာသာလိုပင် အင်္ဂလိပ်ဘာသာနှင့် သဒ္ဒါပုံစံကွဲလွဲတာချင်းတူသဖြင့် သင်ရသည်မှာလွယ်ကူသည် ဟုဆိုသည်။

‘အက္ခရာတွေကို သင်ရတာကတော့ အစမှာ မနည်းလိုက်ရတယ်။ ဒါပေမဲ့ အဲဒါတွေကိုရသွားတော့ သင်လို့သုံးလအကြာမှာမြန်မာစာကို ကောင်းကောင်းဖတ်နိုင်လာတယ်။ စကားလုံးအတော်များများက အဓိပ္ပာယ်ရှိတဲ့ စာလုံးနှစ်လုံးပေါင်းတာတွေများတော့ မှတ်မိလွယ်တယ်။ ရုပ်ရှင်လိုမျိုးပေါ့။ ရုပ်နဲ့ ရှင်တာလို စကားနှစ်လုံးကိုပေါင်းထားတာ။ ဝင်ကွန်ဆင်ပြည်နယ်သား မိုက်ခ်အတွက်မူ ‘ချစ်တယ်၊ ခြစ်တယ်’ စသောအသံခပ်ဆင်ဆင်တူသောစကားလုံးများက မြန်မာစာသင်ရာမှာ အခက်ခဲဆုံးဖြစ်ပြီး ထိုစကားလုံးများ အတွက် နောက်ကအဓိပ္ပာယ်နှင့် ဆက်စပ်မှုကိုသာစဉ်းစားပြီး နားလည်ရသည်ဟု ရှင်းပြပါသည်။

မြန်မာနိုင်ငံနှင့်ဆက်စပ်ပတ်သက်သော အလုပ်အကိုင်များကြောင့် မြန်မာစာကို သင်ကြားရသူများသော်လည်း လေ့လာသင်ယူရင်းနှင့်မှ မြန်မာစာကို သင်ယူရင်းနှင့် လှပသောထူးခြားခမ်းနားသောယဉ်ကျေးမှုများကိုတီးခေါက်မိပြီး သင်ကြားရသည်မှာ ပိုစိတ်ဝင်စားလာသည်ဟု မြန်မာစာကျောင်းသားများကဆိုပါသည်။

အမေရိကရှိဘာသာစကားသင်တန်းကျောင်းများမှာ ဘာသာစကားသင်ကြားရသည်ဆိုသော်လည်း အမေရိကန်ကျောင်းသားအများစုနှင့် သိပ်မရင်းနှီးသေးသော နိုင်ငံတစ်ခုဖြစ်သည့် အတွက် မြန်မာစာဆရာများက ကျောင်းသားများကို ယဉ်ကျေးမှုဓလေ့များကိုလည်း ဘာသာစကားသင်ရင်း ထည့်သွင်းသင်ကြားရလေ့ရှိပါသည်။ မြန်မာ့ရိုးရာဓလေ့ထုံးစံများအတိုင်း နေ့နံအလိုက်နာမည်ပေးခြင်း စသောယဉ်ကျေးမှုများကို မြန်မာစာသင်ယူသူများက အထူးစိတ်ဝင်စားပြီး သူတို့နာမည်များကိုလည်း မြန်မာများကဲ့သို့ နေ့သင့်နံသင့်မှည့်ထားကြပါသည်။ တနင်္ဂနွေသမီးဖြစ်သည့်အတွက် သူ့ကိုယ်သူမြန်မာနာမည် အေးအေးအောင်ဟု နာမည်ပေးထားသူ ဂျက်ဆီကာက “မြန်မာစာက ရှေးကျပြီး ပြိုင်စံကင်းတဲ့ဘာသာစကားတစ်ခုပါ။ မြန်မာလိုလှပတဲ့နိုင်ငံတစ်ခုက နိုင်ငံတကာကို ကြိုဆိုနေတဲ့ အချိန်မှာ မြန်မာပြည်ကိုသွားဖို့ မြန်မာစကားသင်ရတာဂုဏ်ယူတယ်။ ပြီးတော့ စာသင်ကြားရင်းနဲ့ ဗုဒ္ဓဘာသာတရားတော်တွေက ဒီဘာသာစကားမှာ အမြောက်အမြားရှိနေတာကိုသိရတော့ ပိုဂုဏ်ယူတယ်”

ဂျက်ဆီကာလိုလူမျိုးတွေရှိနေသရွေ့ ဝါရှင်တန်ဒီစီက ဘာသာစကားသင်တန်းကျောင်းများမှာ ဝလုံးရေးနည်းသင်ခန်းစာများက ပိုမိုမြင့်ဆိုင်လာနေဦးမည်သာ။

စာမျက်နှာ (၂၃) မှ

## ကချင်အထူးဒေသ(၁) လူမျိုးစုခေါင်းဆောင် ပြည်နယ်လွှတ်တော်အမတ် ဦးဇခုန်ယိန်းဆောင်နှင့် တွေ့ဆုံခြင်း

**တစ်ခုသတင်းကြားထားတာရှိပါတယ်။ ဦးယိန်းဆောင်တို့က ဒီဒေသက လူငယ်တချို့ကို အိန္ဒိယဘက်လွှတ်ပြီး ပညာသင်ပေးပြီး လူစုနေတယ်ဆိုတာပါ။ ခါးပိုက်ဆောင်တပ်ဖွဲ့တစ်ခုလုပ်ဖို့ စီစဉ်နေတယ်ဆိုပြီးကြားပါတယ်။ ပြည်နယ်လွှတ်တော်အမတ်တစ်ဦး အနေနဲ့ ဒါကိုဖြေကြားပေးပါ။**

အိန္ဒိယဘက်မှာသွားပြီးတော့ ဒီကနေလွှတ်တဲ့ စစ်သင်တန်းသွား လုပ်နေတယ်ဆိုတာက ကျွန်တော့် အနေနဲ့ပြောချင်တာက စွပ်စွဲတဲ့လူကို ပြန်ပေးကြည့်လို့ ပြောချင်တယ်။ အိန္ဒိယမှာပို့ထားတဲ့ စစ်သားတွေက ကချင်အထူးဒေသ(၁)ကပြည့်သူ့စစ်တွေလား၊ ကေအိုင်အေရဲ့ ပြည်သူ့စစ်တွေလား၊ ကျောင်းသားတွေလားလို့။ အဲဒါပြောတဲ့လူကို မေးခွန်းပြန်ထုတ်ပေးပါ။ အဲလိုစိတ်ရှိတဲ့လူမို့လို့ အဲဒီစကားပြောတာ။ အဲလိုလုပ်ချင်လို့ အဲလိုစကားပြောတာ။

**အစိုးရအုပ်ချုပ်ရေးဌာနအပြင် အထူးဒေသ(၁)ရဲ့ မူလအုပ်ချုပ်ရေးကော်မတီကပါ ဒီဒေသမှာ တာဝန်ယူနေတာကိုတွေ့ရပါတယ်။ ဒါက အစိုးရယန္တရား မလည်ပတ်နိုင်သေးလို့လား။ အစိုးရဌာနတွေ ပုံမှန်လည်ပတ်လာနိုင်တဲ့ အချိန်မှာရော အခုလိုအထူးဒေသ(၁)ရဲ့ အုပ်ချုပ်ရေးကော်မတီက ဆက်လက်တွဲနေ ဦးမှာလား။**

အခုသူတို့လာတယ်။ ဒေသခံတွေမှ မဟုတ်တာ။ ဘာသိမလဲ။ ဘယ်လောက်သိမလဲ။ ဒေသစကားမှ နားမလည်တာ။ အစိုးရဘတ်ဂျက်ချမပေးတာကလည်း ဒါအစိုးရရဲ့ ကိစ္စဖြစ်သွားပြီလေ။ အစိုးရအုပ်ချုပ်ရေးယန္တရားက မဖြစ်သေးဘူးဆိုတော့ဖြစ်အောင် ဘယ်လိုလုပ်ရမှာလဲဆိုတော့ ဒီဒေသမှာရှိတဲ့ ပညာတက်လူငယ်တွေကို အဲဒီထဲမှာဆွဲထည့်ပါ။ ခန့်ပါ။ တွဲပေးပါ။ ဘာလို့မတွဲပေးလဲ။ ဘာလို့ဗမာချည်းပဲလွှတ်လိုက်တာလဲ။ ဒါလူမျိုးရေးခွဲခြားလို့ ပြောတာမဟုတ်ဘူး။ ဘာလို့ ဒီအုပ်ချုပ်ရေးမှူးတွေက ဗမာပဲဖြစ်ရတာလဲ။ အဲဒီဌာနတွေမှာအလုပ်လာလုပ်တဲ့ လူကလာလို့ ဗမာပဲဖြစ်ရတာလဲ။ မှန်တယ်။ ဗမာတွေပဲ တတ်သေးတယ်။ တော်သေးတယ်။ ဟုတ်ပြီ။ ဒါဆိုတွဲပေးပါလား။ ဥက္ကဋ္ဌက ဗမာလာလုပ်တယ်ဆိုရင် အတွင်းရေးမှူးကတော့ ဒီဒေသမှာရှိတဲ့ ဒေသခံထဲကတော်တဲ့လူကို လုပ်ပေးလိုက်ပေါ့။ အဲဒါဆိုအဆင်ပြေသွားမယ်လေ။ ငါတို့လူတွေ ငွေရပါစေဆိုပြီးတော့ နယ်စပ်ဒေသတွေကို လွှတ်တာလား။ ဒီကရတဲ့ ပိုက်ဆံအိတ်ထဲစာထည့်၊ ခြောက်လပြည့်ရင် ပြန်သွားလို့ လွှတ်တာလား။

**ကန်ပိုင်တည်၊ ပန်ဝါ၊ ဖီမော်ဒေသတွေကို နယ်စပ်ကုန်သွယ်ရေးမြို့တွေအဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်သွားလိမ့်မယ်လို့ ထင်ပါသလား။ ဒေသအပေါ် ဘယ်လိုမျှော်လင့်ထားတာရှိသလဲ။**

ဒါကတော့ အစိုးရရဲ့ကျွန်တော်တို့ တိုင်းရင်းသားတွေ အပေါ်မှာထားတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာဒါတွေအပေါ်မှာ မူတည်မှာပေါ့။

**ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားညီအစ်ကိုတွေကိုမြန်မာပြည်အရှေ့မြောက်ဖျား၊အထူးဒေသ(၁) နယ်မြေရဲ့ လူမျိုးစုခေါင်းဆောင်တစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ**

ကျွန်တော့်အယူအဆကို ပြောရရင် အကုန်လုံးပွင့်ပွင့်လင်းလင်းစကားပြောကြပါ။ ကျွန်တော်တို့တိုင်းပြည်ကလူတွေသူများပြောတာကို သိပ်ပြီးတော့မယုံကြပါနဲ့။ လက်တွေ့ပေါင်းပါ။ လုပ်ပါ။ ပြောပါ။ ကိုယ့်ပြည်တွင်းထဲမှာရှိနေတဲ့ လူတွေအချင်းချင်းပြောကြပါ။ အခု နိုင်ငံတော်အုပ်ချုပ်နေတဲ့ ခေါင်းဆောင်ကြီးများနဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေအကုန်ပွင့်ပွင့်လင်းလင်းပြောကြပါ။ စိတ်ထဲမှာငါဒီတစ်ခုတော့ကြံထားဦးမယ်ဆိုတာမျိုးမထားဘဲ ပွင့်ပွင့်လင်းလင်းပြောကြလို့ရှိရင်တော့ အဆင်မပြေစရာမရှိလောက်ပါဘူး။ တိုက်ခိုက်နေစရာမလိုပါဘူး။ နိုင်ငံတော်က အခုသုံးနေတဲ့ စကားလို ပွင့်လင်းမြင်သာတယ်ဆိုတဲ့စကားကို လက်တွေ့ဆန်ဆန်လုပ်ရင် ခဏလေးနဲ့ ကျွန်တော်တို့နိုင်ငံကောင်းသွားမှာပါ။

**ကျေးဇူးတင်ပါတယ်။**

NETWORK MARKETING LIMITED
အမှတ်(၁၆)၊ ဗိုလ်မိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်- ၅၂၆၆၂၈၊ ၅၂၅၅၂၁၊ ၅၂၅၀၄၂၊ ၅၃၇၈၃၂၊ ၅၃၇၈၃၄
ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)
NETWORK MARKETING LIMITED မှ လူသုံးဆေးဝါးများနှင့် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူး ရောင်းချသောလုပ်ငန်း၌ အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အသွေးပြည့်မီသော သူများအား ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

1. General Manager ကျား/မ (၁) ဦး
- ဘွဲ့ရရှိပြီးသူ၊ အသက် (၃၅) နှစ်မှ (၅၅) နှစ်အတွင်းဖြစ်ရမည်။
- Master/ Bachelor Degree (သို့) Any Diploma in Business Management, Administration ရရှိပြီးသူအား ဦးစားပေးမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- မန်နေဂျာ ရာထူးဖြင့် (၅) နှစ်တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- အထွေထွေစီမံခန့်ခွဲမှု လုပ်ငန်းနှင့် တင်သွင်းရောင်းချဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိရမည်။
- ကုမ္ပဏီ၏ လုပ်ငန်းဌာနများအား ထိရောက်ကောင်းမွန်စွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်၍ ဦးဆောင် ဆောင်ရွက်နိုင်ရမည်။

2. Admin / HR Manager ကျား/မ (၁) ဦး
- ဘွဲ့ရရှိပြီးသူ၊ အသက် (၂၅) နှစ်မှ (၄၅) နှစ်အတွင်းဖြစ်ရမည်။
- Master/ Bachelor Degree (သို့) Any Diploma in Business Management, Administration ရရှိပြီးသူအား ဦးစားပေးမည်။
- Admin & HR ပိုင်းဆိုင်ရာ သင်တန်းတက်ရောက် အောင်မြင်ပြီးသူဖြစ်ရမည်။
- English Speaking နှင့် Computer တတ်ကျွမ်းရမည်။ ခရီးသွားလာနိုင်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃) နှစ် နှင့် အထက်ရှိရမည်။

3. Finance Manager ကျား/မ (၁) ဦး
- B.Com (CPA), ACCA, DA ဘွဲ့ရရှိထားသူ၊ အသက် (၂၅) နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။
- Finance Department အားဦးဆောင် စီမံခန့်ခွဲနိုင်၍ Financial Budget & Report များအားရေးဆွဲနိုင်သူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့် အထက်ရှိရမည်။

4. Business Executive ကျား/မ (၄) ဦး
- ဘွဲ့ရရှိပြီးသူ ၊ အသက် (၂၃) နှစ်မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။
- Master/ Bachelor Degree (သို့) Any Diploma in Business Management, Administration ရရှိပြီးသူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ခရီးသွားလာနိုင်ရမည်။

5. Executive Secretary to MD ကျား/မ (၂) ဦး
- ဘွဲ့ရရှိပြီးသူ ၊ အသက် (၂၀) နှစ်မှ (၃၀) နှစ်အတွင်းဖြစ်ရမည်။
- Master/ Bachelor Degree (သို့) Any Diploma in Business Management, Administration ရရှိပြီးသူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်၍ ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။
- အခြားမြို့များသို့ခရီးသွားလာနိုင်ရမည်။

အလုပ်လျှောက်ထားသူများသည်ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ စကားပြောပြေပြစ်သူ ဖြစ်ရမည်။ အလုပ်လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် (၆) လ အတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ (၁) ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ရပ်ကွက်/ရဲစခန်းထောက်ခံချက်မိတ္တူတို့နှင့်အတူ (24.7.2013) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံရယူဖြည့်စွက်ပြီး လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

# အင်းတော်ကြီးကန်ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့် ဇရိယာအဖြစ် သတ်မှတ်ထိန်းသိမ်းမည်

**သန်းထူး**
**နေပြည်တော်၊ ဇူလိုင်-၆**

ရွှေသတ္တုသိုက်များ ကြွယ်ဝစွာတည်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အန္တရာယ်များရှိသည့် အင်းတော်ကြီးကန်ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့် ဇရိယာ သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဇရိယာ ညှိနှိုင်းအတည်ပြု သတ်မှတ်ပြီးပါက ယင်းဇရိယာအတွင်း တရားဝင် ရွှေတူးဖော်ခွင့် လျှောက်ထားသူများကို ခွင့်ပြုသင့်၊ မသင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက်က ကျင်းပသော အမျိုးသားလွှတ်တော်၌ ကချင်ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား သတ္တုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်အောင်က ဖြေကြားခဲ့သည်။

အင်းတော်ကြီးကန်ဝန်းကျင်ဒေသတွင် တရားမဝင်ရွှေတူးဖော်မှုတားဆီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ တားဆီးကာကွယ်ရေးအတွက် ဦးစီးကော်မတီအဖွဲ့ကို ဇွန် ၁၈ ရက်က ဖွဲ့စည်းခဲ့ပြီး အထက်ပါ အဖွဲ့သည် တရားမဝင် ရွှေတူးဖော်သူများကို တည်ဆဲသတ္တု/သစ်တော ဥပဒေများအရ အရေးယူရန်၊ ကန်ပတ်ဝန်းကျင်ထိခိုက်နိုင်သည့် ဇရိယာ ညှိနှိုင်း သတ်မှတ်ရန် ပြည်နယ် အစိုးရမှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန် စသည့် တာဝန်များ ကိုထမ်းဆောင်ရမည်ဖြစ်သည်။



*အင်းတော်ကြီးကန်အတွင်းရှိ ရွှေမဥ္ဇူဘုရား* ဓာတ်ပုံ- အိဖြူမွန်

အဆိုပါဒေသတွင် ရွှေတူးဖော်ခွင့်ချထားပေးခြင်းနှင့် ပတ်သက်၍လည်း ၂၀၁၀/ ၂၀၁၂ ခုနှစ်ကစ၍ လုပ်ကွက်၁၄ကွက်ချထားပေးခဲ့ပြီး လုပ်ကွက်၁၂ကွက်သည် နယ်မြေအခြေအနေ အရအစဉ်မပြေ၍ ပြန်လည် အပ်နှံခဲ့ကာကျန်သည့်နှစ်ကွက်မှာလည်း ယခုနှစ်ကုန်နှင့် လာမည့်နှစ်ကုန်ပိုင်းတွင် သက်တမ်းကုန်မည်ဖြစ်ကြောင်း၊ တရားဝင်လုပ်ကိုင်သော ကုမ္ပဏီများကြောင့် အင်းတော်ကြီး ကန်အတွင်းသဲနုန်းများ ပို့ချခြင်း၊ ပတ်ဝန်းကျင်ပျက်စီးခြင်းများမရှိကြောင်း ယင်းကကာကွယ်ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက နိုင်ငံတကာ အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ ရေပျော်ငှက်များ ထိန်းသိမ်းရန်၊ ရေတိမ်ဒေသ အဖြစ် သတ်မှတ်ရန် ကြိုးစားနေသော အင်းတော်ကြီးကန်ပတ်ဝန်းကျင်ဒေသတွင် နှစ်ပေါင်းများစွာကတည်းက ဒေသခံများရွှေကျင်ခဲ့ကြသည်။

နောက်ပိုင်း နှစ်များတွင် လူဦးရေများလာပြီး စက်ယန္တရားများဖြင့် တူးဖော်လာကြသည့် အတွက်ထိခိုက်ပျက်စီးလာရကြောင်းလည်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်းဒေသတွင် ရွှေတူးဖော်မှုကြောင့် သဲနုန်းများ ပို့ချကာ ဒေသခံများ၏ လယ်ယာမြေများလည်း ပျက်စီးခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မိုးရာသီက ကွင်း ၃ ကွင်းအတွင်းရှိလယ်မြေ၃၈ဧက ပျက်စီးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။ အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောသည် ၂၀,၁၃၈၉ ဧကကျယ်ဝန်းပြီး စီးဝင်သော ချောင်းများတွင် တရားမဝင် ရွှေတူး၍ ပျက်စီးရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်းတော်ကြီးကန်သည် ၂၈,၅၀၀ ဧကအကျယ်အဝန်းရှိပြီး သဲနုန်းများဖို့၍ သောင်ထွန်း တိမ်ကောမှုဇရိယာမှာ ၀ ဒသမ ၁၇၅ ရာခိုင်နှုန်းသာရှိကြောင်း သတ္တုတွင်း ဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးက ပြောကြားသည်။

# ငှက်ကြည့်လမ်းညွှန်စာအုပ် ထုတ်ဝေမည်

**နိုင်နိုင်စိုး**
**ရန်ကုန်၊ ဇူလိုင်-၆**

မြန်မာနိုင်ငံ ငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းမှ ငှက်ကြည့်လမ်းညွှန်စာအုပ်(Birds of Myanmar)ကို ၂၀၁၄ခုနှစ်တွင် ထုတ်ဝေမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ငှက်ကြည့်လမ်းညွှန်စာအုပ်ကို ပြည်တွင်းရှိငှက်နှင့်ပတ်သက်သည့် ပညာရှင်များက မြန်မာဘာသာဖြင့်ရေးသားသွားမည်ဖြစ်ပြီး ယင်းစာအုပ်တွင် မြန်မာနိုင်ငံရှိ ငှက်များ၏ သဘာဝ၊ သိပ္ပံအမည်၊ ကျက်စားသည့်နေရာ စသည့်ငှက်မျိုးစိတ်တစ်ခုချင်းစီ၏အကြောင်းအရာများပါဝင်မည်ဟု ယင်းအသင်း ဒုဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ငှက်ကြည့်လမ်းညွှန်စာအုပ်တွင် အသင်းမှ ရရှိထားသည့်ပုံများလည်း ထည့်သွင်းမည်ဖြစ်ကာ ၁၉၄၀ က အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသားထားသည့် (Birds of Burma) မှ အချက်အလက်များ ပါဝင်မည်ဖြစ်ပြီး ယင်းအတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောကြားသည်။

"Birds of Burma ကိုမှီငြမ်းထားတယ်။ အခုထုတ်မယ့်စာအုပ်နဲ့ဆိုရင် Version နှစ်ခုဖြစ်လာနိုင်တယ်။ ငှက်နဲ့ပတ်သက်တဲ့ တခြားစာအုပ်တွေရှိပေမယ့် မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်က အားနည်းတယ်" ဟု ဦးသိန်းအောင်ကပြောသည်။

ထို့အပြင် မြန်မာနိုင်ငံ ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းက မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းနှင့်ပူးပေါင်း၍ ငှက်ကြည့်အခြေခံသင်တန်းကို ဇူလိုင်တွင် ကလောနှင့် ပုဂံမြို့၌လည်းကောင်း၊ ဩဂုတ်တွင် ရန်ကုန်၌လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကာ တက်ရောက်လိုများမှာ အသင်းဝင်၍ တက်ရောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ်တစ်ရာကျော်ရှင်သန်ကျက်စားပြီး ရှားပါးစာရင်းဝင် မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ်တစ်ရာ့သုံးဆယ်ကျော်ရှိသည်။



## ခရီးစဉ်ဖျက်သိမ်းသည့် မူဝါဒ ချက်ထရီယမ်ဟိုတယ် ပြန်လည်ပြင်ဆင်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၆**

ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသော ချက်ထရီယမ် ဟိုတယ်မှ ဟိုတယ်အခန်းများမှာယူခြင်းနှင့် ပတ်သက်၍ ခရီးစဉ် ဖျက်သိမ်းသည့် မူဝါဒအား ပြန်လည် ပြင်ဆင်လိုက်ကြောင်း ချက်ထရီယမ် ဟိုတယ်မှ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်မေမြတ်မွန်ဝင်းကပြောသည်။

" FIT ဆို ၄၈ နာရီ ၂၅ ခန်း အထိဆို ရက် ၃၀ အတွင်း ဖျက်ရင် Cancellation Fees (ဖျက်သိမ်းကြေး) မရှိဘူး။ Series တွေအတွက်တော့ သီးခြားပေါ်လစီတွေရှိတယ်" ဟု ဒေါ်မေမြတ်မွန်ဝင်းက ပြောသည်။

ယခုနှစ် ခရီးသွားရာသီတွင် ရရှိထားသော ဟိုတယ် အခန်းဘွတ်ခ်ကင်များကို ပြန်လည် သုံးသပ်၍ ယခုကဲ့သို့ ခရီးစဉ် ဖျက်သိမ်းခြင်းမူဝါဒအားပြန်လည်ပြင်ဆင်ရခြင်းဖြစ်ကြောင်း ဒေါ်မေမြတ်မွန်ဝင်းက ပြောသည်။



**ကန်တော်ကြီးကန်ပတ်လမ်းရှိ ချက်ထရီယမ်ဟိုတယ်** ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ရန်ကုန်မြို့ အဆင့်မြင့် ဟိုတယ်များထဲမှာ ချက်ထရီယမ် ဟိုတယ်အနေဖြင့် ခရီးစဉ်ဖျက်သိမ်းသည့်မူဝါဒကိုပြင်ပေးသော်လည်း အခြားသော အဆင့်မြင့်ဟိုတယ်များကမူ ခရီးစဉ်ဖျက်သိမ်းသည့် မူဝါဒကို ပြန်လည်မပြင်ကြသေးကြောင်း ခရီးသွားကုမ္ပဏီများထံမှ သတင်းရရှိသည်။

ယခုကဲ့သို့ ခရီးစဉ်ဖျက်သိမ်းသည့် မူဝါဒကို ပြန်လည်ပြင်ဆင်လိုက်သည့်အတွက် ခရီးစဉ်များ ရောင်းချရာတွင် များစွာအဆင်ပြေသွားကြောင်း ခရီးသွား ကုမ္ပဏီများကဆိုသည်။

ကမ္ဘာလှည့်ခရီးသွားများလာရောက်မှု မြင့်တက်လာပြီးနောက် ဟိုတယ်ကြီးများအနေဖြင့် အခန်းမှာယူရာတွင် စရန်ငွေတောင်းခံခြင်းများ ပြုလုပ်လာပြီး ခရီးစဉ်ပျက်သွားပါက ပေးချေထားသော စရန်ငွေ ပြန်လည်မပေးဆောင်သည့် မူဝါဒကျင့်သုံးခဲ့သည်။

## အဲအေးရှား လေကြောင်းလိုင်း နေပြည်တော်-ဘန်ကောက်ခရီးစဉ် အောက်တိုဘာတွင် စတင်ပြေးဆွဲမည်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၆**

စရိတ်နည်းလေကြောင်းလိုင်းဖြစ်သော Air Asia လေကြောင်းလိုင်းက လာမည့် အောက်တိုဘာတွင် နေပြည်တော်-ဘန်ကောက်ခရီးစဉ် တိုက်ရိုက်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါလေကြောင်း လိုင်းမှ တာဝန်ရှိသူကပြောသည်။

"အောက်တိုဘာမှာ ဆွဲဖို့ကတော့ သေချာသွားပြီ။ ခရီးစဉ်အသေးစိတ်ကိုတော့ (ဇူလိုင်) ၁၅ ရက် လောက်ဆိုထုတ်ပြန်လို့ရပါပြီ"ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

နေပြည်တော်တွင်ပြုလုပ်ခဲ့သည့်ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်လာသော Air Asia လေကြောင်းလိုင်း အုပ်စု၏ ဒုတိယအကြီးအကဲကလည်း ယခုနှစ်အတွင်း ရန်ကုန်-ဘန်ကောက် ခရီးစဉ်ကို စီစဉ်နေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

Air Asia လေကြောင်းလိုင်းသည် လက်ရှိတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ရန်ကုန်၊ မန္တလေးမြို့နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# Cartoon




























7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# "လေ့လာစူးစမ်းချင်စိတ်က လူတွေကို အင်္ဂါဂြိုဟ်ပေါ် ရောက်စေလိမ့်မယ်လို့ ကျွန်တော်ပြောရဲတယ်"

## ပထမဆုံးလပေါ် ရောက်ခဲ့ဖူးသူ အာကာသယာဉ်မှူးဟောင်းကြီး ဘတ်ဇ်အာလ်ဒရင်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



ဘတ်ဇ်အာလ်ဒရင်ဟာ လပေါ်ရောက်ဖူးတဲ့ ရှားရှားပါးပါး လူသားနှစ်ဦးထဲက တစ်ဦးပါပဲ။ သူနဲ့အတူ အခြားအာကာသယာဉ်မှူးတစ်ဦးဖြစ်တဲ့ နေးလ်အမ်းစထရောင်းတို့ဟာ ၁၉၆၉ ဇူလိုင်မှာ လပေါ်ကို ပထမဆုံးခြေချခဲ့ဖူးတဲ့ ကမ္ဘာ့သမိုင်းဝင် လူသားတွေ ဖြစ်လာခဲ့ကြပါတယ်။ ထိုစဉ်ကစလို့ အမေရိကန် နာဆာအဖွဲ့ကြီးရဲ့ အပိုလို အာကာသယာဉ် အစီအစဉ်မှာ ဦးဆောင် အာကာသယာဉ်မှူးတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။ ယခုအခါ အသက်(၈၃)နှစ်ရှိနေပြီဖြစ်နေပေမယ့် အာလ်ဒရင်ဟာ လူသားတို့ရဲ့ အာကာသထဲ နယ်ပယ်ချဲ့ထွင်ရေးကိစ္စကို စိတ်အားထက်သန်မှု ပြင်းပြနေဆဲပါပဲ။ အာလ်ဒရင်ဟာ သူနောက်ဆုံး ရေးသားထုတ်ဝေထားတဲ့ "အင်္ဂါဂြိုဟ်သို့ ခရီးစဉ်"မှာ အင်္ဂါဂြိုဟ်ပေါ် လူသားတို့ အပြည့်အဝ အခြေချနေထိုင်ရေးအတွက် အကြမ်းဖျင်းစိတ်ကူးပုံဖော်ထားပါတယ်။ အခုတင်ဆက်လိုက်တာ အဲဒီလိုလပေါ်ခြေချဖူးသူ ကမ္ဘာ့ပထမဆုံးလူသား ဘတ်ဇ်အာလ်ဒရင်နဲ့ ယူရိုသတင်းမှ ဂျယ်ရမီဗစ်က်တို့ရဲ့ တွေ့ဆုံမေးမြန်းမှုများ ဖြစ်ပါတယ်။

**အင်္ဂါဂြိုဟ်အကြောင်း ဆရာကြီးတွေးမိတဲ့အခါ ဘာကြောင့် အဲဒီဂြိုဟ်ဆီ လူသားတွေကို ပို့ရတာလဲ။ ဒါက အကုန်အကျများတယ်။ အန္တရာယ်လည်းကြီးတယ်။ အဲဒီကို သွားရောက်ခဲ့တဲ့ ရိုဘော့ယာဉ် ခရီးစဉ်တွေလည်း ရှိခဲ့ပြီး လက်ရှိမှာ အင်္ဂါဂြိုဟ်သွားယာဉ်တစ်စီးဖြစ်တဲ့ Curiosity ဟာလည်း အလုပ်ကောင်းကောင်းလုပ်နေပါတယ်။ ဥရောပဘက်ကနေ လွှတ်မယ့် ExoMars မစ်ရှင် ခရီးစဉ်ကလည်း အဲဒီကိုသွားပြီး သက်ရှိဘဝရှိ၊ မရှိကို ရှာဖွေတော့မယ်။ ဒါကြောင့် လူသားတွေကို (အင်္ဂါဂြိုဟ်ပေါ်)စေလွှတ်ရေးကိစ္စမှာ ဘာကြောင့်များ အချိန်တွေဖြုန်းနေရတာလဲ။**

လူသားတွေ အင်္ဂါဂြိုဟ်ပေါ်ကို (တစ်နေ့) ရောက်သွားကြမယ်ဆိုတာ ကျွန်တော် သံသယမရှိပါဘူး။ အမေရိကဟာ အာကာသနယ်ပယ်ထဲမှာ အရာတော်တော်များများကို ဦးဆောင်နေတယ်လို့လည်း ကျွန်တော် ခံစားမိပါတယ်။ ဒီထဲမှာ ကျွန်တော်တို့အများကြီးရင်းနှီးမြှုပ်နှံထားကြတယ်။ အောင်မြင်နိုင်စရာတွေလည်း အများကြီးရှိပါတယ်။ အမေရိကဟာ အင်္ဂါဂြိုဟ်ပေါ် လူသားတွေ အခြေချနေထိုင်ရေးကို ဦးဆောင်နိုင်တဲ့ ဦးဆောင်သင့်တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ကျွန်တော်က လူတွေဟာ အဲဒီကိုသွားပြီး တစ်ကြိမ်လောက်လည်ပြီး ပြန်လာကြဖို့ပုံစံမျိုးကို ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကသာ အပြည့်အဝအခြေချနေထိုင်ဖို့ကိစ္စကို သေချာလုပ်နိုင်စွမ်းမရှိဘူးဆိုရင် အဲဒီကိုလူတွေနဲ့သွားပြီး ရောက်ပြန်လုပ်တာမျိုးက တန်တယ်မထင်ပါဘူး။ ပြန်လာဖို့စီစဉ်တယ်ဆိုတာက အမေရိကကိုလာဖို့ ဥရောပကနေ ထွက်လာပြီး လျှောက်လည်ကြည့်ရှုပြီး ဥရောပကိုပြန်သွားကြတဲ့ လူတွေလိုမျိုးပါပဲ။ အဲဒါမျိုးက ဘာမှအဓိပ္ပာယ်မရှိလှပါဘူး။ ဒီလိုလုပ်နိုင်တဲ့ အာကာသယာဉ်မျိုး မရှိခဲ့သလို အင်္ဂါဂြိုဟ်ကနေ ပြန်လာနိုင်တဲ့ ယာဉ်မျိုးလည်း မရှိနိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ ဒါမျိုးကိုလုပ်နိုင်ဖို့ အစီအစဉ်ကြီးတစ်ခုလုံး လုပ်ရမှာမို့လို့ပါ။

**အိုကေဗျာ ကျွန်တော်က ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်တစ်ဦးပေါ့။ ငွေတွေအများကြီးလည်းရှိတယ်။ ဆရာကြီးကို ကျွန်တော်လက်မှတ်တစ်စောင် ဝယ်ပေးလိုက်နိုင်တယ်။ ဆရာကြီး အင်္ဂါဂြိုဟ်ကို သွားမလား။**

ဟင့်အင်း။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ အဲဒီလိုမျိုးသေချာစိတ်နှစ်ပြီး ပြန်လုပ်နိုင်တဲ့ နုပျိုမှုမျိုး မရှိတော့ဘူး။ ကျွန်တော့်တန်ဖိုးက လေ့လာစူးစမ်းရေးလုပ်တာမျိုးထက် စီမံကိန်းရေးဆွဲရေးမှာ ပိုရှိနေပါပြီ။

**ဆရာကြီးဟာ အာကာသစူးစမ်းရေးနယ်ပယ်လုပ်ငန်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအတွက် အကြီးအကျယ်ထောက်ခံသူ မဟုတ်လား။ ဒါကရော မှန်ကန်တဲ့ နည်းလမ်းလို့ထင်ပါသလား။**

အဲဒီလောက်ကြီး မလိုအပ်လှပါဘူး။ ကျွန်တော်ထင်တာက ကျွန်တော်တို့ဟာ ကုမ္ပဏီတွေကို ကာလရှည်တစ်ခုလောက်ထိ မှီခိုနိုင်ပါတယ်။ ဟန်ချက်ညီသွားအောင်လုပ်ရပါမယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီတစ်နည်း(သို့မဟုတ်) နောက်ထပ်တစ်နည်းရယ်လို့ သေချာမပြောနိုင်ပါဘူး။ အကောင်းဆုံးဖြစ်တာကို ဆုံးဖြတ်ဖို့ ပြိုင်ပွဲတစ်ခုဖြစ်သွားရမှာပါ။ ကျွန်တော်သာ ဒီကိစ္စအတွက် အဖြေကိုသိတယ်ဆိုရင် အဲဒါ ကျွန်တော့် စီမံကိန်းဖြစ်လာမှာပါပဲ။ ဒါပေမဲ့ အဖြေက ဘာလဲဆိုတာကို ကျွန်တော် မသိဘူးလေ။


**အာကာသထဲကို လူတွေသွားရမယ့်ကိစ္စဆီ ရောက်လာတဲ့အခါ ကျွန်တော်တို့ဟာ အဲဒီမှာ အချိန်တော်တော်ကြာ နေနိုင်အောင် တကယ်ဖန်တီးမထားနိုင်သေးပါဘူး။ (အဲဒီကို ရောက်ခဲ့ရင်) ကျွန်တော်တို့ ခန္ဓာကိုယ်ထုထည်ဆုံးရှုံးလျော့ပါးမယ်။ ကျွန်တော်တို့ကြွက်သားတွေစပြီး လေလွင့်ပျောက်ပျက်မယ်။ ဒါဟာ ကျွန်တော်တို့အတွက် သိပ်ပြီးကျန်းမာရေးမကောင်းတဲ့ သဘောပဲ။ ဓာတ်ရောင်ခြည်သင့်မှု ပတ်ဝန်းကျင်ကလည်း ရှိနေမှာလေ။**

တစ်ခုခုမလုပ်ဖို့အတွက် အကြောင်းပြချက်တွေတော့ အများကြီးရှိပါတယ်။ တကယ်လို့ လူသားထုကြီးဟာ တစ်ခုခုမလုပ်ဖို့ အကြောင်းပြချက်တွေ အားလုံးနဲ့သာ ရှိနေခဲ့မယ်ဆိုရင် ကမ္ဘာမြေအနှံ့အပြားမှာ အခု ကျွန်တော်တို့ရှိသလို ရှိနေမှာ မဟုတ်ပါဘူး။ လေ့လာစူးစမ်းချင်စိတ်ဆိုတာရှိတယ်။ ဒီစိတ်က လူသားတွေကို အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် ရောက်စေလိမ့်မယ်လို့ ကျွန်တော်ပြောရဲပါတယ်။ ကျွန်တော့်အမြင်ကတော့ ခင်ဗျားအနေနဲ့ လူတွေကို အဲဒီကိုပို့မယ်ဆိုရင် အပြည့်အဝအခြေချဖို့ ပို့တာမျိုးဖြစ်သင့်တယ်။ ဒါပေမဲ့ ကျွန်တော့်အထင်ကတော့ သမိုင်းမှာ နှစ် ၁၀၀၊ ၂၀၀၊ ၅၀၀၊ ၁၀၀၀ စသဖြင့် နှစ်တွေက လူသားတွေ ကမ္ဘာကထွက်ခွာပြီး အခြားဂြိုဟ်ကမ္ဘာတစ်ခုပေါ်ကို အပြည့်အဝသွားပြီး အခြေချတဲ့ ကာလတစ်ခုကို အသေအချာ မှတ်တမ်းတင်ပါလိမ့်မယ်။ ဘယ်အချိန်တဲ့လဲ။ ကျွန်တော်ထင်တာတော့ အဲဒီအချိန်က အခုပဲဗျ။ အခုကာလက ဖြစ်နိုင်ပါတယ်။

**ကျွန်တော်တို့ လကမ္ဘာကို သွားတဲ့အကြောင်း ပြောကြရအောင်ပါ။ ဆရာကြီးရဲ့ လကမ္ဘာကိုသွားခဲ့တဲ့ ကိုယ်ပိုင်အတွေ့အကြုံပေါ့လေ။ အခုဆိုရင် အဲဒီဆယ်စုနှစ်တွေကို ပြန်ကြည့်လိုက်ရင် လကမ္ဘာမျက်နှာပြင်ပေါ်မှာ အခြေချခဲ့ရတဲ့ ကိုယ်ပိုင်အတွေ့အကြုံထဲကနေ အခုပြန်ထွက်လာတဲ့ ဆရာကြီးရဲ့ အမှတ်အရဆုံးတွေက ဘာတွေများဖြစ်မလဲ။**

ခင်ဗျားမေးနေတာ သိပ်ပြီး ပုဂ္ဂိုလ်ရေးဆန်တဲ့ မေးခွန်းပဲ။ ဒီတော့ ကျွန်တော်လည်း ခင်ဗျားကို သိပ်ပြီးပုဂ္ဂိုလ်ရေးဆန်တဲ့ အဖြေတစ်ခုပေးပါမယ်။ အဲဒီ (လပေါ်ရောက်ဖူးခဲ့တဲ့) ကိစ္စကတော့ ကျွန်တော့်သက်တမ်းမှာ သိပ်ပြီးဂုဏ်ယူစရာကြီးတစ်ခု၊ သိပ်ပြီးကံကောင်းတာကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ အောင်မြင်မှုရလဒ်ထွက်ခဲ့တဲ့ ကြီးကျယ်ခမ်းနားတဲ့ အဖွဲ့တစ်ခုမှာ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့ရတယ်ပေါ့။ ခုနစ်ကြိမ်မှာ ခြောက်ကြိမ်တောင် ကျွန်တော်တို့ အောင်မြင်စွာ ခြေချနိုင်ခဲ့တယ်။ ကျွန်တော်က လပေါ်သွားတဲ့ အဲဒီအဖွဲ့မှာ ပါချင်ခဲ့တယ်။ ပါခဲ့ရတယ်။ ဒီတော့ ကျွန်တော့် ပုဂ္ဂိုလ်ရေးခံစားမှုကတော့ လပေါ် ပထမဆုံးခြေချခွင့်ရတဲ့ အခွင့်အရေးကို ရတဲ့နေရာမှာ တစ်နည်းနည်းနဲ့ ရှိနေခဲ့တဲ့အတွက် အလွန့်အလွန် ကျေးဇူးတင်ရတာပေါ့ဗျာ။ ဒါဟာ နယူးဂျာဆီမှာ ကြီးပြင်းလာခဲ့ရတဲ့ ကောင်လေးတစ်ယောက်အတွက် ထူးကဲတဲ့အတွေ့အကြုံပါပဲ။ ဒါကြောင့် သိပ်ပြီးကျေးဇူးတင်ပါတယ်။ တစ်ကမ္ဘာလုံးကိုလည်း ကျွန်တော်တို့ တစ်ချိန်က လပေါ် အောင်မြင်စွာခြေချနိုင်ခဲ့ကြတာကို ကျေးဇူးတင်ကြပါလို့ ပြောလိုက်ချင်ပါတယ်။

—Ref: Buzz Aldrin's mission to Mars, Euronews. 2nd July.



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# အမျိုးသမီးရေတပ်ဗိုလ်ချုပ်တစ်ဦးအား ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်

**ကာရာကတ်စ်၊ ဇူလိုင်-၆**

ဆိုရှယ်လစ်ခေါင်းဆောင်ဟောင်း ဟူဂိုချားဗက်ဇ်၏ လက်ထောက်ဖြစ်ခဲ့ဖူးသည့် ရေတပ်ဗိုလ်ချုပ်မစ္စစ်ကာမန်းမယ်လ်လန်ဒက်ဇ်ကို ဗင်နီဇွဲလားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း ဟူဂိုချားဗက်စ်၏ ကျန်ရစ်သည့် ပစ္စည်းများကို ပြသထားသော စစ်ဘက်ဆိုင်ရာ ပြတိုက်၌ ဇူလိုင် ၅ ရက်က ပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ခုတွင် သမ္မတနီကိုး လက်စ်မာဒူရိုက ကြေညာသည်။

လွန်ခဲ့သောတစ်နှစ်ခန့်က ဗင်နီဇွဲလားနိုင်ငံ၏ ပထမဆုံး အမျိုးသမီးရေတပ်ဗိုလ်ချုပ်ဖြစ်လာသူ မစ္စစ်ကာမန်းမယ်လ်လန်ဒက်ဇ်သည် ဇူလိုင်လ ၅ ရက်အထိ သမ္မတရုံးဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည်ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရာထူးအား ကာကွယ်ရေးဝန်ကြီးဟောင်း ဒီယေးဂိုမိုလာရိထံမှ ဆက်ခံရမည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ အကြီးအကဲ အမျိုးသမီး ကာမန်းမယ်လ်လန်ဒက်ဇ်အား ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်လိုက်ကြောင်း သမ္မတမာဒူရိုက ရုပ်သံမှထုတ်လွှင့်သည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

မစ္စစ်မယ်လ်လန်ဒက်ဇ်သည် ချားဗက်ဇ်အစိုးရလက်ထက်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့ပြီးအောက်တိုဘာလအတွင်း ဗင်နီဇွဲလားနိုင်ငံရှိ အစိုးရဌာနများတွင် အားနည်းချက်များ၊ အကျင့်ပျက်ခြစားမှုများကို စုံစမ်းစစ်ဆေးရန် အစိုးရက ၎င်းအား တာဝန်ပေးအပ်ခဲ့သည်။

—*Ref: Reuters*



LIONEL BONAVENTURE/AFP

# ငြိမ်းချမ်းရေးရယူပြီးနောက် သူပုန်များ သိမ်းပိုက်ထားသော ကီဒယ်လ်မြို့သို့ မာလီစစ်တပ် ပြန်လည်ဝင်ရောက်

**ကီဒယ်လ်၊ဇူလိုင်-၆**


မာလီနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ လုံခြုံရေးတိုးမြှင့်ရန်အတွက် သူပုန်များသိမ်းပိုက်ထားသော ကီဒယ်လ်မြို့သို့ မာလီအစိုးရစစ်တပ်ပြန်ဝင်ရောက်လာကြောင်း အာဏာပိုင်များကပြောသည်။

ဖေဖော်ဝါရီလတွင် ပြင်သစ်နိုင်ငံဦးဆောင်၍ မာလီနိုင်ငံရှိ အစ္စလာမ်မစ်စစ်သွေးကြွများအား တိုက်ထုတ်ခဲ့ပြီးနောက် ကီဒယ်လ်မြို့ကို တူအာရက်သူပုန်များက သိမ်းပိုက်ထားခဲ့သည်။ သို့သော် ငြိမ်းချမ်းရေးသဘောတူညီမှုတစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံမြောက်ပိုင်းရှိကီဒယ်လ်မြို့သို့ အစိုးရတပ်များ ဝင်ရောက်ခွင့်ကို ဇွန်လအတွင်းက ညှိနှိုင်းနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီမှုအရသူပုန်များသည်ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ၎င်းတို့၏ စစ်တန်းလျားများသို့ ပြန်သွားရမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပနေစဉ် သူပုန်တပ်များ ကင်းလှည့်ခွင့်မရှိပေ။

တူအာရက်သူပုန်များသည် မာလီနိုင်ငံ လွတ်လပ်ရေးရရှိချိန် ၁၉၆၀ပြည့်နှစ်မှစ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန် တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။ မာလီနိုင်ငံမြောက်ပိုင်းတွင်ဖြစ်ပေါ်နေသောပဋိပက္ခများ အဆုံးသတ်ရန် အစိုးရက ပျက်ကွက်ခဲ့သည်ဟု တူအာရက်သူပုန်များက စွပ်စွဲခဲ့သည်။ ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲမှာ ၂၀၁၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။

—*Ref: BBC*



## Leader's Profile

# အမေရိကန်ရုပ်ရှင်ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ်

ရဲမင်း

စတီဗင်အလန်စပီးဘာ့ဂ်သည် အမေရိကန်ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာ၊ထုတ်လုပ်သူနှင့် စတူဒီယိုလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ နှစ်ပေါင်း ၄၀ ကျော် ယင်းရုပ်ရှင်နှင့်ပတ်သက်သော လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ၎င်း၏ရုပ်ရှင်ဇာတ်ကားများမှာ အကြောင်းအရာ၊ အမျိုးအစားပေါင်းစုံ ပါဝင်ခဲ့သည်။

စပီးဘာ့ဂ်ကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က ရှေးရိုးဆန်သော ဂျူးမိသားစုက မွေးဖွားခဲ့သည်။ မိခင်မှာ စန္ဒရားတီးခတ်သူဖြစ်ပြီး ဖခင်မှာ အီလက်ထရွန်နစ် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ စပီးဘာ့ဂ်သည် အသက်(၁၀)နှစ်ကျော်ကျော်လေးမှာပင် အပျော်တမ်းဇာတ်လမ်းတိုလေးများကို သူငယ်ချင်းများနှင့်အတူ ရိုက်ကူးခဲ့သည်။ ၎င်းတို့ထဲမှ အချို့ကို ၎င်း၏အိမ်တွင် ပိုက်ဆံယူ၍ ရုံသွင်းပြသခဲ့ပြီး အစ်မဖြစ်သူက ပြောင်းဖူးပေါက်ပေါက်များရောင်းချခဲ့သည်။

၁၉၅၈ ခုနှစ်တွင် စပီးဘာ့ဂ်သည် လူငယ်ကင်းထောက်အဖွဲ့ဝင်ဖြစ်လာပြီး ဓာတ်ပုံပညာထူးချွန်ဆုလက်ပတ် ပိုင်ဆိုင်လာခဲ့သည်။ အသက်(၁၃)နှစ်အရွယ်တွင် မိနစ် ၄၀ စာ စစ်ကားရိုက်ကူး၍ ဆုရရှိခဲ့သည်။ ၁၉၆၃ ခုနှစ် အသက်၁၆နှစ်အရွယ်တွင်၎င်း၏ ပထမဆုံး လွတ်လွတ်လပ်လပ်ရိုက်ကူးသော မိနစ် ၁၄၀ စာ သိပ္ပံစွန့်စားခန်းဇာတ်ကားကို ကိုယ်တိုင်ဇာတ်ညွှန်းရေး၊ ကိုယ်တိုင်ရိုက်ကူးခဲ့သည်။ ယင်း Firelight ဇာတ်ကားမှာ ကန်ဒေါ်လာ ၅၀၀ ကုန်ကျခဲ့ပြီး ဒေသရုပ်ရှင်ရုံတွင်ပြသခဲ့ရာ အမြတ်ငွေ တစ်ဒေါ်လာသာ ရရှိခဲ့သည်။

စပီးဘာ့ဂ်သည် ၁၉၆၅ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ်ဆာရာတိုဂါအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး တောင်ပိုင်းကယ်လီဖိုးနီးယားတက္ကသိုလ်ရှိ ပြဇာတ်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားပညာကျောင်း၌ တက်ရောက်ခွင့်ရရှိရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်းနောက် ကယ်လီဖိုးနီးယားပြည်နယ်တက္ကသိုလ်တွင်သာ တက်ရောက်ခဲ့သည်။ သို့သော်စပီးဘာ့ဂ်သည် ရုပ်ရှင်လုပ်ငန်းအတွင်း ဝင်ရောက်နိုင်ရန် ယူနီဗာဆယ်စတူဒီယိုတွင် လစာမရရှိသော အလုပ်သင်အဖြစ် တစ်ပတ်လျှင်ခုနစ်ရက် အလုပ်လုပ်ခဲ့သည်။

ယင်းနောက် ၁၉၇၂ ခုနှစ်တွင် Duel ဟူသော တယ်လီဗေးရှင်းရုပ်ရှင်ဇာတ်ကား ရိုက်ကူးခဲ့ရာမှ အသိအမှတ်ပြုမှုရရှိပြီး ရုပ်ရှင်ဇာတ်ကားကြီးများ ရိုက်ကူးခွင့်ရရှိလာသည်။ ထို့နောက်ပိုင်းတွင် စတီဗင်စပီးဘာ့ဂ်သည် Jaws (၁၉၇၅)၊ ET (၁၉၇၂)၊ Indiana Jones and the Temple of Jones (၁၉၈၄)၊ The Color Purple (၁၉၈၅)၊ Jurassic Park (၁၉၉၃) စသော ပရိသတ်အကြိုက်တွေ့ပြီး စီးပွားရေးအရ အောင်မြင်သော ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့ကာ ရုပ်ရှင်သမိုင်းတွင် လူကြိုက်အများဆုံးနှင့် ဩဇာအကြီးမားဆုံး ဒါရိုက်တာတစ်ဦးဖြစ်လာသည်။ စပီးဘာ့ဂ်သည် Schindler's List (၁၉၉၃)နှင့် Saving Private Ryan (၁၉၉၈)ဇာတ်လမ်းများဖြင့်လည်း အကောင်းဆုံးဒါရိုက်တာ အော်စကာဆုနှစ်ကြိမ် ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် စတီဗင်စပီးဘာ့ဂ်သည် Dreamworks SKG ဟူသော ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းကိုထူထောင်ခဲ့သည်။


စတီဗင်စပီးဘာ့ဂ်သည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး ပထမအိမ်ထောင်နှင့် သားတစ်ဦး လက်ရှိဇနီးသည် ကိတ်ကက်ပ်ရှော်နှင့် သားသမီးငါးဦးနှင့် ကိတ်၏ ယခင်အိမ်ထောင်မှ ကလေးနှစ်ဦး ရရှိထားသည်။

—*Ref: Wikipedia*

# စီအိုင်အေဝန်ထမ်းဟောင်း စနိုးဒန်ကို နိုင်ငံရေးခိုလှုံခွင့်ပြုမည်ဟု နီကာရာဂွါနှင့် ဗင်နီဇွဲလားနိုင်ငံများ ကမ်းလှမ်း

**ကာရာကတ်စ်၊ ဇူလိုင်-၆**

ရုရှားနိုင်ငံမှ ထွက်ခွာလာသည့် ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေးစ်၏ လေယာဉ်ပေါ်တွင် အမေရိကန်နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေသူ အက်ဒ်ဝပ်စနိုးဒန် လိုက်ပါလာသည်ဆိုသော သတင်းကြောင့် ဥရောပနိုင်ငံများက လေယာဉ်ပျံသန်းခွင့် ပိတ်ပင်ခဲ့၍ လမ်းကြောင်းပြောင်း ပျံသန်းခဲ့ရပြီးနောက် ယင်းပိတ်ပင်ခြင်းကို ရှုတ်ချရန် တောင်လက်တင်အမေရိကနိုင်ငံခေါင်းဆောင်များ တွေ့ဆုံခဲ့ကြပြီး တစ်ရက်အကြာတွင် စနိုးဒန်ကို နိုင်ငံရေးခိုလှုံခွင့်ပြုမည်ဟု ဗင်နီဇွဲလားနှင့် နီကာရာဂွာ၏ သမ္မတများက ဇူလိုင်လ ၅ ရက်တွင် ကမ်းလှမ်းလိုက်သည်။



JORGE BERNAL/AFP

*ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေးစ်နှင့် ဗင်နီဇွဲလားသမ္မတနီကိုး လက်စ်မာဒူရို*

ဗင်နီဇွဲလား သမ္မတနီကိုး လက်စ်မာဒူရိုနှင့် နီကာရာဂွါ၏ သမ္မတဒန်နီရယ်လ် အော်တီဂါတို့သည် ၎င်းတို့၏ အမိမြေအသီးသီးတွင် မိန့်ခွန်းပြောကြားစဉ်အတွင်း ယင်းကဲ့သို့နိုင်ငံရေး ခိုလှုံခွင့်ပြုရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံ၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် အမေရိကန်နိုင်ငံသား အက်ဒ်ဝပ်စနိုးဒန်ကို လူသားချင်းစာနာသည့် နိုင်ငံရေးခိုလှုံခွင့်ကမ်းလှမ်းရန် ဆုံးဖြတ်လိုက်ကြောင်း၊ အင်ပါယာ၏ အပြစ်ပေးခြင်းမရှိဘဲ နေထိုင်နိုင်ကြောင်း အမေရိကန်နိုင်ငံကို ရည်ညွှန်း၍ မစ္စတာမာဒူရိုက ပြောသည်။ ယင်းကဲ့သို့ နိုင်ငံရေးခိုလှုံခွင့်ကမ်းလှမ်းခြင်းကို ဗင်နီဇွဲလားနိုင်ငံ၏ လွတ်လပ်ရေးနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ် မစ္စတာ မာဒူရိုက ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

နီကာရာဂွါသမ္မတ ဒယ်နီယယ်အော်တေဂါကလည်း ရုရှားနိုင်ငံမော်စကိုမြို့ရှိ နီကာရာဂွါနိုင်ငံသံရုံးသည် စနိုးဒန်၏ နိုင်ငံရေးခိုလှုံခွင့်လျှောက်လွှာ လက်ခံရရှိခဲ့ကြောင်းနှင့် လက်ခံရန် စဉ်းစားနေကြောင်း ပြောသည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# တရုတ်နိုင်ငံတွင် နှစ်စဉ် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူ ၂၈၀,၀၀၀ ခန့်ရှိ

**ဘေဂျင်း၊ဇူလိုင်-၆**

တရုတ်နိုင်ငံတွင် နှစ်စဉ်ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သူဦးရေမှာ ၂၈၀,၀၀၀ ခန့်ရှိပြီး ယင်းမှ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများမှဖြစ်ကြောင်း တရုတ်ပြည်တွင်းထုတ် The Farmer's Daily သတင်းစာတွင် ဖော်ပြသည်။

သတင်းစာတွင်ဖော်ပြခဲ့သော အစီရင်ခံစာ၌ ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် အမျိုးသမီးဦးရေမှာ အမျိုးသားတို့ထက် ၂၅ ရာခိုင်နှုန်းများပြီး သေဆုံးသူအများစုမှာ အသက် ၆၀ ကျော်တန်းအရွယ်နှင့် အသက် ၁၅ မှ ၃၄ နှစ်အတွင်း အရွယ်များဖြစ်ကြောင်းဆိုသည်။ တရုတ်နိုင်ငံတွင် ၂၀၁၂ မတ်လတွင် အသက် ၆၀ ကျော် နိုင်ငံသားဦးရေမှာ ၁၈၅ သန်းရှိခဲ့ပြီး နိုင်ငံ၏ သက်ကြီးရွယ်အိုများမှ ၃၀ ရာခိုင်နှုန်းမှာ သားသမီးများ၏ စောင့်ရှောက်မှုနှင့်ဝေးရာတွင် နေထိုင်နေရသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများထဲတွင် စိတ်ပိုင်းဆိုင်ရာဖိစီးမှု၊ သောကရောက်မှုနှင့် စိတ်ကျရောဂါများဖြစ်ပွားခြင်းတို့က သတ်သေရခြင်းအကြောင်းရင်းဖြစ်နေသည်။ လူငယ်များထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေရခြင်း အကြောင်းများမှာ ကူးစက်ရောဂါခံစားရခြင်း၊ စိတ်လှုပ်ရှား အငြင်းပွားမှုများ၊ အိမ်ထောင်ပြုရေးဆိုင်ရာ အခက်အခဲများနှင့် ဆင်းရဲမွဲတေမှုတို့ကြောင့်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၀၉ တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်ကလည်း တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ကိုယ့်ကိုယ်ကိုယ် သတ်သေသူပေါင်း တစ်သန်းခန့်ရှိကာ ယင်းမှ သုံးပုံတစ်ပုံမှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း ဖော်ပြခဲ့သည်။ တရုတ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ကမ္ဘာတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုကြောင့် သေဆုံးသူအများဆုံးနိုင်ငံများစာရင်းတွင် ပဉ္စမနေရာတွင်ရှိနေသည်။

*—Ref: China.org*




မနီလာရှိ လုံခြုံရေးတင်းကျပ်စွာချထားသော အမေရိကန်သံရုံးရှေ့တွင် သွားလာနေကြသူများ။ အမေရိကန်ပြည်ထောင်စုက ၎င်း၏နိုင်ငံသားများကို ဖိလစ်ပိုင်တောင်ပိုင်းသို့ သွားရောက်ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း သံရုံးက ကြေညာခဲ့သည်။

JAY DIRECTO/AFP

# အင်ဒိုနီးရှားသမ္မတယူဒိုယိုနို တွစ်တာအပြင် ဖေ့စ်ဘွတ်ခ်ပါ စတင်အသုံးပြု

**ဂျကာတာ၊ဇူလိုင်-၅**

အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုသည် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော တွစ်တာတွင် ပရိသတ်နှစ်သန်းကျော်ရရှိပြီးနောက် အခြားသောနာမည်ကြီးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်ခ်တွင် စာမျက်နှာတစ်ခု ဖွင့်လှစ်ခြင်းနှင့် အွန်လိုင်းဗီဒီယို ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ယူကျု့ဘ်တွင် ကိုယ်ပိုင်အကောင့်တစ်ခုဖွင့်ခြင်းတို့ကို သောကြာနေ့က ပြုလုပ်ခဲ့သည်။

သမ္မတယူဒိုယိုနိုသည် ဂျကာတာမြို့တွင် သြစတြေးလျဝန်ကြီးချုပ် ကီဗင်ရုဒ်နှင့် တွေ့ဆုံပြီးနောက် ထိုသို့လူမှုကွန်ရက်များတွင် ပြည်သူနှင့် ထိတွေ့ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သမ္မတပြောခွင့်ရပုဂ္ဂိုလ် ဂျူလီယန်အာလ်ဒရင်ပါရှာက “ဖေ့စ်ဘွတ်ခ်စာမျက်နှာသစ် စတင်ဖွင့်လှစ်တဲ့အခါမှာပဲ သမ္မတဟာ အရေးပါတဲ့ သတင်းစကားတွေကို လူမှုမီဒီယာတွေ အသုံးပြုပြီး တင်ပြတာနဲ့ပတ်သက်လို့ပြောသွားမှာဖြစ်သလို သမ္မတရဲ့ အခြားသော လုပ်ဆောင်ချက်တွေနဲ့ ဆက်နွယ်တဲ့ အရာတွေကိုလည်း ပြည်သူ့ထံ တင်ပြသွားမှာပါ”ဟု ပြောသည်။

သမ္မတယူဒိုယိုနိုသည် ယခင်ကပင် တွစ်တာလူမှုကွန်ရက်ဝက်ဘ်ဆိုက်ကို အသုံးပြုခဲ့ရာ နိုင်ငံတကာတွင် အသိအမှတ်ပြုခံရပြီး အောင်မြင်မှုရခဲ့သည်။ ယူဒိုယိုနိုသည် ပြီးခဲ့သည့် ဧပြီလတွင် တွစ်တာဝက်ဘ်ဆိုက် စတင်အသုံးပြုခဲ့ပြီး ၎င်း၏တွစ်တာအကောင့်ဖြစ်သော @SBYudhoyono တွင် သုံးလတာကာလအတွင်း ပရိသတ်ပေါင်းနှစ်သန်းကျော် ရရှိခဲ့သည်။

*—Ref: The Jakarta Post/Asiaonev*



7DAY NEWS JOURNAL

# Entertainment

Vol.12, No.18 • JULY 10 , 2013

## ``သဘင်ဆိုရင် ယဉ်ကျေးမှုကြီးထိန်းသိမ်းနေတယ်လို့ မမြင်စေချင်ဘူး။ သဘင်မှာက ခေတ်ရော၊ ရိုးရာကိုရောပြရတာပေါ့``

### တင်ဇာမိုးဝင်းနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

သဘင်ပညာရှင်တစ်ဦးဖြစ်သည့် စိန်မာဒင်၏ မြေးဖြစ်သူ တင်ဇာမိုးဝင်းဟာ မိသားစုကတည်ထောင်ထားတဲ့ 'မဟာရန်ကုန်စံပြသဘင်' မှာပါဝင်ကပြနေပါတယ်။

လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က စတင်ပြီး အနုပညာတွေကိုလေ့လာခဲ့တာ အခုဆိုရင်မင်းသမီးတစ်ဦးအဖြစ် ကပြနေတာသုံးလေးနှစ်လောက်ရှိပါပြီ။ ဇွန်လကုန်ပိုင်းမှာ ပြုလုပ်ခဲ့တဲ့ အမျိုးသမီးရေးရာအထိမ်းအမှတ်ပွဲမှာလည်း 'တောင်ဝင်စံထားမြန်မာနှစ်ပါးသွား' အစီအစဉ်မှာ ပါဝင်ကပြခဲ့တဲ့ တင်ဇာမိုးဝင်းကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**အစ်မရဲ့ မိသားစုမျိုးရိုးအကြောင်းကိုပရိသတ်ကိုအရင်မိတ်ဆက်ပေးစေချင်ပါတယ်။**

အစ်မရဲ့ အဘိုးက စိန်မာဒင်။ မိဘတွေက ဦးမိုးဝင်းနဲ့ဒေါ်ချိုချိုရီ။ အစ်မတို့မှာ မောင်နှမလေးယောက်ရှိတယ်။ အစ်မကအကြီးဆုံး၊ ပြီးတော့ ဟန်ဇာမိုးဝင်း၊ အဂ္ဂမိုးဝင်း၊ နေမိုးဝင်းပေါ့။

စာ(၄၁)သို့



ဓာတ်ပုံ-နစ်ကီ



## လက်ထပ်ပွဲဆင်နွှဲမည့် ဘုဏ်းသိုက်နှင့် ချမ်းချမ်း

ကြူကြူဟာန်

**ရန်ကုန်၊ဇူလိုင်-၆**

သရုပ်ဆောင် ဘုဏ်းသိုက်နှင့် အဆိုတော် ချမ်းချမ်းတို့သည်လာမည့် ဇူလိုင် ၁၄ ရက်တွင် တောင်ဒဂုံမြို့နယ်ရှိပိဋကပ်သုံးပုံနိကာယ်စာသင်တိုက်၌ မင်္ဂလာဦး ဆွမ်းကျွေးအလှူ ပြုလုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ လက်ထပ်မင်္ဂလာပြုလုပ်မည်ဖြစ်ပြီး ညစာစားပွဲကို ဘုရားကျောင်းရှေ့မြက်ခင်းပြင်တွင် တစ်ဆက်တည်းပြုလုပ်မည်ဖြစ်ကြောင်း ဘုဏ်းသိုက်က ပြောသည်။

၂၀၀၈ ခုနှစ်တွင် ချစ်သူဖြစ်ခဲ့ပြီး လွန်ခဲ့သော တစ်လခန့်က ဘုဏ်းသိုက်သည် ချစ်သူချမ်းချမ်းကိုလက်ထပ်ခွင့်တောင်းခဲ့၍ ယခုကဲ့သို့မင်္ဂလာပွဲကျင်းပခြင်းဖြစ်သည်။

"အလုပ်ကိစ္စတစ်ခုနဲ့ သွားရင်း မိုးတွေလည်းရွာပြီး ကားတွေကတအားကျပ်နေတာ။ကျွန်တော်စိတ်ထဲမှာ ပြောချင်နေတာကြာပြီ ပြောမယ်၊ ပြောမယ်နဲ့ မပြောဖြစ်ဘူး။ အဲအချိန်မှာသူကိုအရမ်းပြောချင်တာနဲ့ကျွန်တော်ဒီဘက်မှာလွန်ခဲ့တဲ့တစ်နှစ်က အကောင်အထည်ဖော်ပြီးသား Planတွေပြောပြပြီးတော့ ကားထဲမှာပဲ လက်ထပ်ခွင့်တောင်းလိုက်တာ။ သူလည်းအံ့ဩပြီးတော့ ကြောင်သွားတယ်။ ပြီးတော့ ငိုရော"ဟု လက်ထပ်ခွင့်တောင်းဖြစ်ခဲ့ပုံကို ဘုဏ်းသိုက်က ပြောသည်။

၎င်းတို့နှစ်ဦးလက်ထပ်ပြီးပါကဝါသနာပါရာအနုပညာအလုပ်များကို အတူလုပ်ဆောင်သွားမည်ဖြစ်ပြီး ထူးထူးခြားခြားပြောင်းလဲသွားမည်မဟုတ်ကြောင်း ဘုဏ်းသိုက်ကဆိုသည်။

ဘုဏ်းသိုက်နှင့် ချမ်းချမ်းတို့ ချစ်သူနှစ်ဦး ပါဝင်သရုပ်ဆောင်ထားသော "နှင်းခဲပျော်ချိန်"၊ "အိပ်မက်"ဇာတ်ကားများလည်းမကြာမီထွက်ရှိလာမည်ဖြစ်သည်။

## ဒရာမာဇာတ်ကားသစ်မှာ ခွဲစိတ်ဆရာဝန်အဖြစ် သရုပ်ဆောင်မယ့် ကွန်ဆန်ဝူး

**ဆိုးလ်၊ ဇူလိုင်-၅**

တောင်ကိုရီးယားနာမည် ကျော်သရုပ်ဆောင် ကွန်ဆန်ဝူးသည် ဒရာမာဇာတ်ကားသစ်တစ်ကားထပ်မံရိုက်ကူးရန် သဘောတူညီလိုက်ပြီဖြစ်သည်။

ကွန်ဆန်ဝူးသည် များမကြာသေးမီက ဆိုအေးနှင့် TVXQ အဖွဲ့သား ယူနိုတို့နှင့်အတူ Queen of Ambition ဇာတ်ကား၌ အမြွာညီအစ်ကိုအဖြစ် နှစ်ကိုယ်ခွဲဆရာဝန်တစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ယင်းဇာတ်ကား၌ ဆန်ဝူးသည် ခွဲစိတ်မှုနယ်ပယ်တွင် ပါရမီရှိသူတစ်ဦးဖြစ်သော ပတ်တေရှင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။ ပတ်တေရှင်းသည် ခွဲစိတ်ပညာ၌ ပါရမီရှိသော်လည်း စိတ်မြန်ကိုယ်မြန်လုပ်တတ်သည့်စရိုက်ကြောင့် အထင်လွဲမှုများ မကြာခဏခံရသူတစ်ဦးဖြစ်သည်။ သို့ရာတွင်စိတ်လက်မြန်ဆန်မှု၏နောက်ကွယ်၌ ကြင်နာသနားတတ်သည့်ဆရာဝန်တစ်ဦးအဖြစ် ပုံဖော်ထားခြင်းခံရသည်။

Medical Top Team ဇာတ်ကားရိုက်ကူးခြင်းကို ဩဂုတ်လတွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာလတွင် MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသရန်စီစဉ်ထားသည်။

-Ref; Soompi








# ဆယ်ကျော်သက်စူပါစတားဘဝ အခက်အခဲတွေကို ဝန်ခံပြောကြားတဲ့ ဟေလီစတိန်းဖလက်

**လော့စ်အန်ဂျလိစ်၊ ဇူလိုင်-၆**


ဆယ်ကျော်သက် မင်းသမီးချော ဟေလီစတိန်းဖလက်က ဆယ်ကျော်သက်စူပါစတားဘဝသည် တကယ်ပင်ခက်ခဲသည်ဟု ဝန်ခံပြောကြားသည်။

True Grit ဇာတ်ကားဖြင့် အောင်မြင်မှု ရရှိခဲ့သော ဟေလီသည် အသက် (၁၆)နှစ်သာ ရှိသေးသည့် ကျော်ကြားသူတစ်ဦးဖြစ်သည်။ လူငယ်သရုပ်ဆောင်မင်းသမီးက ဟောလိဝုဒ်လောကကို ယုံကြည်ရန်ခက်ခဲပြီး ကြောက်စရာကောင်းသည်ဟု ပြောကြားသည်။ သို့ရာတွင် ကြောက်စရာ ဟောလိဝုဒ်လောကကြီးထဲ၌ လမ်းကြောင်းချော်မသွားစေရန် အစစအရာရာ ကူညီပေးသော ၎င်း၏မိဘများကို ကျေးဇူးတင်ရှိသည်ဟု Commpany မဂ္ဂဇင်းနှင့် ပြုလုပ်သော အင်တာဗျူး၌ ပြောကြားသည်။

"ဆယ်ကျော်သက် သရုပ်ဆောင်တွေအတွက် ဟောလိဝုဒ်လောကဟာ တကယ်ပဲ ကြောက်စရာကောင်းတယ်။ အချိန်မရွေး တစ်ခုခု ဖြစ်သွားနိုင်တယ်လေ။ ဒါပေမဲ့ ကျွန်မဘဝလမ်းကြောင်း မမှားအောင်ဘေးကထိန်းကျောင်းပေးနေတဲ့ ကျွန်မမိဘတွေကို တကယ်ပဲ ကျေးဇူးတင်ပါတယ်" ဟုဟေလီစတိန်းဖလက်က Company မဂ္ဂဇင်းအား ပြောကြားသည်။

ဟေလီသည်အသက်ရှစ်နှစ်အရွယ်ကပင် ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် True Grit ဇာတ်ကားဖြင့် အော်စကာ ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည့်အပြင် အခြားဆုပေးပွဲများ၌လည်း ဆန်ခါတင်ရွေးချယ်ခံခဲ့ရသည်။ ဟေလီပါဝင်သရုပ်ဆောင်ထားသော Romeo and Juliet ဇာတ်ကားသည်ယခုလအတွင်း ရုံတင်ပြသမည်ဖြစ်သည်။

-XinMSN



# ရန်ကုန်ပရိသတ်ကို နှုတ်ဆက်မယ့် လားရှိုးသိန်းအောင်

**ဖွဲ့ညက်**

**ရန်ကုန်၊ဇူလိုင်-၆**

ပြည်တော်ပြန်အဆိုတော် လားရှိုးသိန်းအောင်၏ နှုတ်ဆက်ဖျော်ဖြေပွဲအဖြစ် ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်မည်ဟု အင်ပါယာတေးဂီတအဖွဲ့၏ မန်နေဂျာ ကိုသန့်ဇော်က ပြောသည်။

ယင်းဖျော်ဖြေပွဲကို အမျိုးသား ကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်ရာ ယခင်ပွဲများကဲ့သို့ပင် အဆိုတော်လားရှိုးသိန်းအောင်က တစ်ကိုယ်တော်ဖျော်ဖြေမည်ဖြစ်ပြီး ရန်ကုန်မြို့ပရိသတ်များအတွက် နှုတ်ဆက်ဖျော်ဖြေပွဲ ဖြစ်သောကြောင့် ၎င်း၏ နာမည်ကြီး သီချင်းတစ်ပုဒ်ဖြစ်သော "နှုတ်မဆက်နဲ့ ငိုချင်တယ်"ကို ဖျော်ဖြေပွဲ အမည်ပေးထားကြောင်း ၎င်းက ပြောကြားသည်။

လားရှိုးသိန်းအောင်သည် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံသို့ပြန်မည်ဖြစ်သောကြောင့် ဩဂုတ်လအတွင်း၌ ချင်းပြည်နယ် ကလေးမြို့၌ တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်နိုင်ရန် စီစဉ်နေကြောင်းကိုသန့်ဇော်က ပြောသည်။

မြန်မာနိုင်ငံနှင့် နှစ်ပေါင်းလေးဆယ်ကျော်ကင်းကွာခဲ့သော်လည်း အခြားနိုင်ငံသားမခံယူဘဲ ၂၀၁၂ ခုနှစ်ဒီဇင်ဘာ တွင် ပြန်လည်ရောက်ရှိလာခဲ့သော လားရှိုးသိန်းအောင်သည်ပရိသတ်များ၏ အားပေးမှုဖြင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။






7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

စာ(၃၉)မှ

# တင်ဇာမိုးဝင်းနှင့်တွေ့ဆုံခြင်း

အခုအချိန်မှာတော့ အဖိုးရဲ့လက်ထက်ကတည်းက တည်ထောင်ထားတဲ့ဇာတ်သဘင်ကိုပဲ တတိယမျိုးဆက်အဖြစ်နဲ့ ဆက်ကနေတာပါ။

**အစ်မရဲ့ငယ်ဘဝနဲ့ အခုလိုမင်းသမီးတစ်ယောက်ဖြစ်လာပုံကိုပြောပြပေးပါလား။**

ပင်ကိုဝါသနာကတော့ရှိတယ်။ ဒါပေမဲ့ ဒီလို Professional အနေနဲ့ လုပ်ဖို့တော့မစဉ်းစားဖူးဘူး။ အခြေအနေအကြောင်းကြောင်းတွေက ပို့ပေးလို့ဖြစ်လာခဲ့တာပါ။ ငယ်ငယ်တုန်းကဆို ကျောင်းမှာ ဦးမိုးဝင်းသမီးဆိုပြီးတော့ ယိမ်းအဖွဲ့တို့၊ ကျောင်းကပွဲတို့မှာတော့ ပါဖြစ်တယ်။ ဆိုကရေးတီးမှာတော့ တစ်ခါမှမပြိုင်ဖူးဘူး။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကစပြီး အကသင်ခဲ့တယ်။ မင်းသမီးအနေနဲ့ကတာကတော့ သုံးလေးနှစ်လောက်ပဲရှိဦးမယ်။

**ဇာတ်မင်းသမီးတစ်ယောက် အနေနဲ့ အခုခေတ်က ဇာတ်မင်းသမီးတွေရဲ့ အခန်းကဏ္ဍကသဘင်မှာမှေးမှိန်နေတာဆိုတော့ ဘယ်လိုကြိုးစားသင့်တယ်လို့ထင်ပါသလဲ။**

ခေတ်အနေနဲ့ရော ဒီနိုင်ငံမှာ ယောကျ်ားတွေကိုဦးစားပေးသလိုဖြစ်နေတယ်။ မင်းသမီးအနေနဲ့ဆိုရင် အငြိမ့်မင်းသမီးတွေဆိုရင်လည်း ဒီခေတ်မှာမှေးမှိန်ပျောက်ကွယ်လာပြီ။ နောက်ပြီးခုခေတ်မှာကြတော့လူတွေကိုဆွဲဆောင်ထားနိုင်တဲ့ Facility တွေကအရမ်းများတယ်။ ဟိုအရင်က လေဘာတီမမြရင်၊လှကလေးစိန် အဲဒီခေတ်ကကြတော့ ကျန်တဲ့ ဖျော်ဖြေရေးကဏ္ဍတွေက မရှိဘူး။ ကျန်တဲ့ပျော်စရာလည်းမရှိဘူး။ ပွဲကြည့်မှ ရမယ့်ခေတ်။ အခု အစ်မတို့ခေတ်မှာကြတော့ ဖျော်ဖြေရေးကဏ္ဍတွေ အရမ်းများလာတော့ လူတွေကသိပ်ပြီးအပြင်မထွက်ကြတော့ဘူး။ အဲဒါကြောင့်လည်းဖြစ်မယ်။ နောက်ပြီး မင်းသမီးနဲ့ မင်းသားဆို မင်းသားတွေက အသက်ကြီးသည်အထိ ကပြလို့လည်းရတယ်။ လူဆိုတာတော့ အနုကြိုက်တဲ့လူတွေချည်းပဲလေ။ အဓိကကတော့ ပရိသတ်တွေက မင်းသာတွေကို ပိုပြီးအားပေးကြတာလည်းပါတယ်။

**ပရိသတ်တချို့က ဇာတ်ပွဲတွေမှာ မင်းသမီးတွေခေတ်ပေါ်အကကတာ စတိတ်ရှိုးမှာဖျော်ဖြေတာကို ဝေဖန်တာတွေရှိတယ်။ အစ်မကလည်း ပါဖော့မန့်တွေအမျိုးမျိုးနဲ့ ဖျော်ဖြေနေတာဆိုတော့ အဲဒီလိုဝေဖန်မှုတွေကို ဘာပြောချင်ပါသလဲ**

ဇာတ်သဘင်ဆိုတာ ယဉ်ကျေးမှုကိုပဲပြရအောင် ယဉ်ကျေးမှုဝန်ကြီးဌာနလည်းမဟုတ်ဘူး။ သဘင်သည်ကခေတ်နဲ့လည်း လျော်ရမယ်။ ယဉ်ကျေးမှုကိုလည်းထိန်းသိမ်းရမယ်။ အဲဒီအတွက်ကြောင့်သဘင်သမားတွေကို ဖျော်ဖြေနေသူတွေလို့ပဲမြင်စေချင်တယ်။ ဟိုဘက်ခေတ်ကလည်း ဇာတ်သဘင်ပညာရှင်ကြီးတွေက ခေတ်နဲ့ညီအောင် တီထွင်ခဲ့တာချည်းပဲလေ။ ဘဘတို့ခေတ်ကတည်းက သဘင်ကိုခေတ်နဲ့လည်း အညီရိုးရာလည်းမပျောက်အောင် ကပြခဲ့ကြတယ်။ ခေတ်ကိုနောက်မကျစေရဘူးပေ့ါ။ အဲဒါကြောင့်သဘင်ဆိုရင် ယဉ်ကျေးမှုကြီးထိန်းသိမ်းနေတယ်လို့ မမြင်စေချင်ဘူး။ သဘင်မှာက ခေတ်ရောရိုးရာကိုရောပြရတာပေ့ါ။

**မြန်မာနိုင်ငံသဘင်အစည်းအရုံးက နောက်ပိုင်းဇာတ်တော်ကြီးတွေကို မပါမဖြစ်ကပြရမယ်ဆိုတဲ့အပေါ် ပရိသတ်တွေကလည်း အဲဒီဇာတ်တော်ကြီးတွေဆိုရင် သိပ်ပြီးစိတ်မဝင်စားတာတွေ့ရတယ်။ အဲဒီအပေါ်မှာရော အစ်မအနေနဲ့ ဘာပြောချင်ပါသလဲ။**

အဲဒါကျတော့ ဟိုးအရင် ဖေဖေတို့ခေတ်ပေ့ါ။ အဲဒီအထိ သဘင်ကရွှေခေတ်ပဲလေ။ အခုနောက်ပိုင်းမှာကြတော့ လူတွေကိုတစ်နေရာတည်းမှာ အများကြီးစုခွင့်လည်း မပေးတော့ဘူး။ အဲဒီတော့လည်း အဆက်ပြတ်သွားတဲ့သဘောပေ့ါ။ ဝေးသွားတော့လည်း မကြည့်ချင်တော့တဲ့ သဘောပေ့ါ။ ကိုယ့်နိုင်ငံမှာတောင်မဟုတ်ဘူး။ သူများနိုင်ငံတွေမှာလည်း ပြဇာတ်ရုံကြီးတွေတောင် အများကြီးမရှိတော့ဘူး။ အစ်မအမြင်ကတော့ခေတ်ပြောင်းလာတာနဲ့အမျှလူတွေကလည်း အဲဒါတွေအတွက် မခံစားနိုင်ကြဘူး။ သာယာတဲ့ ဟာမျိုးကိုပဲ ခံစားချင်ကြတယ်။ နောက်ပြီး အဲဒီနောက်ပိုင်းဇာတ်ကြီးတွေကို သရုပ်ပေါ်အောင်ကပြရတာလည်းခက်တယ်။ အစ်မတို့ကတော့ နောက်ပိုင်းလည်း ကပြီး အကုန်လုံးပါအောင်လုပ်ထားတယ်။ ပရိသတ်မကြည့်ချင်တာကို ကြည့်ချင်လာအောင် စိတ်ဝင်စားလာအောင် ကြိုးစားရမှာပေ့ါ။

**အစ်မက စတိတ်ရှိုးလိုမျိုး ဖျော်ဖြေရေးကဏ္ဍတွေမှာ လန်းလန်းဆန်းဆန်းတက်တက်ကြွကြွ နဲ့ပဲဖျော်ဖြေတယ်။ အဲဒီလိုဖျော်ဖြေ နိုင်အောင် ဘယ်လိုမျိုးလေ့ကျင့်တာလဲ။**

ငယ်ငယ်ကတည်းက ဝါသနာပါတယ်။ ခေတ်တိုးတက်လာသလို ခေတ်လူငယ်လည်းဖြစ်တော့ အမြဲတမ်းလေ့လာနေတယ်ပေ့ါ။ ပါဖော့မန့်အနေနဲ့ကတော့ အိမ်မှာနေရင်လည်း သီချင်းတွေဖွင့်ပြီးတော့လည်း ကဖြစ်တယ်။ ပြီးတော့ ဘာအသစ်ပေါ်နေလဲဆိုတာကိုလည်း အမြဲတမ်းလေ့လာနေတယ်။ ခေတ်နဲ့လည်းလျော်ညီရမယ် အရမ်းလည်းမရိုင်းစေရဘူး။ သီချင်းတွေဆိုရကရတာ ငယ်ငယ်ကတည်းကဝါသနာပါတော့လည်း အလေ့အကျင့်ဖြစ်နေတာပေ့ါ။ အလုပ်က သင်သွားတာလည်းပါပါတယ်။

**အခုခေတ်မှာဆိုရင် အနုပညာရှင်တွေ ဖျော်ဖြေရေးတွေလုပ်ရင် လန်းဆန်းနေအောင်ဆေးဝါးတွေ သုံးစွဲတာမျိုးတွေရှိကြတယ်။ သတင်းတွေထွက်နေတယ်။ အဲဒီအပေါ်မှာရော အစ်မရဲ့အမြင်ကို ပြောပြပါဦး။**

ဖြေ-မူးယစ်ဆေးဝါးဆိုတာစွဲတတ်တယ်။ စွဲသွားရင် ဒုက္ခရောက်တာကိုး။ အစ်မတို့ငယ်ငယ်ကတည်းက တီဗီတွေမှာ ကြည့်တဲ့အခါမှာလည်း ဒီမူးယစ်ဆေးဝါးတွေရဲ့ မကောင်းကျိုးတွေကို မြင်နေရတယ်။ အစ်မအခုလိုလန်းလန်းဆန်းဆန်းဖျော်ဖြေနေတာကတော့ ဆေးတစ်ခုမှ မသုံးဘူး။ အစ်မရဲ့စိတ်ကိုကိုယ်ဖျော်ဖြေရမယ်ဆိုရင် လန်းဆန်းနေတာ မူးယစ်ဆေးသုံးမှ လန်းလန်းဆန်းဆန်းဖျော်ဖြေနိုင်မယ်ဆိုတာကိုတော့ လုံးဝလက်မခံပါဘူး။

**အခုနောက်ပိုင်းမှာ ဇာတ်သဘင်နဲ့ ပရိသတ်တွေရဲ့ အချင်းများမှုတွေကို ကြားနေရတယ်။ အဲဒီအပေါ်မှာရော ဇာတ်သဘင်သမား တစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ။**

အဲဒါကြတော့ ပြောရခက်တယ်။ ဘုရားပွဲတွေမှာကြတော့ အရက်ဆိုင်တွေကလည်းအများကြီးပဲလေ။ အဲဒီတော့ သူတို့အတွက်ကလည်းဖျော်ဖြေရတာက ဒီအချိန်လေးပဲရှိတာဆိုတော့ အရမ်းသောက်ကြတယ်။ အဲဒါတွေကိုတော့ထိန်းပေးဖို့လိုတယ်။ နောက်ပြီး အစ်မတို့ဖျော်ဖြေနေတဲ့သူတွေဘက်မှာလည်း သည်းခံနိုင်တဲ့ အတိုင်းအတာရှိတယ်။ သည်းမခံနိုင်အောင်ကို အပြောခံရတာတွေလည်းရှိတယ်။ အစ်မတို့ကတော့ အဲဒီလိုလူမျိုးကို ပြန်ပြောမနေတော့ဘူး။ ကိုယ်ဖျော်ဖြေရမှာကိုပဲ မြန်မြန်ပြီးအောင်လုပ်လိုက်တယ်။ အဲလိုလူမျိုးကလည်းတစ်နေရာတစ်ယောက်ပါလာတာ။ တစ်ခါတစ်လေ သည်းခံပြီးနေရတော့ ပေါက်ကွဲတာလည်းရှိနိုင်တာပေ့ါ။ ကိုယ့်သဘင်သည်တွေ မှားတယ်လို့လဲမပြောချင်ဘူး။ ကိုယ်ကိုယ်တိုင်ခံစားရတော့ အချင်းချင်းနားလည်တယ်။ ပရိသတ်အချင်းချင်းလည်း ဒီလိုလူမျိုးတွေရှိရင် နည်းနည်း တော့ထိန်းပေးစေချင်တယ်။ အစ်မတို့လည်းအဆင်ပြေအောင်တော့ထိန်းပေးတာရှိတယ်။ တစ်ခါတလေကြတော့ သူတို့ဘက်က ပိုက်ဆံပေးကြည့်တာဆိုပြီးလွန် လွန်ကျူးကျူးတွေပြောဆိုတာလည်းခံရတယ်။ အစ်မတို့လည်းပိုက်ဆံပေးပြီး ပြန်လုပ်မယ်ဆိုရင်ဘာပြောမလဲ။ အဲဒီလိုပေ့ါ။ ဒါပေမဲ့ ပရိသတ်ဘက်ကတော့ ဈေးဝယ်သူတွေလိုပေ့ါ။ Castomeris aways right ပေ့ါ ။တစ်ခါတလေ စဉ်းစားကြည့်ရင် ကိုယ့်ကိုယ်ကိုယ် တောင်သနားပါတယ်။

**အစ်မတို့ကတော့ အမြဲတမ်း ပရိသတ်နဲ့ထိတွေ့ပြီးဖျော်ဖြေရတယ်။ တချို့အနုပညာရှင်တွေ ကျတော့ အခွေမှာတုန်းက အရမ်းကောင်းပြီး တကယ့်အပြင်မှာဖျော်ဖြေပွဲမှာကြတော့ ပရိသတ်စိတ်ကျေနပ်မှုမရတာတွေရှိတယ်။ အဲဒီအပေါ်မှာရော အစ်မအနေနဲ့ဘယ်လိုအကြံဉာဏ်မျိုးပေးချင်လဲ ။**

အဓိကကတော့ အဆိုတော်လုပ်ချင်တဲ့သူက သီချင်းဆိုတာကောင်းအောင်ကြိုးစားရမှာပေ့ါ။ ဒါပေမဲ့လည်းကောင်းတာများပါတယ်။ အခွေမှာဆိုရင်တော့ ပြင်လို့ရတယ်။ အခု တိုက်ရိုက်မှာကြတော့ တချို့က စိုးရိမ်စိတ်တွေများတာမျိုးလည်း ဖြစ်နိုင်တယ်။များများတော့လေ့ကျင့်သင့်တာပေ့ါ။ နောက်ပြီး ခံစားချက်ပေါ်အောင် ဖျော်ဖြေပေးနိုင်ဖို့လည်း လိုတာပေ့ါ။လေ့ကျင့်မှုကပဲ အဓိကကျတာပါ။ အဆိုတော်ကအဆိုပိုင်ဖို့တော့လိုတာပေ့ါ။

**တစ်ချိန်က ဇာတ်သဘင် လောကရွှေခေတ်ဖြစ်ခဲ့ဖူးတယ်။ အဲဒီလိုမျိုးရွှေခေတ်ပြန်ဖြစ်အောင် အခုခေတ်ဇာတ်သဘင်လောကသားတွေအနေနဲ့ ဘာတွေလုပ်ဆောင်ဖို့ရှိပါသလဲ။**

အခုလည်း ပုံမှန်ပွဲကြည့်တဲ့သူတွေကတော့ ရှိပါတယ်။ ပွဲချစ်သူပရိသတ်ကတော့ရှိပြီးသာပေ့ါ။. ဒါပေမဲ့ ဇာတ်သဘင်ဖျော်ဖြေမှုကို ပရိသတ်သိအောင်ပြနိုင်ဖို့လည်းအရေးကြီးပါတယ်။ ရွှေခေတ်ပြန်ဖြစ်အောင်တော့ အားလုံးကြိုးစားရမှာပေ့ါ။ အရင်ခေတ်က အခုလိုဖျော်ဖြေရေးကဏ္ဍတွေ အများကြီးလည်းမရှိဘူးလေ။ ဒါပေမဲ့လည်း ဖေဖေတို့ခေတ်တုန်းကလို ရွှေခေတ်တစ်ခေတ်ဖြစ်ဖို့ဆိုတာက အခုဂရိတ်ဦးဖိုးစိန်အမှတ်တရပွဲလိုမျိုး ပွဲကြီးတွေကို ပရိသတ်တွေစိတ်ဝင်စားအောင်လုပ်နိုင်မှရမယ်။ အဲဒီလိုလုပ်နိုင်ဖို့ကလည်း ပြင်ဆင်ဖို့အတွက် အချိန်ပေးရတယ်။ လူတွေပြန်စိတ်ဝင်စားအောင် အခုတော့ တီဗီတွေကလည်း ရိုက်ထားတာတွေလင့်ပေးတာတွေရှိတယ်။ အရမ်းကြီးရွှေခေတ်ဖြစ်ဖို့ကတော့ မလွယ်ဘူး။ ပရိသတ်က မျှသွားပြီလေ။ ဇာတ်သဘင်ကိုကြိုက်တဲ့လူရှိသလို မခံစားတတ်တဲ့လူလည်း ရှိတယ်။ သူတို့ကိုလည်း အပြစ်ပြောလို့တော့ မရဘူး။ သဘင်ကြိုက်တဲ့လူ ရုပ်ရှင်ကြိုက်တဲ့လူ အဆိုတော်တွေကြိုက်တဲ့လူ အဲလိုမျိုးမျှသွားတယ်။ ဖျော်ဖြေမှုတွေကလည်းများလာတာကိုး။

**အခုနောက်ပိုင်းဖျော်ဖြေရေးပွဲတွေမှာ ဇာတ်သဘင်ကဏ္ဍကို ထည့်သွင်းထားတဲ့ အစီအစဉ်တွေပါလာတဲ့အပေးမှာ အစ်မရဲ့ ပီတိစကားလေးပြောပေးပါဦး။**

ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်။ အမျိုးသမီးရေးရာပွဲ မှာဆိုရင် မြန်မာရိုးရာအကကို ဇာတ်မင်းသမီးတစ်ယောက်အနေနဲ့ဖျော်ဖြေရတာကို ကျေနပ်တယ်။ ဒီလိုပွဲကြီးတွေမှာ သဘင်ကိုချန်မထားခဲ့တဲ့အတွက်လည်းကျေးဇူးတင်တယ်။ အဓိကကတော့လူငယ်တွေလည်း စိတ်ဝင်စားလာနိုင်တယ်။ သဘင်ဆိုတာကို လူတွေထိတွေ့မှုရှိလာတာပေ့ါ။

**လက်ရှိ အနုပညာလှုပ်ရှားမှု အနေနဲ့ဘာတွေလုပ်ဖြစ်နေလဲ။**

ဘဘရွှေမန်းတင်မောင် အမှတ်တရပွဲအတွက် ဦးချမ်းသာစီစဉ်တဲ့ပွဲမှာ ပါဝင်ဖို့ဇာတ်တွေတိုက်နေကြတယ်။ နောက်အစ်မတို့ရဲ့ဇာတ်သဘင်အဖွဲ့အတွက် နောက်ရာသီဖျော်ဖြေရေးအတွက်လည်း စီစဉ်နေတယ်။ ငြိမ်းချမ်းရေးပွဲမှာလည်းပါဝင်ဖျော်ဖြေပေးဖို့ရှိတယ်။ ရှစ်လေးလုံးငွေရတုပွဲမှာလည်း ပါဝင်ဖျော်ဖြေပေးဖို့ရှိတယ်။

**ဖိုးချစ်တို့ဆိုရင်ဇာတ်သဘင်ခြံတွေဘာတွေလုပ်ထားတယ်ဆိုတော့ အစ်မတို့ရော အဲဒီလိုမျိုးလုပ်ထားတာများရှိလား။**

အရင်ကတော့ တောင်ဒဂုံဘက်မှာ ခြံလုပ်ထားတာရှိတယ်။ ဒါပေမဲ့လမ်းမသင့်တော့ အဆင်မပြေဘူး။ အခု တောင်ဒဂုံယဉ်ကျေးမှုကျောင်းဘေးကခန်းမကြီးကို ငှားထားပြီး ပွဲနားတဲ့အချိန်အဖွဲ့သားတွေနေဖို့နဲ့ ဇာတ်တွေတိုက်ဖို့လုပ်ထားတယ်။

**ပရိသတ်တွေကိုဘာပြောချင်ပါသေးလဲ။ ပြောပြပေးပါဦး။**

ပွဲကြိုက်တဲ့ပရိသတ်တွေကိုအထင်မသေးစေချင်ဘူး။ ကိုယ်ပွဲမကြည့်နိုင်ရင်နေ သူများကိုလိုက်ပြီးတော့ မပြောစေချင်ဘူး။ ပွဲကြည့်တဲ့လူတွေက ငွေတွေလည်းအများကြီးအကုန်ခံပြီး ကြည့်ကြရတာ။ တစ်ညလုံး အစားအသောက်တွေလည်းဆောင်လာကြရတယ်။ အစ်မကတော့ပွဲကြည့်တာက တကယ့်သူဌေးတွေလို့ပြောချင်ပါတယ်။ အစ်မတို့ကိုချစ်လို့ နေရာတိုင်းမှာလိုက်ပြီးကြည့်တဲ့လူတွေဆိုရင်လည်းရှိတယ်။ အဲဒါကြောင့် သူတို့တွေကို မပြောစေချင်ဘူး။ တချို့ကပွဲကြည့်တယ်ဆိုရင်နှာခေါင်းရှုံ့ချင်ကြတယ်လေ။ ပွဲကြည့်တဲ့ ပရိသတ်တွေလည်းပွဲကြည့်ဖို့အတွက် အပြောအဆိုခံချင်ခံရသေးတာ။ သနားဖို့ကောင်းတယ်။ အဲဒါကြောင့် အရမ်းကျေးဇူးတင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

ဖိတ်ကြားလွှာ

စစ်သူနာပြုဗိုလ်လောင်းအမှတ်စဉ် (၄) ၏ နှစ် (၅၀) ရွှေရတုနှင့် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ ဆရာ-ဆရာမများ၊ အစ်မကြီးများနှင့် ညီမများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

ကျင်းပမည့်နေ့ - ၄.၈.၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့လယ် ၂ နာရီမှ ၄ နာရီထိ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီ၊ သီရိခန်းမ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

အမှတ်စဉ် ၁၊ ၂၊ ၃မှ အစ်မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။ အမှတ် ၅ မှစ၍ညီမများ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိ အောက်ပါ ဖုန်းနံပါတ်တစ်ခုခုသို့ ပြန်ကြားပေးပါရန်။

ဗိုလ်ကြီး ဒေါ်စုစု (ငြိမ်း) - ၀၉-၈၅၂၈၀၉၀
ဗိုလ်မှူးဒေါ်တုန်းရီ (ငြိမ်း) - ၀၀-၅၆၃၀၇၃
ဗိုလ်ကြီး ဒေါ်တင်ထန်း (ငြိမ်း) - ၀၉-၅၀၀၈၃၂၀
ဗိုလ်ကြီး ဒေါ်မွှေးမွှေး (ငြိမ်း) - ၀၀-၅၇၉၅၅၃

Sports

7DAY NEWS JOURNAL

Vol.12, No.18 • JULY 10 , 2013

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကောင်းဆုံးဆုများ ဇူလိုင် ၁၂ ရက်တွင် ချီးမြှင့်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်-၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအကောင်းဆုံးဆုများချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင်လ ၁၂ ရက် ညပိုင်းတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနား၌ ပြီးခဲ့သည့် ၂၀၁၂ ဘောလုံးရာသီ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများ၊ အဖွဲ့ချုပ်ရှုံးထွက်ဖလားပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများ၊ မြန်မာလိဂ်လူငယ်ပြိုင်ပွဲ၊ ရှုံးထွက်ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများအား ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သောလက်ရွေးစင်အသင်းများကိုလည်း ဆုများချီးမြှင့်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သိရှိရသည်။

"လိဂ်ပြိုင်ပွဲနဲ့ပတ်သက်တဲ့ဆုတွေကတော့ ၂၀၁၂ ဘောလုံးရာသီနဲ့ပတ်သက်ပြီး ဆုချီးမြှင့်သွားမှာဖြစ်ပြီး လက်ရွေးစင်အသင်းတွေနဲ့ပတ်သက်တဲ့ဆုတွေကတော့ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအတွင်း ပွဲစဉ်တွေကိုကြည့်ပြီး ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။ ၂၀၁၂မြန်မာလိဂ်ဘောလုံးရာသီ၏ အကောင်းဆုံးဘောလုံးသမားဆု၊ လူငယ်အကောင်းဆုံးဘောလုံးသမားဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုစသည်တို့ကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၂ ဘောလုံးရာသီ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပထမရရှိခဲ့ပြီး ကမ္ဘောဇအသင်းက ဒုတိယနေရာရရှိခဲ့သည်။ အဖွဲ့ချုပ်ရှုံးထွက်ဖလားပြိုင်ပွဲတွင် ရေ၀တီအသင်းက ပထမနှင့် ကမ္ဘောဇအသင်းက ဒုတိယရရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ဘောလုံးရာသီ အကောင်းဆုံးဘောလုံးသမားဆုကို ဧယျာရွှေမြေတိုက်စစ်မှူး(ယခု ရန်ကုန်)ကျော်ကိုကို၊ ဒုတိယဆုကို ရေ၀တီအသင်း (ယခု ရတနာပုံ) ဂိုးသမားသီဟစည်သူနှင့် တတိယဆုကို ရန်ကုန်အသင်းကွင်းလယ်ကစားသမား ရန်အောင်ကျော်တို့က ရရှိခဲ့သည်။

# ၂၀၁၃ မြန်မာလိဂ်ရာသီကုန်အထိ ကျော်ကိုကို အနားယူရမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်-၈

ရန်ကုန်ယူနိုက်တက် အသင်းတိုက်စစ်မှူးကျော်ကိုကိုသည် ပခုံးညှပ်ရိုးကျိုးဒဏ်ရာအခြေအနေကြောင့် ၂၀၁၃ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျော်ကိုကိုသည် ပြီးခဲ့သည့် မေလဆန်းပိုင်းက ဟံသာ၀တီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ကာ အနားယူနေရပြီး ဇွန်လ ၂၁ ရက်မှစတင်ကာ အပေါ့စားလေ့ကျင့်ခန်းများ ပြုလုပ်နေပြီဖြစ်သော်လည်း ဆရာဝန်၏ ခန့်မှန်းချက်အရ လာမည့်ဩဂုတ်လကုန်ခန့်အထိ အနားယူရဖွယ်ရှိကြောင်း ရန်ကုန်အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျော်ကိုကိုရဲ့ဒဏ်ရာအခြေအနေကို ဓာတ်မှန်ရိုက်ကြည့်တဲ့ရလဒ်အရဩဂုတ်လကုန်လောက်အထိ အနားယူပြီးရင် အခြေအနေကောင်းနိုင်မယ်လို့ ဆရာဝန်က ခန့်မှန်းထားပါတယ်"ဟုရန်ကုန်အသင်းတာဝန်ရှိသူက ပြောသည်။

၂၀၁၃ မြန်မာလိဂ်ဒုတိယအကျော့ပွဲစဉ်များသည် ဩဂုတ်လ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ ဆရာဝန်၏ ခန့်မှန်းချက်အတိုင်းသာ အနားယူရပါက ကျော်ကိုကို အနေဖြင့် ယခုနှစ်ဘောလုံးရာသီ ရန်ကုန်ယူနိုက်တက်၏ လက်ကျန်ပွဲစဉ်ငါးပွဲစလုံးကိုလည်း လွဲချော်မည်ဖြစ်သည်။

"ကျွန်တော့် ဒဏ်ရာအခြေအနေကတော့ အရက်ကထက် ပိုသက်သာလာပြီးမကြာခင်ကောင်းလာမယ်လို့ မျှော်လင့်ထားပါတယ်။ ရန်ကုန်အသင်းနဲ့ ပူးတွဲလေ့ကျင့်မှုတွေ မလုပ်နိုင်သေးပေမယ့် တစ်ဦးတည်းအပေါ့စား လေ့ကျင့်မှုတွေကိုတော့ တစ်ပတ်ကိုခြောက်ရက်လောက် လုပ်နေပါတယ်"ဟုအသက်(၂၂)နှစ်အရွယ် ကျော်ကိုကိုကဆိုသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ ဘောလုံးအသင်းအားမြန်မာလိဂ်ပြီးဆုံးချိန်ဩဂုတ်လဒုတိယပတ်အတွင်းဖွဲ့စည်းကာ ပြင်ဆင်သွားမည် ဖြစ်သည့်အတွက် အဆိုပါအသင်းတွင် ကျော်ကိုကိုပါဝင်နိုင်ရေးမှာလည်း ၎င်း၏ဒဏ်ရာအခြေအနေပေါ်၌ မူတည်နေသည်။

"၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကတော့ ကျွန်တော့်အသက်အရွယ်အရ နောက်ဆုံးယှဉ်ပြိုင်ခွင့်ရရှိတာဖြစ်တဲ့အတွက် ပါဝင်ကစားခွင့်ရဖို့ အရမ်းမျှော်လင့်ထားတာပါ။ တကယ်လို့ အကြောင်းကြောင်းကြောင့် လွဲချော်ရမယ်ဆိုရင်လည်း ကျွန်တော့်ကံကြမ္မာလို့ပဲဆိုရမှာပါ"ဟု ၂၀၁၁ ဆီးဂိမ်းကြေးတံဆိပ်ဆုရ မြန်မာယူ-၂၃ ဘောလုံးအသင်းတွင် ခြေစွမ်းပြသခဲ့သည့် လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုကပြောသည်။

# အယ်လ်ရှာဝီအား ယူရို သန်း ၃၀ ဖြင့် ကလပ်တစ်ခုကမ်းလှမ်းခဲ့ဟု မီလန်ဒုဥက္ကဋ္ဌပြော

မီလန်၊ဇူလိုင်-၈

အေစီမီလန်အသင်း၏ ဒုဥက္ကဋ္ဌ အက်ဒရီယာနို ဂယ်လီယာနီက ၎င်း၏အသင်းမှ လူငယ်တိုက်စစ်မှူး အယ်လ်ရှာဝီအား ငွေအမြောက်အမြားပေး၍ အမည်မဖော်လိုသည့်ကလပ်တစ်ခုမှကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသင်း၏အမှုဆောင်အရာရှိချုပ်လည်းဖြစ်သူ ဂယ်လီယာနီက မီလန်သည် အယ်လ်ရှာဝီအတွက် ယူရို သန်း ၃၀ ဖြင့် ဝယ်ယူရန် ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း 7Gold ရုပ်သံနှင့် တွေ့ဆုံခန်းတစ်ခုတွင် ထုတ်ဖော်ပြောခဲ့ခြင်းဖြစ်သည်။ "လူတိုင်းကို ကျွန်တော်တို့ထုတ်မပြောတာကတော့ အယ်လ်ရှာဝီအတွက် ငွေအမြောက်အမြားနဲ့ ကမ်းလှမ်းမှုကို ကျွန်တော်တို့ ရခဲ့တယ်ဆိုတာပါ။ ဒါပေမဲ့ အဲဒီကလပ်အမည်ကိုတော့ ကျွန်တော် ဘယ်တော့မှ ထုတ်ပြောမှာ မဟုတ်ပါဘူး"ဟု ၎င်းကပြောသည်။

အီတလီလူငယ်တိုက်စစ်မှူး အယ်လ်ရှာဝီ (၂၀)နှစ်ကို ကမ်းလှမ်းခဲ့သော ကလပ်မှာ အရေးပါသော ကလပ်တစ်ခုဖြစ်ပြီး ကမ်းလှမ်းမှုရခဲ့ပြီးနောက် ကစားသမား၏အေးဂျင့်ကို အကြောင်းကြားကာ ဆွေးနွေးခဲ့ကြောင်း၊ အယ်လ်ရှာဝီက မပြောင်းလိုကြောင်းပြော၍ ဂုဏ်ပြုခဲ့ကြောင်း ၎င်းကဆိုသည်။ ဂယ်လီယာနီက အယ်လ်ရှာဝီ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ "သူက ဒီကလပ်မှာ သူရနေတဲ့ငွေဟာ လိုတာထက်ပိုနေတယ်လို့ ပြောသလို မီလန်ပရိသတ်တစ်ဦးဖြစ်တာကြောင့် အသင်းကနေ ထွက်မသွားချင်ဘူးလို့ ပြောပါတယ်။ သူလည်း ကမ်းလှမ်းခဲ့တဲ့ ငွေပမာဏကို သိခဲ့တာပါပဲ။ ငွေကဘယ်လောက်များလဲ



MATTEO BAZZI/ EPA

ဆိုရင် ယူရို သန်း ၃၀ ကျော်တယ် ပြောရပါမယ်"ဟု ရှင်းပြသည်။

အယ်လ်ရှာဝီသည် ပြီးခဲ့သည့် လပိုင်းအတွင်း ဂိုးသွင်းခြေကျဆင်းခဲ့သော်လည်း အသင်းအတွက် ကြိုးစားကစားသူဖြစ်ကြောင်း၊ ၎င်းကို ရာသီသစ်တွင် နောက်ချန်တိုက်စစ်မှူး အဖြစ်ကစားစေမည်ဖြစ်ကြောင်း ဂယ်လီယာနီကဆိုသည်။ အယ်လ်ရှာဝီသည် တိုက်ကြီးများဖလားတွင် အီတလီလက်ရွေးစင်အသင်းအတွက် ကစားခဲ့ပြီး ၎င်းသည် မီလန်နှင့်လည်း ၂၀၁၈ အထိ စာချုပ်ချုပ်ဆိုထားသည်။

—Ref: Goal

# ကမ္ဘာ့မေ့ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ ကွာတားအဆင့်တွင် ထွန်းထွန်းမင်းနှင့် ဘယ်လ်ဂျီယံလက်ဝှေ့သမားတွေ့ဆုံ



*ထွန်းထွန်းမင်းနှင့်ဘယ်လ်ဂျီယံလက်ဝှေ့သမားအတူတွေ့ရစဉ်*

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်-၈

ကမ္ဘာ့မေ့ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် မြန်မာမေ့အားကစားသမားထွန်းထွန်းမင်းသည် ဘယ်လ်ဂျီယံနိုင်ငံသား လက်ဝှေ့သမားယူဆွက်ဖ်ဘူဟာနမ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာတစ်ဝန်းမှ ပြိုင်ပွဲဝင်မေ့အားကစားသမား ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ပြီးခဲ့သည့်မေလ ၂၉ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ထွန်းထွန်းမင်းသည်လက်ရည်စစ်ပြိုင်ပွဲတွင်ဆီနီဂေါလက်ဝှေ့သမားကိုပထမအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။

ထွန်းထွန်းမင်းသည် ဇွန်လ ၁၄ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပထမ ၁၆ ဦးအဆင့်တွင်လည်း ဆွစ်ဇာလန်လက်ဝှေ့သမားကိုအမှတ်ဖြင့် ဆက်လက်အနိုင်ယူကျော်ဖြတ်ခဲ့ပြီး ကွာတားဖိုင်နယ်နောက်ဆုံးရှစ်ဦးအဆင့်တွင် ဘယ်လ်ဂျီယံနိုင်ငံသားလက်ဝှေ့သမားနှင့် ဇူလိုင်လ ၁၃ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ကွာတားဖိုင်နယ်ပွဲစဉ်တွေမဲနှိုက်တဲ့အခါ ထွန်းထွန်းမင်းက ဘယ်လ်ဂျီယံအားကစားသမားနဲ့ ယှဉ်ပြိုင်ဖို့ တွဲဆိုင်းကျပါတယ်။ အာရှရုံတွင်းအားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့ရတဲ့ ထွန်းထွန်းမင်းအနေနဲ့ ပွဲဆက်နေပေမယ့် သူ့ရဲ့ကြံ့ခိုင်မှုအခြေအနေ အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးစိုင်းဇော်ဇော်က ပြောသည်။

ထွန်းထွန်းမင်းသည် နောက်ဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်းမြို့တွင် ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၆ ရက်အထိ ကျင်းပခဲ့သည့် ၄ ကြိမ်မြောက်အာရှရုံတွင်းနှင့် ကိုယ်ခံပညာရပ်အားကစားပြိုင်ပွဲ မေ့အားကစားနည်း ၇၁ ကီလိုတန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တတိယကြေးတံဆိပ်ရရှိထားသည်။

၇၀ ကီလိုတန်းတစ်တန်းသာ ထည့်သွင်းကျင်းပသော ရှုံးထွက်စနစ်ယှဉ်ပြိုင်ရသည့် ကမ္ဘာ့မေ့ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ရောက်ရှစ်ဦးတွင် အိမ်ရှင်ထိုင်းနိုင်ငံမှ မေ့ထိုင်းချန်ပီယံနှစ်ဦး၊ တောင်အာဖရိက၊ ပြင်သစ်၊ ယူကရိန်း၊ မော်ရိုကို၊ ဘယ်လ်ဂျီယံနှင့်မြန်မာနိုင်ငံတို့မှ အားကစားသမားတစ်ဦးစီပါဝင်လျက်ရှိသည်။

မြန်မာမေ့အားကစားသမား ထွန်းထွန်းမင်းသည် လက်ရည်စစ်ပွဲအောင်မြင်စဉ်က ဆုကြေးအဖြစ်ကန်ဒေါ်လာတစ်ထောင်၊ အုပ်စုပထမအဆင့် ဆွစ်ဇာလန်အားကစားသမားကို အနိုင်ရရှိသည့်အတွက် ဆုကြေးကန်ဒေါ်လာနှစ်ထောင်ရရှိခဲ့ပြီး ကွာတားအဆင့်ကျော်ဖြတ်နိုင်ပါက ဆုကြေးကန်ဒေါ်လာသုံးထောင် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။


TOSHIBA
Leading Innovation
Toshiba recommends Windows 8.
သင်၏ပုံရိပ်
ကိုယ့်ကိုယ်ကို သင်မြင်သော အမြင်သာလျှင် အဓိက
Satellite M840 အသစ် ။ မှန်သားကဲ့သို့ ပြောင်လက်သော ဖန်တီးမှုဖြင့် ရရှိနိုင်ပါပြီ။
TOSHIBA
Satellite M Series
From 1.99 kg
Available in 3 colours
ရှင်းသန့်သောအပြာရောင်
တောက်ပသောရွှေနီရောင်
ရှန်းလဲ့သောပန်းရောင်
Satellite M840-1027G
• Intel® Core™ i3-2328M Processor (2.2GHz, 3M Cache) • No Operating System • 2GB DDR3 1333MHz SDRAM expandable to 16GB • 500GB (SATA) with shock absorbers HDD • 14.0" WXGA HD Clear SuperView LED Backlight TFT display (16:9), resolution 1,366 x 768 • Intel® HD Graphics
Dedicated Graphics Card
AMD Radeon™ HD 7670M (Up to 2GB VRAM)
Excellent graphic performance for work and play, be it to enjoy movie or work at school.
*Depending on configurations
SRS® Premium Sound™ HD
For the most comprehensive audio entertainment experience
Resolution+
Toshiba Resolution+
Upscales movies for sharper images and more vibrant colours
Toshiba USB Sleep and Charge
Charge your electronic devices when your Notebook PC is shutdown
Toshiba HDD Accelerator
Utilize system electronic devices when your Notebook PC is shutdown
Authorized Distributor
ROYAL SMART TRADING CO., LTD. Tel: 01-249909, 240110
TOSHIBA PARTNER SHOPS: • Asia Tech Tel: 01- 392951, 392952 • Citicom Tel: 01-374544, 01-240620 • Eastern Tel: 01-377259, 01-398224 • GAT Tel: 01-376745, 09-73172588 • ICE Tel: 01-215353, 01-214808 • INNWA Tel: 01-391511, 01-385183 • KSW Tel: 01-398037 • Life Mark Tel: 01-391690, 01-391691 • Media Link Tel: 01- 386940 • Technoland Tel: 09-73024327, 09-73024328 • Unique Tel: 01-398436, 09-73171212
ToshibaNotebookPC
ToshibaNotebook
pc.toshiba-asia.com
Powered by Intel® Core™ i3 Processor
TOSHIBA eco style
Toshiba Group contributes to the sustainable future of planet Earth.
© 2013 Toshiba Singapore Pte Ltd, Digital Products and Services Division (South and Southeast Asia Regional Headquarters). Ultrabook, Celeron, Celeron Inside, Core Inside, Intel, Intel Logo, Intel Atom, Intel Atom Inside, Intel Core, Intel Inside, Intel Inside Logo, Intel vPro, Itanium, Itanium Inside, Pentium, Pentium Inside, vPro Inside, Xeon, Xeon Phi, and Xeon Inside are trademarks of Intel Corporation in the U.S. and/or other countries. Microsoft, Windows, Windows Vista, Windows 7, Windows 8 and OneNote are either registered trademarks or trademarks of Microsoft Corporation in the United States and other countries. All other products and names mentioned are the property of their respective owners. Availability and configurations may vary by region. While Toshiba has made every effort at the time of the press announcement to ensure the accuracy of the information provided herein, product specifications, configurations, warranty, pricing, system/component/options availability are all subject to change without prior notice. Toshiba will not be liable for editorial, pictorial, and typographical errors. For online warranty registration, please visit www.pc.toshiba-asia.com/registeronline. RCB No. 197401688Z
intel inside CORE i3
INSPIRED BY ELEGANCE. DESIGNED BY TECHNOLOGY
designedbytechnology.com

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

# ရခိုင်ယူနိုက်တက်အသင်း နည်းပြချုပ်ဦးအောင်နိုင်ကို အနားပေး


ဓာတ်ပုံ - မင်းကိုဇင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်-၆

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အထိ နိုင်ပွဲတစ်ပွဲမှ မရရှိသေးသည့် ရခိုင်ယူနိုက်တက်ဘောလုံးအသင်း နည်းပြချုပ် ဦးအောင်နိုင်ကို ဇူလိုင်လ ၆ ရက်မှ စတင်ကာတာဝန်မှ အနားပေးလိုက်ကြောင်း သတင်းရရှိသည်။

ဦးအောင်နိုင်သည်ကိုယ်ရောစိတ်ပါနွမ်းနယ်နေပြီး အခြေအနေအရ အသင်းကို ဦးဆောင်ရန် မဖြစ်နိုင်သောကြောင့် ရာထူးမှ အနားပေးရခြင်းဖြစ်ပြီး စာချုပ်သက်တမ်းအရ လစာခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ရခိုင်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဦးအောင်နိုင်အနေနဲ့ အခုအခြေအနေမှာ ဖိအားအရမ်းဝင်နေပါတယ်။ ဒါကြောင့် အနားပေးရခြင်းဖြစ်ပါတယ်။ အသင်းရဲ့နောက်ပွဲစဉ်တွေကို နည်းပြအဖွဲ့ကယာယီတာဝန်ယူသွားမှာဖြစ်ပြီး ရခိုင်လူငယ်အသင်းနည်းပြ ဦးအောင်ဇော်မျိုးက ခေတ္တဦးဆောင်မှာဖြစ်ပါတယ်။ ဦးအောင်နိုင်ကို အနားပေးရခြင်းအကြောင်းရင်းတွေကတော့ တစ်ရာသီလုံးနိုင်ပွဲမရှိသေးတာ၊ တန်းဆင်းဇုန်ထဲက ရုန်းမထွက်နိုင်သေးတာတွေကြောင့် နည်းဗျူဟာသုံးသပ်ချက်အရအနားပေးရခြင်းဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူကဆိုသည်။

ဦးအောင်နိုင်သည် ရခိုင်ယူနိုက်တက်အသင်းနှင့် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၃၀ရက်အထိ စာချုပ်သက်တမ်းရှိနေကြောင်း၊ ၎င်းအနေဖြင့် အသင်း၏ အခြားလုပ်ငန်းများဖြစ်သည့် လူငယ်စီမံကိန်းများ၊ အသင်းအတွက် အကြံပေးချက်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ရခိုင်ယူနိုက်တက်အသင်းသည် ၂၀၁၃ခုနှစ်မြန်မာလိဂ်ပွဲစဉ်(၁၇)ကစားပြီးချိန်တွင် နိုင်ပွဲမရှိ၊ သရေပွဲငါးပွဲ၊ ရှုံးပွဲ ၁၂ပွဲရလဒ်ရရှိထားကာ ရမှတ်ငါးမှတ်ဖြင့် အသင်းပေါင်း ၁၂သင်းဝင်ရောက်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲတွင် အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်နေသည်။

"ဦးအောင်နိုင်အနေနဲ့ ၂၀၁၂ ခုနှစ် မြန်မာလိဂ်ဘောလုံးရာသီ နောက်ဆုံးပွဲစဉ်တွေမှာ အသင်းကို ရောက်ရှိလာပြီး အသင်းအတွက် ရလဒ်ကောင်းအောင်စွမ်းဆောင်ခဲ့တာတွေရှိပါတယ်။ အသိအမှတ်ပြုပါတယ်။ လက်ရှိ စာချုပ်သက်တမ်းမကုန်ခင်အထိ သူ့ရဲ့ စွမ်းဆောင်ချက်တွေကိုကြည့်ပြီးတော့ ဆက်လက်လက်တွဲဖို့အခြေအနေကို ဆုံးဖြတ်သွားမှာပါ"ဟု ရခိုင်ယူနိုက်တက်အသင်းတာဝန်ရှိသူက ပြောသည်။






## မသန်စွမ်းအားကစားပြိုင်ပွဲ အားကစားသမား ငါးရာကျော်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်-၆

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲအကြိုမသန်စွမ်းအားကစားပြိုင်ပွဲ (7th ASEAN Pre PARA Games) တွင်အားကစားသမားပေါင်း ငါးရာကျော်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကိုဇူလိုင်လ ၂၀ ရက်မှ ၂၂ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံနှင့် အခြားအားကစားရုံများတွင် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းအားကစားသမားစုစုပေါင်း ၅၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်တာဝန်ရှိသူက ဇူလိုင်လ ၆ရက်တွင်ပြောသည်။

"အာဆီယံပြိုင်ပွဲအကြိုဆိုပေမယ့် ပြည်ပနိုင်ငံက အားကစားသမားတွေပါဝင်မှာမဟုတ်ဘဲ ပြည်တွင်းကဝန်ကြီးဌာနအသင်းတွေနဲ့ သက်ဆိုင်ရာအားကစားအဖွဲ့တွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ လာမယ့် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်တွေကိုလည်း ရွေးချယ်သွားမှာပါ"ဟု အထက်ပါ တာဝန်ရှိသူက ပြောသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၂မျိုးထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ယခုအကြိုပြိုင်ပွဲတွင်မူ ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဝှီးချဲလ်ဘတ်စကက်ဘောနှင့် စစ်တုရင်စသည့်အားကစားနည်း ခြောက်မျိုးသာထည့်သွင်းကျင်းပမည်ဖြစ်သည်။

"လက်ရှိအခြေအနေအရ အားကစားနည်းခြောက်မျိုးပဲထည့်သွင်းကျင်းပပေမယ့် လာမယ့် အောက်တိုဘာလလောက်မှာ ပြုလုပ်မယ့် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲလုပ်ရင် အားကစားနည်း ၁၂မျိုးစလုံး ထည့်သွင်းကျင်းပဖို့ စီစဉ်ထားပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်သည် လက်ရှိတွင် ပဏာမလက်ရွေးစင်အားကစားသမားနှစ်ရာကျော်ဖြင့် ရန်ကုန်မြို့၌ လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယခုအကြိုပြိုင်ပွဲမှ လက်ရွေးစင်ကစားသမားများထပ်မံထွက်ပေါ်လာရန် မျှော်လင့်ထားကြောင်းလည်းအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။ ထို့အပြင် ယခုပြိုင်ပွဲသည် နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်သည့် မသန်စွမ်းအားကစားပြိုင်ပွဲ ဖြစ်လာမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။


Samsung
GALAXY GRAND
CDMA + GSM DUOS
SAMSUNG
မြန်မာစာစနစ်
အသင့်ပါဝင်သည်။
12:45
Sun,23 Aug
New message
Enter recipient
SIM 1
CDMA
800 MHz
SIM 2
GSM
ဆင်းကတ်နှစ်ခု
ထည့်သွင်းအသုံးပြုနိုင်သည်။
Samsung
GALAXY GRAND
Dual SIM (CDMA 800 MHz + GSM)
Built-in Myanmar Language & Keyboard
Camera Performance (5MP + 2MP)
SAMSUNG CUSTOMER SERVICE PLAZA : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - (၀၁) ၃၇၈၂၁၆၊ ၃၇၈၂၁၇
SAMSUNG Mobile Brand Shops :

7 DAY NEWS JOURNAL
Vol.12, No.18 • JULY 10 , 2013

နောက်ကျောဖုံး မှ

## ကျူးဘားသမ္မတ ရာဟူးကက်စထရို နိုင်ငံသားများအား ပြစ်တင်ကြိမ်းမောင်း



AFP

အိမ်ရာဆောက်လုပ်ခြင်း၊ တရားမဝင် သစ်ခုတ်ခြင်း၊ အစားအစာ အတွက် တိရစ္ဆာန်များ သတ်ဖြတ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းများ ပါဝင်သည်။

မစ္စတာကက်စထရို ပြောကြားသော ဆိုးရွားသည့်လူမှုအပြုအမူများတွင် လူအများအလုပ်သို့ အချိန်နောက်ကျရောက်လာခြင်း၊ ပန်းခြံသစ်ပင်၊ အထိမ်းအမှတ် အဆောက် အအုံ များတွင် ဂရပ်ဖစ်တီ ပန်းချီရေးဆွဲခြင်း၊ အိမ်နီးချင်းအိပ်စက်မှုအနှောင့်အယှက်ဖြစ်စေသော ကျယ်လောင်စွာ သီချင်းဖွင့်ခြင်း၊ လူထုကျန်းမာရေးအန္တရာယ်ရှိသော်လည်း မြို့ကြီးများတွင် ဝက်မွေးခြင်း၊ ဖုန်းနှင့် ဓာတ်အားလိုင်းများ၊ သတ္တုများ ဖြတ်တောက်ယူခြင်း၊ အစိုးရသယ်ယူ ပို့ဆောင် ရေးအခကြေးငွေ မပေးဘဲ စီးနင်းခြင်း၊ ကျောင်းဝတ်စုံမဝတ်ခြင်း၊ ဆရာ၊ ဆရာမများက လာဘ်ငွေလက်ခံခြင်း၊ သက်ကြီးပိုင်းကိုယ်ဝန်သည်နှင့် ကလေးငယ်မိခင်များကို ဦးစားပေးမှုမရှိခြင်း၊ ကလေးငယ်များက ကားနှင့် ရထားများကို ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်းများလည်း ပါဝင်သည်။

"ဒါတွေအားလုံး ကျွန်တော်တို့ရှေ့မှောက်မှာပဲ ပြည်သူလူထု ရှုတ်ချမှု၊ ရင်ဆိုင်စိန်ခေါ်မှုမရှိဘဲ ဖြစ်ပေါ်နေပါတယ်" ဟု ကျူးဘားသမ္မတက ပြောကြားပြီး ပစ္စည်းခိုးယူမှုနှင့် ခေတ်မီတိုးတက်မှု ဖြစ်သလိုလုပ်မှု၊ တာဝန်မဲ့မှုကို ဖွံ့ဖြိုးတိုးတက်မှုနှင့် ညီမျှခြင်းချ၍ မရကြောင်း ပြောကြားသည်။

—*Ref: AP*

နောက်ကျောဖုံး မှ

## အီဂျစ်နိုင်ငံတွင် ပဋိပက္ခများ ထပ်မံဖြစ်ပွား

ဆေးရုံတစ်ခု၏ အနီးတွင် အနည်းဆုံး အလောင်းခြောက်လောင်း မြေပြင်ပေါ်တွင် ချထားပြီး ၎င်းတို့အနက် အချို့မှာ ဒဏ်ရာများပြားစွာရရှိထားသည်ကို အယ်လ်ဂျာဇီယား ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသည်။ စစ်ဘက်ဆိုင်ရာက လမ်းများပိတ်ဆို့ထားသောကြောင့် ဒဏ်ရာရသူ ၂၀၀ အား ဆေးရုံများသို့ မပို့ဆောင်နိုင်ကြောင်း ဆေးကုသရေးအဖွဲ့ဝင် ဟတ်စ်ဟန်အဂါမီက ပြောသည်။



ASMAA WAGUIH/AP

ဆန္ဒပြသူများအား စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်ဟု သမ္မတဟောင်း မော်စီကို ထောက်ခံ ဆန္ဒပြသူတစ်ဦးဖြစ်သည့် အယ်လ်ရှဟီမာယန်းစ်က ပြောသည်။ မွတ်ဆလင်ဘရားသားဟုဒ်ပါတီနှင့် အဆက်အသွယ်ရှိသည့် သေနတ်သမားများ ကရီပက်ဘလေကန်ဂွါဒ်အဆောက်အအုံကို ပစ်ခတ်ရန်ကြိုးစားသောကြောင့် အနီးအနားရှိ ဗလီတစ်ခုနှင့် ခေါင်မိုးများပေါ်သို့ မီးလောင်ဗုံးများ၊ ကျည်ဆန်အစစ်များ သုံးပြီး ပစ်ခတ်ခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးအာမက်မိုဟာမက်အလီက ပြောသည်။ အခင်းဖြစ်ပွားရာနေရာတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ မွတ်ဆလင်ဘရားသားဟုဒ်ဘက်မှ ငါးဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာအမည်မဖော်လိုသူတစ်ဦးက ပြောသည်။

—*Ref: AP/AFP*


နောက်ကျောဖုံး မှ

## ဘင်္ဂလားဒေ့ရှ်အထည်ချုပ်များ လုံခြုံရေးစံချိန်စံညွှန်းနှင့် ညီ၊ မညီ နိုင်ငံတကာကုမ္ပဏီများ စစ်ဆေးမည်

"ဒီသမိုင်းဝင်စာချုပ်ဟာ အခြေခံအပြောင်းအလဲတွေကိုသက်ရောက်စေမှာပါ။ ဘင်္ဂလားဒေ့ရှ် အထည်ချုပ်လုပ်ငန်းကို လုံခြုံစိတ်ချမှုရှိအောင်၊ ရေရှည်ဖွံ့ဖြိုးအောင်ကူညီနိုင်ပါလိမ့်မယ်" ဟု ပြောသည်။

အမေရိကန်အစိုးရသည်ပြီးခဲ့သည့်လက နိုင်ငံတွင်း၌ လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်သမားအခွင့်အရေးများ ဆိုးရွားနေခြင်းကို ပြုပြင်နိုင်ရန် အပြစ်ပေးသည့်အနေဖြင့် ဘင်္ဂလားဒေ့ရှ်အား ကုန်သွယ်ရေးဦးစားပေးအဆင့် ထားရှိမှုများကို ပယ်ဖျက်ခဲ့သည်။

—*Ref: BBC*











Oramin-F
Special Promotion
အော်ရာမင် – အက်(ဖ်)ကို အစဉ်အမြဲအားပေးကြသော
အော်ရာမင် – အက်(ဖ်)ချစ်သူအမျိုးသမီးများအတွက် မုတ်သုန်ရာသီအထူးအစီအစဉ်အနေဖြင့်
ဆေးကတ်ခွံများ နှင့် Oramin-F ထီးများလဲလှယ်ပေးခြင်း
ကိုစတင်လိုက်ပါပြီ ...
ကတ်ခွံ(၁၈)ခု
ထီး(၁)ချောင်း
Oramin-F
Promotion ကာလ
June to August '2013
MARKETED BY:
AA MEDICAL PRODUCTS LTD.
နပျိုလင်းလက်စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက် Oramin-F
Manufactured by
DAEWON PHARM. CO., LTD.




1
ONE TABLET ONLY
500 mg
မိသားစုတိုင်းပြုံးပျော်မှာ တစ်လုံးတည်းပါ ... ဖူဂါကာ
Trademark
Fugacar
mebendazole
သင့်မိသားစုလည်း သူတို့လို...
လုံခြုံစိတ်ချမှုရှိရဲ့လား... ?
ချောကလက်အရသာ
ဗင်နီလာအရသာ
သီးစုံအရသာ
သင့်မိသားစု သန်ကောင်၊ တုတ်ကောင်ရောဂါကင်းဝေးစေရန်
Fugacar တစ်လုံးကို ၆ လတစ်ကြိမ် သောက်ပါ။
janssen
အိမ်သားတစ်ဦးဦးတွင် သန်ကောင်၊ တုတ်ကောင်ရှိလျှင် မိသားစုအားလုံး ကုသမှုခံယူပါ။

7 DAY NEWS JOURNAL

# International

Vol.12, No.18 • JULY 10 , 2013

## ကျူးဘားသမ္မတ ရာဟူးကက်စထရို နိုင်ငံသားများအား ပြစ်တင်ကြိမ်းမောင်း

**ဟာဗားနား၊ ဇူလိုင်-၈**

ကျူးဘားပါလီမန်၌ ပြောကြားသော အရေးပါသည့် မိန့်ခွန်းတစ်ရပ်တွင် သမ္မတရာဟူးကက်စထရိုက ခြစားမှု၊ ပစ္စည်းခိုးမှုမှနေ၍ လူမြင်ကွင်း ဆီးစွန့်ခြင်းနှင့် မြို့ကြီးများတွင်ဝက်မွေးခြင်းအထိပါဝင်သည့် ဆိုးရွားသော အပြုအမူများအတွက် နိုင်ငံသားများအား ပြစ်တင်ကြိမ်းမောင်းလိုက်သည်။

တစ်နှစ်နှစ်ကြိမ် ကျင်းပသော ပါလီမန်ရှေ့မှောက် မိန့်ခွန်းပြောကြားရာတွင် ကျူးဘားသမ္မတက စာရိတ္တပျက်ယွင်းလာခြင်း၊ လူမှုရေးတာဝန်ယူမှုစိတ်ဓာတ် နည်းပါးလာခြင်း၊ လေးစားမှုနှင့် လူ့ကျင့်ဝတ်၊ တန်ဖိုးများ ပျောက်ကွယ်လာခြင်းကိုပြင်းထန်စွာပြောကြားသွားသည်။

နိုင်ငံကိုထိခိုက်သော တရားမဝင်လုပ်ရပ်များ တိုးပွားလာခြင်းအတွက်လည်း ကျူးဘားသမ္မတက ထုတ်ဖော်ပြောကြားသည်။ ယင်းတို့ထဲတွင် ခွင့်ပြုချက်မရဘဲ

စာမျက်နှာ ၄၆ ››



MAHMOUD KHALED/AFP

*ဇူလိုင် ၈ ရက်က နိုင်ငံတော်ကာကွယ်ရေးအထူးတပ်ဖွဲ့ရုံးအခြေစိုက်စခန်းရှေ့တွင်ဖြစ်ပွားသော သမ္မတဟောင်းမော်စီကိုထောက်ခံသူများနှင့် ရဲတပ်ဖွဲ့ကြား ပဋိပက္ခများအတွင်း ထိခိုက် ဒဏ်ရာရရှိခဲ့သူများအား ကုသပေးရန် ယာယီဆေးရုံသို့ ဒဏ်ရာရရှိသူတစ်ဦးအား သယ်ဆောင်လာသည်ကို တွေ့ရစဉ်*

## အီဂျစ်နိုင်ငံတွင် ပဋိပက္ခများ ထပ်မံဖြစ်ပွား

**ကိုင်ရို၊ ဇူလိုင်-၈**

အီဂျစ်နိုင်ငံတွင် သမ္မတဟောင်းမော်စီကို ထောက်ခံသူများ ဖယ်မပေးဘဲ ဆန္ဒပြနေကြသည့် ကိုင်ရိုမြို့ရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင် ဇူလိုင်လ ၈ ရက်က ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် အနည်းဆုံး လူလေးဆယ်သေဆုံးသွားကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ကနဦးသတင်းပို့ချက်များတွင် ဒဏ်ရာရသူအနည်းဆုံး ၃၂၂ ဦးရှိသည်ဟုစစ်ဘက်ဆိုင်ရာပြော ခွင့်ရပုဂ္ဂိုလ် ခါလိဒ်အယ်လ်ခါတစ်က ပြောကြားခဲ့သော်လည်း သေဆုံးမှုအခြေအနေ အသေးစိတ်ကို ပြောကြားခြင်းမရှိပေ။ စစ်ဘက်ဆိုင်ရာ အဆောက်အအုံတွင် တပ်စွဲထားသော တပ်သားများကို သေနတ်သမားများက ပစ်ခတ်ခဲ့ပြီး မိုဟာမက်မော်စီကို ထောက်ခံသူ အနည်းဆုံးငါးဦးနှင့် အရာရှိတစ်ဦးသေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

စာမျက်နှာ ၄၆ ››

## စပိန်နွားရိုင်းပြေးပွဲ ဒုတိယနေ့ လူထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲ

**ပမ်နိုလာ၊ ဇူလိုင်-၈**

စပိန်နိုင်ငံ ပမ်လိုနာမြို့တွင် နှစ်စဉ်ကျင်းပသည့် ဆန်ဖာမင်နွားရိုင်းပြေးပွဲ၏ ဒုတိယမြောက်နေ့တွင် လူစွန့်စား ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲခဲ့ပြီး နွားရိုင်းအဝှေ့ခံရသူမရှိဘဲ လဲကျသည့်ထိခိုက်ဒဏ်ရာများကြောင့်သာ ပန်လိုနာမြို့ ဆေးရုံများတွင် ကုသမှုခံနေသူလေးဦးရှိကြောင်း နာဗာရာ ဆေးရုံအုပ် ဂျာဗီယာဆက်မာက ပြောသည်။

ယင်း နွားရိုင်းပြေးပွဲတွင် တစ်ကြိမ်လျှင် တိုက်နွားခြောက်ကောင်နှင့်အတူ ယှဉ်ပြေးရပြီး နှစ်မိနစ်ကျော်ကြာမြင့်သည်။ စပိန်နိုင်ငံ မြောက်ပိုင်းရှိပမ်နိုလာမြို့၏ လမ်းမများတစ်လျှောက် စိတ်လှုပ်ရှားမှုရှာဖွေသူ ထောင်ပေါင်းများစွာသည် ၎င်းတို့၏ သတ္တိကို စမ်းသပ်ခံရန် တိုက်နွားခြောက်ကောင်နှင့် ယှဉ်ပြေးကြသည်။

နွားရိုင်းပြေးပွဲ ဒုတိယမြောက်နေ့တွင် ပြိုင်ပွဲဝင်တိုက်နွားခြောက်ကောင်အနက် နောက်ဆုံးတစ်ကောင်သည် စိတ်ဖောက်ကာ ပြေးနေသူများဆီသို့ပြန်လှည့်ကြည့်ခဲ့ပြီးနောက် နောက်ဆုံးတွင် နွားလှောင်အိမ်သို့ဝင်ရောက်ခဲ့ပြီး မည်သူ့ကိုမှအန္တရာယ်မပြုခဲ့ပေ။

အသေးစား ဒဏ်ရာရသူလေးဦးမှာ ဂျေစီဟုသာအမည်ပေးထားသည့် ၂၄ နှစ်အရွယ်ရှိ ဩစတြေးလျနိုင်ငံသားတစ်ဦး၊ အသက် (၄၄)နှစ်ရှိ ဗြိတိန်နိုင်ငံသားတစ်ဦး၊ စီအက်စ်ဟု အမည်ပေးထားသည့် အမေရိကန်နိုင်ငံသားတစ်ဦးနှင့် အသက် ၃၆ နှစ်ရှိ ပမ်လိုနာမြို့ခံတစ်ဦးဖြစ်သည်။ နွားရိုင်းပြေးပွဲများကို နှစ်စဉ် ကိုးရက်ကြာ ကျင်းပလေ့ရှိပြီး ယင်းပွဲတော်အကြောင်းကို ကမ္ဘာကျော်စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေးက The Sun Also Rises အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ရေးသားကာ လူသိများစေခဲ့သည်။

*—Ref: AFP*

## ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်ငန်းများ လုံခြုံရေးစံချိန်စံညွှန်းနှင့် ညီ၊ မညီ နိုင်ငံတကာကုမ္ပဏီများ စစ်ဆေးမည်

**ဒါကာ၊ ဇူလိုင်-၈**

နိုင်ငံတကာအထည်လုပ်ငန်း ကုမ္ပဏီကြီးများ ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၎င်းတို့၏ အပ်ထည်များကို ချုပ်လုပ်ပေးနေသောစက်ရုံများ လုံခြုံရေး စံချိန်စံညွှန်းများနှင့် ညီ၊ မညီစစ်ဆေးမှုများ ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

ကုမ္ပဏီများပါဝင်သော ထိုအဖွဲ့သည် ၎င်းတို့၏ထုတ်ကုန်များ ထုတ်လုပ်သော စက်ရုံများကို လာမည့်ကိုးလတာအတွင်း ဝင်ရောက်စစ်ဆေးသွားမည်ဖြစ်ကာ လိုအပ်သော ရန်ပုံငွေများကို



*ဘင်္ဂလားဒေ့ရှ်အထည်ချုပ်အလုပ်သမားများ*

ANDREW BIRAJ/REUTERS

လည်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် လူပေါင်းတစ်ထောင်ကျော် သေဆုံးခဲ့ရသော ရာနာပလာဇာရှစ်ထပ်တိုက် အဆောက်အအုံပြိုကျပြီးနောက် ယခုနှစ်ဆန်းပိုင်းတွင် စက်ရုံများကို စစ်ဆေးသွားရန် တရားဝင်ပြဌာန်းထားခဲ့သည်။

ရာနာပလာဇာ ပြိုကျမှုပြီးနောက် ဘင်္ဂလားဒေ့ရှ်တွင် အပ်ထည်များချုပ်လုပ်စေကာ ရောင်းချဖြန့်ဖြူးနေသော ကုမ္ပဏီများထဲမှအကြီးဆုံးဖြစ်သည့် ဆွီဒင်နိုင်ငံမှ H&M က ဥပဒေသဘောတူညီချက်ကို လိုက်နာကြောင်း စတင်လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ထိုးခဲ့သည့် အခြားသော အနောက်တိုင်း အထည်အလိပ်ကုမ္ပဏီကြီးများတွင် Zara, Benetton, Metro, Carrefour, Marks နှင့် Spencer, Tesco, Esprit အမှတ်တံဆိပ်များကို ပိုင်ဆိုင်သော Inditex ကုမ္ပဏီ၊ Abercrombie & Fitch ကုမ္ပဏီတို့ ပါဝင်ကြသည်။

အဝတ်အထည်များ အပ်နှံသည့် ပြည်ပကုမ္ပဏီကြီးများနှင့် ပြည်တွင်းမှ အစိုးရအာဏာပိုင်များ၊ စက်ရုံများကြား သဘောတူမှုရခဲ့သည့် စာချုပ်နှင့်ပတ်သက်၍ အလုပ်သမားအဖွဲ့တစ်ခုဖြစ်သည့် Industri ALL မှ အထွေထွေအတွင်းရေးမှူးချုပ် ဂျာကီရိုင်နာက

စာမျက်နှာ ၄၆ ››

